# ဒီမိုကရေစီဂျာနယ်

**အလင်းတန်ဆောင် ဘာသာပြန်စာပေကွန်ယက်က ထုတ်ဝေသည်**

၂၀၀၇ ခုနှစ် ဇွန်လ၊ အမှတ် (၂)



## ဒီမိုကရေစီအရည်အသွေး

ခြုံငုံလေ့လာချက်

*လာရီဒိုင်းမွန်းနှင့် လီယိုနာဒိုမော်လီနို Larry Diamond & Leonardo Morlino*

ဥပဒေစိုးမိုးရေးသည် အဘယ်ကြောင့် အရေးကြီးသနည်း

*ဂီလာမို အိုဒေါ်နယ် Guillermo O'Donnell*

အနက်အဓိပ္ပါယ်ထွေပြားသော တာဝန်ခံမှု၏အရည်အသွေးများ

*ဖိလစ်ပ်ရှမစ်တား Philippe C.Schmitter*

လွတ်လပ်မှု အခြေခံအုတ်မြစ်

*ဒေးဗစ်ဘီသမ် David Beetham*

မညီမျှမှုကို ဖြေရှင်းခြင်း

*ဒီရက်ထရစ်ချ် ရှူချ်မေယာ Dietrich Rueschemeyer*

တုန့်ပြန်ဆောင်ရွက်မှုကွင်းဆက်

*ဂျီ ဘင်ဂမ် ပိုးဝဲလ် (ဂျူနီယာ) G. Bingham Powell, Jr.*

သံသယပွါးဖွယ်စကားလုံး

*မာ့က်အက်ဖ် ပလက်တနာ Marc F. Plattner*

# ဒီမိုကရေစီဂျာနယ်

အလင်းတန်ဆောင် ဘာသာပြန်စာပေကွန်ယက်က ထုတ်ဝေသည်

၂၀၀၇ ခုနှစ် မေလ၊ အမှတ် (၂)


## မာတိကာ


ခြုံငုံလေ့လာချက် ၁

*လာရီဒိုင်းမွန်းနှင့် လီယိုနာဒိုမော်လီနို*

*Larry Diamond & Leonardo Morlino*

ဥပဒေစိုးမိုးရေးသည် အဘယ်ကြောင့် အရေးကြီးသနည်း ၁၆

*ဂီလာမို အိုဒေါ်နယ် Guillermo O'Donnell*

အနက်အဓိပ္ပါယ်ထွေပြားသော တာဝန်ခံမှု၏အရည်အသွေးများ ၃၂

*ဖိလစ်ပ်ရှမစ်တား Philippe C.Schmitter*

လွတ်လပ်မှု အခြေခံအုတ်မြစ် ၅၀

*ဒေးဗစ်ဘီသမ် David Beetham*

မညီမျှမှုကို ဖြေရှင်းခြင်း ၆၉

*ဒီရက်ထရစ်ချ် ရှချ်မေယာ Dietrich Rueschemeyer*

တုန့်ပြန်ဆောင်ရွက်မှုကွင်းဆက် ၈၇

*ဂျီ ဘင်ဂမ် ပိုးဝဲလ် (ဂျူနီယာ) G. Bingham Powell, Jr.*

သံသယပွါးဖွယ်စကားလုံး ၁၀၅

*မာ့က်အက်ဖ် ပလက်တနာ Marc F. Plattner*

**မူပိုင်ခွင့်**

အမျိုးသားဒီမိုကရေစီပံ့ပိုးကူညီရေးအဖွဲ့နှင့်  ဂျွန်ဟော့ဘ်ကင်းစ်တက္ကသိုလ်ပုံနှိပ်တိုက်

**Copyrights © 2004 by the National Endowment for Democracy
and The Johns Hopkins University Press.**
Reprinted with permission of The Johns Hopkins University Press.

ဤဂျာနယ်အား  အမျိုးသားဒီမိုကရေစီပံ့ပိုးကူညီရေးအဖွဲ့
(National Endowment for Democracy - NED) ၏ ရန်ပုံငွေ အကူအညီဖြင့်
အလင်းတန်ဆောင်ဘာသာပြန်စာပေကွန်ယက်က  ဘာသာပြန်ဆို၍  ထုတ်ဝေဖြန့်ချိသည်။

**စီစဉ်သူ**
အောင်မိုးဇော်

**တာဝန်ခံစာတည်း**
ဇော်ဇော်ထွန်း

**ဘာသာပြန်**
နိုင်ကဆော့မွန်၊ ညိုထွန်း၊ ကိုရဲရင့်၊ မောင်အေးဖေ

**ဂျာနယ်ပြင်ဆင်မှု**
လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ၊  သုတေသနနှင့်  လေ့လာရေးဌာန

**ထုတ်ဝေသူ**
အလင်းတန်ဆောင်  ဘာသာပြန်စာပေကွန်ယက်
စာတိုက်သေတ္တာအမှတ် (၂၉၄)
ချင်းမိုင်တက္ကသိုလ်စာတိုက်
ချင်းမိုင်မြို့ (၅၀၂၀၂)
ထိုင်းနိုင်ငံ

ဒီမိုကရေစီအရည်အသွေး

# ခြုံငုံလေ့လာချက်

လာရီဒိုင်းမွန်းနှင့် လီယိုနာဒိုမော်လီနို *(Larry Diamond & Leonardo Morlino)*

*လာရီဒိုင်းမွန်းသည် ဒီမိုကရေစီဂျာနယ်* **(Journal of Democracy)** *၏ တွဲဖက်အယ်ဒီတာဖြစ်ပြီး ဒီမိုကရေစီလေ့လာရေးနိုင်ငံတကာဖော်ရမ်* **(Internation Forun for Democratic Studies)** *၏ တွဲဘက် ဒါရိုက်တာလည်း ဖြစ်သည်။ ဟူးဗားတက္ကသိုလ်* **(Hoover Institution)** *တွင်လည်း အလုပ်လုပ်လျက်ရှိသည်။*

*လီယိုနာဒိုမော်လီနိုမှာ ဖလိုရင်းတက္ကသိုလ်နိုင်ငံရေးသိပ္ပံဌာန၏ ပါမောက္ခတစ်ဦးဖြစ်ပြီး ဥရောပတောင်ပိုင်း သုတေသနဌာန* **(The Research Center of Southern Europe)** *၏ ဒါရိုက်တာလည်းဖြစ်သည်။ ၂၀၀၃ ခုနှစ်တွင်* **Democracy and Democratization** *စာအုပ်ကို ရေးသားပြုစုခဲ့သည်။*

ဒီမိုကရေစီစနစ်သည် ကမ္ဘာပေါ်ရှိ အဓိကနိုင်ငံအများအပြားသို့ (၃)ရာစုလွန်နှစ်များ အတွင်း ပျံ့နှံ့ပြီးဖြစ်သော်လည်း ပညာရှင်များ၊ နိုင်ငံရေးသမားများ၊ လှုပ်ရှားသူများနှင့် အကူအညီ ပေးရေး ကွပ်ကဲသူများအနေဖြင့် ပြုပြင်ပြောင်းလဲရေး မည်သို့ဖြစ်ပေါ်နေပါသနည်း၊ စတင်အာဏာ ရရှိလာသည့် အုပ်ချုပ်သူများ၏အနေအထား မည်သို့ရှိနေပါသနည်းဆိုသည့် မေးခွန်းများကို ဆက်လက်မေးမြန်းနေရဦးပေမည်။ ဤအခြေအနေအား အကဲဖြတ်ရေးနှင့် လိုအပ်ပါက အစိုးရများ (သို့မဟုတ်) ဒီမိုကရေစီအစိုးရများအပေါ် ၎င်းတို့၏အရည်အသွေးမြှင့်တင်ရေးအတွက် အကူအညီ ပေးရေးအတွက် သုံးသပ်ရန် လိုအပ်ပါသည်။ သဘောတရားဆိုင်ရာစီးကြောင်းများ၊ နည်းလမ်း ဆိုင်ရာ တီထွင်ကြံဆမှုများ၊ လေ့လာမှုသုတေသနအချက်အလက်များသည် အောက်ဖော်ပြပါ အတွေးအခေါ်များမှ စီးဆင်းပါသည်။

---

**Diamond , Larry and Leonardo Morlino. An Overview. Journal of Democracy 15:4 (2004), 20-31.** **© National Endowment for Democracy and The Johns Hopkins University Press.** Reprinted with permission of The Johns Hopkins University Press.

(က) ဒီမိုကရေစီစနစ်သည် စိတ်ပိုင်းဆိုင်ရာအလွန်ကောင်းပြီး အထူးအရေးပါသောစနစ်ဖြစ်ကြောင်း စွဲမြဲယုံကြည်လာမှု။
(ခ) ဒီမိုကရေစီစနစ်ခိုင်မြဲရေးကို ဖော်ဆောင်ပေးသည့် ကျယ်ပြန့်တည့်တံ့သော တရားဝင် အသိအမှတ်ပြုမှုရရှိရန်အလို့ငှာ ဒီမိုကရေစီအရည်အသွေးအား မြှင့်တင်ပေးသည့် ပြုပြင်ပြောင်းလဲရေးများ။
(ဂ) ပြည်သူလူထုများ၏ မကျေနပ်မှုနှင့် အမှန်တရားအားဖော်ထုတ်ရေးအတွက် အဟန့်အတားဖြစ်နေသည့်ပြဿနာအရပ်ရပ်ကိုဖြေရှင်းရန် ကာလရှည်ကြာ တည်ဆောက်ထားသည့် ဒီမိုကရေစီစနစ်တွင် ပြုပြင်ပြောင်းလဲရေး လိုအပ်ခြင်းတို့ ဖြစ်သည်။

ဤနေရာတွင် ငြင်းဆိုရန်အခြေအနေတစ်ရပ်ဖြစ်နေပေသည်။ အရည်အသွေးမြင့်မားသော သို့တည်းမဟုတ် ကောင်းမွန်သောဒီမိုကရေစီစနစ်အား မည်သည့်အရာက ဖေါ်ဆောင်ပေးသည်ကို အကဲဖြတ်သူများက အဘယ်ကြောင့် ဆက်လက်မေးမြန်းနေသနည်း။ နိုင်ငံတကာစံနှုန်းဖြင့် လက်ခံထားသည့် ဒီမိုကရေစီအရည်အသွေး ရှိပါသလား။ ဒီမိုကရေစီစနစ်ဟောင်းများတွင် စနစ်တကျရွေးချယ်ထားသည်မဟုတ်ဘဲ သင့်လျော်သည့်ပုံစံတစ်ရပ်အပေါ် ကျင့်သုံးသွားသောကြောင့် ဒီမိုကရေစီအရည်အသွေးအတွက် အမျိုးအစားရွေးချယ်သည့် အလေ့အကျင့်မှ သွေဖယ်အောင် အားထုတ်မည်လော။ ဤမေးခွန်းများကား ဒီမိုကရေစီအရည်အသွေးလေ့လာမှုတွင် နေရာအနှံ့အပြားသို့ ပြန့်နှံ့သွားစေမည့် မေးခွန်းတချို့သာ ဖြစ်သည်။

ဒီမိုကရေစီအရည်အသွေး သဘောတရားအား အသေးစိတ်ဖေါ်ပြပြီး အပြစ်အနာဆာကင်းမဲ့ရန်နှင့် ဒီမိုကရေစီစနစ်ကျင့်သုံးသည့် (နှစ်နိုင်ငံတွဲ) ခြောက်နိုင်ငံအကြောင်းတို့ကို နှိုင်းယှဉ်ရန် စတင်းဖို့တက္ကသိုလ် (Stanford University) တွင် ပြုလုပ်သည့် ကွန်ဖရင့်တရပ်တွင် စုစည်းထားသော စာတမ်း (၅) ခုကို တင်ပြခဲ့ပါသည်။ စာတမ်းရှင်များအား ဒီမိုကရေစီအရည်အသွေးရှုဒေါင့်တစ်ခု ဥပမာအားဖြင့် လွတ်လပ် မှု၊ တရားဥပဒေစိုးမိုးရေး၊ အထက်အောက် (ဒေါင်လိုက်) တာဝန်ခံမှု၊ တုံ့ပြန်ဆောင်ရွက်မှုနှင့် အခွင့်အရေးတူညီမှုတို့အပေါ် စာတမ်းရှင်တစ်ဦးစီမှ ရှုဒေါင့်တစ်ခုကို ရွေးချယ်ဆွေးနွေးရန်ဖြစ်ပေသည်။ စာတမ်းရှင်များအား ရှုဒေါင့်တစ်ရပ်အား ရှင်းလင်းဖေါ်ပြရာတွင် သတ်မှတ်ထားသည့် အခြေခံဘောင် (Frame Work)၊ အခြားရှုဒေါင့်တစ်ရပ်နှင့် ဆက်စပ်သည့် မေးခွန်းများ ဖေါ်ပြရမည်။ သုံးသပ်ရာတွင် ထိုရှုဒေါင့်များကို တိုင်းတာနိုင်သည့် ညွှန်ပြကိန်း (Indicators) များကို အကြံပြုခြင်း၊ ယနေ့ကမ္ဘာ၌ ဒီမိုကရေစီအရည်အသွေးတွင် အစိုးရအာဏာကို အကန့်အသတ်ထားရှိမှု၊ မူဝါဒချမှတ်ရေး အကြံပြုမှုပေးအပ်ရန် ဖြစ်သည်။ အခြေခံလုပ်ငန်းစဉ်၌ ရှုဒေါင့် (၈)ရပ် ပါရှိပါသည်။ အထက်တွင်ဖော်ပြထားသည့် ရှုဒေါင့်(၈)ရပ်အပြင် လူထုပါဝင်ပူးပေါင်းမှု၊ အပြိုင်အဆိုင်နှင့် တပြေးညီ (အလျားလိုက်) တာဝန်ယူမှုတို့လည်း ပါဝင်သည်။ အခြားရှုဒေါင့်များမှာ ပွင့်လင်းမှုနှင့်ကိုယ်စားပြုမှုအပေါ် အကျိုးဖြစ်ထွန်းမှုတို့ ဖြစ်ပေသည်။ ဒီမိုကရေစီအရည်အသွေးများသည် တစ် ခုနှင့်တစ်ခု ထပ်နေနိုင်သဖြင့် ပွင့်လင်းမှုနှင့်ကိုယ်စားပြုမှုအပေါ် အကျိုးဖြစ်ထွန်းမှုတို့အား ကျွန်ုပ်တို့၏နည်းလမ်းများဆိုင်ရာရှုဒေါင့်တွင် ထည့်သွင်းထားပါသည်။

ဤနေရာတွင် မတူညီသော ဒီမိုကရေစီစနစ်အတွင်း အနှစ်သာရများသည် တစ်ခုနှင့်တစ်ခု ထပ်တူညီမှုရှိရုံမျှသာမက အချို့မှာ တစ်ခုနှင့်တစ်ခု အမှီသဟဲပြုလျှက်ရှိကြောင်း နည်းလမ်းရှာဖွေဖေါ်ထုတ်ရန် ကြိုးပမ်းကြပါသည်။ နည်းစနစ်တစ်ခုအားဖေါ်ထုတ်ပြီး တိုးတက်အောင် ဆောင်ရွက်မည်ဆိုပါက ရှုဒေါင့်တစ်ခု (ဥပမာအားဖြင့် ပြည်သူလူထုများပါဝင်မှု) သည် အခြားသောရှုဒေါင့်များ (ဥပမာ အားဖြင့် အခွင့်အရေးတူညီမှုနှင့် တာဝန်ခံမှု) ကိုလည်း အကျိုးဖြစ်ထွန်းစေပါသည်။

တချိန်တည်းတွင် ဒီမိုကရေစီအရည်အသွေးတွင် မတူညီသောရှုဒေါင့်များအား ဈေးညှိ (သို့မဟုတ်) ညှိနှိုင်းရသကဲ့သို့ ရှုဒေါင့်တိုင်းအား တပြေးညီတည်းတိုးချဲ့ရန် မဖြစ်နိုင်ပေ။ ဤသို့သော အခင်းအကျင်းတွင် ဒီမိုကရေစီနိုင်ငံတိုင်းအနေဖြင့် မည်သည့်ဒီမိုကရေစီအမျိုးအစားမျိုး ရွေးချယ်သည့် အပေါ်မူတည်ပြီး အဓိကအရေးပါသော ဒီမိုကရေစီအရည်အသွေးအစိတ်အပိုင်းကို တန်ဘိုး ဖြည့်ဆည်းလုပ်ဆောင်ရပေမည်။

ဒီမိုကရေစီစနစ်ကောင်း သို့တည်းမဟုတ် သာလွန်ကောင်းမွန်သော ဒီမိုကရေစီတွင် ဒီမိုကရေစီစနစ်အတွင်း အချက်အလက်များအကြောင်း ကောင်းမွန်စွာသိရှိရန် လိုအပ်သည်။ အနည်းဆုံးဒီမိုကရေစီတွင် အောက်ပါအချက်အလက်များလိုအပ်ပေသည်။

(က) ကမ္ဘာလုံးဆိုင်ရာစည်းမျဉ်းနှင့်အညီ အရွယ်ရောက်သူတိုင်း မဲပေးခွင့်ရှိခြင်း။
(ခ) လွတ်လပ်တရားမျှတပြီး ယှဉ်ပြိုင်မှုရှိသောရွေးကောက်ပွဲများ ပုံမှန်ကျင်းပပေးခြင်း။
(ဂ) နိုင်ငံရေးပါတီဇာတ်ခုံပေါ်တွင် နိုင်ငံရေးပါတီတစ်ခုထက်မက ပါဝင်လှုပ်ရှားနေခြင်း။
(ဃ) နိုင်ငံရေးနှင့်အခြားကိစ္စများဆိုင်ရာ သတင်းအချက်အလက်များ တနေရာထက်မက ရရှိခြင်း။

အကယ်၍ ရွေးကောက်ပွဲသည် ဒီမိုကရေစီစနစ်အတွက် အဓိပ္ပါယ်ပြည့်ဝပြီး လွတ်လပ်တရားမျှတသော်လည်း ရွေးကောက်ပွဲကျင်းပခြင်း၏အပြင်၌ နိုင်ငံသားနှင့်နိုင်ငံရေးလွတ်လပ်မှု အခွင့်အလမ်းများကို ပေးအပ်ရမည်ဖြစ်သည်။ သို့မှသာ ပြည်သူလူထုများအနေဖြင့် ၎င်းတို့၏ နိုင်ငံရေးကို ယုံကြည်မှုနှင့် အကျိုးစီးပွားအတွက် ဖေါ်ထုတ် စုစည်းနိုင်မည်။ နိုင်ငံရေးပန်းတိုင်(၃)ရပ်အား ကောင်းမွန်စွာရောက်ရှိနေ သနည်းဆိုသည့် သိပ္ပံနည်းကျခွဲခြမ်းစိတ်ဖြာမှုကိုလုပ်ဆောင်ရမည်။ အဓိကပန်းတိုင်(၃)ရပ်မှာ (က) နိုင်ငံရေးနှင့်နိုင်ငံသားလွတ်လပ်မှု (ခ) အချုပ်အခြာအာဏာကို ပြည်သူလူထုထံမှစီးဆင်းမှု (ပြည်သူလူထုက တင်ပြသောမူဝါဒနှင့် ထိုမူဝါဒကိုအတည်ပြုသော အာဏာပိုင်များက အချုပ်အခြာအာဏာကို ထိန်းချုပ်ထားခြင်း)နှင့် (ဂ) နိုင်ငံရေးအရ တန်းတူညီတူရှိမှုတွင် ကျယ်ပြန့်သည့်အုပ်ချုပ်မှုစနစ်ကောင်း (ဥပမာအားဖြင့် ပွင့်လင်း၊ တရားဝင်တည်ရှိမှုနှင့် တာဝန်ခံသည့်အုပ်ချုပ်ရေး) တို့ဖြစ်သည်။ ဒီမိုကရေစီသဘောတရားအပြင် အရည်အသွေးရှိမှုကို အတိအကျ ဖွင့်ဆိုရမည် ဖြစ်သည်။ စက်မှုလုပ်ငန်းနှင့် ဈေးကွက်စီးပွားရေးစနစ်တို့၏ အကြံပြုချက်တစ်ခု၌ အရည်အသွေးရှိမှုကို အဓိပ္ပါယ်သုံးရပ် (သိပ္ပံနည်းကျ သုတေသနပြုချက်အရ အဓိက ထွက်ပေါ်လာနိုင်မည့် ရလဒ်အသီးသီးကို ဆိုလိုသည်ဟု စစ်တမ်းတစ်ခု၌ ဖေါ်ပြထားသည်။)

၎င်းတို့မှာ ...

***လုပ်ငန်းအဆင့်ဆင့်***

ထုတ်ကုန်ပစ္စည်းတစ်ခု၏ အရည်အသွေးတစ်ရပ်တွင် တိကျခြင်း၊ လိုအပ်သည့်ပုံစံနှင့် အချိန်ကာလအတိအကျတွင် ထုတ်လုပ်နိုင်ရန် လုပ်ငန်းအဆင့်အဆင့်တွင်တိကျရန်လိုအပ်သည်။

***စုစည်းပါဝင်မှု***

ထုတ်ကုန်အရည်အသွေးတစ်ခုတွင် လိုအပ်သည့်ဥပဒေသနှင့် အတိအကျ တည်ဆောက်ထားပြီး ၎င်း၏ ဒီဇိုင်းပုံစံဖွဲ့စည်းပုံနှင့် ပါဝင်သည့်ပစ္စည်းတို့မှာ အရည်အသွေး စံသတ်မှတ်ချက်တွင်ပါဝင်သည်။

***ရလဒ်***

ထုတ်ကုန် သို့မဟုတ် အကျိုးဆောင်လုပ်ငန်းတစ်ခု၏ အရည်အသွေးတွင် မည်သို့ပင် ထုတ်လုပ်လုပ်ဆောင်ခဲ့သည်ဖြစ်စေ ဝယ်သူအသုံးပြုသူများ၏ စိတ်ကျေနပ်မှုရှိရမည်။

## ဒီမိုကရေစီ အရည်အသွေးဆိုသည်မှာ အဘယ်နည်း

အထက်တွင် ဖော်ပြထားသည့် အဓိပ္ပါယ်ဖွင့်ဆိုချက်များအရ ဒီမိုကရေစီနိုင်ငံအတွင်း နေထိုင်သည့် ပြည်သူများအတွက် လွတ်လပ်မှု၊ နိုင်ငံရေးတန်းတူရှိမှု၊ ပြည်သူလူထုက မူဝါဒချမှတ်နိုင်မှု၊ ဖွဲ့စည်းပုံနှင့် တရားဥပဒေဆိုင်ရာအဆောက်အအုံမှတဆင့် ဥပဒေပြုသူများအပေါ် ဩဇာသက်ရောက်မှု စသည်များရှိသောကြောင့် လိုအပ်သည်ထက်ပြည့်ဝနေပေသည်။ အုပ်ချုပ်သူအစိုးရမှာလည်း ၎င်းတို့၏အုပ်ချုပ်ရေးမှတဆင့် ပြည်သူတို့၏ မျှော်လင့်ချက်အပေါ် စိတ်ကျေနပ်စေခြင်းသည် ရလဒ်၏ အရည်အသွေးပင်ဖြစ်သည်။ အစိုးရသည် ပြည်သူများ၊ အသင်းအဖွဲ့များ၊ လူထုအဖွဲ့အစည်းများ၊ ၎င်းတို့၏လွတ်လပ်မှုနှင့် နိုင်ငံရေးလွတ်လပ်မှုကို အပြည့်အဝခံစားခြင်းဖြင့် ပါဝင်မှုအရည်အသွေးကို ပြည့်ဝစေသည်။ နိုင်ငံအတွင်းရှိပြည်သူတရပ်လုံးသည် အစိုးရလုပ်ဆောင်မှုမှန်သမျှအား သုံးသပ်နိုင်သည့်ယန္တယား (ဥပမာအားဖြင့် ရွေးကောက်ပွဲ) များကို ဖန်တီးထားကာ တရားဥပဒေအရေ နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ အစိုးရအဆောက်အအုံနှင့် အာဏာပိုင်များက တစ်ဦးအပေါ်တစ်ဦး တာဝန်ခံထားရှိမှုသည် လုပ်ငန်းအရည်အသွေးပင်ဖြစ်သည်။

အထက်ဖော်ပြပါဥပဒေသများကို မှတ်ထားပြီး ဒီမိုကရေစီအရည်အသွေးအား တိုင်းတာရာတွင် အညွှန်းပုံစံတစ်ရပ်နှင့်သာ တိုင်းတာသည့် ရည်ရွယ်ချက်မျိုးမထားသင့်ကြောင်း မှတ်သားသင့်ပေသည်။ ထို့ကြောင့်ဒီမိုကရေစီအရည်အသွေးကို ရှုထောင့်(၈)ရပ်မှ ကြည့်ရမည် ဖြစ်ကြောင်း သတ်မှတ်ထားသည်။ ၎င်းတို့တွင် တရားဥပဒေစိုးမိုးရေး၊ ပူးပေါင်းပါဝင်မှု၊ အပြိုင်အဆိုင်ရှိမှုတို့အပြင် ဒေါင်လိုက်နှင့် အလျားလိုက်တာဝန်ခံမှုတွင် ပါဝင်မှုနှင့်ပက်သက်ရုံသာမက စည်းမျဉ်းနှင့် လက်တွေ့အကောင်အထည်ဖော်မှုနှင့် ဆက်စပ်သည့်လုပ်ငန်းအဆင့်ဆင့်ကို ဆိုလိုပေသည်။ အခြား ရှုထောင့်နှစ်ရပ်အား လက်တွေ့ကျသော နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးအား တဖြည်းဖြည်း အကောင်အထည်ဖော်သွားနိုင်မည့် နိုင်ငံရေးတန်းတူရည်တူရှိမှုတို့ ဖြစ်သည်။ နောက်ဆုံးရှုထောင့်ကား "တုံ့ပြန်ဆောင်ရွက်မှု" ဖြစ်ပြီး လုပ်ငန်းအဆင့်ဆင့်နှင့် အကောင်အထည်ဖြစ်ပေါ်လာမှုတို့ကြားတံတားသဖွယ် ဆက်သွယ်ပေးသည်။ ဤဆက်သွယ်မှုတွင် နိုင်ငံရေးလုပ်ငန်းစဉ်မှတဆင့် ပြည်သူလူထုက ချမှတ်သောမူဝါဒ (ဥပဒေ၊ နိုင်ငံရေးအဆောက်အအုံနှင့် ငွေကြေးဘတ်ဂျက်သုံးစွဲမှု) တို့သည် ပြည်သူတို့၏တင်ပြတောင်းဆိုမှုနှင့် ညွှန်ပြမှုအပေါ် မည်မျှအနည်းအများ ပေါင်းကူးဆက်စပ်နေသည်ကို စုစုပေါင်းအဖြေအတွက် တိုင်းတာရန်ဖြစ်သည်။

နိုင်ငံတော်အဆောက်အအုံများ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်နှင့် ဒီမိုကရေစီဖွံ့ဖြိုးမှုအဆင့်အတန်းအရ ရှုထောင့်တစ်ခုနှင့် အခြားရှုထောင့် တစ်ခုမှာလည်း ကွဲပြားနိုင်သည်။ ထိုကွဲပြားမှုများကို သိရှိနိုင်ရန် ရှင်းလင်းပြောဆိုနိုင်ရန်အလို့ငှာ မတူညီသောနိုင်ငံများ၌ ရှုထောင့်တစ်ခု၏ အဆင့်အတန်း မည်သို့မည်မျှရှိသည်ဆိုသည့်အချက်အား တိုင်းတာနိုင်သောစံနှုန်း ရှိရန်လိုသည်။ နိုင်ငံအများအပြားတွင် ကောင်းမွန်သောဒီမိုကရေစီသည် မတူညီသည့်ပုံစံဖြင့်တည်ရှိနေသည်။ အချိန်ကာလတစ်ခုအတွင်း နိုင်ငံတစ်နိုင်ငံ၏ ဒီမိုကရေစီအရည်အသွေးအားတိုင်းတာရာတွင် အဖြေရှာထားသောသိပ္ပံနည်းကျ အချက်အလက်များသည်လည်း အသုံးဝင်သည်။ ၎င်းတွင် အဆောက်အအုံဆိုင်ရာပြုပြင်ပြောင်းလဲမှု၏ အကျိုးသက်ရောက်မှုလည်းပါဝင်သည်။

ရှုထောင့်စုံဖြင့်သတ်မှတ်ထားသည့် ဒီမိုကရေစီအရည်အသွေး စစ်ဆေးမှုစနစ်အား ပိုမိုကျင့်သုံးနေသည့်အားလျော်စွာ ဤစနစ်ကို "အများအပေါ်သတိပြုခြင်း" ပုံစံဟု ခေါ်ဆိုသင့်ပေ

သည်။ အထက်တွင်ဖေါ်ပြသကဲ့သို့ ဒီမိုကရေစီအရည်အသွေးအတွင်း ရှုထောင့်များသည် တစ်ခုနှင့်တစ်ခု စွဲမြဲစွာ ဆက်စပ်ထားသည်သာမက ညှိနှိုင်းရမည့်သဘောတစ်ခုကို ဦးစားပေးရသောကြောင့် အခြားအရည်အသွေးအား မှန်ကန်စွာတိုင်းတာနိုင်ကြောင်း ရည်ရွယ်ချက်မထားသင့်ပေ။

ယခုဆိုလျှင် ဒီမိုကရေစီအရည်အသွေးကို ရှုထောင့်(၈)ခုအား စဉ်းစားချက်(၃)ရပ်ဖြင့် အလေးအနက်ထား ဖေါ်ထုတ်မည်ဖြစ်သည်။ ၎င်းတို့တွင် သိပ္ပံနည်းကျ အဓိပ္ပါယ်ဖွင့်ဆိုချက် ရှုထောင့်တစ်ရပ်၏ ဖွံ့ဖြိုးကြီးထွားနိုင်သည့်အခြေအနေနှင့် ၎င်းတို့၏ဩဇာသက်ရောက်မှုကို ဖျက်ဆီးနိုင်သော အခြေအနေတို့အား သုံးသပ်ရပါမည်။

## တရားဥပဒေစိုးမိုးရေး

“ဂီလာမိုအိုဒေါ်နယ်”ရှင်းပြထားသည်မှာ တိုင်းသူပြည်သားတိုင်းသည် ဥပဒေရှေ့မှောက်တွင် တန်းတူညီမျှရှိရမည်။ ဆိုလိုသည်မှာ လွတ်လပ်သည့်တရားစီရင်မှုအောက်တွင် တိုင်းသူပြည်သားများအနေဖြင့် တရားမျှတမှုကိုခံစားရပြီး၊ တရားဥပဒေမှာလည်း လူတိုင်းကို တန်းတူစွာ သက်ရောက်စေပါမည်။ ဥပဒေများမှာရှင်းလင်းရမည်၊ လူတိုင်းသိရှိနားလည်ရမည်၊ နိုင်ငံတကာ ဥပဒေနှင့် လိုက်လျောညီထွေမှုရှိရမည်၊ တည်ငြိမ်မှုရှိရမည်။

ဒီမိုကရေစီတစ်ခုတွင် တရားဥပဒေစိုးမိုးရေးသည် မည်သည့်အရာကို ဆောင်ရွက်ပေးသနည်း ဆိုသည့်အဖြေအတွက် အိုဒေါ်နယ်က ဥပဒေသည် နိုင်ငံရေးအခွင့်အရေးနှင့် ဒီမိုကရေစီလည်ပတ်ခြင်းအဆင့်ဆင့်ကို ကာကွယ်ပေးကာ လူတစ်ဦးစီ၏ နိုင်ငံသားအခွင့်အရေးကိုလည်း မြှင့်တင်ပေးသည်။ ထို့အပြင် ဒေါင်လိုက်တာဝန်ခံဆောင်ရွက်နေသည့် အေဂျင်စီများ (အစိုးရနှင့် အစိုးရကို စောင့်ကြည့်သည့်ဌာနများ) တရားဝင်ဖြစ်မှုနှင့် တရားဝင်လုပ်ဆောင်မှုများ အာဏာ ဖြည့်ဆည်းပေးသည်။

တရားဥပဒေစိုးမိုးရေးသည် အခြားဒီမိုကရေစီအရည်အသွေးများ ရပ်တည်ရာ အခြေခံလည်း ဖြစ်သည်။ ယနေ့ကမ္ဘာပေါ်တွင် လွတ်လပ်မှုမရှိသော ဒီမိုကရေစီစနစ်ကို နိုင်ငံအများအပြားတွင် တွေ့နိုင်ပေသည်။ ရွေးကောက်ပွဲအတွင်း ယှဉ်ပြိုင်မှုနှင့် လူထုပါဝင်မှုတို့သည် တရားဥပဒေမဲ့မှုနှင့် အာဏာအလွဲသုံးစားမှုများနှင့်အတူ ယှဉ်တွဲတွေ့နိုင်ပေသည်။ လွတ်လပ်မှုမရှိသည့် ဒီမိုကရေစီစနစ်ကျင့်သုံးသည့် အစိုးရများသည် တရားဥပဒေအပေါ်အခြေခံသည့် စည်းမျဉ်းစည်းကမ်းများ မရှိသည့်အပြင် ၎င်းတို့၏ဒီမိုကရေစီလက္ခဏာများသည်လည်း ယိမ်းယိုင်အားနွဲ့တတ်သည်။ တရားဥပဒေစိုးမိုးမှုအားနည်းသည်ဆိုရာတွင် ဆင်းရဲသောပြည်သူများနှင့် အပယ်ခံနိုင်ငံသားများ၏ နိုင်ငံရေးတွင်ပါဝင်ခွင့် ဖိနှိပ်ခံရခြင်း၊ လူတစ်ဦးစီ၏လွတ်လပ်မှု အာမခံချက်မရရှိခြင်း၊ လူထုအဖွဲ့အစည်းများ စည်းရုံးလှုံ့ဆော်မှုမရှိခြင်း၊ ဥစ္စာနေကုံလုံပြီး အဆက်အသွယ်ကောင်းသူများ ဦးစားပေးခံရခြင်း၊ ခြစားမှုနှင့် အာဏာအလွဲသုံးစွဲမှုများ ဆက်တိုက်ဖြစ်ပေါ်နေခြင်း၊ နိုင်ငံရေးအရယှဉ်ပြိုင်မှု တရားမျှတမှုမရှိခြင်း၊ မိမိမဲပေး ရွေးကောက်ထားသည့် အုပ်ချုပ်သူများ၊ မဲဆန္ဒရှင်များအပေါ် တာဝန်မကျေခြင်းနှင့် ဒီမိုကရေစီတုံ့ပြန်မှုအရသာအားလုံး ပျက်ပြယ်ခြင်းများဖြစ်စေသည်။

တရားဥပဒေအပေါ်အခြေခံသည့် အုပ်ချုပ်ရေးကို ဖွံ့ဖြိုးတိုးတက်အောင် ကူညီလုပ်ဆောင်ရာတွင် လစ်ဘရယ်ဝါဒနှင့် ဒီမိုကရေစီတန်ဘိုးများကို ပြည်သူလူထုကြားနှင့် အုပ်ချုပ်သူအထက်တန်းလူတန်းစားများအကြား ပျံ့နှံ့အောင်ပြုလုပ်ရန် အလွန်အရေးကြီးပေသည်။ ယှဉ်ပြိုင်မှုနှင့် တရားမျှတပြီး ကြံ့ခိုင်သည့် ဗျူရိုကရေစီအုပ်ချုပ်ရေး ယန္တယားအကြောင်း၊ ပြည့်စုံသည့်နိုင်ငံရေး

အဆောက်အအုံများနှင့် စီးပွားရေးနည်းလမ်းအကြောင်းများကို ပျံ့နှံ့အောင်လုပ်ဆောင်ရပါမည်။ သို့ရာတွင် ဒီမိုကရေစီစနစ်ကို လွန်ခဲ့သော နှစ်ပေါင်းများစွာက စတင်ကျင့်သုံးခဲ့သည့်နိုင်ငံများတွင် ဤကဲ့သို့အခြေအနေကိုမတွေ့ရသောကြောင့် တရားဥပဒေစိုးမိုးရေး အားပျော့သည်ကို တွေ့ရပေသည်။ အကောင်းဆုံးသော ချဉ်းကပ်မှုကား ဥပဒေကိုကျင့်သုံးသည့်တရားရုံးများ၏ လွတ်လပ်မှု အရည်အသွေးနှင့် သြဇာအာဏာရှိရေးကို ဆောင်ရွက်ပါမည်။ သို့ရာတွင် ဒီမိုကရက်တစ် ခေါင်းဆောင်များအနေဖြင့် ၎င်းတို့၏နိုင်ငံရေးဆန္ဒမပြသရွေ့ ထိန်းချုပ်တားမြစ်မှုအား မရုတ်သိမ်းသရွေ့ (ဥပဒေကိုအသုံးပြုသည့်တရားရုံးများအတွက်) လိုအပ်သည့်ငွေကြေးနှင့် သင်တန်းလည်းရှိမည်မဟုတ်ပေ။ ဤကိစ္စအား လှုံ့ဆော်ပေးပြီး သတိပြုပေးသည့် လူထုအဖွဲ့အစည်းများမှ ဒီမိုကရေစီစနစ် ပြိုင်ဆိုင်မှုကို ကိရိယာသဖွယ် အသုံးချကာ “ပြုပြင်ပြောင်းလဲရေး” ကို မလိုလားသည့်အရာရှိ (သို့မဟုတ်) နိုင်ငံရေးသမားကို ဖယ်ရှားနိုင်မည် ဖြစ်သည်။

## ပြည်သူလူထုပါဝင်မှု

ဆန္ဒမဲပေးပိုင်ခွင့်အပါအဝင် အရွယ်ရောက်သူတိုင်း၏ နိုင်ငံရေးတွင်ပါဝင်နိုင်သည့် အခွင့်အရေးကို မပေးအပ်သမျှကာလပတ်လုံး အုပ်ချုပ်သည့်အစိုးရသည် ဒီမိုကရေစီအစိုးရမဟုတ်ပေ။ အစိုးရ(သို့မဟုတ်)ပါလီမန်အတွင်းဆုံးဖြတ်ချက်ချခြင်းအဆင့်ဆင့်တွင် ပြည်သူများ ၎င်းတို့ တရားဝင်အခွင့်အရေးကို အသုံးချပြီး သြဇာသက်ရောက်အောင်လုပ်ဆောင်နိုင်မှ အထူးကောင်းမွန်သော ဒီမိုကရေစီတစ်ရပ်ဖြစ်လာနိုင်သည်။ ၎င်းတို့အကျိုးအတွက် မဲပေးခြင်း၊ စည်းရုံးနိုင်ခြင်း၊ လူများစုဝေးနိုင်ခြင်း၊ ဆန္ဒပြနိုင်ခြင်းနှင့် ချဉ်းကပ်စည်းရုံးနိုင်ခြင်းတို့ဖြစ်သည်။ ပြည်သူလူထုပါဝင်မှုနှင့်ပတ်သက်၍ ဒီမိုကရေစီအရည်အသွေးမြင့်မားခြင်းကို ပြည်သူလူထု၏တက်တက်ကြွကြွနှင့် မဲပေးခြင်းတစ်ခုတည်းကို ကြည့်၍မရပေ။ နိုင်ငံရေးပါတီများနှင့် လူထုအဖွဲ့အစည်းတို့အကြားဆက်ဆံမှုကိုလည်း ကြည့်ရပါမည်။ ၎င်းတို့အနေဖြင့် လူထုမူဝါဒအပေါ်ဆွေးနွေးခြင်း၊ ရွေးကောက်ခံကိုယ်စားလှယ်များမှ တာဝန်ခံမှုအတွက် ဆက်သွယ်တောင်းခံခြင်း၊ အရာရှိအရာခံများ၏ လုပ်ရပ်များကိုစောင့်ကြည့်ခြင်းနှင့် ဒေသဆိုင်ရာအဆင့်အထိ လူထုလိုလားချက်အား တိုက်ရိုက်ဆက်သွယ်ခြင်းတို့ဖြစ်သည်။

ထိုအနေအထားအတွင်း ပြည်သူလူထု၏ပါဝင်မှုကို နိုင်ငံရေးအရတန်းတူရည်တူရှိမှုနှင့် မိတ်ဖက်သဖွယ်အသုံးပြုနေရမည်။ အကယ်၍ လူတစ်ဦးချင်းမှ ၎င်းတို့အခွင့်အရေးကို မြှင့်တင်မည်ဆိုပါက အောက်တန်းလွှာတွင်ရှိနေသော ပြည်သူတစ်ဦးချင်းမှ ၎င်းတို့အခွင့်အရေးကို အသုံးပြုလာနိုင်မည်ဖြစ်သည့်အတွက် နိုင်ငံရေးအရတန်းတူရည်တူမရှိခြင်းမှာလည်း ကွယ်ပျောက်နိုင်ပါသည်။ ဒီမိုကရေစီစနစ်ကောင်းတစ်ခုအတွင်း ပြည်သူလူထုတို့၏ ပါဝင်မှုကျယ်ပြန့်အောင်ဆောင်ရွက်မည့် အခြေခံလုပ်ဆောင်ချက်တွင် ပညာရေးနှင့်စာတတ်မြောက်ရေးတို့ပါဝင်ပြီး အစိုးရနှင့် ပြည်သူလူထုအကြား ဆက်စပ်မှုကိစ္စကို ဗဟုသုတအနေနှင့် ပြည်သူများသိရှိနေရမည်။ ပြည်သူလူထု၏ပါဝင်မှုကို နိုင်ငံရေးယဉ်ကျေးမှုအရ တန်းတူရည်တူဖြစ်မှု၏အရေးပါပုံနှင့် ပြည်သူများ၏လူ့ဂုဏ်သိက္ခာများအား တန်ဖိုးအကဲဖြတ်ရပါသည်။ နိုင်ငံရေးလူမှုရေးအရ မည်သို့ကွဲပြား နေပါစေ လူ့ဂုဏ်သိက္ခာကို ခြွင်းချက်မရှိလေးစားရမည်။ အင်အားနည်းသော နိုင်ငံရေးပါတီပြိုင်ဘက်အုပ်စုနှင့် တစ်သီးပုဂ္ဂလများသည်လည်း တရားဥပဒေအောက်တွင် တန်းတူညီမျှမှုရှိရန်လက်ခံရပေမည်။

# ယှဉ်ပြိုင်မှု

ဒီမိုကရေစီစနစ်ရှင်သန်ရန်အလို့ငှာ နိုင်ငံရေးစနစ်တွင် နိုင်ငံရေးပါတီများပါဝင်ယှဉ်ပြိုင်ရန် လွတ်လပ်ပြီးတရားမျှတသော ပုံမှန်ရွေးကောက်ပွဲကျင်းပပေးရပါမည်။ ဒီမိုကရေစီတွင် ယှဉ်ပြိုင်ခွင့်ပြုထားပြီး ၎င်းတို့အပေါ်နိုင်ငံရေးပါတီအကြီး (သို့မဟုတ်) အာဏာရရှိထားသည့် နိုင်ငံရေးပါတီများက အမြဲတမ်းလိုလိုပင် အနိုင်ရတတ်သည်။ အချို့သောဒီမိုကရေစီယှဉ်ပြိုင်မှုတွင် နိုင်ငံရေးပါတီများအား မီဒီယာများ၌ယှဉ်ပြိုင်ဟောပြောခွင့်ပြုကာ ရံပုံငွေရှာဖွေရန် တရားဝင်ခွင့်ပြုတတ်သည်။ ရွေးကောက်ပွဲစနစ်အပေါ်မူတည်ပြီး ယှဉ်ပြိုင်မှုပုံစံကို တစ်ကြိမ်လျှင်တစ်မျိုး အနည်းနှင့်အများခွင့်ပြုတတ်သည်။ ဒီမိုကရေစီစနစ် ယှဉ်ပြိုင်မှု၏ပန်းတိုင်သည် ဈေးညှိသည့်အနေအထားပေါ် မူတည်နေဆဲဖြစ်သည်။ ရွေးကောက်ပွဲများတွင် ယှဉ်ပြိုင်မှုပုံစံများအနက် "အချိုးအစားအရ ကိုယ်စားပြုမှု" (Proportional Representation) သည် အလွန်ကောင်းမွန်သည့်ပုံစံတစ်ရပ်ဖြစ်ကာ နိုင်ငံရေးပါတီအများအပြား ရွေးကောက်ပွဲအဝန်းအဝိုင်းအတွင်း လွယ်ကူစွာဝင်ရောက်နိုင်ပြီး ပါလီမန်အတွင်းသို့ တစိတ်တပိုင်း ဝင်ရောက်နိုင်ပါသည်။ အခြားသောယှဉ်ပြိုင်မှုပုံစံတစ်ရပ်တွင်မူ နိုင်ငံရေးပါတီများ၏ ပိုနေမြဲကျားနေမြဲပုံစံမပျက်စေရန် အများအားဖြင့် ညွန့်ပေါင်းအစိုးရအဆက်ဆက် ဖွဲ့စည်းထားရှိကာ နိုင်ငံရေးပါတီများအကြား အာဏာခွဲဝေပေးမှုလုပ်ပေးပြီး "တလှည့်စီ အာဏာရယူစေခြင်း" (Alternation of Power) ပုံစံဖန်တီးပေးပြီး နိုင်ငံရေးပါတီများ တချိန်ချိန်တွင်တလှည့်စီအာဏာရရှိသည်။ ဤယှဉ်ပြိုင်မှုနှင့် အာဏာခွဲဝေမှုစနစ်များတွင် မည်သည့်စနစ်က ဒီမိုကရေစီအရည်အသွေးအတွက် အကောင်းဆုံးဖြစ်ကြောင်းသတ်မှတ်ရန် မလွယ်ကူပေ။ သို့ရာတွင် ပညာရှင် အာရန်လစ်ဂျ်ပါတ် (Arend Lijphart) ပြောဆိုသည်မှာ အချိုးအစားအရကိုယ် စားပြုမှုစနစ်သည် ပိုမိုကောင်းမွန်ကာ ဒီမိုကရေစီအရည်အသွေးအား အခြားရှုထောင့်များမှ ဖြည့်ဆည်းပေးသည်။ ဥပမာအားဖြင့် အမျိုးသမီးများနှင့် အခြားလူနည်းစုများ၏ ကိုယ်စားပြုမှု ပါဝင်သောကြောင့်ဖြစ်သည်။

ရွေးကောက်ပွဲယှဉ်ပြိုင်မှုတွင် တက်ကြွစွာပါဝင်နိုင်သည့်အခြေအနေဖြစ်ပေါ်ရန် တရားဥပဒေအရ ရွေးကောက်ပွဲအောင်မြင်စွာကျင်းပရေးအတွက် ဖွဲ့စည်းအုပ်ချုပ်ပုံတို့တွင် စနစ်တကျဖော်ပြထားရမည်။ ယနေ့ခေတ်ဒီမိုကရေစီတွင် ယှဉ်ပြိုင်မှုကဏ္ဍ၊ နိုင်ငံရေးပါတီများ၏ရံပုံငွေနှင့် မဲဆွယ်ရေးတို့မှာ အဓိကကျနေသောကြောင့် နိုင်ငံရေးပါတီအသစ်များနှင့် ရွေးကောက်ပွဲဝင် ကိုယ်စားလှယ်အသစ်များအတွက် တရားမျှတသည့် အနိမ့်ဆုံးသတ်မှတ်မှုမရှိပါက ၎င်းတို့ ဝင်ရောက် မယှဉ်ပြိုင်နိုင်ပေ။ သက်တမ်းရင့်ဒီမိုကရေစီနိုင်ငံများနှင့် ဒီမိုကရေစီနိုင်ငံအသစ်များတွင် မဲဆွယ်ရေးကုန်ကျစရိတ်များကို ကန့်သတ်ရန်လိုအပ်သည့် ဥပဒေတားမြစ်ချက်ထုတ်ပြန်ရာတွင် ရှုပ်ထွေးဖွယ်ရာ အများအပြားရှိနေသည်ကို တွေ့ရသည်။ ရွေးကောက်ပွဲမှာ ပိုမိုတရားမျှတပြီး ထိရောက်သော ယှဉ်ပြိုင်မှုကို ဖြစ်စေပါသည်။ ဒေသတစ်ခုတွင် ဥပမာ – အမေရိကန်နိုင်ငံ၏ပြည်နယ်များ၌ နိုင်ငံရေးပါတီတစ်ခုအပေါ် ထောက်ခံအားပေးသည့်ပြည်သူများအနေဖြင့် ထိုပါတီက အုပ်စိုးမှုရရှိအောင် ဆောင်ရွက်နိုင်သည်။ ထို့ပြင်တရားမျှတပြီး ထိရောက်သောယှဉ်ပြိုင်မှုတွင် လူထုမီဒီယာများမှတဆင့် ပြည်သူထံသို့ပြောနိုင်ခွင့်၊ မီဒီယာကိုပိုင်ဆိုင်သူများမှ မျှမျှတတဖော်ထုတ်ပေးခြင်း၊ လူ့အဖွဲ့အစည်းအတွင်း စီးပွားရေးအရင်းအမြစ်ကို မှန်ကန်သောလမ်းကြောင်းသို့ပို့ပေးခြင်းနှင့် လွတ်လပ်သော တရားစီရင်ရေးအဆောက်အအုံများ၏ နိုင်ငံရေးအခွင့်အရေးကို အားပေးခြင်းတို့ဖြစ်သည်။ တပြေးညီနိုင်ငံတော်အဆောက်အဦများ၏ အလျားလိုက် (ဌာနတစ်ခုနှင့် တစ်ခု) တာဝန်ခံယူမှုကို အဆက်အစပ်ရှိရှိဆောင်ရွက်ရန် အရေးကြီးပေသည်။ အဘယ့်ကြောင့်ဆိုသော် လွတ်လပ်ပြီး

အာဏာအပြည့်ရှိသည့် ရွေးကောက်ပွဲကော်မရှင်သည် အလွန်အရေးပါသည့် တစ်ခုတည်းသော နိုင်ငံရေးအဆောက်အအုံဖြစ်သည့်အားလျော်စွာ လွတ်လပ်မှုနှင့် တရားမျှတမှုကိုအာမခံရန် အရေးကြီးသည်။

## ဒေါင်လိုက် (အောက်မှအပေါ်သို့) တာဝန်ခံမှု

တာဝန်ခံမှုဆိုသည်မှာ ရွေးကောက်ခံရသည့် အဖွဲ့အစည်းများက မေးမြန်းလာသည့် မေးခွန်းအပေါ် ပြန်လည်ဖြေဆိုရန် ဖြစ်သည်။ ပညာရှင် အင်ဒရီယာရှီဒလာမှ တာဝန်ခံမှုကို အစိတ်အပိုင်း(၃)ခု (သတင်းအချက်အလက်၊ အကြောင်းပြပြောဆိုချက်နှင့် အရေးယူမှု သို့မဟုတ် လျော်ကြေးပေးမှု) ရှိရန်လိုအပ်သည်။ အကြမ်းဖျင်းအဆင့်များအနေဖြင့်ဖော်ပြပါက ပြည်သူ့ရေးရာ လုပ်ရှားမှုများအပေါ် ပြည်သူများက လေ့လာခွင့်ရရှိခြင်း၊ ထိုအရေးအရာကိစ္စရပ်များ ဆောင်ရွက်သည့် အကျိုးအကြောင်းကို ခေါင်းဆောင်များက ရှင်းလင်းတင်ပြသည်ကို ကြားခွင့်ရခြင်း၊ ထို့နောက် ထိုခေါင်းဆောင်အား အပြစ်ဒဏ်ပေးမည်လော၊ ထောက်ခံမည်လော ပြည်သူများက ဆုံးဖြတ်ရမည်။

ဤကဲ့သို့သောတာဝန်ခံမှုကို ပြည်သူများမှ ခေါင်းဆောင်များဆီသို့ အောက်မှအထက်ပုံစံဖြစ်သောကြောင့် ဒေါင်လိုက်တာဝန်ခံမှုဟု ဆိုနိုင်ပါသည်။ ယနေ့ခေတ်သစ်ဒီမိုကရေစီစနစ်တွင် ရွေးကောက်ခံကိုယ်စားလှယ်များအနေဖြင့် ပြည်သူနှင့်အုပ်ချုပ်သူများအကြား တာဝန်ခံမှုအပေါ် ညှိနှိုင်းပေးသည့်ကိစ္စမျိုး အထူးလုပ်ဆောင်နေရသည်ဟု ပညာရှင်ဖိလစ်စီမစ်တားမှ အသိအမှတ်ပြုသည်။ နိုင်ငံရေးအရယှဉ်ပြိုင်မှုနှင့် ပြည်သူများပါဝင်မှုတို့သည် ဒေါင်လိုက်တာဝန်ခံမှုအတွက် အလွန်အရေးကြီးသောအခြေအနေများဖြစ်သည်။ တချိန်တည်းတွင် ဒေါင်လိုက်တာဝန်ခံမှုတွင် နိုင်ငံရေးအရယှဉ်ပြိုင်မှုနှင့် အာဏာဖြန့်ကျက်ရေးကို အထူးလိုအပ်ပေသည်။ သို့မှသာ စစ်မှန်သည့် ပြိုင်ဘက်အင်အားစုများ အစိုးရ၏အဆင့်တိုင်းတွင်ပါဝင်မှုရရှိပြီး ပြည်သူများရွေးချယ်သည့်အခါ အစိုးရအပြောင်းအလဲကို ပြုလုပ်နိုင်သည်။ ထို့ပြင် လူထုအဖွဲ့အစည်း (သတင်းမီဒီယာ၊ အကျိုးတူအုပ်စု၊ အသိပညာရှင်များနှင့် အခြား)များက ထိုနိုင်ငံရေးအဆင့်များအပေါ် အစဉ်အမြဲ စောင့်ကြည့်နေခြင်း၊ မေးခွန်းထုတ်ခြင်းနှင့် အကြောင်းပြချက်များအတွက်တောင်းဆိုခြင်းအား လွတ်လပ်ခွင့်ပေးအပ်ထားရမည်ဖြစ်ပြီး ၎င်းတို့အား ခြိမ်းခြောက်ခြင်းနှင့် ကြီးကျယ်သော အပြစ်ဒဏ်ပေးမှုကို တရားဥပဒေအရကာကွယ်ပေးရမည်။

## အလျားလိုက် (တပြေးတည်း) တာဝန်ခံမှု

ဒီမိုကရေစီအရည်အသွေးတွင် တပြေးညီတာဝန်ယူနေကြသည့် နိုင်ငံတော်အဆောက်အအုံရှိ ဌာနများအနေဖြင့် ၎င်းတို့အားရွေးချယ်သည့် ပြည်သူများအပေါ် ဒေါင်လိုက်တာဝန်ခံမှုတွင်သာမကပဲ ဌာနတစ်ခုနှင့်တစ်ခု တရားဥပဒေနှင့်အညီလေးစားစွာ တာဝန်ခံဆောင်ရွက်ခြင်း၊ အလျားလိုက်တာဝန်ခံယူမှုရှိရန်လိုအပ်သည်။ ကျွမ်းကျင်သူပညာရှင်များနှင့် ဥပဒေအရာရှိများအနေဖြင့် အစိုးရအဆောက်အအုံများအပေါ် စောင့်ကြည့်နိုင်သည့်အခြေအနေတွင်ရှိနေရမည်။ “အမိန့်ပေး၊ နာခံ” သည့် ဆက်ဆံရေးမျိုးမဟုတ်ဘဲ အစိုးရအရာရှိတစ်ဦး (သို့မဟုတ်) အစိုးရဌာနတစ်ခုမှ အခြားသောအရာရှိနှင့် (အစိုးရနှင့်မဆိုင်သည့်) ဌာနအား ရှင်းလင်းဖြေကြားမှု လုပ်ဆောင်စေခြင်းကို အလျားလိုက်တာဝန်ခံမှုဟုခေါ်သည်။ အလျားလိုက်တာဝန်ခံမှုတွင် အစိုးရဌာနများနှင့်

အတူ အခြားသောအဆောက်အအုံများတွင် အတိုက်အခံအင်အားစုများ၊ အထူးစုံစမ်းရေး ကော်မရှင်များ၊ တရားရုံးများ၊ စာရင်းစစ်ကော်မရှင်၊ လူထုတိုင်ကြားချက်အဖွဲ့အစည်းများဖြစ်သည်။ ထိုအဖွဲ့အစည်းနှင့် အဆောက်အအုံများသည် အုပ်ချုပ်သူအစိုးရ၏အာဏာကို ကန့်သတ်လျော့ချရန် ဖြစ်သည်။

အစိုးရ၏သြဇာသက်ရောက်မှုမှ လွတ်လပ်သော အလျားလိုက်တာဝန်ခံမှုအတွက် ပါဝင်သော အေဂျင်စီများသည် ၎င်းတို့အတွင်း လုပ်ငန်းဆောင်ရွက်သည့် စနစ်တစ်ခုစီတည်ရှိပြီး ၎င်းစနစ်အတွင်း ၎င်းတို့လုပ်ငန်းဆိုင်ရာအရည်အသွေး၊ သင်တန်းပေးမှု၊ ဦးဆောင်သည့် ခေါင်းဆောင်များ ရှိရန်လိုအပ်ပေသည်။ သက်ဆိုင်ရာတာဝန်ခံမှုကို ထိထိရောက်ရောက်တက်တက်ကြွကြွ တာဝန်သိသိဆောင်ရွက်ရန် လိုအပ်ပေသည်။ ထို့ပြင်အဖွဲ့အစည်းများ၏ ကွန်ယက်သဖွယ် ဆောင်ရွက်မှုများကြောင့် အေဂျင်စီ၏အမည်နာမ ကောင်းမွန်တိုးတက်လာခြင်းအားဖြင့် နိုင်ငံရေးအင်အားစုများ၏ တာဝန်ခံမှုအပေါ်စီစစ်ရေးအတွက် လက်နက်သဖွယ်အသုံးပြုနိုင်သည်။

## လွတ်လပ်မှု၊ ညီမျှမှုနှင့် တုံ့ပြန်ဆောင်ရွက်မှု

လွတ်လပ်မှုတွင် အဓိကအရေးကြီးသော အခွင့်အရေး(၃)ရပ် ပါဝင်သည်။ ၎င်းတို့တွင် နိုင်ငံရေးအခွင့်အရေး၊ နိုင်ငံသားအခွင့်အရေးနှင့် လူမှုရေးအခွင့်အရေး (သို့မဟုတ်) လူမှုစီးပွားရေး အခွင့်အရေးတို့ပါဝင်သည်။ နိုင်ငံရေးအခွင့်အရေးတွင် မဲပေးပိုင်ခွင့်၊ မဲဆွယ်လှုပ်ရှားပိုင်ခွင့်နှင့် နိုင်ငံရေးပါတီအား အသိအမှတ်ပြုခွင့်တို့ ပါဝင်သည်။ ဤအခွင့်အရေးများသည် နိုင်ငံရေးအရ ပါဝင်မှုနှင့် ယှဉ်ပြိုင်မှုတွင်တက်တက်ကြွကြွ ပါဝင်နိုင်ပြီး ဒေါင်လိုက်တာဝန်ခံမှုကို ဖြစ်ပေါ်စေပါသည်။

နိုင်ငံသားအခွင့်အရေးတွင် ပုဂ္ဂလိကလွတ်လပ်မှု၊ လုံခြုံရေးနှင့် ပုဂ္ဂလိကမှုပိုင်ခွင့်တို့ ပါဝင်ကာ လွတ်လပ်စွာတွေးခေါ်ပြောဆို သတင်းလက်ခံရရှိခွင့်တို့လည်းရှိရမည်။ ၎င်းတို့၏ မိရိုးဖလာဘာသာရေးကို လွတ်လပ်စွာကိုးကွယ်ခွင့်ရှိသည်။ လွတ်လပ်စွာစုရုံးပိုင်ခွင့်ရှိပြီး အဖွဲ့အစည်းများဖွဲ့စည်းပိုင်ခွင့်ရှိသည်။ ၎င်းတို့တွင် အလုပ်သမားသမဂ္ဂနှင့် နိုင်ငံရေးပါတီ ဖွဲ့စည်းခွင့်တို့ ပါဝင်သည်။ လွတ်လပ်စွာသွားလာနေထိုင်ခွင့်ရှိကာ တရားဥပဒေအရ အကာအကွယ်လည်း ရှိရမည်။ လူမှုစီးပွားရေးအခွင့်အရေးဟုခေါ်ဆိုသည့် အခွင့်အရေးတွင် ပစ္စည်းဥစ္စာများကို မူပိုင် ပိုင်ဆိုင်ခွင့်သာမက ကုမ္ပဏီကဲ့သို့သောလုပ်ငန်းများကို ပိုင်ဆိုင်ခွင့်ရှိသည်။ အလုပ်အကိုင်နှင့်ပတ်သက်သော အခွင့်အရေးတွင် တရားမျှတသောလုပ်အားခကိုရရှိပြီး အလုပ်ချိန်မှာလည်း တရားမျှတမှုရှိရမည်။ အများပိုင် အကျိုးအမြတ်များကိုလည်း ခံစားပိုင်ခွင့်ရှိရမည်။

ပြည်သူများပူးပေါင်းပါဝင်မှု၊ ယှဉ်ပြိုင်မှုနှင့် ဒေါင်လိုက်တာဝန်ခံမှုတို့အပေါ်ရည်ရွယ်ပြီး နိုင်ငံရေးနှင့်နိုင်ငံသားအခွင့်အရေးများ ပိုမို သေချာရေးအတွက် နိုင်ငံရေးအဆောက်အအုံများ တရားမျှတမှုရှိရေးနှင့် အလျားလိုက်တာဝန်ခံမှုရှိရန်လိုအပ်သည်။ ထိုအဆောက်အအုံများအတွက် လွတ်လပ်မှု၊ လုပ်ကိုင်နိုင်စွမ်းရှိမှု၊ အခြေခံဥပဒေအရ တရားဝင်အာဏာရှိမှုတို့မှာ ပထမဆုံးနှင့် အရေးကြီးဆုံးအချက်များဖြစ်သည်။ ကျယ်ပြန့်သည့်တရားဥပဒေစနစ်တွင်လည်း ဥပဒေစိုးမိုးမှုရှိရမည်။ ပြည်သူများသည် ၎င်းတို့အချင်းချင်း လူထုအဖွဲ့အစည်းများ တည်ထောင်ပြီး ထိုအဆောက်အအုံများမှတဆင့် မီဒီယာအပါအဝင် ၎င်းတို့အခွင့်အရေး၊ လွတ်လပ်သည့်ရွေးကောက်ပွဲ ဖြစ်ပေါ်ရေးတို့အတွက် ဆောင်ရွက်မည်ဆိုပါက ပညာရှင် 'ဘင်ဂျမင်ဖရန်ကလင်' ၏အဆိုအရ "ပြည်သူများ

တကယ့်ပါဝင်မှုသာလျှင် (ဒီမိုကရေစီ၏) လွတ်လပ်ခြင်းတန်ဖိုးသည် ရှည်ကြာတည်တံ့မည်” ဟု ဆိုသည်။

## တန်းတူညီမျှမှု

တရားဥပဒေအရနှင့် နိုင်ငံရေးအရ ပြည်သူများတွင်တန်းတူညီမျှမှုရှိရမည်ကို ရှေ့တွင် ဖော်ပြထားသည့် ဒီမိုကရေစီရှုထောင့်များတွင် ဒီမိုကရေစီ၏အမှတ်လက္ခဏာအနေဖြင့် လိုအပ်ကြောင်း ဖော်ပြထားပြီးဖြစ်သည်။ ကောင်းမွန်သောဒီမိုကရေစီစနစ်တစ်ရပ်တွင် ပြည်သူတစ်ဦးချင်းနှင့် အဖွဲ့အစည်းများအတွက် တူညီသောအခွင့်အရေးများနှင့် တရားဥပဒေအကာအကွယ်ရှိရမည်ဖြစ်ပြီး တရားမျှတရေးနှင့် နိုင်ငံရေးအာဏာကို အကြောင်းပြချက်ခိုင်လုံစွာဖြင့် ရယူခံစားနိုင်သည်။ လိင်၊ မျိုးရိုး၊ လူမျိုးစု၊ ဘာသာရေး၊ နိုင်ငံရေးအခြေခံနှင့် အခြားမတူညီသည့်ကိစ္စများအပေါ် ခွဲခြားဆက်ဆံသည့်လုပ်ရပ်များသည် မျှတမှုများအား အဟန့်အတားဖြစ်စေသဖြင့် ၎င်းတို့ကို ရှာဖွေဖော်ထုတ်ကာ တားဆီးရပါမည်။

“တန်းတူညီမျှမှု” သည် အတွေးအခေါ်အယူအဆတစ်ရပ်ဖြစ်ပြီး အထူးဂရုတစိုက်ချမှတ်ထားသည့် နိုင်ငံရေးဝေါဟာရဖြစ်သော်လည်း ၎င်းအား ရယူခံစားနိုင်ရန် မလွယ်ကူပေ။ ဒိုင်ထရစ်ရှ်ချီမီယာ၏ လေ့လာချက်အရ ပညာရေး၊ သတင်းအချက်အလက်နှင့် အရင်းအမြစ် ပိုမိုပြည့်စုံသည့်ပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများသည် လူထုအတွင်း ငြင်းခုန်ပြောဆိုမှု၊ ခေါင်းဆောင်ရွေးချယ်ခံရမှုနှင့် နိုင်ငံရေးဝါဒချမှတ်မှု၌ အမြဲတမ်းပင် ဩဇာအာဏာပိုမိုရှိတတ်ပါသည်။ ကုံလုံကြွယ်ဝမှုနှင့် အဆင့်အတန်းမတူညီမှုတို့ အထူးကွာဟနေပါက တချိန်တည်းတွင် ဒီမိုကရေစီစနစ်မှ တိကျခိုင်မာသော လူမှုရေး(သို့မဟုတ်) စီးပွားရေးဝါဒကို မချမှတ်နိုင်ပါက နိုင်ငံရေးတန်းတူညီမျှမှုကို လက်တွေ့အကောင်အထည်ဖော်ရာတွင် မဖြစ်နိုင်သည့်အခြေအနေများကို တွေ့ရတတ်ပါသည်။ ယခုအသစ်ရေးဆွဲနေကြသည့် ဒီမိုကရေစီဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေများ၌ ထိုသို့ တန်းတူညီမျှမှု မရှိခြင်းကို ဖယ်ရှားပေးသည့်အဖြေတစ်ရပ်အား တွေ့ရပေသည်။ ၎င်းမှာ တန်းတူညီမျှမှုကို ဖော်ထုတ်ပြီး အချို့သောကိစ္စရပ်များ – ဥပမာအားဖြင့် ကျန်းမာရေး၊ ပညာရေး၊ အနိမ့်ဆုံးလစာနှင့် အခြားလိုအပ်ချက်များ “လူမှုအခွင့်အရေး” (သို့မဟုတ်) “လူ့အခွင့်အရေး” ဖြစ်ကြောင်း ကြေငြာထုတ်ပြန်ပြီး လူတိုင်းအား တန်းတူရှိစေပါသည်။ ယနေ့ကာလ ဒီမိုကရေစီစနစ်သည် “ပထမမျိုးဆက်” (ယခင့်ယခင်) ဒီမိုကရေစီစနစ်၏ အသုံးပြုခဲ့သည့်ပုံစံမျိုးမဟုတ်ပေ။ ယခင်ဒီမိုကရေစီစနစ်သည် နိုင်ငံရေးနှင့်နိုင်ငံသားအခွင့်အရေးများအား အထူးခွင့်ပြုထားကာ ပြည်သူတို့၏ လိုအပ်ချက်နှင့် ဝေးကွာပြီး ပစ်ပယ်ထားသလို ဖြစ်နေပါသည်။ နိုင်ငံရေး၏တောင်းဆိုချက်အရ သိသာမြင်သာသော နိုင်ငံရေးပန်းတိုင်ကိုရရှိရန် ဆောင်ရွက်ပြီး လူထု၏တရားဥပဒေ၊ လူမှုရေးနှင့် စီးပွားရေးလိုအပ်ချက်များကို မဖြည့်ဆည်းနိုင်ပေ။

နိုင်ငံရေးတောင်းဆိုချက်အား ခေတ္တမျှဘေးဖယ်ကြည့်ပါ။ ပြည်သူလူထု၏ လွတ်လပ်မှုကို မပျက်ဆီးစေပဲ လူမှုအခွင့်အရေးကို ဖြည့်ဆည်းဆောင်ရွက်နိုင်ရန်အလို့ငှာ လူမှုရေးဝါဒကို ဘဏ္ဍာငွေပိုမိုချမှတ်ထားခြင်းနှင့် လူမှုအဆင့်အတန်း အထိုက်အလျောက်မြှင့်တင်ပေးခြင်းကို ဆောက်ရွက်ပြီးပြည်သူတို့အကြား ကုံလုံကြွယ်ဝမှုရရှိရန် ဆောင်ရွက်နိုင်သည်။ ရပ်ပိုင်းဆိုင်ရာလိုအပ်သည့် အဆောက်အအုံနှင့် လူသားအရင်းအမြစ် (ပြည်သူ့ကျန်းမာရေး၊ ပညာရေး) ဖွံ့ဖြိုးရေးတို့တွင် ရင်းနှီးမြှုပ်နှံနိုင်ရေး လိုအပ်သည့်အရင်းအမြစ်များ ဖြည့်ဆည်းပေးခြင်းအားဖြင့် တချိန်က ဆင်းရဲနေ

သည့်ပြည်သူများ ကုန်ထုတ်လုပ်မှုတွင်ပိုမိုပါဝင်နိုင်သည်။ ထို့အပြင် လာဘ်ပေးလာဘ်ယူမှုများ တိုက်ဖျက်ရာတွင် ပိုမိုထိရောက်ပြီး အလျားလိုက်တာဝန်ခံမှုကိုဆောင်ရွက်သည့် နိုင်ငံရေး အဆောက်အအုံများ ပိုမိုပြည့်စုံလာပါသည်။

ပညာရှင် "ရပ်ချိမီယာ" က ပြောဆိုရာတွင် တန်းတူညီမျှရေးအတွက် တိုင်းတာသည့် သော့ချက်တစ်ခုတွင် အခြေခံလူတန်းစားနှင့် အဖွဲ့အစည်းများအား ကိုယ်စားပြုစေသည့် စေတနာ သဘောထားများသည် အုပ်ချုပ်သူအစိုးရအဆက်ဆက်တွင် ရှိ၊ မရှိ စီစစ်ရပါသည်။ အထူးသဖြင့် စီးပွားရေးနှင့် လူမှုရေးအခွင့်အရေးများ ပိုမိုရရှိရေးအတွက် သွေးစည်းညီညွတ်ပြီး အားကောင်းသော အလုပ်သမားသမဂ္ဂများက အရေးကြီးသောအခန်းကဏ္ဍများတွင်ရှိခဲ့သည်။ ထို့အပြင် ဥပဒေစနစ် သည်လည်း အခြေခံလူတန်းစားအဖွဲ့အစည်းနှင့် လူနည်းစုအဖွဲ့အစည်းတို့၏ စုစည်းပိုင်ခွင့်၊ ဆန္ဒပြပိုင်ခွင့်၊ လှုံ့ဆော်ပိုင်ခွင့်တို့ကို အကာအကွယ်ပေးရန် အရေးကြီးပေသည်။

## တုံ့ပြန်ဆောင်ရွက်မှု

တုံ့ပြန်ဆောင်ရွက်မှု (Responsiveness) သည် ဒေါင်လိုက်တာဝန်ခံမှုနှင့် အဆက် အစပ် ဖြစ်ပြီး ၎င်းတွင် ပြည်သူတို့၏ပူးပေါင်းပါဝင်မှုနှင့် နိုင်ငံရေးအရယှဉ်ပြိုင်မှုတို့လည်းပါဝင်သည်။ သို့မှသာ တနည်းအားဖြင့် ဒီမိုကရေစီစနစ်၏ လုပ်ငန်းလည်ပတ်ပုံအပေါ် ပြည်သူများ စိတ်ကျေနပ် ပြီး ၎င်းအား တရားဝင်ဖြစ်စေသည်ဟု လူထုက လက်ခံလာသည်။ ပညာရှင် "ဂျီဝင်ဟန်ပိုဝဲ" က ရှင်းပြရာတွင် ဒီမိုကရေစီအစိုးရသည် ဒီမိုကရေစီစနစ်လည်ပတ်နေသည့်ကာလ၌ "ပြည်သူများ လိုအပ်ချက်အတွက် နိုင်ငံရေးနှင့်လူမှုရေးမူဝါဒကို ပြဌာန်းအကောင်အထည်ဖော်မည်" ဟု ရိုးသားစွာ ဖော်ပြထားပါသည်။ ဒီမိုကရေစီစနစ်အတွင်း တာဝန်ယူမှုတွင် ချိန်းကြိုးသဖွယ် "အချိတ်အဆက်" (၃)ခု ရှိသည်ဟုဆိုသည်။ ပထမအချက်တွင် အခြေခံချင်းတူညီသောပြည်သူလူများက တင်ပြလာ သည့် လိုအပ်ချက်မူဝါဒအများအပြားအားလည်းကောင်း၊ နိုင်ငံရေးပါတီ အများအပြားက တင်ပြ လာသည့် မတူညီသည့်နိုင်ငံရေးမူဝါဒအားလည်းကောင်း၊ ၎င်းတို့အား အစိုးရတစ်ရပ်အနေဖြင့် လွှမ်းခြုံပြီး နိုင်ငံရေးမူဝါဒပြဌာန်းရန်လိုသည်။ ဒုတိယအချက်အနေဖြင့် မဲဆန္ဒနယ်မြေအသီးသီးမှ ပြည်သူတို့၏လိုလားချက်အား အစိုးရမူဝါဒချမှတ်သူများက သတိပြုပြီး မူဝါဒပြဌာန်းရာတွင် အသုံးပြုရန်ဖြစ်သည်။ တတိယအချက်တွင် ရွေးကောက်ခံရသည့်ကိုယ်စားလှယ်များအနေဖြင့် ၎င်းတို့၏နိုင်ငံရေးမူဝါဒရပ်တည်ချက်အား ပြည်သူများအတွင်းရလဒ်ပေါ်ပေါက်အောင် အားကြိုး မာန်တက် ဆောင်ရွက်ရန်ဖြစ်သည်။

သို့ရာတွင် တကယ်လက်တွေ့အခြေအနေတွင် တုံ့ပြန်ဆောင်ရွက်မှုကိုအကဲဖြတ်ရာတွင် ပိုမိုရှုပ်ထွေးသောကြောင့် ခက်ခဲပေသည်။ တတ်ကျွမ်းသူပညာရှင်များက နိုင်ငံရေးမူဝါဒကို တန်ဘိုး အကဲဖြတ်သည့်အခါတွင် ပညာတတ်နှင့်ဗဟုသုတရှိသော ပြည်သူများသည်ပင် အစိုးရက ၎င်းတို့ ၏ အကျိုးစီးပွားအပေါ် မည်သို့တာဝန်ယူဆောင်ရွက်ပေးသည်ကို မသိရှိနိုင်ပေ။ မူဝါဒပြဌာန်း သူများအနေဖြင့်လည်း ရေတိုဆောင်ရွက်ချက်နှင့် ရေရှည်လူထုအကျိုးစီးပွားအပေါ် အမြဲတမ်း ချင့်ချိန်နေရပေသည်။ ပိုဝဲ၏ရှင်းပြချက်အရဆိုလျှင် မဲဆွယ်သည့်ကာလ၌ ရှုထောင့်အများအပြား ပေါ်ပေါက်လာသောကြောင့် မူဝါဒတစ်ခုခုအပေါ် ပြတ်ပြတ်သားသားနှင့် အကောင်အထည်ဖော်ရန် အလွန်ခက်ပေသည်။

တုံ့ပြန်ဆောင်ရွက်မှုကိစ္စရပ်အား တန်ဘိုးအကဲဖြတ်ရာတွင် ဦးစားပေးအခြေအနေများသည် ဒေါင်လိုက်တာဝန်ခံမှုအား အကဲဖြတ်ရာတွင် ပါဝင်သည့်အချက်နှင့်တူညီပြီး အင်အား တောင့်တင်းသောလူထုအဖွဲ့အစည်း၊ ကောင်းမွန်ထိရောက်သော နိုင်ငံရေးပါတီတို့၏အခြေခံနှင့်လည်း သက်ဆိုင်သည်။ ကောင်းမွန်အကျိုးပြုသည့်အချက်မှာ ဒီမိုကရေစီအစိုးရတွင် ပြည်သူတို့ နှစ်သက်သောအရာများကို မူဝါဒနှင့်အကောင်အထည်ဖေါ်သည့် အခြေအနေသို့ တွန်းပို့ရန်ဖြစ်သည်။ အစိုးရတစ်ရပ်အနေဖြင့် လုပ်ငန်းကို အကောင်အထည်ဖေါ်ဆောင်သည်၊ မဆောင်ရွက်သည်များကို လူထုအခြေခံဗျူရိုကရေစီအဆောက်အအုံများမှ ရိုးသားကျွမ်းကျင်စွာ အကဲဖြတ်ရန်လိုသည်ဟု “ပိုဝဲ” က ဆိုပါသည်။ အလျား လိုက်တာဝန်ခံမှု၏ သဘောတရားအတိုင်းဆောင်ရွက်ပါကလည်း အကျိုးဖြစ်ထွန်းနိုင်ပါသည်။

တုံ့ပြန်ဆောင်ရွက်မှုအပေါ် နိုင်ငံရေးရည်ရွယ်ချက်အစီအစဉ်(၃)ခုက ကန့်သတ်တားဆီးထားပါသည်။ အချို့သောနိုင်ငံရေးခေါင်းဆောင်များသည် ၎င်းတို့၏သြဇာအာဏာကို ကျယ်ပြန့်အောင် ဆောင်ရွက်ပြီး ပကတိအဖြစ်မှန်အခြေအနေအပေါ် မသုံးသပ်ပဲ လူထု၏စိတ်ဝင်စားမှုအပေါ် ပိုမိုကတိပေးကာ မဖြစ်နိုင်သည်များကို မိန့်ခွန်းတွင်ထည့်သွင်းကာ လွှမ်းမိုးထားတတ်သည်။ ဒုတိယအချက်တွင် ပြည်သူများအတွင်း အရင်းအမြစ်မှာလည်း ချို့တဲ့နေတတ်သည်။ ကန့်ကွက်မှုများအတွင်း နိုင်ငံရေးခေါင်းဆောင်များအနေဖြင့် ဦးစားပေးလုပ်ဆောင်ရမည့်အချက်နှင့် ခက်ခဲသောရွေးချယ်မှုများကို ရွေးချယ်လုပ်ဆောင်ပြီး ၎င်းကိစ္စများအပေါ် တာဝန်ယူရသည်။ မည်သည့် အခြေအနေတွင်မဆို တကယ့်လူထုအကျိုးအတွက် လေးနက်စွာဆောင်ရွက်တတ်သော ဒီမိုကရေစီခေါင်းဆောင်များသည်ပင် လူတိုင်း၏အလိုအတိုင်း မဆောင်ရွက်နိုင်ပေ။ နောက်ဆုံးတစ်ချက်တွင်ကား ယခုအခါ ဂလိုဘယ်လိုက်ဇေးရှင်းသည် နိုင်ငံများ၏အချုပ်အခြာအာဏာပိုင်ဆိုင်မှုအပေါ် အကန့်အသတ်အနေအထားသို့ ရောက်ရှိရန် တွန်းပို့နေပါသည်။ ဂလိုဘယ်လိုက်ဇေးရှင်း၏ အခြေအနေကြောင့် ပြည်သူတို့၏ကိစ္စအပေါ် တာဝန်ယူဆောင်ရွက်ပေးရမည့်အစား အချို့အရေးကြီးသောကိစ္စများကို မလွှဲမရှောင်သာ ဆောင်ရွက်ပေးရသည့်သဘောပင် ဖြစ်သည်။ ဥပမာအားဖြင့် ဥရောပယူနီယံတွင်အဖွဲ့ဝင်နိုင်ငံများအနေဖြင့် မိမိတို့ပြည်သူများ၏လိုလားချက်အား တခါတရံ လျစ်လျူရှုကာ အများနှင့်ကိုက်ညီသော အုပ်ချုပ်မှုပိုင်းဆိုင်ရာအဆောက်အအုံများကို အမြန်ပြုပြင်ရပါသည်။ ဖွံ့ဖြိုးတိုးတက်ဆဲနိုင်ငံအများအပြားမှာ နိုင်ငံတကာ ငွေကြေးရံပုံငွေအဖွဲ့ (IMF) ကမ္ဘာ့ဘဏ် (World Banl)၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) နှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဆိုင်ရာအဖွဲ့များကြောင့် မိမိနိုင်ငံအတွင်း ဦးစားပေးအစီအစဉ်များကို တာဝန်မယူနိုင်သည့် အနေအထား ဖြစ်နိုင်ပေသည်။

## ဒီမိုကရေစီအရည်အသွေးစနစ်

ဤနေရာတွင် ဒီမိုကရေစီအရေအသွေးကို ရှုထောင့် (၈)ရပ်မှတင်ပြထားပြီးဖြစ်သည်။ တဖက်တွင် ဒီမိုကရေစီ အရည်အသွေးအမျိုးမျိုးအကြောင်း ပြောဆိုနေသည့်အချိန်တွင် အခြားတဖက်၌ အရည်အသွေးတစ်ခုချင်း၏တိုးတက်မှုကို အကဲဖြတ်ရမည်ဖြစ်သည်။ သုံးသပ်ချက်အရ မတူညီသောအရည်အသွေးတစ်ခုနှင့်တစ်ခု လေးနက်စွာဆက်စပ်နေပြီး တစ်ခုအပေါ်တစ်ခု အားဖြည့်လျှက် ၎င်းတို့အားလုံးသည် “စနစ်” (System) တစ်ခုသဖွယ် ဖြစ်လေသည်။ အချို့သော အရည်အသွေးများသည် အခြားနှင့်နှိုင်းယှဉ်ပါက အနည်းငယ် လျော့ကျသော်လည်း

အမျိုးမျိုးသောအရည်အသွေးတို့သည် ချိတ်ဆက်နေပြီး၊ ဒီမိုကရေစီဖွံ့ဖြိုးတိုးတက်ရေး (သို့မဟုတ်) ဒီမိုကရေစီဆိတ်သုဉ်းရေးတစ်ခုခုဆီသို့ ဦးတည်မည်ဖြစ်သည်။

ဒီမိုကရေစီစနစ်တစ်ခုအတွင်း ပါဝင်သောအစိတ်အပိုင်းများသည် အချိတ်အဆက် သဖွယ်တည်ရှိနေပြီး၊ အချို့မှာ အတူတကွဖြစ်တည်နေသည်၊ အချို့အစိတ်အပိုင်းများမှာ တစ်ခုပေါ် တစ်ခုထပ်နေတတ်ပြီး မည်သည့်ရှုထောင့်သည် မည်သည့်နေရာတွင်စတင်ကာ၊ မည့်သည့်နေရာ တွင် အဆုံးသတ်သည်ကို မသိနိုင်ပေ။ အကယ်၍ နိုင်ငံရေးနှင့် နိုင်ငံသားအခွင့်အရေးအား အကာ အကွယ်မပေး၊ အသုံးချတတ်အောင်မဆောင်ရွက်ပေးနိုင်ပါက၊ ဒီမိုကရေစီစနစ်အတွင်း ပြည်သူများ ပူးပေါင်းပါဝင်နိုင်သည့် အနေအထားမရှိပေ။ ရွေးကောက်ပွဲကိစ္စများတွင်သာမက အခြားကိစ္စများပါ ပြည်သူတို့ပါဝင်နိုင်သည့် အရည်အချင်းလည်းရှိရမည်။ ရွေးကောက်ပွဲလုပ်ထုံးလုပ်နည်းများတွင် တရားမျှတမှုနှင့် ဝင်ဆံ့နိုင်မှုကို မဖန်တီးပေးပါက ဒေါင်လိုက်တာဝန်ခံမှုများသည်လည်း သေးသိမ် သွားနိုင်ပါသည်။ ဤလုပ်ထုံးလုပ်နည်းသည် ရွေးကောက်ပွဲတွင် ခြစားမှုများကို ကာကွယ်ပေးသည့် အပြင် မဲဆန္ဒရှင်များ၊ ကိုယ်စားလှယ်လောင်းများနှင့် နိုင်ငံရေးပါတီများအပေါ် အကြမ်းဖက်ခြင်း၊ မတရားသဖြင့်ပြုလုပ်ခြင်းတို့အပေါ် ကာကွယ်ပေးနိုင်သည်။ ထို့အပြင် ပညာရှင် ဒေးဗစ်ဗီသန် **(David Beetham)** က ပြောဆိုရာတွင် မထင်ရှားသော ကိုယ်စားလှယ်လောင်းများနှင့် ပါတီများ အား အကာအကွယ်ပေးရာတွင် ၎င်းတို့အနေဖြင့် နိုင်ငံရေးလှုပ်ရှားရန် ထောက်ပံ့ငွေရပိုင်ခွင့်နှင့် သတင်းမီဒီယာအဖွဲ့အစည်းများသို့လည်း တွေ့ဆုံခွင့်ပြုရမည်ဖြစ်သည်။ အကယ်၍ မဲအများစုရရှိ သည့် အာဏာရနိုင်ငံရေးပါတီက မတရားသည့်အပေါ်စီးကို ရယူထားသောကြောင့် အစိုးရအပေါ် မည်သို့ပင်မကျေနပ်သော်လည်း အတိုက်အခံပါတီများ ထင်ထင်ရှားရှားမရှိသဖြင့် ၎င်းတို့ဆန္ဒမဲကို အတိုက်အခံပါတီသို့ပေးနိုင်မည် မဟုတ်ပေ။ အကယ်၍ နိုင်ငံရေးပါတီတစ်ခုက ကျန်အတိုက်အခံ ပါတီများအား လွှမ်းမိုးထားပြီး အားကောင်းသောရံပုံငွေနှင့် မီဒီယာကို ပို၍အသုံးချနိုင်ပါက ဒီမိုကရေစီအတွင်းရွေးကောက်ပွဲရှုထောင့်မှ ဒေါင်လိုက်တာဝန်ခံမှု စသည့်အရည်အသွေးတို့မှာ အလွန်ပင် မှေးမှိန်သွားနိုင်သည်။ ဤကဲ့သို့ဖြစ်လာမည်ဆိုပါက "ပိုဝဲ" က သုံးသပ်ထားသည်မှာ တုံ့ပြန်ဆောင်ရွက်မှု၏ အရေးပါသော အချိတ်အဆက်များ ပြတ်တောက်သွားနိုင်သည်။ ပြည်သူက ရွေးချယ်လိုက်သည့်အုပ်စိုးသူသည် ပြည်သူ့မဲဆန္ဒကို ဂရုမစိုက်တော့ပေ။ အတိုက်အခံများ၏ ကောင်းမွန်သောအကြံပြုချက်များကို အုပ်စိုးသူအစိုးရတို့က လက်တွေ့မူဝါဒအဖြစ် မပြောင်းလဲ တော့ပေ။

နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးတို့သည် နိုင်ငံရေးပါတီများအတွက် နိုင်ငံရေး လှုပ်ရှားမှုတွင်လည်းကောင်း၊ ၎င်းတို့စိတ်ဝင်စားသည့် နိုင်ငံရေးမူဝါဒများအတွက် ယှဉ်ပြိုင်ရာတွင် လည်းကောင်း အထူးအရေးကြီးရုံသာမက ဒေါင်လိုက်တာဝန်ခံမှုနှင့် တာဝန်ယူမှုတို့အတွက် ဆောင် ရွက်နေသောအဖွဲ့အစည်း (အစိုးရဌာနများနှင့် လူထုအဖွဲ့အစည်း) များအတွက်လည်း အရေးပါပေ သည်။ နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးများသည် တပြေးညီ အလျားလိုက်တာဝန်ခံမှုတွင်လည်း အရေးကြီးပြီး ဤအခြေအနေတွင် အစိုးရဌာနများအနေဖြင့် ပိုမိုထကြွလှုပ်ရှားလာကာ ပို၍ ထိရောက်လာမည်ဖြစ်သည်။ ဒေါင်လိုက်တာဝန်ခံမှု၏ ကိုယ်စားလှယ်အနေဖြင့် ၎င်းတို့သည် လုပ် ငန်းအောင်မြင်ရေးအတွက် အားဖြည့်ရမည်၊ မှားယွင်းပါက ဝန်ခံတောင်းပန်ရမည်။ ကိစ္စရပ် အများအပြားအတွက် သတင်းပေးပို့ရမည်။ ဤလုပ်ရပ်များကို သတင်းမီဒီယာ၊ အစိုးရမဟုတ် သောအဖွဲ့အစည်း၊ လူထုအဖွဲ့အစည်းမှ အရေးပါသောပုဂ္ဂိုလ်များမှတဆင့် အစီရင်ခံရပါမည်။

တရားဥပဒေစိုးမိုးရေးမရှိဘဲနှင့် ဒေါင်လိုက်နှင့် အလျားလိုက်တာဝန်ခံမှုသည်လည်း မရပ်တည်နိုင်ပေ။ ဘက်မလိုက်သည့် တရားစီရင်မှုအာဏာသည် နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေး အပေါ် အတည်ပြုပေးခြင်း၊ အပြစ်ကျူးလွန်သူအား အပြစ်ဒဏ်ပေးခြင်းနှင့် တာဝန်ခံမှုများကို ဆောင်ရွက်ပေးသည့် လူထုဝန်ဆောင်မှုအဆောက်အအုံတို့အား ကာကွယ်ပေးရပါမည်။ တပြေးညီအလျားလိုက်တာဝန်ခံမှုအတွက် ထိန်းညှိပေးသည့်အဆောက်အအုံမရှိပါက တရားဥပဒေစိုးမိုးရေးသည်လည်း မတည်မြဲနိုင်ပေ၊ ထို့အတူ အာဏာအလွဲသုံးစားမှုများကိုလည်း အပြီးအပိုင်တိုက်ဖျက်နိုင်မည်မဟုတ်ပေ။ တရားဥပဒေစိုးမိုးရေးက ရွေးကောက်ပွဲလုပ်ထုံးလုပ်နည်းများနှင့် အလျားလိုက်တာဝန်ခံမှုကို မထိပါးစေရန် အကာအကွယ်ပေးထားပါသည်။ တချိန်တည်းတွင် ပါဝင်လှုပ်ရှားမည့် လူထုများသည် မဲပေးခြင်း၊ လူထုအဖွဲ့အစည်းအတွင်း လှုပ်ရှားမှုမျိုးစုံဆောင်ရွက်ခြင်းတို့ဖြင့် တရားဥပဒေစိုးမိုးရေးနှင့် ကောင်းမွန်သည့်အဆောက်အအုံများအား ဖယ်ရှားလိုသည့် အင်အားစုများကိုလည်း တိုက်ဖျက်နိုင်မည်ဖြစ်သည်။

ကောင်းမွန်သောရှုထောင့်များသည် ချောချောမောမောနှင့် ရွေ့လျားနိုင်မည်မဟုတ်ပေ။ အစိုးရအနေဖြင့် လူအများစုဆန္ဒကိုလိုက်နာသဖြင့် လူအနည်းစုတို့စိုးရိမ်ချက်ကို ဘေးဖယ်ထားခြင်း သို့မဟုတ် လူနည်းစုအခွင့်အရေးဆုံးရှုံးခြင်းတို့ ဖြစ်နိုင်ပါသည်။ အချုပ်အခြာအာဏာတည်တံ့ရေး၊ လူတိုင်းပူးပေါင်းပါဝင်နိုင်ရေး၊ ယှဉ်ပြိုင်မှုနှင့် ဒေါင်လိုက်တာဝန်ခံမှုစသည်တို့အား အရှိန်မြှင့်တင်မည်ဆိုပါက တခါတရံ လူပုဂ္ဂိုလ်တစ်ဦးချင်း၏လွတ်လပ်ခွင့်နှင့် တန်းတူညီမျှမှုများအား ထိခိုက်နိုင်ပါသည်။ အရည်အသွေးမြင့်မားသည့် ဒီမိုကရေစီစနစ်တွင် ဒီမိုကရေစီအရည်အသွေးတိုင်းသည် မြင့်မားသည်ဟု မဆိုနိုင်ပေ။ တစ်ခုနှင့်တစ်ခုအားတင်းသယောင်ရှိနေသော အရည်အသွေးများကို ညှိပေးပါသည်။ ပညာရှင် ဂီလာမိုအိုဒါနဲနယ်က အကြံပြုထားရာတွင် ပြည့်စုံကောင်းမွန်ပြီး စံပြုထိုက်သော ဒီမိုကရေစီတွင် သမိုင်းကြောင်းတစ်လျှောက် ကျင့်သုံးလာသည့် ဒီမိုကရေစီစီးကြောင်းများဖြစ်သည့် လစ်ဘရယ်ဝါဒနှင့် ရီပတ်ပလစ်ကင်ဝါဒများအပေါ် တည်မှီနေခဲ့သည်။ ၎င်းတို့ခေါင်းဆောင်များအား ရွေးချယ်ရာတွင်ယှဉ်ပြိုင်စေပြီး ထိုခေါင်းဆောင်များ၏ တာဝန်ကျေပြွန်စွာ တုံ့ပြန်ဆောင်ရွက်မှုကို တောင်းခံကြလေသည်။ ၎င်းမှာ ဒီမိုကရေစီအခြေခံဖြစ်သည်။ လစ်ဘရယ်ဝါဒနှင့် ရီပတ်ပလစ်ကင်ဝါဒများတွင် မတူညီမှုအနည်းအငယ်ရှိပြီး လစ်ဘရယ်ဝါဒသည် ပုဂ္ဂိုလ်တစ်ဦးချင်းစီနှင့် အဖွဲ့အစည်းများအား အကာအကွယ်ပေးပြီး၊ ရီပတ်ပလစ်ကင်ဝါဒအောက်တွင် တရားဥပဒေစိုးမိုးရေးကို အဓိကထားပြီး အစိုးရအရာရှိများက ပြည်သူများအပေါ်တာဝန်ကျေအောင် တိုက်တွန်းထားပါသည်။ ကောင်းမွန်သောဒီမိုကရေစီတွင် ယခုဝါဒများသည်အချိတ်အဆက် ရှိနေရပေမည်။ ထိုဝါဒများမှ မတူညီသော အချက်အလက်များကို စုစည်းထားပြီး နိုင်ငံရေးအဆောက်အအုံများကို ထူထောင်ထားသည်။ ဒီမိုကရေစီအရည်အသွေးသည် ထိန်းချုပ်ထားသည်မဟုတ်ဘဲ အများ၏ အမြင်အပေါ်အခြေခံကာ လူ့အဖွဲ့အစည်း၏အဓိကထားရွေးချယ်မှုကို တိုးတက်အောင် ဆောင်ရွက်ပေးခြင်း ဖြစ်သည်။

မည်သို့ပင်ဆိုစေ စိတ်ပူဖွယ်ရာသဘောတရားအချို့နှင့် မေးမြန်းဖွယ်ဒွိဟအချို့ ရှိနေပေလိမ့်မည်။ အရည်အသွေးမြင့်မားသောဒီမိုကရေစီတွင် အရည်အသွေးမြင့်မားမှုဖြင့် ပြည်သူလူထုအား စိတ်ကျေနပ်စေမည်လော၊ အရည်အသွေးအရမြင့်မားမှုသည် ဒီမိုကရေစီနိုင်ငံအများအပြားတွင် မကျေမနပ်ဖြစ်နေသောပြည်သူများအား ဖြေသိမ့်နိုင်မည်လော။ အစိုးရတစ်ရပ်သည် အထက်တွင် ဖေါ်ပြထားသည့် အရည်အသွေး(၈)ရပ်အပေါ် အမှတ်ကောင်းအောင် ဆောင်ရွက်နိုင်သော်လည်း ပြည်သူတစ်ရပ်လုံးအား တစ်ဦးမကျန် ဖြေသိမ့်နိုင်ရန်မဖြစ်နိုင်ပေ။ အကြောင်းပြချက်များစွာ

အရ ဤအချက်သည်မှန်ကန်နိုင်သည်။ ပထမဦးစွာအကြံပြုထားသကဲ့သို့ မည်သည့်နိုင်ငံရေးမူဝါဒသည် မည်သည့်အဖြေကိုထုတ်ပေးမည်ဟု အတိအကျသဘောမတူညီနိုင်သည့်အားလျော်စွာ နိုင်ငံတစ်ခုတွင်တည်ငြိမ်ပြီး စီးပွားရေးတိုးတက်ကာ လူတိုင်းအား အလုပ်ပေးနိုင်သည်ဟု အမြဲတမ်းအာမခံမှု မပေးနိုင်ပေ။ ဒုတိယအနေဖြင့် ယနေ့ခေတ်ကာလတွင် သတင်းနှင့်အချက်အလက်များသည် ပြည်သူများဆီသို့ အမြဲမပြတ်ရောက်ရှိနေကာ ယှဉ်ပြိုင်မှုအပေါ်အာရုံရောက်စေပြီး သတင်းမီဒီယာများတွင် စိတ်လှုပ်ရှားမှုအများအပြားနှင့် အနှုတ်လက္ခဏာပေါက်ကွဲမှုများကို ဖြစ်ပေါ်စေပါသည်။ ထိုအရာများသည် ဒီမိုကရေစီကျဆုံးမှုကို ဦးတည်စေပြီး ယခင်ကထက် ပြဿနာ ပိုမိုများပြားလာဖွယ်ရာရှိသည်။ တတိယအနေဖြင့် အစိုးရနှင့် နိုင်ငံရေးခေါင်းဆောင်တို့၏ တာဝန်ယူမှုအပိုင်းများပြားလွန်းသောကြောင့် လေထဲတိုက်အိမ်ဆောက်သကဲ့သို့ ဖြစ်သွားနိုင်သည်။ လူ့အဖွဲ့အစည်းတွင် စိတ်ဝင်စားမှုများမှာ များပြားစုံလင်လာပြီး ၎င်းလိုအပ်ချက်များအပေါ် ဖြည့်ဆည်းပေးမည့်ပုံစံလည်း အမျိုးမျိုးဖြစ်လာနိုင်ဖွယ် ရှိသည်။ အစိုးရတစ်ရပ်အနေဖြင့် ထိုစိတ်ဝင်စားမှုနှင့် လိုအပ်ချက် အားလုံးအား မတုံ့ပြန်နိုင်ပေ။ ဒီမိုကရေစီသည် ယှဉ်ပြိုင်မှုနှင့် အများကရွေးချယ်သည့်ပုံစံဖြစ်သဖြင့် ယှဉ်ပြိုင်ပွဲတွင်ရှုံးနိမ့်သူများအနေဖြင့် စိတ်မကျေနပ်မှုဖြစ်နိုင်သည်။

အထက်တွင်ဆွေးနွေးသကဲ့သို့ ကောင်းမွန်သောအတွေးအခေါ်နှင့် နိုင်ငံရေးအမြင်များကျဆုံးပါက သို့မဟုတ် ရွေးချယ်ခြင်းမခံရပါက ဒီမိုကရေစီလုပ်ထုံးလုပ်နည်းနှင့် အဆောက်အအုံအပေါ် စိုးရိမ်ဖွယ် ဖြစ်လာနိုင်သည်။ အစိုးရမှာလည်း ကျဆုံးတိုင်ဖြစ်ပြီး ပြည်သူများမှာလည်း ၎င်းတို့မျှော်လင့်ထားသည့်အဖြေများကိုလည်းမရရှိ၍ စိတ်ပျက်နိုင်ပါသည်။ သို့ရာတွင် ယုံကြည်ထားကြသည်မှာ ဒီမိုကရေစီပြည်သူပြည်သားကောင်းဖြစ်နိုင်ရန်လိုအပ်ပြီး အမြဲတမ်းပင် လေ့လာကာ သတင်းရယူခြင်း၊ လှုပ်ရှားပါဝင်ဆောင်ရွက်မှုမြှင့်တင်ခြင်း၊ ပိုမိုတာဝန်ခံပြီး ပွင့်လင်းစွာ ယှဉ်ပြိုင်ခြင်း၊ တရားဥပဒေစိုးမိုးမှုကို အားသန်စေခြင်း၊ တန်းတူရည်တူဖြစ်ရေးနှင့် တာဝန်ယူတုံ့ပြန်ဆောင်ရွက်မှုအပိုင်းကို အားပေးမြှင့်တင်ခြင်းများ ဖြစ်ပေသည်။ ထို့ကြောင့် သမိုင်းကြောင်းတလျောက် တဖြည်းဖြည်းပြောင်းလဲလာသော ဒီမိုကရေစီစနစ်တွင် ပြည်သူများ၏ တက်တက်ကြွကြွပါဝင်လာမှုကြောင့်သာ ဒီမိုကရေစီအရည်အသွေးသည်လည်း တဖြည်းဖြည်းမြင့်တက်လာပြီး အထူးကောင်းမွန်သည်ဟု မဆိုနိုင်သည့်တိုင် ပန်းတိုင်ကိုရောက်မည် ဟု ထင်မြင်ပါသည်။

❖ ❖ ❖ ❖ ❖

ဒီမိုကရေစီအရည်အသွေး

# ဥပဒေစိုးမိုးရေးသည် အဘယ်ကြောင့် အရေးကြီးသနည်း

**ဂီလာမို အိုဒေါ်နယ် *(Guillermo O'Donnell)***

*ဂီလာမို အိုဒေါ်နယ်လ် သည် နော်တာဒိန်းတက္ကသိုလ်၊ အုပ်ချုပ်ရေးဌာန၏ နိုင်ငံတကာရေးရာ ပါမောက္ခဖြစ်သည်။*

အရည်အချင်းပြည့်မီသော မည်သည့်ဒီမိုကရေစီတွင်မဆို အဓိကမဏ္ဍိုင်များတွင် ဥပဒေစိုးမိုးရေး ပါဝင်သည်။ သို့ရာတွင် အဆိုပါ ဒီမိုကရေစီအမျိုးအစားက ဥပဒေစိုးမိုးရေးအား သာမန်အပေါ်ယံရှုပ် ဆိုလိုသည်မဟုတ်ပါ။ ယခုရှင်းပြမည့် သမိုင်းဆိုင်ရာအဓိပ္ပါယ်များလည်း လိုအပ်ပါသည်။

ထို့ထက်ပို၍ လိုအပ်သည်မှာ ဒီမိုကရေစီနည်းကျဥပဒေစိုးမိုးရေးပင်ဖြစ်သည်။ ဒီမိုကရေစီနည်းကျဥပဒေစိုးမိုးရေးတွင် နိုင်ငံရေးဆိုင်ရာအခွင့်အရေး၊ ပြည်သူ့လွတ်လပ်မှုနှင့် တာဝန်ခံမှုစနစ်များ ရှိရပါမည်။ နိုင်ငံသားအားလုံး၏ နိုင်ငံရေးတန်းတူညီမျှမှုနှင့် နိုင်ငံတော်အာဏာ အလွဲသုံးမှုအန္တရာယ်များအား ထိန်းချုပ်ကန့်သတ်ပေးမည့် တာဝန်ခံမှုဆိုင်ရာစနစ် ယန္တရားများ ရှိရပါမည်။ ထိုသို့မြင်ကြည့်ပါက ဥပဒေစိုးမိုးရေးဆိုသည်မှာ ဒီမိုကရေစီအရည်အသွေးဆိုင်ရာ အခြားသောမဏ္ဍိုင်များနှင့် နီးစပ်ပူးကပ်စွာ အလုပ်လုပ်နေခြင်းပင်ဖြစ်သည်။

လွတ်လပ်သောတရားစီရင်မှုနှင့် ကျားကန်ပေးထားသည့် ခိုင်မာအားကောင်းသော ဥပဒေစိုးမိုးမှုမရှိပါက အခွင့်အရေးများ လုံခြုံစိတ်ချရမှု မရှိနိုင်ပါ။ နိုင်ငံသားအားလုံး၏ တန်းတူညီမျှမှုနှင့် ဂုဏ်သိက္ခာသည်လည်း ဘေးကင်းတော့မည်မဟုတ်ပါ။ ဒီမိုကရေစီနည်းကျတရားဥပဒေစိုးမိုးမှု အောက်တွင်သာ ရွေးချယ်တင်မြှောက်မှုဆိုင်ရာအဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများနှင့်

**O'Donnell, Guillermo. Why the Rule of Law Matters. Journal of Democracy 15:4 (2004), 32-46.** **© National Endowment for Democracy and The Johns Hopkins University Press.** Reprinted with permission of The Johns Hopkins University Press.

တပြေးညီတာဝန်ယူမှုဆိုင်ရာအဖွဲ့အစည်းများ ထိထိရောက်ရောက် လည်ပတ်ဆောင်ရွက်နိုင်ကြပါမည်။ သို့မှသာ နိုင်ငံတော်အာဏာကိုဆုပ်ကိုင်ထားသူများ၏ ဟန့်တားနှောင့်ယှက်ခြိမ်းခြောက်မှုများမခံရဘဲ ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ထို့ပြင် ဥပဒေစိုးမိုးမှုက တန်းတူညီမျှမှု၊ တာဝန်ယူမှု စသည့်အခွင့်အရေးဆိုင်ရာ ဒီမိုကရေစီမျက်နှာစာများအား အထောက်အပံ့ပြုမှသာလျှင် နိုင်ငံသားအများစု၏ အကျိုးစီးပွားနှင့် လိုအပ်ချက်များအတွက် အစိုးရ၏တုန့်ပြန်ဆောင်ရွက်တာဝန်ယူမှုကို ရရှိနိုင်မှာဖြစ်ပါသည်။

ယခင်ရေးသားချက်များမှအချို့သည် ဒီမိုကရေစီနည်းကျ ဥပဒေစိုးမိုးမှုဆိုင်ရာ သီအိုရီစံနှုန်း တစိတ်တပိုင်းကို စာဖတ်သူတို့ တွေ့ရှိကောင်းတွေ့ရှိခဲ့ပေမည်။ ယခုစာတမ်းတွင် ၎င်းသီအိုရီသဘောထားစံနှုန်းများကို ရည်ညွှန်းကိုးကားရုံလောက်သာ တင်ပြပါမည်။ ယခုရည်ရွယ်ချက်မှာ ဥပဒေစိုးမိုးရေး(သို့မဟုတ်)ဒီမိုကရေစီနည်းကျဥပဒေစိုးမိုးရေးဟုခေါ်သော အရာတစ်ခုကို လက်တွေ့ကျကျ တိုင်းတာအကဲဖြတ်ရန် ဖြစ်နိုင်ပါသလားဆိုသည့်အချက်အား ဆွေးနွေးနိုင်ရန် တင်ပြခြင်းဖြစ်ပါသည်။ ဤစာတမ်း၏ နိဂုံးပိုင်းတွင် အဆိုပါရည်ရွယ်ချက်မျက်နှာစာကို ရှာဖွေနိုင်ရန် ပြောင်းလဲနိုင်သော ကိန်းရှင်တစုံ (a set of variables) ကို အဆိုပြုထားပါသည်။

စူးစမ်းရှာဖွေမည့်လမ်းကြောင်းအတွက် ခေတ်ပြိုင်လက်တင် အမေရိကပုံစံထုတ်ထားသည်ကိုလည်း မှတ်ထားရန်လိုပါသည်။ ပြောင်ကျကျမေးခွန်းတစ်ခုမေးထားရလျှင် အဆိုပါလက်တင်အမေရိကလေ့လာချက်သည် အခြားသောဒေသများအတွက် မည်မျှအသုံးချနိုင်ပါမည်နည်း။

“ဥပဒေစိုးမိုးရေး”သည် အငြင်းပွားရလေ့ရှိသော ဝေါဟာရတစ်ခုဖြစ်ပါသည်။ လတ်တလောအနေဖြင့် ၎င်း၏သမိုင်းနှင့်ချီသော မူလအဓိပ္ပာယ်ကို ဦးစွာတင်ပြလိုပါသည်။ မည်သည့်ဥပဒေဖြစ်စေ ဦးစွာပထမစာဖြင့်ချရေးလျက် ထိုအရာများကို စည်းမျဉ်းအဖြစ် လိုက်နာစေရန် အာဏာပိုင်တစ်ဦးဦးက လူသိရှင်ကြားပြဌာန်းခြင်း၊ တရားစီရင်ရေးဌာနအပါအဝင် သက်ဆိုင်ရာနိုင်ငံတော်အဖွဲ့အစည်းများက လျော်ကန်သင့်မြတ်စွာအသုံးချခြင်းတို့ကို ဥပဒေစိုးမိုးမှုဟု မူလဘူတ ဖွင့်ဆိုယူဆခဲ့ကြပါသည်။

လျော်ကန်သင့်မြတ်စွာ အသုံးချခြင်းဆိုရာတွင် တရားဝင်ဥပဒေစည်းမျဉ်းများကို အစိုးရအုပ်ချုပ်ရေးက အသုံးပြုရာတွင်ဖြစ်စေ တရားရေးဆိုင်ရာစီရင်ဆုံးဖြတ်မှုတွင် အသုံးပြုရာတွင်ဖြစ်စေ မည်သည့်အမှုကိစ္စရပ်တိုင်းတွင်မဆို ညီတူညီမျှဖြစ်ရမည်။ ကြောင်းကျိုးဆီလျော်ရပါမည်။ လူတန်းစားအဆင့်အတန်း ဆူကြုံနိမ့်မြင့်မခွဲခြားဘဲ ပြုမူဆောင်ရွက်ရပါမည်။ နိုင်ငံရေးပါတီများက ကိုင်ဆွဲထားသော အာဏာအားကိုးဖြင့်လည်း အမှုကိစ္စများအား ဝင်ရောက်မခြယ်လှယ်ရပါ။ ကြိုတင်ပြဌာန်းထားသည့် အများသိရှိနိုင်သော လုပ်ထုံးလုပ်နည်းများကိုသာ အသုံးပြုရပါမည်။ အမှုကိစ္စတစ်ခုချင်းစီတွင် ပါဝင်နေသူတိုင်းက ၎င်းတို့၏အမြင်၊ ၎င်းတို့၏အကျိုးစီးပွားအတွက် အကျိုးသင့်အကြောင်းသင့် ထုတ်ဖော်ပြောဆိုခွင့်ရရန် ညီမျှသောအခွင့်အလမ်းရှိရပါမည်။

တရားဥပဒေစိုးမိုးမှုအား အကျဉ်းသဘောအနေဖြင့် အောက်ပါအတိုင်း နားလည်ထားရပါမည်။ ဦး(က)တွင်လည်း ဩဇာအရှိန်အဝါရှိသော ဦး(ခ)ကဲ့သို့ပင် ယေဘုယျအခွင့်အရေးရပိုင်ခွင့်ရှိရမည်ဟု မှတ်ယူထားရပါမည်။ ဦး(က)အနေဖြင့် အလုပ်လက်မဲ့၊ စာချုပ်စာတမ်း၊ အိမ်ထောင်ရေးပြဿနာ စသည့်ကိစ္စတိုင်းတွင် ဦး(ခ)ကဲ့သို့ ငွေကြေးအာဏာမရှိသော်လည်း နိုင်ငံတော်အဖွဲ့အစည်းများက ညီတူညီမျှ ဆက်ဆံပေးမည်ဆိုသည်ကို ဦး(က)အနေဖြင့် မျှော်လင့်နိုင်ခွင့်ရှိရမည်။ ထိုသို့သော အမှုကိစ္စများတွင် မျှတသော တရားစီရင်မှုကိုလည်း ရရှိနိုင်ရမည်။

ဥပဒေစိုးမိုးမှုသည် တရားဝင်တန်းတူညီမျှမှုကို အဓိပ္ပါယ်နှစ်ခုဖြင့် ဖေါ်ပြနေပါသည်။ ပထမအဓိပ္ပါယ်မှာ ဥပဒေစိုးမိုးရေးကို ဖွဲ့စည်းပုံအခြေခံဆိုင်ရာဥပဒေစည်းမျဉ်းများ၊ အသေအချာချမှတ်ထားသော လုပ်ထုံးလုပ်နည်းများနှင့် ကန့်သတ်၍ တရားဝင်ဥပဒေများဖြင့် ထူထောင်ချမှတ်ထားသည်ဆိုသောအချက်ပင်။ ဒုတိယအဓိပ္ပာယ်မှာ အသေးစိပ်ဖော်ပြထားသော အခွင့်အရေးများနှင့် တာဝန်ကတိများသည်လည်း တကမ္ဘာလုံးရှိလူအားလုံးနှင့် ဆက်စပ်သက်ဆိုင်နေရမည်။ ဤနေရာတွင် လူပုဂ္ဂိုလ်တစ်ဦးချင်းစီကို ၎င်း၏လူမှုရေးအနေအထားမည်သို့ပင်ဖြစ်စေ တရားဝင်ပုဂ္ဂိုလ်အဖြစ် စဉ်းစားပေးရမည်။ အဆိုပါ တစ်ဦးချင်းစီသည် တရားဝင် အရွယ်ရောက်ပြီးသူဖြစ်ရမည်။ အရည်အချင်းမပြည့်မီသော ဥပဒေစည်းမျဉ်းများမှ နစ်နာခံစားရခြင်း မရှိစေရဆိုသောအချက်ပင်ဖြစ်သည်။

အဆိုပါအခွင့်အရေးများသည် ဥပဒေအကြောင်းအရ ဖွင့်ဆိုထားသောအခြေအနေများတွင် တူညီသောဆက်ဆံမှုများ ရရှိနိုင်ရန် အထောက်အပံ့ပြုပါမည်။ "ဥပဒေရှေ့မှောက်တွင် တန်းတူညီမျှမှု"ဆိုသည်မှာ အဆိုပါအမျိုးအစားညီမျှမှုမျိုးကို ဆိုလိုထားခြင်းဖြစ်ပါသည်။

နောက်ထပ်အရေးကြီးသောအချက်မှာ ဒီမိုကရေစီအစိုးရတစ်ရပ်က နိုင်ငံရေးနိုင်ငံသားဖြစ်နိုင်ရန် (political citizenship) တွဲဖက်ပေးထားသောအခွင့်အရေးနှင့် တာဝန်ဝတ္တရားများသည် တရားဝင်လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကို လူ့အဖွဲ့အစည်းဝင်တစ်ယောက်အဖြစ် တွဲဖက်ပေးလိုက်သည့် ပြည်သူ့အခွင့်အရေးနှင့် တာဝန်ဝတ္တရားများပင်ဖြစ်သည်။ ထို့အပြင် မဲပေးပိုင်ခွင့်တွင် ပါဝင်ဆောင်ရွက်လိုမှုအသိနှင့် တရားမျှတသောရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်လိုမှုများ ရှိလာပါက ဒီမိုကရက်တစ်အစိုးရတစ်ခုတည်ရှိရန် များသောအားဖြင့်လိုအပ်သည့် လွတ်လပ်စွာ ဖေါ်ထုတ်ခွင့်၊ စည်းရုံးပိုင်ခွင့်နှင့် စည်းရုံးလှုပ်ရှားပိုင်ခွင့်တွေကို ဆက်လက်စဉ်းစားရန်လိုပါမည်။ အလွန်အဆင့်မြင့်ဖွံ့ဖြိုးပြီးနိုင်ငံများတွင်ပင် နိုင်ငံရေးလွတ်လပ်မှု မရှိသေးခင်က အဆိုပါပြည်သူ့ရပိုင်ခွင့်များကို တရားဝင်ပိတ်ဆို့ ဟန့်တားခဲ့သည်ကို တွေ့ကြုံရပေသည်။

အခြားတဘက်တွင်လည်း "ဥပဒေစိုးမိုးရေး မရှိ၊ လူ စိုးမိုးမှုမရှိ" ဟု လုံးဝငြင်းဆန်နေကြသည်လည်း ရှိပါသည်။ ဥပဒေများကို အနက်အမျိုးမျိုးကောက်ယူနေခြင်းသည်ပင် တစ်ဦးချင်းစီ၏ အလိုဆန္ဒမျှသာဖြစ်သည်ဟု မကြာခဏပြောဆိုကြပါသည်။ အချို့သော တင်ကြိုပြဋ္ဌာန်းချက်များအရ ဥပဒေဟု ယေဘုယျစဉ်းစားကာ အခြေအနေကို ဖွင့်ဆိုကြသည်။ ထိုအခြေအနေမျိုးများသည် သောမတ်စ် ဟော့ဘ်စ်၏ နိုင်ငံသဘာဝအယူအဆထက် သာလွန်သည်မှာ ရှင်းပါသည်။ သို့မဟုတ် အာဏာရှင်တစ်ဦးဦး၏ စိတ်ရူးပေါက်၊ ထင်တိုင်း ဥပဒေစည်းမျဉ်းထုတ်သုံးသည်ထက် သာလွန်သည်မှာ မှန်ပါသည်။

သို့ရာတွင် အချို့ပြုမူဆောင်ရွက်မှုများသည် (အစိုးရဖြစ်စေ၊ ပုဂ္ဂလိကဆောင်ရွက်သူဖြစ်စေ) ပြဋ္ဌာန်းထားသောဥပဒေနှင့် ညီညွတ်သည်ဟု အကြောင်းပြပြောဆိုရန် မလုံလောက်ပါ။ ဥပဒေအရ တရားဝင်သည်ဆိုသော အပြုအမူတစ်ခုသည် အခြေခံ လူ့အခွင့်အရေးများ ချိုးဖောက်သော ခွဲခြားဆက်ဆံမှုများ၊ ဥပဒေလက်တလုံးခြားအသုံးပြုမှုများ ဖြစ်ကောင်းဖြစ်သွားနိုင်ပါသည်။ သို့မဟုတ် ထိုအပြုအမူတစ်ရပ်မှာ အချို့သောအရာများကို ဆန့်ကျင်ရန် ဥပဒေကို ရွေးချယ်အသုံးချမှုမျိုးများ ပါဝင်ကောင်း ပါဝင်နေပါမည်။

ပထမဖြစ်နိုင်ချေမှာ နိုင်ငံအများစုက ၎င်းတို့၏အခြေခံဥပဒေများတွင် ရေးသွင်းထားသောကျင့်ဝတ်စံနှုန်းများကို ချိုးဖောက်တတ်ခြင်းဖြစ်ပါသည်။ ယနေ့ကာလတွင် နိုင်ငံအများစုသည် နိုင်ငံတကာ၏လေးစားရိုသေမှုရနိုင်မည့် လူ့အခွင့်အရေးစံများကို ဖေါက်ဖျက်ပစ်တတ်ကြပါသည်။

ဒုတိယဖြစ်နိုင်ချေကား အရေးကြီးသော တရားမျှတရေးမူဝါဒများကို ချိုးဖောက်ကြခြင်းဖြစ်ပါသည်။ ထို့အပြင် အခြားဖြစ်နိုင်ချေလည်း ရှိနိုင်ပါသေးသည်။ ကိစ္စပြဿနာတစ်ခုခုတွင် ဥပဒေအား သင့်တင့်စွာ သုံးသော်လည်း သက်ဆိုင်ရာ အာဏာပိုင်တစ်ဦးက အနာဂါတ်တွင် ထိုသို့တူညီသော ဖြစ်ရပ်မျိုးအတွက် ဆက်လက်တာဝန်ယူဆောင်ရွက်ရန် စိတ်ဆန္ဒမရှိခြင်းမျိုးပင် ဖြစ်သည်။

ထိုဖြစ်ရပ်ကိစ္စမျိုးကို "ဥပဒေအားဖြင့်စိုးမိုးထားမှု" (ruled by law) အနေဖြင့် လုပ်ဆောင်ခြင်းမျိုးဟုခေါ်နိုင်သည်။ သို့သော် ထိုဖြစ်ရပ်များက လူအများ၏စိတ်တွင် နဂိုကတည်းက သာမန်တွေးထင်ထားသော ဝေါဟာရ "ဥပဒေ စိုးမိုးရေး" (rule of law) စံကို ပြည့်မီစေခြင်းမရှိပါ။ ထို့အပြင် အဆိုပါဖြစ်နိုင်ချေများက ဥပဒေစိုးမိုးရေးကင်းမဲ့မှုကိုပင် ဖြစ်စေပါသည်။ တရားဥပဒေစိုးမိုးရေးဟု ယူဆရသယောင်နှင့် ဥပဒေကို ယုတ္တိရှိရှိ ခုတုံးလုပ် ဖေါက်ဖျက်ခြင်းပင်ဖြစ်သည်။

## အပေါင်းလက္ခဏာဆောင်သော ဖွင့်ဆိုမှုဆီသို့

ဥပဒေစိုးမိုးရေး၏ အပေါင်းလက္ခဏာဆောင်သော ဖွင့်ဆိုမှုဆီသို့ တိုးတက်ရောက်ရှိရန် ဆိုသည်မှာ လွယ်ကူသည့်ကိစ္စဟု မဆိုနိုင်ပါ။ ပထမရှုပ်ထွေးစေသောအချက်မှာ ဥပဒေစိုးမိုးရေး အယူအဆများနှင့် ရောမ၏ မူလဥပဒေအစဉ်အလာကို ဆုပ်ကိုင်ထားကြသော တိုင်းပြည်များမှ ဘာသာစကားအသီးသီး၏ ဥပဒေစိုးမိုးရေးအယူအဆမှာ အနက်ထပ်တူမကျကြပါ။ ထိုကိစ္စမှာ ဤစာတမ်း၏နောက်ပိုင်းတွင် အကျယ်တဝင့်ရှင်းပြမည့် အကြောင်းအရာဖြစ်ပါသည်။ ထို့အပြင် အဆိုပါဝေါဟာရတခုချင်းစီသည် အဓိပ္ပာယ်အနက်ဖွင့်ဆိုမှု တစ်ကျောင်းတစ်ဂါထာကဲ့သို့ ဖြစ်နေပေသည်။ အငြင်းပွားစရာများ ရှိနေပါသည်။ ထို့ကြောင့်ပင် တင်ပြချက်အချို့ကို အခြေခံလေ့လာမှု အချို့တွင်သာ ကန့်သတ်ထားချင်ပါသည်။

ပထမဆုံးအနေဖြင့် တရားမဥပဒေ (civil law) နှင့် ရှေးရိုးထုံးတမ်းစဉ်လာဥပဒေ (common law traditions) နှစ်ခုစလုံး၏ ဖွင့်ဆိုချက်များအရ ဥပဒေစိုးမိုးမှုအောက်တွင် တရားဥပဒေစနစ်သည် ထက်အောက်အဆင့်ဆင့်ပုံစံ (hierarchical one) ဖြစ်နေရမည်။ အခြေခံဥပဒေနှုန်းစံများ လွှမ်းမိုးနေရမည်။ သို့တိုင်အောင်ပင် အပြည့်အဝပုံစံအဖြစ် မည်သည့်အခါတွင်မှ ရရှိမည် မဟုတ်ပါ။ ဆိုလိုသည်မှာ ဥပဒေစည်းမျဉ်းများအကြား ဆက်နွယ်ဆက်ဆံမှုများသည် ၎င်းတို့ပင်ကိုယ်၌ တရားဝင် ဥပဒေကြောင်းအတိုင်းသာ ဖြစ်ရမည်။ အုပ်စိုးသူတစ်ဦးဦးက စိတ်ကူးပေါက်သည့်အတိုင်း ပယ်ဖျက်ပစ်ခြင်းမျိုး၊ ၎င်းအုပ်ချုပ်စဉ်ကာလတွင် ရပ်ဆိုင်းပစ်ခြင်းမျိုး လုံးဝမရှိစေရပါ။ အဆင့်မြင့်ရာထူးရှိသော မည်သူပင်ဖြစ်စေ တစ်စုံတစ်ယောက်မျှ ဥပဒေအထက်တွင် မရှိစေရပါ။

၎င်းနှင့်ဆန့်ကျင့်ဘက်မှာ အာဏာပိုင်အုပ်စိုးမှုပုံစံအားလုံး၏ လက္ခဏာရပ်ဖြစ်သော ဘုရင်၊ အာဏာရှင်၊ ပါတီကော်မတီတစ်ခုစသည့် အထွတ်အထိပ်ပြိုင်ဘက်မထားသော ပုံစံမျိုးများ ဖြစ်သည်။ အာဏာရှင်ပုံစံ၏အထက်တွင် မည်သည့်အရာမျှ မရှိပါ။ ဥပဒေမရှိပါ။ အာဏာရှင်စနစ်ကို အင်စတီကျူးရှင်းပုံစံဖြင့် လည်ပတ်စေခြင်း၊ တရားဝင်မှုယူထားခြင်းများဖြင့် ပုံဖေါ်ထားသည်။ ၎င်းတို့၏ ရေမြေသခင် အချုပ်အခြာပိုင်စိုးမှုများကို ဥပဒေဖြင့် ကန့်သတ်ထိန်းချုပ်ထားခြင်း မရှိပါ။ တရားစီရင်ရေးစနစ်အနေဖြင့် လိုအပ်သလိုဆောင်ရွက်ရန် ဩဇာလွှမ်းမိုးနိုင်စွမ်းမရှိပါ။

ဒုတိယအချက်အနေဖြင့် "အစိုးရသည် ဥပဒေ၏ လွှမ်းမိုးအုပ်စိုးမှုအောက်မှုတွင်သာ ရှိရမည်။ ဥပဒေ၏လက်အောက်ခံသာ ဖြစ်ရမည်။" "ဥပဒေအား ဖန်တီးမှုကိုယ်၌သည်ပင်လျှင် တရားဝင်စည်းမျဉ်းဘောင်အတွင်းမှသာ လည်ပတ်ဆောင်ရွက်ရမည်။" အဆိုပါအချက်များက ညွှန်း

ဆိုသည်မှာ တရားဝင်စနစ်တစ်ခုသည် လူမှုအဝန်းအဝိုင်းတခုလုံးခြုံငုံမိစေရန် တိတိကျကျဖွင့်ဆို ရှင်းလင်းပေးထားမည့် ဝိသေသမျက်နှာစာဖြစ်နေရမည်။ လူသားအားလုံး၏ တုံ့ပြန်ဆောင်ရွက်မှုများကို တင်ကြိုခန့်မှန်းတွက်ဆနိုင်မည့် တရားဝင်စနစ်မျိုးဖြစ်နေရပါမည်။ ထိုအခြေအနေမျိုးအထိ ရရှိခဲ့ပါလျှင် ထိုအရာသည်ကြီးမားသည့် ပြည်သူ့အကျိုးဆောင်မှု (public good) စစ်စစ်ပင်ဖြစ်သည်။ အဆိုပါအခြေအနေမျိုးရရှိနိုင်ရန် ဥပဒေ၏ကောင်းမွန်သော ကြွန်အင်လက္ခဏာရပ်များအတွင်းမှ ဥပဒေပညာရှင် ဂျိုးဇက်ရဇ် ဖော်ထုတ်ထားသည့်အချက်အား ပြန်လည်တင်ပြလိုပါသည်။

၁။ အားလုံးသောဥပဒေများသည် ရှေ့သို့မျှော်မှန်းကြည့်နိုင်ရမည်။ ပွင့်လင်း ရှင်းလင်းမှုရှိရမည်။

၂။ ဥပဒေများသည် အနိုင်းယှဉ်ခံနိုင်သည်အထိ တည်ငြိမ်မှုရှိရမည်။

၃။ သီးခြားဥပဒေများလုပ်ခြင်းသည်လည်း ပွင့်လင်းရှင်းလင်းတည်ငြိမ်ကာ ယေဘုယျကျသော ဥပဒေကြီးများမှတဆင့်သာ လမ်းညွှန်မှုယူ၍ လုပ်ဆောင်ရမည်။

၄။ တရားစီရင်ရေးလွတ်လပ်မှုကို အာမခံပေးထားရမည်။

၅။ တရားစီရင်ရေး၏ပင်ကိုသဘာဝဖြစ်သော မူများကို ထိန်းသိမ်းပေးရမည်။ (ဥပမာ – ပွင့်လင်းမှု။ မျှတသောကြားနာမှု။ ဘက်လိုက်ခြင်းမရှိမှု)

၆။ တရားရုံးတော်များသည် ဥပဒေစိုးမိုးမှုနှင့်အညီ အခွင့်အာဏာကို ပြန်လည်သုံးသပ်ရမည်။

၇။ တရားရုံးတော်များကိုလည်း လွယ်လင့်တကူ သွားလာထိတွေ့နိုင်ရပါမည်။

၈။ ရုံးဌာန အေဂျင်စီများကိုကာကွယ်ရန်အတွက် ရာဇဝတ်မှုများကို ဆုံးဖြတ်စီရင်ခြင်းသည် လည်း ဥပဒေကြောင်းမှ သွေဖီခြင်းမရှိစေရပါ။

ပထမဆုံးအချက်သုံးချက်မှာ ဥပဒေများ၏ ယေဘုယျဝိသေသလက္ခဏာရပ်များကို ရည်ညွှန်းဖော်ပြနေပေသည်။ အချက်တိုင်းတွင် သင့်လျော်သောဥပဒေပြုမှုနှင့် ဥပဒေအကြောင်းမာတိကာများ ပါဝင်ပါသည်။ ရဇ်နှင့် အခြားဥပဒေပညာရှင်များ အလေးအနက်ထားပြောသည်မှာ "ဥပဒေများသည် လိုက်နာဆောင်ရွက်ရန် ဖြစ်နိုင်ခြေရှိရမည်။ ကြောင်းကျိုးမညီသောအနက်မျိုး (သို့မဟုတ်) ဖြေရှင်းမှုများ၌ အပြုအမူဆိုင်ရာတောင်းဆိုမှုများ မထားရ" ဟူ၍ဖြစ်သည်။

ရာဇ်၏အခြားအချက်များမှာ တရားရုံးတော်များနှင့် အစိုးရဌာနများအား သွယ်ဝိုက်ရည်ညွှန်းခြင်းဖြစ်သည်။ လွတ်လပ်မှုရှိသော တရားရုံးတော်၏တန်ဘိုးအား အာဏာပိုင်များနှင့် သင်းပင်းစားသောက်နေသော ဖေါ်လံဖားအပြုအမူများက ဖေါ်ပြတတ်ပါသည်။ သို့သော် အဆိုပါ တရားစီရင်ရေးလွတ်လပ်မှုတန်ဘိုးကို တရားရေးဝန်ထမ်းများ၏ ပုဂ္ဂိုလ်ရေး အခွင့်ထူးခံရန် အတွက် (သို့မဟုတ်) ဥပဒေကို လိုသလို အဓိပ္ပာယ်ဖွင့်ဆိုရန်အတွက် အလွဲသုံးတတ်ကြသည်။

ဒီမိုကရေစီရှိနေသော လက်တင်အမေရိကတွင်ပင် မကြာခဏ အလွဲသုံးနေကြဆဲ ဖြစ်သည်။ အချုပ်အားဖြင့်ဆိုသော် "ဥပဒေများကို အနက်ဖွင့်ဆိုသူများ၊ အသက်ဝင်အာဏာတည်ရန် လုပ်ဆောင်သူများသည် ဥပဒေများနှင့်အတူ အခြေခံလေးနက်မှုကို ယူကြရမည်" ဟူ၍ဖြစ်သည်။

ထပ်မံတင်ပြလိုသည်မှာ ဥပဒေအား စီမံစောင့်ထိန်းအုပ်ချုပ်သူကိုယ်၌ပင် ဒီမိုကရေစီကို ထောက်ခံရန်၊ ပြန့်ကားစေရန် လုပ်ဆောင်ရေးအတွက် အသင့်ရှိရပါမည်။ အာဏာရှင်စနစ်ဟောင်း ပုံစံများနှင့် ဆန့်ကျင်ကာ လွတ်လပ်မှုကို ချီးမြှင့်ရပါမည်။ အဆိုပါကိစ္စသည် နေရာတိုင်းတွင်ပျံ့နှံ့ရန် လွယ်ကူသောအလုပ်မဟုတ်ပါ။ လက်တင်အမေရိက၌ပင် မလွယ်ကူပါ။ တရားစီရင်ရေးဖိနှိပ်မှုနှင့် အလွန်အကျွံတရားရေးလွတ်လပ်မှုအကြား သင့်တင့်သောချိန်ခွင်ညှာရရှိနိုင်ရန်မှာ အင်စတီကျူးရှင်းဆန်းသစ်တီထွင်နိုင်မှုများ လက်တင်အမေရိက၌ အောင်မြင်မှုမရနိုင်ခဲ့သေးပါ။

ထိုဒေသတွင် အခြားခက်ခဲကြီးမားသောပြဿနာမှာ နံပါတ်ခြောက်ဖြစ်သည်။ အထူးသဖြင့် ရွေးချယ်တင်မြှောက်ခံရ၍ အာဏာရရှိသွားသော သမတများသည် ရုံးထိုင်စဉ်အတွင်း ၎င်းတို့ထင်ရာစိုင်းကာ မည်သည့်အရာမဆိုလုပ်နိုင်သည်ဆိုသော တရားဝင်ဘောင်အတွင်းမှ အပြုအမူမျိုး လုပ်ခြင်းကို ရင်ဆိုင်ရခြင်းဖြစ်သည်။ နောက်ပိုင်းတွင် ဆက်လက်ဖော်ပြလိုသည်မှာ နံပါတ်ငါးနှင့် ခွန်နစ်တွင်ပါသော ဆင်းရဲသားအများစု၊ ထိခိုက်နစ်နာသူအများကို အလျှော့ပေးရန်ငြင်းဆန်မှုများကို တင်ပြသွားမည်ဖြစ်သည်။ နံပါတ်ရှစ်သည်လည်း အလားတူဖြစ်သည်။

ရဲဌာနများနှင့် လုံခြုံရေးဌာနအမည်ခံများက အရေးယူဆောင်ရွက်မှုမရှိခြင်း၊ ပုဂ္ဂလိက အဖွဲ့အစည်းများနှင့် အကျိုးတူပေါင်းကာ လက်ဝါးရိုက်ထားသော တရားရုံးနှင့်ရဲဌာနများမှ ပုဂ္ဂလိက အဖွဲ့အစည်းများ၏ ပြစ်မှုနှင့် အကြမ်းဖက်မှုများအား လျစ်လျူရှု အရေးမယူဘဲနေခြင်းများသည် နံပါတ်ရှစ်နှင့် စပ်ဆိုင်သည်။

## ဥပဒေစိုးမိုးရေး၏သွင်ပြင်လက္ခဏာများ

ဤဖော်ပြချက်တွင် သတိပြုသင့်သည်မှာ အင်္ဂလိပ်စကားစု ဥပဒေစိုးမိုးမှု (rule of law) ဆိုသည်မှာ အထက်က အပေါ်က (above) ဟူသော အဓိပ္ပာယ်ကို ဆိုလိုပါသည်။ ဥပဒေက အထက်မှ စိုးမိုးထားသည်။ အခြားအစိုးရအဖွဲ့အစည်းတစုံတရာသည် တရားရုံးများအထက်တွင် မရှိရန် ရည်ညွှန်းပါသည်။ တိုင်းပြည်တိုင်းတွင် အစဉ်အလာထုံးတမ်းဥပဒေအသီးသီး ရှိကြမည်ကို အံ့အားသင့်ရန်မလိုပါ။ အထူးသဖြင့် အမေရိကန်ပြည်ထောင်စုနိုင်ငံရေးသမိုင်းတွင် တရားရုံးတော်များက အဓိက အခိုင်အမာ ပါဝင်ခဲ့သည်ပင်။ မည်သို့ပင်ဆိုစေ နိုင်ငံတော်ယန္တရားတစ်ခုလုံး၊ အစိုးရအဖွဲ့အစည်းများအားလုံးသည် ဥပဒေစိုးမိုးမှုအောက်တွင်သာရှိရမည်ဖြစ်ပြီး နာခံကြရပါမည်။

ထို့ပြင်မက အစိုးရအဖွဲ့အစည်းများ (သို့မဟုတ်) ပုဂ္ဂလိကဆောင်ရွက်သူများက ဥပဒေကို ချိုးဖောက်ခဲ့သော်လည်း အရေးယူမခံရပါက ဤဖြစ်ရပ်သည် ဥပဒေစိုးမိုးမှုအား ကိုက်ဖြတ်ထိရှခံလိုက်ရခြင်းပင်ဖြစ်သည်။ အစိုးရအဖွဲ့အစည်းများက ၎င်းတို့ကိုယ်တိုင် ဥပဒေမဲ့အပြုမူမျိုး ပြစ်မှုကျူးလွန်သည်ဖြစ်စေ (သို့) ပုဂ္ဂလိကအဖွဲ့များအနေဖြင့်လည်း အလားတူ တရားမဝင်လုပ်ရပ်များ ဆောင်ရွက်လာသည်ဖြစ်စေ အဆိုပါကိစ္စနှစ်ခုစလုံးသည် ကွာခြားမှုမရှိလှဘဲ ဥပဒေစိုးမိုးရေး ထိရောက်မှု မရှိသည်အထိ အကျိုးပျက်ပြားစေသည်။

အဆိုပါကိစ္စများမှတဆင့် အကျိုးဆက်ဥပဒေသ ထပ်မံထုတ်နုတ်လျှင် ဒီမိုကရေစီသီအိုရီနှင့်ပတ်သက်၍ ဆွေးနွေးကြရာတွင် ဥပဒေစိုးမိုးရေးဆိုသည်မှာ ဥပဒေစနစ်တစ်ခု၏ ယေဘုယျလက္ခဏာရပ်မျှသာဟု မမှတ်ယူသင့်ဘဲ ဒီမိုကရေစီနိုင်ငံတစ်ခုတွင် အခြေပြုသော တရားဝင်ဥပဒေစနစ်တစ်ခုအဖြစ် လက်ခံယူရပါမည်။

ဒီမိုကရေစီနည်းကျသည့် ဥပဒေစနစ်ဟုဆိုရာတွင် အချက်သုံးချက်ပါရှိရပါမည်။ (၁) ထိုဥပဒေစနစ်တွင် နိုင်ငံရေးဆိုင်ရာအခွင့်အရေး၊ လွတ်လပ်မှုများနှင့် ဒီမိုကရက်တစ်အစိုးရတစ်ခုကို အာမခံပေးနိုင်ရမည်။ (၂) လူဦးရေအားလုံး၏ ပြည်သူ့အခွင့်အရေးများကို ကိုင်စွဲထားရမည်။ (၃) အဆင့်မြင့်ထိပ်တန်းအစိုးရအရာရှိကြီးများအပါအဝင် အစိုးရနှင့် ပုဂ္ဂလိက အဖွဲ့အစည်းများ အားလုံးသည် တာဝန်ယူမှုနှင့် တာဝန်ခံမှုဆိုင်ရာ ကွန်ယက်များထူထောင်ထားရမည်။ ၎င်းတို့၏

ပြုမူဆောင်ရွက်မှုများသည် ဥပဒေနှင့်အညီပြည့်ဝစေရန်အတွက် သင့်တင့်သောတရားဝင် ထိန်းချုပ်မှု ရှိရပါမည်။

ဖော်ပြပါအခြေအနေသုံးခုပြည့်ဝနေသမျှကာလပတ်လုံး ၎င်းနိုင်ငံကို ဥပဒေစိုးမိုးသောနိုင်ငံ (a state ruled by law) အဖြစ်၊ ဥပဒေစိုးမိုးရေး ရေးဆွဲပြဋ္ဌာန်းထားသောနိုင်ငံတစ်နိုင်ငံအဖြစ် ခေါ်ဆိုနိုင်ရုံမျှမက ဒီမိုကရေစီနည်းကျတရားဥပဒေစိုးမိုးထားသော နိုင်ငံတစ်နိုင်ငံအဖြစ် ယူဆနိုင်ပြီ ဖြစ်သည်။

ထပ်မံတင်ပြလိုသည်မှာ ဥပဒေစနစ်အတွင်း၌ ဒီမိုကရက်တစ်အစိုးရနှင့် တိုက်ရိုက် ဆက်စပ်နေသော နိုင်ငံတော်အဖွဲ့အစည်း အများအပြားပါဝင်ပြီး ဖြစ်သည်။ ထို့ကြောင့် ဥပဒေစနစ် ဆိုသည်မှာ စည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်မျှသာမက၊ နိုင်ငံတော်အဖွဲ့အစည်းများအနေဖြင့် ဥပဒေစည်းမျဉ်းနှင့်အညီ လည်ပတ်စေရန် အပြန်အလှန်ဆက်စပ်သည့် လိုက်လျောညီထွေစနစ် ဖြစ်လာစေရန် ရည်ညွှန်းပေသည်။

အပြန်အလှန်အားဖြင့် ဒီမိုကရက်တစ်ဥပဒေစနစ်တွင် လက္ခဏာသွင်ပြင်နှစ်ရပ်ရှိသည်။ ဒီမိုကရက်တစ်အစိုးရအား အခွင့်အရေးများ ပြဋ္ဌာန်း၍ အထောက်အကူပြုပေးရမည်။ နိုင်ငံတော် တစ်ခုလုံးတွင်ရှိသော အရာရှိများနှင့် အဖွဲ့အစည်းများအားလုံးသည် ဥပဒေကို တာဝန်ယူရမည်။ လူတိုင်းသည် တစ်ခု (သို့မဟုတ်) တစ်ခုထက်ပိုသော အဖွဲ့အစည်းများ၏ တရားဝင်အာဏာရှိမှုကို နာခံရမည်။ မည်သူတဦးတယောက်မျှ ယင်းဥပဒေစည်းမျဉ်းများ၏ အထက်တွင်ကျော်လွန်၍ မတည်ရှိနေစေရ။ တနည်းအားဖြင့် အဆိုပါလက္ခဏာသွင်ပြင်နှစ်ရပ်သည် နိုင်ငံရေးနှင့် အခြားအခွင့် အရေးများကို ကာကွယ်ပေးရန်ဖြစ်သည်။ ဥပဒေအား အလုံးစုံထိန်းသိမ်းစောင့်ရှောက်မှု ပျက်ကွက် ခဲ့ပါလျှင် အာဏာအလွန်အကျွံသုံးစွဲမှုကို ထိန်းချုပ်နိုင်တော့မည်မဟုတ်ပေ။ အခွင့်အရေးများအား တဖက်သတ်ပယ်ဖျက်မှုပင်ဖြစ်သည်။

ဒီမိုကရေစီအုပ်စိုးသူများသည် တာဝန်ခံမှုသုံးမျိုးကို လိုက်နာရမည်။ ပထမတစ်ခုမှာ တရားမျှတ၍ အဖွဲ့အစည်းဆိုင်ရာ ရွေးကောက်ပွဲရလဒ်များမှဖြစ်ပေါ်လာသော ဒေါင်လိုက်ရွေးချယ် တင်မြှောက်မှုဆိုင်ရာတာဝန်ယူမှု (vertical electoral accountability) ဖြစ်သည်။ ဒုတိယ ဒေါင်လိုက်တာဝန်ခံယူမှုတမျိုးမှာ အစိုးရအရာရှိများကျူးလွန်သော တရားမဝင် အပြုအမူလုပ်ရပ် များအား တားမြစ်ရန်၊ ဖြေရှင်းရန်၊ အပြစ်ပေးရန်ရည်ရွယ်၍ တစ်ဦးချင်းစီနှင့် အုပ်စုများက နိုင်ငံတော်နှင့် အစိုးရဥပဒေစနစ်တစ်ခု တောင်းဆိုရန် ကြိုးစားစည်းရုံးခြင်းဖြင့် ကျင့်သုံးသောနည်းလမ်း ဖြစ်သည်။ တတိယအမျိုးအစားတာဝန်ခံယူမှုအား ရေပြင်ညီအလျားလိုက်ဟူ၍ တံဆိပ်ကပ်လို ပါသည်။ အစိုးရအရာရှိများ၏ တရားမဝင်ပြုမူလုပ်ဆောင်ချက်များကို တားမြစ်ဖြေရှင်းအပြစ်ပေးရန် အချို့သောအာဏာပိုင် နိုင်ငံတော်အဖွဲ့အစည်းများက အရေးယူပြုမူခြင်းမှ ပေါ်ထွက်လာသော ပုံစံနည်းလမ်းဖြစ်သည်။

သို့ရာတွင် ဖော်ပြပါတာဝန်ခံယူမှုပုံစံသုံးမျိုးတွင် အဓိကခြားနားမှုများ ရှိနေကြသည်။ ဒေါင်လိုက်(သို့မဟုတ်) ရွေးချယ်တင်မြှောက်မှုဆိုင်ရာတာဝန်ခံမှုသည် ဒီမိုကရေစီစနစ်တွင် မဖြစ် မနေ ရှိရပါမည်။ ၎င်း၏ဆန့်ကျင်ဖက်ဖြစ်သော ရေပြင်ညီတာဝန်ခံမှု၏ အတိုင်းအတာနှင့် ထိရောက်မှု တို့သည် အချိန်ကာလ၊ အမှုကိစ္စအပေါ်မူတည်၍ အမျိုးမျိုးပြောင်းလဲနိုင်ပေသည်။ ထိုသို့သော အမျိုးမျိုးပြောင်းလဲမှုများသည်ပင် ဒီမိုကရေစီ၏အရည်အသွေးအား သုံးသပ်ခန့်မှန်းရန်အတွက် ကြိုးစားရာတွင် အထောက်အကူပြုပေသည်။ ဥပမာ– အားကောင်း၍ မိမိကိုယ်ကိုဖော်ထုတ်နိုင်သော လူ့အဖွဲ့အစည်း (self-assertive society) အနေအထားမရှိမှု၊ ရွေးကောက်ခံကိုယ်စားလှယ်

အရာရှိများအပေါ်တွင် အဖွဲ့အစည်းအရ ကြိုတင်စီမံ၍အာဏာထိန်းချုပ်ပေးရန် နိုင်ငံတော်အဖွဲ့အစည်း ချို့တဲ့မှုများက ဒီမိုကရေစီအရည်အသွေးအတွက် ခန့်မှန်းတွက်ဆနိုင်သည်။

ထပ်မံအရေးပါသော တိုင်းတာမှုတစ်ခုမှာ လူမှုဆက်ဆံရေးအပေါ်တွင် တရားဥပဒေစနစ်၏ထိရောက်မှုရှိခြင်းနှင့် မရှိခြင်းဖြစ်သည်။ ဥပဒေစနစ်အား ဖွဲ့စည်းထားသည့် အချက်အလက်များအကြား အပြန်အလှန်တုန့်ပြန်ဆက်နွယ်နေသောလည်ပတ်မှု (function) ဖြစ်သည်။ နိုင်ငံတော်အဆောက်အအုံဆိုင်ရာအပြန်အလှန်ရှိမှု (interinstitutional) ဟုခေါ်သော အဆင့်တစ်ခုတွင် ရာဇဝတ်မှုအား ကိုင်တွယ်ဖြေရှင်းသည့်တရားသူကြီး၏အာဏာသည် အခြားသောအဆင့်များ ဖြစ်သည့် ရဲအရာရှိ၊ တရားလိုဘက်ရှေ့နေ၊ စွဲချက်ရှေ့နေ၊ အဆင့်မြင့်တရားရုံးတော်၊ အကျဉ်းထောင်စသည်တို့နှင့် ပူးပေါင်းဆောင်ရွက်မှုမျိုးမရှိခဲ့လျှင် အချည်းနှီးပင်ဖြစ်သည်။ နိုင်ငံတော်အဆောက်အအုံဆိုင်ရာ အပြန်အလှန်တည်မှီမှုလည်း မရှိတော့ပေ။

ရေပြင်ညီအလျားလိုက်အားဖြင့် ဒီမိုကရက်တစ်ဥပဒေစနစ်တစ်ခုတွင် မည်သည့် နိုင်ငံတော်အဖွဲ့အစည်း (သို့မဟုတ်) အရာရှိဖြစ်စေ ဥပဒေထိန်းကွပ်မှုအောက်မှ လွတ်ကင်းသည်ဟူ၍ မရှိစေရပါ။ ၎င်းတို့၏ပြုမူဆောင်ရွက်မှုတိုင်းသည် ဥပဒေနှင့်အပြည့်အဝပတ်သက်နေရမည်။ တတိယအချက်မှာ နယ်နိမိတ်ဆိုင်ရာ အနေအထားဖြစ်သည်။ တရားဥပဒေစနစ်သည် နိုင်ငံနယ်နိမိတ်အနှံ့ ကွက်လပ်မရှိဘဲ တသားထဲ ပျံ့နှံ့စေရမည်။ ဥပဒေအာဏာစက် မသက်ရောက်သည့် သီးသန့်နေရာဟူ၍ နိုင်ငံနယ်နိမိတ်အတွင်း မရှိစေရပါ။ စတုတ္ထအမြင်ရှုထောင့်မှာ ဥပဒေစနစ်သည် လူမှုလူတန်းစား အလွှာခွဲခြားမှု မရှိစေရပါ။ လူတန်းစား၊ ကျား၊မ၊ လူမျိုးနိုင်ငံသားစသည်မရွေး တန်းတူရပ်တည်အာဏာတည်စေရမည်။

ဂွန်ဂျေလင့်(ဇ်)နှင့် အဲဖရက်စတီဖန့်တို့က ဖေါ်ပြပါရှုဒေါင့်အားလုံးပါဝင်လျှင် ဥပဒေစနစ်အား "ထိရောက်မှုရှိသောနိုင်ငံတော်" ဟု ယူဆကြသည်။ ထို့ပြင် သင့်မြတ်လျော်ကန်သော ဥပဒေပြုမူကိစ္စသာမက ၎င်းကိုယ်တိုင်ဒီမိုကရက်တစ်ဖြစ်စေသည့် ထိရောက်သောဥပဒေစနစ်တစ်ခုဖြစ်ရန် ပေါင်းစည်းစေသည့် နိုင်ငံတော်အဆောက်အအုံဆိုင်ရာ ကွန်ယက်ကြီးအဖြစ် ပိုမိုတင်စားလိုပါသည်။

ဒီမိုကရေစီနှင့် နိုင်ငံတော်အကြား ဆက်နွယ်မှုများနှင့်ပတ်သက်၍ အရေးကြီးသော မှတ်သားစရာတစ်ခုရှိပါသည်။ နိုင်ငံသားများအား နိုင်ငံရေးအခွင့်အရေးအမျိုးမျိုးအပ်နှင်းပေးခြင်းဖြင့် ဒီမိုကရေစီက ၎င်းနိုင်ငံသားတို့အားကိုယ်စားလှယ်အဖြစ် ဖွင့်ဆိုနားလည်ပေးလိုက်ခြင်းဆိုသည့် အချက်ပင်။ ထပ်မံရှင်းပြလိုသည်မှာ နိုင်ငံသားများသည် အားလုံးနှောင်ဖွဲ့ထားသည့် တကမ္ဘာလုံးဆိုင်ရာ အခြေခံအခွင့်အရေးများကို တရားဝင်သယ်ဆောင်ပေးရန် တာဝန်ပေးခံရသူများဖြစ်သည်။ အမြင့်ဆုံးဖွဲ့စည်းပုံအခြေခံနှင့်စတင်ထားသော ယင်းဥပဒေစနစ်သည် နိုင်ငံသားများက တရားမျှတသည့် ရွေးကောက်ပွဲတွင်မဲပေးကာ နိုင်ငံတော်နှင့်အစိုးရအား ၎င်းတို့အပေါ်အာဏာကျင့်သုံးစေသည့် ရင်းမြစ်ပင်ဖြစ်သည်။ နိုင်ငံသားများသည် အချို့သော အခွင့်အရေးများအား သယ်ဆောင်ပေးသူများအဖြစ်သာမက ဒီမိုကရက်တစ်နိုင်ငံရေးစနစ်၏ စုပေါင်းဆုံးဖြတ်မှုအပေါ် ဥပဒေတည်မှီစေသည့် တရားမျှတစေသော ရင်းမြစ်လည်းဖြစ်သည်။ မျက်မှောက်ခေတ် ဒီမိုကရေစီသည် လူထုအားဖြင့် တိုက်ရိုက်အုပ်ချုပ်ရန်ခက်ခဲပေသည်။ သို့ရာတွင် လူထု၏ဒီမိုကရေစီဆိုသည်ကိုကား ငြင်းနိုင်ဖွယ်ရာမရှိပေ။ လူထုအတွက်သည်သာ ဒီမိုကရေစီဖြစ်ရပေမည်။

အရွေးချယ်ခံအစိုးရ၏ ရာထူးအာဏာပိုင်ဆိုင်သူများအတွက် ၎င်းအာဏာသည် နိုင်ငံသားများထံမှ သက်ဆင်းလာခြင်း ဆိုသည်မှာ လုံးဝမှန်ကန်ထင်ရှားပေသည်။ ထိုဖြစ်ရပ်သည် အခြားသောအစိုးရအရာရှိများအတွက်လည်း မှန်ကန်နေပေမည်။ ဒီမိုကရေစီတွင် အစိုးရအရာရှိ

များ၏ သြဇာအာဏာသည် တိုင်းပြည်၏အဆင့်မြင့်ဆုံးဟူသော ရွေးချယ်ခံပုဂ္ဂိုလ်များထံမှ ဆင်းသက်လာသမျှကာလပတ်လုံး ယင်းသြဇာအာဏာအားလုံးသည် နိုင်ငံသားများထံမှ ဆင်းသက်လာခြင်း ဖြစ်သည်။ ထို့ပြင် နိုင်ငံ့အရာရှိများ၏ တာဝန်ယူမှုများ၊ စီရင်ဆုံးဖြတ်မှုများအား အစိုးရအရာရှိများ၊ ရွေးကောက်တင်မြှောက်ခံရသူများ၊ မတင်မြှောက်ခံရသူများအားလုံး ရေပြင်ညီတသားတည်း ဖြစ်စေသော ဥပဒေစနစ်ကသာ ဆုံးဖြတ်သည်။ အဆုံးစွန်အားဖြင့် နိုင်ငံရေးနိုင်ငံသား မဟုတ်သူများအပါအဝင် (အရွယ်မရောက်သူများနှင့် နိုင်ငံခြားသားများ) လူတိုင်းအား နိုင်ငံသားနှင့် လူမှုဆက်ဆံရေးကို ပုံမှန်လည်ပတ်စေသော တရားဝင်ဥပဒေများက ကိုယ်စားလှယ်အဖြစ် တည်ထောင်ပံ့ပိုးထားပေသည်။

လူတစ်ဦးချင်းစီသည်အပြုခံ၊ အဖိနှိပ်ခံမဖြစ်စေရ။ မည်သည့်အခါမှလည်း မဖြစ်သင့်ပါ။ အစိုးရ(သို့မဟုတ်)နိုင်ငံတော်၏ ကောင်းမွန်သောဆန္ဒအား ဖြည့်စွက်ပေးသူသာဖြစ်ရမည်။ ထိုတစ်ဦးချင်းစီသည် နိုင်ငံရေးနိုင်ငံသားမှန်သည်ဖြစ်စေ မမှန်သည်ဖြစ်စေ လူမှုအခွင့်အရေးများနှင့် နိုင်ငံသားအခွင့်အရေးများ သယ်ဆောင်ပေးသူဖြစ်သည်။ ၎င်းကို အပြည့်အဝ စဉ်းစားပေးရန်နှင့် လေးစားရန် တရားဝင်ကြောင်းအရ အနေအထားရှိနေပေသည်။ လူတိုင်းအား တူညီမျှတသော အခြေခံအချက်များနှင့်သာ ဆက်ဆံရမည်။ ထိုပြုမူဆက်ဆံမှုများသည်ပင် ဥပဒေစည်းမျဉ်းများ အသုံးချမှုနှင့်သာ အခြေခံရမည်။ စည်းမျဉ်းများသည်လည်း ရှင်းလင်း၍ နိုင်ငံသားတိုင်း သိလွယ်ရမည်။ ဒီမိုကရေစီနည်းကျသောလုပ်ထုံးများနှင့်အညီ ရေးဆွဲပြဋ္ဌာန်းရမည်။

နိုင်ငံတော်အဖွဲ့အစည်းများက ဖေါ်ပြပါအခွင့်အရေးများကို အလေးအနက် အသိအမှတ်ပြုအာမခံနေသမျှ ယင်းအဖွဲ့အစည်းများ ဒီမိုကရေစီကျသည်ဟု ယူဆရပေမည်။ သို့မဟုတ် ဒီမိုကရေစီက ၎င်းတို့အပေါ် ပြဋ္ဌာန်းထားသောတာဝန်များနှင့်အညီ အနည်းဆုံး ပြုမူနေရပါမည်။ အမှန်အားဖြင့် အဆိုပါကိစ္စသည် ဒီမိုကရေစီ၏ အခက်ခဲဆုံးသွင်ပြင်လက္ခဏာရပ်ဖြစ်သည်။ တရားမျှတသောရွေးကောက်ပွဲ၊ နိုင်ငံရေးဆိုင်ရာ အခွင့်အရေးကျင့်သုံးမှုများနှင့်ပတ်သက်လျှင် နိုင်ငံသားများသည် သာမန်အားဖြင့် ယေဘုယျတန်းတူညီမျှရေးအဆင့်ပေါ်တွင် ၎င်းတို့ကိုထားပေးရန် ကြိုးစားကြပါသည်။

သို့ရာတွင် နိုင်ငံတော်အဖွဲ့အစည်းများအား ကိုင်တွယ်ဆက်ဆံရာတွင် တဦးချင်းစီက ၎င်းတို့ကိုယ်၎င်းတို့ အဖွဲ့အစည်းများတွင် တန်းတူညီမျှသောအခွင့်အရေးမရဟူသော အမြင်များဖြင့် မကြာမကြာကြည့်လေ့ရှိသည်။ တစ်ဦးချင်းစီသည် ပွင့်လင်းမှုမရှိသော ကြိုးနီစနစ်များသည့် ဗျူရိုကရက်များနှင့် ရင်ဆိုင်ကြရသည်။ ဗျူရိုကရက်များသည် ၎င်းတို့လက်အောက်ခံပြည်သူများအပေါ်တွင် အရေးပါသောနောက်ဆက်အကျိုးဖြစ်မည့် ဆုံးဖြတ်ချက်များချမှတ်ကြရသည်။ တစ်ဦးချင်းစီဟူသောအနက်ကို လုံးဝမညီမျှသော အပေါ်ပိုင်းလူတန်းစားအလွှာအဖြစ်သာ သတ်မှတ်မည်ဆိုပါလျှင် လူ့အခွင့်အရေးများသယ်ဆောင်ပေးသော အောက်ခြေမှလာသောအာဏာအား အပေါ်ပိုင်းမှ မေ့ပစ်လိုက်ကြပေမည်။ သို့ဆိုလျှင် လူသားသဘာဝအတွက် ဝမ်းနည်းဖွယ်ရာ ဥပဒေပင် ဖြစ်ပေလိမ့်မည်။

ထိုအချင်းအရာသည် နေရာတိုင်းတွင်ဖြစ်နေသော ပြဿနာဖြစ်သည်။ အလေးအနက်ထား၍ စနစ်တကျဖြေရှင်းရမည့်ကိစ္စလည်းဖြစ်သည်။ ထိုလူတန်းစား အလွှာနှစ်ခုအကြား ဆက်ဆံရေးပြဿနာအား ဆင်းရဲမွဲတေမှု၊ လူတန်းစားမညီမျှမှုများက ထပ်မံကြီးထွားလာစေပါသည်။ ထိုသို့သော ခါးသီးဆိုးဝါးချက်များက လူမှုအာဏာပိုင်စနစ်အား မွေးထုတ်ပေးပါသည်။ နိုင်ငံတော်အဖွဲ့အစည်းများက များစွာသောနိုင်ငံသားတို့အား နှိပ်စက်မည့်နည်းလမ်းများဖြစ်ပေါ်စေသည်။ ထိုပြဿနာသည်ပင် ဒီမိုကရေစီအရည်အသွေးအတွက် နောက်ထပ်ရှုထောင့်အမြင်တစ်ခု ဖြစ်ပေ

သည်။ နက်ရှိုင်းနေသည့် လူတန်းစားမညီမျှမှုများရှိသော လက်တင်အမေရိကတွင် အဆိုပါ ရှုထောင့်အမြင်သစ်များက ခေတ်သစ်ဒီမိုကရေစီများ၏ အားနည်းချက်ကို ဖော်ပြနေပေသည်။

နိုင်ငံရေးဆိုင်ရာနှင့် နိုင်ငံသားဆိုင်ရာအခွင့်အရေးများမှာ အမြဲတမ်းတရားဝင်သည်။ ယင်းတို့အား တကမ္ဘာလုံးဆိုင်ရာစံနှုန်းအဖြစ် ယူဆထား၍ ဥပဒေလုပ်ထုံးများ၊ ဒီမိုကရေစီအစိုးရများ၏ ကိုယ်စားပြုမှုများမှတဆင့် ထိန်းသိမ်းကာကွယ်ပေးထားရမည်။ ဒီမိုကရေစီအရ နိုင်ငံရေးနိုင်ငံသား ( Political citizen )၊ တကမ္ဘာလုံးဆိုင်ရာ ဥပဒေစနစ်၏သွင်ပြင်ဖြစ်သော လူမှုနိုင်ငံသား (civil citizen) နှင့်လည်း တထပ်တည်းကျပေသည်။ စုရုံးခွင့်၊ ဖော်ပြခွင့်၊ အပြင်ထွက်ခွင့်၊ လွတ်လပ်စွာ လှုပ်ရှားပိုင်ခွင့်၊ အကြမ်းဖက်မခံရခြင်း၊ အစိုးရအဖွဲ့အစည်းများမှ တရားမျှတမှုမျှော်လင့်နိုင်ခြင်းများသည် တစ်ဦးချင်းစီအတွက် ခွင့်ပြုပေးထားရမည်။ ပြည်သူအဖြစ်၊ နိုင်ငံရေးနိုင်ငံသားအဖြစ်၊ ၎င်းတို့ ကိုယ်ပိုင်ရွက်ဆောင်ချက်များ၏ ကိုယ်စားလှယ်ဖြစ်မှုအပါအဝင် တရားဝင်ပုဂ္ဂိုလ်အဖြစ် တစ်ဦးချင်းစီကို တာဝန်ဝတ္တရားနှင့်အခွင့်အလမ်းများ ခွဲဝေဖြန့်ချပေးထားရမည်။

အဆိုပါအခွင့်အရေးများသည် ဒီမိုကရက်တစ်ဥပဒေစနစ်တခု၏ မျက်နှာစာတိုင်းတွင် တန်းတူညီမျှရေးအတွက် တကမ္ဘာလုံးဆိုင်ရာ ဥပစာဖြစ်သည်။ အမျိုးမျိုးသော သမိုင်းဆိုင်ရာ၊ ယဉ်ကျေးမှုဆိုင်ရာ အခြေအနေများအောက်တွင် အကြောင်းမညီညွတ်၍ ရှုပ်ထွေးမှုများရှိခဲ့လျှင်ပင် အဆိုပါဒီမိုကရက်တစ်ရည်မှန်းချက် အာသီသများအား ရှင်းရှင်းလင်းလင်း ရင်ဝယ်ပိုက်ထားရမည် ဖြစ်သည်။

## ဥပဒေစိုးမိုးရေး၏ချို့ယွင်းချက်များ

ဒီမိုကရေစီအုပ်ချုပ်ရေးစတင်ပြီးသည့် ဒီမိုကရေစီစိတ်အားထက်သန်မှုများ စိတ်ကျေနပ်ဖွယ်ရာတိုးတက်နေသော တိုင်းပြည်များတွင်ပင် ဥပဒေစိုးမိုးရေးအတွက် သံသယဖြစ်စရာများ ရှိနေဆဲဖြစ်သည်။ အခြားကမ္ဘာ့ဒေသများမှ ဒီမိုကရေစီနိုင်ငံများကဲ့သို့ လက်တင်အမေရိကနိုင်ငံများတွင်လည်း နိုင်ငံအဆင့် ဒီမိုကရေစီအုပ်ချုပ်ရေးသည် အခြေခံပြည်သူ့အခွင့်အရေးများ ထိရောက်မှုအတွက် ကွာဟလွန်းလျှက် အလုပ်မဖြစ်ကြပါ။ လက်တင်အမေရိကဥပဒေစိုးမိုးရေးအတွက် အဓိကဟန့်တားနေသောအချက်များမှာ အောက်ပါအတိုင်းဖြစ်သည်။

### ♦ *တည်ရှိဆဲဥပဒေများတွင် အပြစ်အနာအဆာများရှိနေခြင်း*

မကြာမီက တိုးတက်မှုများလုပ်ဆောင်နိုင်ခဲ့သော်လည်း လက်ရှိတည်ဆဲဥပဒေများ၊ တရားစီရင်ထုံးများ၊ လုပ်ထုံးလုပ်နည်းများတွင် အမျိုးသမီးများအား ခွဲခြားမှု၊ တိုင်းရင်းသားလူနည်းစုများအား ဖယ်ကျဉ်ထားမှုများ ရှိနေဆဲဖြစ်သည်။ ထိုအချက်များသည် တရားခံများ၊ ထိန်းသိမ်းခံရသူများ၊ အကျဉ်းသားများအတွက် တရားမျှတမှုမရှိဟူသော ခံစားရသည့်အခြေအနေသို့ မကြာခဏ တွန်းပို့ပါသည်။

### ♦ *ဥပဒေဖော်ဆောင်ရေးတွင် အပြစ်အနာအဆာရှိနေခြင်း*

"ငါ့မိတ်ဆွေတွေအတွက်တော့ လိုချင်တာအကုန်ဖြစ်စေ၊ ငါ့ရန်သူတွေအတွက်တော့ ဥပဒေပေး" ဆိုသည့်စကားကို (၁၉၃၀-၄၅၊ ၁၉၅၀-၅၄)ခုနှစ်များတွင် ဘရာဇီးနိုင်ငံအား အုပ်ချုပ်ခဲ့သော သမတ ဂတ်ကျူလီယိုဗားဂတ်စ်က ဆိုခဲ့သည်။ အဆိုပါစကားလုံးက အာဏာရှင်စနစ်ကို

ထင်ဟပ်နေပေသည်။ နိုင်ငံရေးရန်သူများအပေါ်၊ အားနည်းသူများအပေါ် ဥပဒေအား လိုသလို အသုံးချခြင်းသည် ဖိနှိပ်မှုအတွက် အကောင်းဆုံး လုံလောက်သော နည်းလမ်းဖြစ်လာသည်။ အခြားတဖက်တွင် အာဏာရထားသူများက ဥပဒေနည်းလမ်းများမှတဆင့် ရှောင်ကွင်းနေကြသည်။ ဥပဒေအား လက်တစ်လုံးခြားလုပ်၍ အားနည်းသူကိုဖိပြီး အားကြီးသူကို မျက်နှာသာပေးခြင်းသည် လက်တင်အမေရိက၏ အစဉ်အလာတစ်ခုပင်တည်း။

အာဂျင်တီးနားစီးပွားရေးသမားတစ်ဦးက "အာဏာရှိနေရင် ဥပဒေတိုးမပေါက်တော့ဘူး။ အရေးမယူနိုင်ဘူး" ဟူ၍ ပြောဆိုခဲ့ဖူးသည်။ ၎င်း၏ပြောကြားချက်အရ ဥပဒေအား တာဝန်သိလိုက်နာနေသူအများအပြားသည် ဥဏ်တိမ်သူများဖြစ်သည်။ ဥပဒေအား နာခံသူများက လူမှုအသိုင်းအဝိုင်းအတွင်းမှာပင် လူ့အခွင့်အရေးအားနည်းချက်များကို ဖြစ်လာနိုင်စေသည်။ ထိုအချက်သည် အန္တရာယ်မား၍ ပုဂ္ဂလိကသြဇာအာဏာရှိသူများ၊ နိုင်ငံအား အကြမ်းဖက်နေသူများအား မနှိပ်ကွပ်နိုင်တော့သည့် သဘောသက်ရောက်သည်။

### ♦ *နိုင်ငံတော်အဖွဲ့အစည်းဌာနများနှင့် သာမန်လူထုအကြားဆက်ဆံရေးတွင် အပြစ်အနာအဆာရှိနေခြင်း*

ယခုအားနည်းချက်သည်လည်း ယခင်ဖော်ပြပါအချက်များနှင့် ဆက်စပ်နေပါသည်။ ဆင်းရဲသားများနှင့် အပစ်ပယ်ခံရသူများ အလုပ်ရရန်၊ အလုပ်ပါမစ်ရရန်၊ ပင်စင်ခံစားခွင့်ရရန်၊ ရဲဌာနနှင့် ဆေးရုံများသို့သွားနိုင်ရန် စသည့် ဗျူရိုကရေစီယန္တရားနှင့် ဆက်ဆံကူးလူးရသည့်အခါတိုင်း ၎င်းတို့၏အခွင့်အရေးများ ပိုမိုငြင်းပယ်ခံရသည်။ ဆင်းရဲသားများအတွက် ထိုအကြိမ်တိုင်းတွင် ဗျူရိုကရေစီယန္တရားအောက်သို့ ခေါင်းလျှိုဝင်ရသည်။ အခွင့်ထူးခံလူတစ်စုအတွက်မူ ထိုအခြေအနေများမှ သီးခြားကင်းလွတ်နေစေရန် ဗျူဟာမြောက်ဖန်တီးထားသကဲ့သို့ ဖြစ်နေသည်။ ထိုသို့သော အုပ်ချုပ်ရေး၏ချို့ယွင်းချက်မျက်နှာစာဘက်မှ မရှောင်ကွင်းနိုင်သူများမှာမူ အမြဲတစေ ကြုံတွေ့ခံစားနေရသည့် အခက်အခဲဒုက္ခများသည်ပင် ၎င်းတို့အတွက် သမားရိုးကျဖြစ်နေပါတော့သည်။

ထိုသူများအဖို့ စော်ကားခံရခြင်းမရှိသော်လည်း အခက်အခဲဒုက္ခများမှ ကင်းလွတ်နေသော အခွင့်ထူးခံများ၏ မထီမဲ့မြင်ပြုမှုကိုခံကြရသည်။ ထပ်ဆင့်မတရားမှုများ ကပ်ပါလာသကဲ့သို့ပင် ဖြစ်သည်။ လူ့ဂုဏ်သိက္ခာအားလေးစားသည့် ဒီမိုကရက်တစ်ကျင့်ဝတ်နှင့် အဆိုပါရက်စက်မှုကမ္ဘာအကြား ခြားနားမှုအက္ခာအဝေးအား အဆက်အသွယ်၊ လူမှုအဆင့်အတန်း၊ အခွင့်အရေးမရှိသောလူများ၏ ကြီးမားသောမဟာဒုက္ခတို့ကို လေ့လာတိုင်းတာကြည့်ခြင်းဖြင့် သိရှိနိုင်သည်။

### ♦ *တရားစီရင်မှုနှင့်တရားမျှတမှုလုပ်ထုံးများတွင် အပြစ်အနာအဆာများရှိနေခြင်း*

ယခုခေါင်းစဉ်နှင့်ပတ်သက်၍ အဆင့်မြင့်ဖွံ့ဖြိုးပြီးနိုင်ငံများတွင်ပင် အတော်အတန် ရှုပ်ထွေးနေသည့်အတွက် အသေးစိပ်ဆွေးနွေးမည် မဟုတ်ပေ။ လက်တင်အမေရိကဒေသတစ်ခုလုံးတွင် တရားရေးဟူသည်ကား ဆင်းရဲသားများအတွက် လက်လှမ်းမမီနိုင်သော၊ ဝန်ပိသော၊ ကုန်ကျစရိတ်များသောကိစ္စပင်ဖြစ်သည်။ ဆင်းရဲချို့တဲ့သူများအတွက် တရားစီရင်ပေးမှုသည် များစွာ နှောင့်နှေးလွန်းလှသည်။ ဆင်းရဲချို့တဲ့အားနည်းသူများက တရားစီရင်ရေး ရရှိသည့်တိုင်၊ ပြင်းထန်လွန်း၍ စနစ်တကျ ခွဲခြားဆက်ဆံစီရင်မှုများ ဖြစ်နေပါသည်။ အထူးသဖြင့် ရာဇဝတ်မှုလုပ်ထုံးများ၌ တရားစီရင်မှု မပြုမီ၊ ပြုလုပ်နေစဉ်နှင့် ပြုလုပ်ပြီးသည့်တိုင် တရားခံများ၏အခွင့်အရေးအား အသိအမှတ်မပြုဘဲ ရှိတတ်ကြသည်။

### ♦ *ဥပဒေ လုံးဝကင်းမဲ့မှုကြောင့်ဖြစ်သည့် အနာအဆာများ*

အဆိုပါကိစ္စနှင့်ပတ်သက်၍ ယခင်ကလည်း ဖေါ်ပြခဲ့ပြီးဖြစ်သည်။ ယခုဖေါ်ပြချက်တွင် နိုင်ငံတော်နှင့် ဗျူရိုကရေစီယန္တရားများအား တစ်ခုတည်းမှတ်ယူမှုမှ ဖြစ်ပေါ်လာသော မှားယွင်းချက်တစ်ခုဖြစ်သည်။ နယ်နိမိတ်တစ်ခုတွင် တရားဝင်ဥပဒေတည်ရှိပြဋ္ဌာန်းရေးအတွက် နိုင်ငံတော်က ထုတ်ပြန် ကျားကန်ပေးရသည်နှင့်အမျှ နိုင်ငံတော်အဖွဲ့အစည်းများပင်ကိုယ်၌ ဥပဒေများနှင့်အညီ ပြုမူနေသည်ဟု ယူဆထားသည်နှင့်အမျှ တရားဥပဒေစနစ်သည် အခြေခံဥပဒေ၏တစိတ်တပိုင်းဖြစ်သည်ဟု အသိအမှတ်ပြုနိုင်ပါသည်။ ထိုနိုင်ငံများကို "ဥပဒေသက်ဝင်သောနိုင်ငံ" ဟု ခေါ်ဆိုနိုင်ပြီး ဥပဒေစနစ်တွင် နိုင်ငံတော်တစိတ်တပိုင်း ပါဝင်နေခြင်းကိုလည်း ပြဆိုပေသည်။ ဥပဒေသက်ဝင်နေသည့် နိုင်ငံတော်သည် လူမှုအဖွဲ့အစည်းအတွင်း ထိုးဖေါက်ပေါင်းစပ်ကာ လူမှုဆက်ဆံရေး အခြေအနေများကိုလည်း တည်ငြိမ်စေရန် ထောက်ပံ့ပေးသည်။

သို့သော် လက်တင်အမေရိကနိုင်ငံများ၌ ဥပဒေသက်ရောက်မှုသည် အကန့်အသတ်ဖြစ်လျှက်ရှိသည်။ ဒေသအများစုသည် နိုင်ငံရေးဗဟိုအချက်အခြာနှင့် ပထဝီအရ ဝေးကွာခြင်းကြောင့် မြို့ကြီးပြကြီးရှိ ဗျူရိုကရေစီအဆောက်အအုံများနှင့် ပြည့်သူ့ဘဏ္ဍာငွေ အလွယ်တကူသုံးစွဲနေသောအရာရှိများလက်ဝယ်၌သာ သက်ရောက်နေသည်။ တရားဝင်နိုင်ငံတော်ကားပျောက်ကွယ်ဆိုးရှုံးနေရသည်။ တရားဝင်ဥပဒေက မည်သို့ပင်ပြဋ္ဌာန်းထားသည်ဖြစ်စေ အခါအားလျော်စွာ ဥပဒေများထုတ်ပြန်၍ အသုံးချလျှက်ရှိနေသည်။

ထိုထက်ပို၍အရေးကြီးသည်မှာ ခါတော်မီထုတ်ပြန်သည့် ဥပဒေများအား ထိုဒေသများတွင် အုပ်ချုပ်နေသည့်သူများက လိုရာဆွဲ၍ အခွင့်ထူးခံပုဂ္ဂိုလ်များ၊ လူဆိုးဂိုဏ်းများအတွက် ထူးထူးခြားခြားပြဋ္ဌာန်းပေးခြင်းပင်။ ထိုအချက်က တရားဝင်နှင့် တရားမဝင် ဥပဒေပြုမှုများ၊ အခြားနယ်နိမိတ်စည်းခြားမှုအတွက် အဆက်မပြတ်ဆွေးနွေးညှိနှိုင်းရမှုများအပါအဝင် ရှုပ်ထွေးမှုများစွာကိုဖြစ်ပေါ်စေသည်။ ထိုအခြေအနေများ၌ ဥပဒေနှစ်ခုအကြား မညီမျှသော အာဏာဆက်ဆံရေးကိုနားလည်ရန် အရေးကြီးသည်။ အစဉ်အလာမဟုတ်သော တရားဥပဒေစနစ်၏ရလဒ်များက ဆိုးရွားသည့် အကြမ်းဖက်မှုများကို အားပေးအားမြှောက်ပြုရာ ရောက်စေသည်။ ဤသည်ကို မြို့ပြနှင့်ကျေးလက်တို့တွင် တွေ့ကြုံရသည့် ဖြစ်ရပ်များစွာက ပြသနေပေသည်။ ဗဟိုအစိုးရသည် ဒီမိုကရေစီဆန်သည်ဟု ဆိုနိုင်သည့်တိုင် အဆိုပါ "အညိုရောင် နယ်မြေများ" သည် နယ်နိမိတ်အခြေခံနှင့် တရားမဝင်သော ဥပဒေစနစ်များရှိသည့် ဒေသန္တရ အာဏာပိုင်စနစ်များ ဖြစ်သည်။

ယခုသုံးသပ်တင်ပြခဲ့သည်များသည် နိုင်ငံတော်၏ လုံးဝမပြည့်စုံမှု (အထူးသဖြင့် တရားဥပဒေဆိုင်ရာ မျက်နှာစာများ) ကို ညွှန်ပြပါသည်။ ဝမ်းနည်းစရာကား လက်တင်အမေရိကတွင် ထိုသို့ နိုင်ငံတော်၏ မပြည့်စုံမှုကြောင့် ဖြစ်ပေါ်နေသော ဖြစ်ရပ်အများအပြားများမှာ ဒီမိုကရေစီပြောင်းလဲရေး **(Democratization)** ဖြစ်စဉ်အတွင်း တိုးတက်များပြားလာနေခြင်း ဖြစ်သည်။ ဤသို့ဖြစ်ရသောအကြောင်းရင်းမှာ ဆယ်စုနှစ် နှစ်ခုအတွင်း စီးပွားရေးအကျပ်အတည်းနှင့် စီးပွားရေးမူဝါဒများ မတည်ငြိမ်မှုများကြောင့် ဖြစ်သည်။ ထိုသို့ ယိုယွင်းနေသောအခြေအနေ၌ ပုဂ္ဂလိကအဖွဲ့အစည်းကိုယ်စားလှယ်များ၊ စီးပွားရေးသမားများနှင့် ရွေးကောက်ပွဲအနိုင်ရရန် ကြိုးပမ်းကြသည့် ဒေသခံနိုင်ငံရေးသမားများ၏ အလိုရမက်က မီးလောင်ရာလေပင့်သကဲ့သို့ ဖြစ်စေသည်။

ဒေသခံနိုင်ငံရေးသမားများသည် ၎င်းတို့ချုပ်ကိုင်ထားသော မဲပြားများအား အသုံးပြု၍ ၎င်းတို့ ကိုယ်စားပြု ပုဂ္ဂလိကအာဏာရှင်စနစ် မွေးထုတ်ရန် ဗဟိုအဆင့် အဖွဲ့အစည်းဆိုင်ရာ ရာထူး

များ ရလာပေသည်။ အာဂျင်တီးနားနှင့် ဘရာဇီးနိုင်ငံများတွင် အညီရောင်ဒေသမှ ဥပဒေပြုအမတ်များက ၎င်းတို့ဒေသအတွက် ဖက်ဒရယ်တရားသူကြီးများခန့်အပ်၍ ဥပဒေပြုကော်မတီများကို လွှမ်းမိုးချယ်လှယ်ထားလေသည်။ အဆုံးစွန်အားဖြင့် တရားဝင်နိုင်ငံတော် သက်ရောက်နိုင်မှုအား ၎င်းတို့ဒေသမှ ဖယ်ရှားရန်အထိ ကြိုးပမ်းမှုများပင် ဖြစ်သည်။

လက်တင်အမေရိကနှင့် အခြားဒေသများရှိ ဒီမိုကရေစီနိုင်ငံသစ်များစွာတွင် ယင်းတို့၏ တရားဝင်ဥပဒေစနစ်အတွင်း၌ပင် ဟာကွက်များ ရှိနေသည်ကို တွေ့ရပါသည်။ အကျယ်ချဲ့ တင်ပြရလျှင် ၎င်းတို့အတွက် ဥပဒေစိုးမိုးရေးဆိုသည်မှာ အာဏာ ပြတ်တောင်းပြတ်တောင်း ပေါ်လာခြင်းမျှသာဖြစ်သည်။ ထိုဥပဒေအဆင့်မျိုးကို များစွာသော ဥပဒေချိုးဖောက်မှုများ၊ အရေးမပါသည့် နိုင်ငံသားအဆင့်နိမ့်ထားခံရခြင်းများက ထင်ဟပ်ပြနေပါသည်။ ဤနိုင်ငံများတွင် လူအများစုအတွက် နိုင်ငံရေးအခွင့်အရေးများနှင့်ပတ်သက်သော နိုင်ငံသားဖြစ်သော်လည်း လူ့အခွင့်အရေးနှင့်ပတ်သက်၍ ၎င်းတို့သည် နိုင်ငံသားဖြစ်ခွင့် မရကြပေ။ စင်စစ်အားဖြင့် ၎င်းတို့သည် ရုပ်ဝတ္ထုလည်း မွဲတေသကဲ့သို့ ဥပဒေလည်း ဆင်းရဲလှပေသည်။

ယခုအချိန်တွင် နိုင်ငံတကာနှင့် ပြည်တွင်းအဖွဲ့အစည်းအများအပြားသည် ဥပဒေစိုးမိုးရေးအား ကျယ်ပြန့်စေရန် ထောက်ခံကြသည်။ ယင်းနှင့်ပတ်သက်၍ ကျွမ်းကျင်သူများကလည်း အလေးပေးလုပ်ဆောင်လျှက်ရှိကြသည်။ မှအားဖြင့်ဆိုသော် ထိုသို့လုပ်ဆောင်မှုများသည် မကောင်းသတင်းတစ်ရပ်ဟု မဆိုနိုင်ပေ။ သို့ရာတွင် အဓိကလွှမ်းမိုးကြီးစိုးထားသည့် ကဏ္ဍအသီးသီး၏ အကျိုးစီးပွားကိုယ်စီတွင် ဥပဒေနှင့် တရားစီရင်ရေး ပြုပြင်ပြောင်းလဲမှုများလုပ်ခြင်းသည် အန္တရာယ်ရှိသည်။ အများအားဖြင့် ဥပဒေများအား ပြုပြင်မှုလုပ်ဆောင်ရာတွင် နိုင်ငံခြားကုန်သွယ်မှုဆိုင်ရာ ဥပဒေများ၊ ပြည်တွင်းကုန်သွယ်မှုဆိုင်ရာဥပဒေများနှင့် ရာဇဝတ်မှုဥပဒေများကို လုပ်ဆောင်လေ့ရှိသည်။ ယင်းသို့လုပ်ဆောင်ခြင်းဖြင့် ရင်းနှီးမြှုပ်နှံမှုများအား ဆွဲဆောင်နိုင်ပေသည်။ သို့သော် အဆိုပါပြုပြင်မှုများက တရားရေးစနစ်၏ နှစ်ဖက်သွားဖွံ့ဖြိုးမှု (dualtistic development) ကို ဖြစ်စေသည်။ အဆိုပါဖွံ့ဖြိုးမှုသည် အောက်ပါသွင်ပြင်များတွင် ရှိနေပါသည်။

> "စီးပွားရေးလုပ်ငန်း၊ ငွေကြေးများနှင့်သက်ဆိုင်သည့်ကိစ္စများတွင် ခေတ်မီတိုးတက်စေ၍ အခြားဥပဒေပြုရေးနှင့် တရားမျှတမှု ကိစ္စနယ်ပယ်များတွင် မတို့မထိဘဲ ခြစားမှု၊ အရံအဆောက်အအုံရှားပါးမှု၊ ရင်းမြစ်များ မပြည့်စုံမှုများရှိနေမည်"

မညီမျှမှုကြီးထွားလာနေသည့် လူ့အဖွဲ့အစည်းများအတွက် အဆိုပါလမ်းကြောင်းများက ဥပဒေစိုးမိုးရေးမှ လူအများစုကို ဖယ်ထုတ်ပစ်ရန် တွန်းအားပေးသကဲ့သို့ ဖြစ်နေပေသည်။ တချိန်တည်းတွင် ဥပဒေများ၊ တရားရုံးများက မျက်နှာသာပေး၍ အခွင့်သာမှုများ အကြီးအကျယ်ရနေသူများလည်း ရှိသည်။

## ဒီမိုကရေစီနည်းကျဥပဒေစိုးမိုးမှု၏ မျက်နှာစာများ

အထက်တွင်ဆွေးနွေးခဲ့သည့်အချက်များအရ ဥပဒေစိုးမိုးမှု၊ ဒီမိုကရေစီတို့နှင့် ဆက်စပ်နေသည့် မေးခွန်းများအား မျက်နှာစာအများအပြားဖြင့် ဖြေရှင်းသင့်သည်။ ဖြစ်စဉ်တစ်ခုအတွင်း၌ ဒီမိုကရေစီနည်းကျသောဥပဒေများနှင့် ဖြေရှင်းသင့်သည်။ ဖြစ်စဉ်တစ်ခုအတွင်းတွင် ဒီမိုကရေစီနည်းကျသောဥပဒေစိုးမိုးမှု၏ ကောင်းမြတ်သည့်ကြွန်အင်လက္ခဏာများ ရှိ/မရှိ ဟူသော မျက်နှာစာများဖြင့် ဖြေရှင်းရမည်။ ဤသို့လေ့လာရာတွင် တရားဥပဒေစိုးမိုးရေး၏ ယေဘုယျသွင်ပြင်

အချက်အလက်များအား ခွဲခြမ်းစိတ်ဖြာလေ့လာရမည်။ ထို့ပြင် ဒီမိုကရေစီနည်းကျသော ဥပဒေစိုးမိုးမှုအား အထူးပြုလေ့လာရန်လိုပါမည်။

နောက်တဆင့်အနေဖြင့် ဖွင့်ဆိုထားသည့် မျက်နှာစာအမျိုးမျိုး၏ အဆင့်များကို ပုံဖော်ရေးဆွဲ၍ လက်တွေ့ကျကျ ခွဲခြမ်းစိတ်ဖြာရမည်။ လက်တွေ့တွင် ထိုလုပ်ငန်းများသည် အခက်အခဲများဖြင့် ပြည့်နှက်နေပါသည်။ သို့ရာတွင် ယုံကြည်နိုင်စရာများ ရှိပါသည်။ စိတ်ဝင်စားဖွယ်ရာမျက်နှာစာများအတွင်းမှ အချို့ကို ကြောင်းကျိုးညီညွတ်စွာ အနီးစပ်ဆုံး ရရှိရန် ဖြစ်နိုင်သည်ဟု ယုံကြည်သည်။ အောက်တွင် ကိုင်တွယ်ထားသည့်လုပ်ငန်းများအား ဖော်ပြထားပါသည်။

အထက်တွင်အဓိပ္ပါယ်ဖွင့်ဆိုပြခဲ့သကဲ့သို့ မည်သည့်နိုင်ငံမျှ ဒီမိုကရက်တစ်ဥပဒေစိုးမိုးမှု အပြည့်အဝမရရှိသေးပါ။ ထို့အပြင် အစောပိုင်းကာလဥပဒေအမြင်များ၏ အပြုသဘောဆောင်မှုများအား ဆန့်ကျင်ကာ ယနေ့ခေတ်ဥပဒေနှင့်ပတ်သက်သည့် သီအိုရီများအားလုံးသည် လက်တွေ့တွင် အုပ်စိုးသူ၊ အာဏာရှိသူများက အဓိပ္ပာယ်ဖွင့်ဆိုသတ်မှတ်ထားသော ဥပဒေများ ဖြစ်နေပါသည်။ လက်တွေ့အားဖြင့် ဥပဒေများနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို သင့်တင့်စွာ အနက်ဖွင့်ဆိုခြင်းသည် နိုင်ငံရေးတိုက်ပွဲများအကြား ခေါင်းစဉ်လုံးထွေးနေရသည့် အဓိကခေါင်းစဉ်များအနက် တစ်ခုဖြစ်သည်။

နည်းပညာဆန်သောအမြင်များ၊ အပြုသဘောဆောင်သောအမြင်များနှင့် ဆန့်ကျင်၍ တင်ပြရလျှင် ဥပဒေဆိုသည်မှာ တက်ကြွနိုးကြားနေသည့် အာဏာဆက်ဆံရေးကို အကျဉ်းချုပ်ထားခြင်းသာ ဖြစ်သည်။ မပြီးနိုင်သေးသည့် လူ့အခွင့်အရေးတိုက်ပွဲသစ်များနှင့်အတူ လူ့အဖွဲ့အစည်း၏ ပြောင်းလဲမှုသည်လည်း ဥပဒေစိုးမိုးရေးကို ဖြစ်စေသည်။ အထူးသဖြင့် ဒီမိုကရေစီနည်းကျသော ဥပဒေစိုးမိုးရေးကို ဖြစ်စေပါသည်။ ဒီမိုကရေစီနည်းကျသော ဥပဒေစိုးမိုးရေးမိုးကုပ်စက်ဝိုင်းဆီသို့ ရွေ့လျားစေပါသည်။

ထိုအချက်ကြောင့် ဥပဒေစိုးမိုးရေးအပါအဝင် ၎င်းနှင့်ဆက်စပ်နေသည့် ဒီမိုကရေစီအရည်အသွေးများအား လေ့လာသုံးသပ်ပါက ဥပဒေအားဖြင့်စိုးမိုးမှု (rule by law) ရှိသည်။ သို့ရာတွင် ဥပဒေ၏စိုးမိုးမှု (rule of law) မရှိဟူ၍လက်ခံကာ စတင်ကြရမည်ဟု ယုံကြည်ပါသည်။

ဆက်လက်ဆွေးနွေးလိုသည်မှာ ဆက်စပ်နေသောမျက်နှာစာများအား အနည်းဆုံးမူအရသော်လည်းကောင်း အနီးစပ်ဆုံးဒီဂရီအမျိုးမျိုးအရသော်လည်းကောင်း အခြေခံ၍ ခွဲခြမ်းသုံးသပ်ကာ လက်တွေ့လမ်းညွှန်၍ ရေးရပါမည်။ ထို့အပြင် အဆိုပါစာရင်းများသည် အထက်တွင် ဆွေးနွေးခဲ့သော ဒီမိုကရေစီနည်းကျသည့် ဥပဒေစိုးမိုးမှုလက္ခဏာရပ်များကို ရောင်ပြန်ဟပ်ရမည်။။ ယခုအကြံပြုမည့် ဒီမိုကရေစီနည်းကျသော ဥပဒေစိုးမိုးမှုမျက်နှာစာများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

**တရားဥပဒေစနစ်နှင့်ဆက်နွယ်မှု**

ပထမဆုံးအနေဖြင့် တရားဥပဒေစနစ်သည် နိုင်ငံတော်နယ်နိမိတ်တစ်ခုလုံးအား ကျောသားရင်သား ခွဲခြားခြင်းမရှိသော တပြေးညီသက်ရောက်မှု ဒီဂရီအတိုင်းအတာကို ကြည့်ရမည်။ အထက်တွင် ကိုးကားဆွေးနွေးခဲ့သည့် လက်တင်အမေရိက၏ အညိုရောင်နယ်နိမိတ်များသည် သိသာထင်ရှားသော ကွာဟချက်များကို ဖော်ပြနေသည်။ ထို့အပြင် ဥပဒေစနစ်သည် စီးပွားရေးကဏ္ဍများနှင့် အခြားလူမှုအဖွဲ့အစည်းများအပါအဝင် အမျိုးမျိုးသော လူတန်းစားအလွှာများ

အပေါ် တသမတ်တည်း သက်ရောက်မှုရှိနိုင်မည့် ဒီဂရီအတိုင်းအတာကိုလည်း တိုင်းတာရမည်။ အလားတူ ဆင်းရဲသားများ၊ မိန်းမ၊ နိုင်ငံခြားသားနှင့် လူနည်းစုအုပ်စုများအပေါ် ခွဲခြားမှုများအား တားမြစ်အပြစ်ပေးမည့် ဥပဒေများလည်း ဥပဒေစိုးမိုးမှုအတွင်း၌ ပါဝင်ပြဋ္ဌာန်းထားရပါမည်။ အထူးသဖြင့် လက်တင်အမေရိကတိုင်းပြည်များတွင် ဥပဒေစနစ်က ဒေသခံတိုင်းရင်းသားအုပ်စုများ၏ ယဉ်ကျေးမှုတန်ဘိုးများအား အသိအမှတ်ပြု လေးစားရမည်။ နောက်ဆုံးတွင် အခြေခံဥပဒေ၏ မြင့်မြတ်ကြီးကျယ်မှုအား ယေဘုယျအသိအမှတ်ပြုသင့်ပါသည်။ ဗဟိုတရားရုံးက အခြေခံဥပဒေကို ကာကွယ်ရန်နှင့် သင့်တင့်လျောက်ပတ်စွာ အဓိပ္ပာယ်ဖွင့်ဆိုရန်လည်း လုပ်ဆောင်ရပါမည်။

## နိုင်ငံတော်နှင့် အစိုးရဆက်နွယ်မှု

ပထမဦးစွာ နိုင်ငံတစ်ခုသည် ၎င်းပိုင်နက်နယ်နိမိတ်တစ်ခုလုံးအပေါ်တွင် ဥပဒေ ထိရောက်စွာ ကျင့်သုံးနိုင်သည့်နိုင်ငံ ဖြစ်သည် မဖြစ်သည်ကို စစ်ဆေးရပါမည်။ ဒုတိယအနေဖြင့် ရွေးကောက်ခံကိုယ်စားလှယ်များ၏ ဥပဒေမဲ့လုပ်ရပ်များအပါအဝင် တပြေးညီတာဝန်ခံမှုကျင့်သုံးရန် လုံလောက်သော နိုင်ငံတော်အဖွဲ့အစည်းအာဏာ တည်ရှိသင့်ပါသည်။ နောက်ဆုံးအနေဖြင့် နိုင်ငံတော်အဖွဲ့အစည်းများက နိုင်ငံသားတဦးချင်းစီအားလေးစား၍ အထိုက်သင့် ဂရုပြုရပါမည်။ ထိုသို့သော မရှိမဖြစ် လိုအပ်ချက်များအပေါ် လျစ်လျူရှုသော အခြေအနေများအား ဖြေရှင်းရန်၊ တားမြစ်ရန် လုံလောက်သော စနစ်ယန္တရားရှိရန်လည်း လိုအပ်သည်။

## တရားရုံးတော်များနှင့် ၎င်း၏အရံအဖွဲ့အစည်းများ ဆက်နွယ်မှု

တရားစီရင်ရေးသည် အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် ပုဂ္ဂိုလ်ရေးကတိ စသည့် သြဇာများအောက်မှ လွတ်ကင်းရမည်။ တရားစီရင်ရေးသည် ကျဉ်းမြောင်းသော အုပ်စုအကျိုးစီးပွားအတွက် အာဏာအလွဲသုံးမှုမျိုး မဖြစ်စေရ။ တရားရုံးများက အသိအမှတ်ပြုသော ဒီဂရီများ၊ လူ၊ လိင်၊ ကလေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများအပါအဝင် နိုင်ငံတကာ ပဋိညာဉ်များနှင့် စာချုပ်များအား လေ့လာရန်လိုအပ်သည်။

ဒီမိုကရေစီကျသော ဥပဒေစိုးမိုးရေးတွင် ဆင်းရဲသားများ၊ ပညာမဲ့များ၊ အဖိနှိပ်ခံ လူပုဂ္ဂိုလ်နှင့် အုပ်စုများသည် တရားရုံးတော်အား လွယ်ကူစွာထိတွေ့နိုင်မှုနှင့် ဥပဒေအကြံပြုမှုများရရန် စီစဉ်ပေးရမည်။ ရဲဌာနနှင့် အခြားလုံခြုံရေးဌာနများကလည်း လူတိုင်း၏ အခွင့်အရေးကို တန်ဘိုးထားလေးစားရမည်။ အခြေခံတရားမျှတမှုအား ဖေါက်ဖျက်၍ လူများကို ထောင်သွင်းအကျဉ်းချခြင်း (သို့မဟုတ်) မသမာမှုများ မပြုလုပ်ရပေ။ အဆုံးစွန်အားဖြင့် အကျဉ်းထောင်များမှ အကျဉ်းသားများအနေဖြင့် လျော်ညီသည့် လူ့ဂုဏ်သိက္ခာ ရရှိစေရမည်။

## နိုင်ငံတော်အဖွဲ့အစည်းများနှင့်ဆက်သွယ်မှု

ဒီမိုကရေစီနည်းကျဥပဒေစိုးမိုးမှုသည် တရားရုံးများသာမက အဖွဲ့အစည်းများမှ ပြည်သူများကို တရားမျှတထောက်ထား၍ လေးစားစွာဆက်ဆံရန် လိုအပ်သည်။ နိုင်ငံတော်အဖွဲ့အစည်းများက ထုတ်ပြန်သည့် စည်းမျဉ်းများသည် ရှင်းလင်းပြတ်သား၍ အများပြည်သူ အလွယ်တကူ

သိရှိနိုင်ရမည်။ ထို့ပြင် ဥပဒေသက်ဝင်မှုလည်းရှိရမည်။ နောက်ဆုံး နိုင်ငံတော်အစိုးရက နိုင်ငံသားများ၏ အခွင့်အရေးကို ချိုးဖေါက်ပါက တားမြစ်ရန်၊ ရပ်တန့်ရန်၊ ဖြေရှင်းပေးရန်တို့ကို ဆောင်ရွက်နိုင်မည့် လျင်မြန်ထိရောက်သော စနစ်ယန္တရားလိုအပ်သည်။

## လူမှုရေးအစီအစဉ်များနှင့်ဆက်သွယ်မှု

နိုင်ငံရေးအဖွဲ့အစည်းများစည်းရုံးဖွဲ့စည်းခွင့်အပြင် တိုက်ရိုက်ပါဝင်ဆောင်ရွက်ခွင့်များရှိရန် လိုအပ်သည်။ မည်သို့ပင်ဖြစ်စေ နိုင်ငံသားအခွင့်အရေးဆိုင်ရာ (အလုပ်သမားအခွင့်အရေးဆိုင်ရာ) အဖွဲ့အစည်းများနှင့် အဖွဲ့ဝင်များကို အားပေးရမည်။ ထို့ပြင် အမျိုးမျိုးသော လူမှုအဖွဲ့အစည်းများနှင့် ဒေါင်လိုက်လူမှုတာဝန်ယူမှုများ ကျင့်သုံးနိုင်ရေးအတွက် လုံလောက်သော အခွင့်အရေးများနှင့် အာမခံမှုများ ပေးရမည်။

## နိုင်ငံသားအခွင့်အရေးနှင့် လူမှုအခွင့်အရေးဆိုင်ရာဆက်နွယ်မှု

အခွင့်အရေးများ ချိုးဖေါက်ခံရပါက ချိုးဖေါက်ခံရသူအရေအတွက်၊ လူမှုအနေအထား၊ ကျား/မ၊ အသက်နှင့် အိမ်တွင်းအကြမ်းဖက်မှု၊ ရဲဌာနအကြမ်းဖက်မှု၊ ရပ်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ အပါအဝင် တစ်ဦးချင်းစီ၏ရာဇဝတ်မှုဖြစ်ရာ ပထဝီဒေသများအား စစ်ဆေးရမည်။

သတ်ဖြတ်မှု၊ လက်နက်ကိုင်ခားပြတိုက်မှု၊ လိင်ဆိုင်ရာ၊ မိသားစုဆိုင်ရာအကြမ်းဖက်မှု စသည့်ရာဇဝတ်မှုအမျိုးမျိုးအား စာရင်းအင်းအတိအကျ စုဆောင်းရမည်။ နောက်ဆုံးအနေဖြင့် နိုင်ငံခြားသားများအား နိုင်ငံသားကဲ့သို့ တန်းတူနိုင်ငံသားအခွင့်အရေး ပေးအပ်ရပါမည်။ နိုင်ငံ့ရေးရာများအား အနည်းဆုံးအားဖြင့် ဒေသန္တရအဆင့်တွင် ပါဝင်ခွင့်ပေးသင့်ပါသည်။ အရေးတယူလေးစားဂရုပြုမှုနှင့်အတူ နိုင်ငံ့ကိုယ်စားလှယ်များနှင့် နိုင်ငံသားများက ကောင်းမွန်စွာ ဆက်ဆံရမည်။

ဥပဒေစိုးမိုးရေးနှင့်ပတ်သက်၍ များစွာတင်ပြခဲ့ပြီးဖြစ်ပါသည်။ ထပ်မံတင်ပြလိုသည်မှာ ဥပဒေစိုးမိုးရေးအား အာဏာရှင်အတွေးအခေါ်များ အကျိုးအတွက်လည်း အသုံးချနေသည်ကို ဝမ်းနည်းဖွယ်ကောင်းစွာ လေ့လာမိသည်။ ယခင်အချိန်များက လက်တင်အမေရိကတိုင်းပြည်များကဲ့သို့ မညီမျှမှုများရှိနေသည့်နိုင်ငံများသည် ဥပဒေအား တရားမျှတရေးအတွက် အသုံးပြုခြင်းမရှိဘဲ မညီမျှမှုများပေါ်ပေါက်စေရန်၊ ခွဲခြားဆက်ဆံရန်နှင့် ဆိုးရွားသည့်လူမှုအကျိုးဆက်များဖြစ်စေရန် သုံးစွဲခဲ့ကြသည်။

တရားဥပဒေစိုးမိုးရေးသည် ဒီမိုကရေစီနှင့် အမှန်တကယ်ကိုက်ညီပြီး သဟဇာတဖြစ်ရမည်ကို တင်ပြခဲ့ပါသည်။ ဥပဒေစိုးမိုးမှုပေါ် အခြေတည်သည့် လူအများနားလည်နိုင်သော မျက်နှာစာများအား ညွှန်ပြနိုင်ရန်လည်း ကြိုးစားတင်ပြခဲ့ပါသည်။ နိုင်ငံတော်အဆောက်အအုံဘောင်အတွင်း ဒီမိုကရေစီအစိုးရတစ်ရပ်ဖြစ်နိုင်မည့် တိုင်းပြည်များ၏သွင်ပြင်လက္ခဏာအချို့အားလည်း ဆက်စပ်တင်ပြခဲ့ပါသည်။ လက်တွေ့တွင်မူ သီအိုရီပိုင်းဆိုင်ရာနှင့် အကောင်အထည်ဖေါ်မှုဆိုင်ရာများတွင် ဆောင်ရွက်ရန်ကိစ္စများ အမြောက်အများ ကျန်ရှိနေသေးသည်မှာ သေချာလှပါသည်။

❖ ❖ ❖ ❖ ❖

ဒီမိုကရေစီအရည်အသွေး

# အနက်အဓိပ္ပါယ်ထွေပြားသော တာဝန်ခံမှု၏အရည်အသွေးများ

ဖိလစ်ပ်ရှမစ်တား ***(Philippe C.Schmitter)***

*ဖိလစ်ပ်ရှမစ်တား သည် စတင်းဖို့စ်တက္ကသိုလ် နိုင်ငံရေးသိပ္ပံဌာန၏ အငြိမ်းစားပါမောက္ခ တစ်ဦးဖြစ်သည်။ ထို့အပြင် ဖလိုရင့် (Florence) ရှိ ဥရောပရေးရာတက္ကသိုလ် (European University Institute) ၏ နိုင်ငံရေးနှင့်လူမှုရေးသိပ္ပံဌာန အငြိမ်းစားပါမောက္ခလည်း ဖြစ်သည်။*

ခေတ်သစ်ကိုယ်စားပြုဒီမိုကရေစီစနစ်အား အကျယ်ပြန့်ဆုံးနှင့်အသင့်လျော်ဆုံး အနက်အဓိပ္ပါယ်ဖွင့်ဆိုရာတွင် တာဝန်ခံမှု (Accountability) သည် အဓိကသော့ချက် ဖြစ်သည်ဟူသော အယူအဆနှင့်ပတ်သက်၍ စာရေးသူနှင့် တယ်ရီကားလ် (Terry Karl ) တို့ တွေ့ရှိခဲ့သော ၁၉၉၁ ခုနှစ်မှာပင် စာရေးသူတို့၏ကြိုးစားအားထုတ်မှုများအား မထေမဲ့မြင်ပြုခြင်းခံခဲ့ရသည်။ ရိုင်းပြသော ဆက်ဆံမှုများကိုပင် အံ့သြရလောက်အောင်ရင်ဆိုင်ခဲ့ရသည်။

လွန်ခဲ့သော (၁၀)နှစ်အတွင်း နိုင်ငံရေးတာဝန်ခံမှု (Political accountability) ဟူသော အယူအဆအတွေးအခေါ်နှင့်ပတ်သက်၍ ပညာရှင်များအကြား အမှန်တကယ် ဂယက်ရိုက်ခဲ့သည်။ မျိုးတူအယူအဆများဖြစ်ကြသည့် အုပ်စုလူမှုရေးတာဝန်ခံမှု (Corporate Social Accountability) လူမှုအဖွဲ့အစည်းဆိုင်ရာ တုံ့ပြန်ဆောင်ရွက်မှု (Communitarian Responsiveness) နှင့် ပုဂ္ဂလိက ကိုယ်ကျင့်တရားတာဝန် (Individual Moral Responsibility) များ စသည်တို့နှင့် ပတ်သက်၍မူ ပေါ်ပြရန်ပင် မလိုပေ။

---

**Schmitter, Philippe C. The Ambiguous Virtues of Accountability. Journal of Democracy 15:4 (2004), 47-60.** **© National Endowment for Democracy and The Johns Hopkins University Press.** Reprinted with permission of The Johns Hopkins University Press.

နိုင်ငံရေးတာဝန်ခံမှုဟူသည် လူအုပ်စုနှစ်စု (သို့မဟုတ်) အဖွဲ့အစည်းနှစ်ခုအကြား ဆက်သွယ်မှုဖြစ်သည်။ ပထမအုပ်စုက ဒုတိယအုပ်စုအား အဖွဲ့ကချမှတ်ထားသော ဆုံးဖြတ်ချက်များ၊ ဖြေရှင်းချက်များနှင့် ကြိုတင်ထုတ်ပြန်ထားသောအမိန့်များအား တင်ပြအကြောင်းကြားအသိပေးရန် သဘောတူရမည်။ တစ်ချိန်တည်းတွင်ပင် ဒုတိယအုပ်စုကလည်း ပထမအုပ်စု၏ အမိန့်အား နာခံရမည်။ လိုအပ်သောသတင်းအချက်အလက်များပေးရမည်။ ပေးထားသည့် အမိန့်အတိုင်း လိုက်နာမှု ရှိသည် မရှိသည်ဆိုသည်ကို ရှင်းပြရန်နှင့် ဆောင်ရွက်ပြီးကိစ္စနှင့် မဆောင်ရွက်ရသေးသော ကိစ္စများ၏ အကျိုးသက်ရောက်မှုများကိုလည်း လက်ခံရမည်။

တာဝန်ခံမှုအား အတိုချုံးရှင်းပြရလျှင် အုပ်ချုပ်သူ(အစိုးရ)နှင့် အုပ်ချုပ်ခံ (ပြည်သူလူထု) အကြား တာဝန်ဝတ္တရားနှင့် ထုတ်ပြန်ရန် အလားအလာရှိသော အမိန့်များနှင့် ခွင့်ပြုချက်များ အပြန်အလှန်ဖလှယ်ရေးပင်ဖြစ်သည်။ ပို၍ရှုပ်ထွေးစေသည်မှာ ကွဲပြား၍ အပြိုင်အဆိုင်ဖြစ်နေသော အုပ်စု(၂)စု၏ကိုယ်စားလှယ်အစုအဖွဲ့များသည် အုပ်ချုပ်သူနှင့် အုပ်ချုပ်ခံလူတန်းစားနှစ်ရပ်အကြား ကြားခံနေသည့်အချက်ပင်။ ဤဆက်ဆံရေးတွင် သတိပေးချက်များ၊ ကွင်းဆက်ပြတ်နေသည့် အချက်များ၊ အုပ်စု(၂)စုအကြား အနေအထားပြောင်းပြန်ဖြစ်မှုများအား တွေ့ကြုံရမည်မှာ မလွဲကေန်ပင်။

ထို့ကြောင့် ထွက်ပေါ်လာသည့်ရလဒ်အပေါ် အမြဲလိုလို လူမှုအဖွဲ့အစည်းဆိုင်ရာ တုန့်ပြန်ဆောင်ရွက်မှု (Communitarian responsiveness)နှင့် ပုဂ္ဂလိကကိုယ်ကျင့်တရားဆိုင်ရာတာဝန် (individual moral responsibility)ကို ဖြေရှင်းချက်ထုတ်ရသည်။ သတင်းအချက်အလက်စိစစ်ခြင်းများ ဘက်လိုက်ခြင်းများ ဖြစ်နိုင်သည်။ ဖြေရှင်းချက်များသည် အခြားပါဝင်သူများအား လွဲချော်၍ ထိခိုက်စေနိုင်သည်။ တရားဝင်ခွင့်ပြုချက်များအား လက်တွေ့ဖေါ်ဆောင်ခြင်း နည်းပါးနိုင်သည်။ ဤသို့ဖြင့် အလွယ်တကူ မသိကျိုးကျွံပြုနေနိုင်ပါသည်။

တည်မြဲသော နိုင်ငံရေးအစိုးရအားလုံးသည် အချို့သော ပြည်သူလူထုအပေါ် ကြိုတင်ခန့်မှန်း၍ရသည့်တာဝန်ခံမှုမျိုး ရှိကောင်းရှိနိုင်ပါသည်။ သက်ဦးဆံပိုင်စနစ်ဖြင့်အုပ်ချုပ်သော ဆုလ်တန်ဘုရင်များတွင် အထူးလေ့ကျင့်သင်ကြားပေးထားသည့် ကေဒါများနှင့် စိတ်တူကိုယ်တူလူတစ်စုတို့ ရှိကြပါသည်။ စစ်အာဏာရှင်များတွင် ၎င်းတို့၏ဂိုဏ်းသားများအဖြစ် ကြည်း၊ ရေ၊ လေ တပ်မတော် ရှိကြသည်။ ဘုရင်အစစ်များသည်ပင် ဘုရားသခင်အား တာဝန်ခံပေးကြပါသည်။ လောကီဆန်လွန်းသည့် မင်းမျိုးမင်းနွယ်များနှင့်ပတ်သက်သည့် မင်္ဂလာအခမ်းအနား ဘိသိက်အခမ်းအနားများကို ဖေါ်ပြခြင်း မပြုပါ။ ဒီမိုကရေစီဝါဒ၌သာရှိ၍ အခြားဝါဒများတွင် မရှိသောအရာမှာ ပြည်သူလူထုပင်ဖြစ်သည်။ တပြည်လုံးအတိုင်းအတာအနေဖြင့် နိုင်ငံရေးအရထောက်ခံသည့်ပရိသတ်သည် နိုင်ငံခြားသားများမပါဝင်သော အရွယ်ရောက်ပြီးသူအားလုံး အကြုံးဝင်ပါသည်။ ထို့ပြင် နိုင်ငံရေးတာဝန်ခံမှု အနေဖြင့် ပြည်သူတိုင်း တူညီသော အခွင့်အရေးနှင့်တာဝန် ရှိရမည်။ ပြည်သူ့ထံသို့ အစိုးရ၏ ဆောင်ရွက်ချက်များ တရားဝင်တင်ပြရမည်။ ကြောင်းကျိုးပြချက်များလည်း ရှင်းလင်းတင်ပြရမည်။ ပြည်သူများ၏ လိုအပ်ချက်တို့အား ကောင်းမွန်စွာ ဖြည့်ဆည်းပေးသည် ညံ့ဖျင်းစွာ ဖြည့်ဆည်းပေးသည် ဆိုသည်ကိုလည်း အကဲဖြတ်ပိုင်ခွင့်ရှိရမည်။ ထို့နောက် လိုအပ်လျှင်လိုအပ်သလို ရွေးကောက်ပွဲနည်းဖြင့်သော်လည်းကောင်း အခြားနည်းလမ်းဖြင့်သော်လည်းကောင်း ရွေးချယ်ပိုင်ခွင့်ရှိရမည်။ မည်သည့်အရာက ပြည်သူများ၏အခန်းကဏ္ဍအား ပိုမိုရှုပ်ထွေးစေသနည်းဟုဆိုပါလျှင် ပြည်သူများသည် အထူးကိုယ်စားလှယ်များ(Specialized Representatives) ကို အလွန်အကျွံ မှီခိုအားကိုးနေကြရသည့်အတွက်ပင် ဖြစ်သည်။ အထူးကိုယ်စားလှယ်ဆိုသည်မှာ Agent မှ Principal အဖြစ်သို့လည်း ပြောင်းလဲလုပ်ဆောင်ရသည်။ ဤသည်မှာ ရွေးကောက်ထားသည့် (သို့မဟုတ်)

ခန့်အပ်ထားသည့်အစိုးရတွင် တာဝန်ရှိကြောင်း ပိုမိုသေချာစေလိုသည့်အတွက်ဖြစ်သည်။ ထိုမျှ ရှုပ်ထွေးနေသည့်အပြင် ထိုသို့သော Agent တဖြစ်လည်း Principal များသည် အတိတ်တွင် အုပ်ချုပ်ကောင်းအုပ်ချုပ်နိုင်ခဲ့သလို အနာဂါတ်တွင်လည်း အုပ်ချုပ်ရန် ရည်ရွယ်ကောင်း ရည်ရွယ်ပါ လိမ့်မည်။ ထိုအချိန်အတောအတွင်း ၎င်းတို့နှင့်ဆန့်ကျင်လိုက်သည့် (သို့မဟုတ်) လုံးဝမသိသော တရားဝင်ဆုံးဖြတ်ချက်များအား တာဝန်ခံလိုက်နာလိုသည့်အချိန်မျိုးတွင် နိုင်ငံသားများ Citizens သည် Principal အဖြစ်မှ Agent အဖြစ်သို့ ပြောင်းကြပါသည်။ မည်မျှပင်ရှုပ်နေစေကာမူ နိုင်ငံရေးတာဝန်ခံမှုအား လုပ်ငန်းအကျိုးသက်ရောက်မှု ဖြစ်ထွန်းစေရန်အတွက် အတည်တကျ ဖွဲ့စည်းရမည်။ ဆိုလိုသည်မှာ နှစ်ဦးနှစ်ဘက် အပြန်အလှန်နားလည်၍ ကြိုတင်ချမှတ်ထားသည့် စည်းကမ်းဥပဒေဘောင်အတွင်းတွင် မြှုပ်နှံထားရမည်ဟူသောသဘော ဖြစ်သည်။ အချို့စည်းမျဉ်း ဥပဒေများတွင်ကား ဖွဲ့စည်းပုံအခြေခံဥပဒေများ၊ ကိုခဥပဒေ၊ ကျမ်းကျိန်လွှာများအဖြစ် တရားဝင် ဖြစ်စေပါသည်။ သို့သော် နိုင်ငံရေးတာဝန်ခံမှုသည်ကား ဥပဒေ၊ ဘဏ္ဍာရေးနှင့် လူ့ကျင့်ဝတ် တာဝန်ခံမှုများနှင့် မတူပေ။

အုပ်ချုပ်သူများအား စုံစမ်းစစ်ဆေးမှု ပြုလုပ်နိုင်သည့်အပြင် ဥပဒေချိုးဖေါက်သည့်လုပ်ရပ် များ၊ အဂတိလိုက်စားမှုများနှင့် ထို့ထက်ပိုသော သာမန်အပြစ်များကို အရေးယူနိုင်သည်။ ၎င်းတို့ သည် ရိုးရိုးသားသားနိုင်ငံရေးရွေးချယ်မှုမှားယွင်းသည့်အတွက် ၎င်းတို့လိုချင်သည့် အကျိုးသက် ရောက်မှုမျိုး မရနိုင်သည့်အပြင် ကနဦးကြေညာထားသည်ထက် ပိုမိုအရင်းစိုက်ရပါလိမ့်မည်။ ထို့ပြင် အုပ်ချုပ်သူအပါအဝင် ပြည်သူများပါ တာဝန်လွှဲအပ်ခန့်ထားသည့်အမှုများနှင့် မေ့လျော့ချန်လုပ် ထားခဲ့သည့် အမှုများအတွက် တန်းတူတာဝန်ရှိသည်။ ဥပဒေစည်းမျဉ်းများကိုမူ အများသဘောတူ ညီချက်နှင့် **ယခင်ကတည်းက** ကြိုတင်ချမှတ်ထားပြီး ဖြစ်ရမည်။ နောက်ဆုံးသတိပြုရမည်မှာ လက်ရှိ အာဏာရထားသည့်ပုဂ္ဂိုလ် ထပ်မံအနိုင်ရလျှင်ပင် နိုင်ငံရေးတာဝန်ခံမှုလုပ်ငန်းစဉ်သည် ဆက်လက် လည်ပတ်နေပေမည်။ တာဝန်ခံမှု၏ ပုံမှန်လည်ပတ်ခြင်းများဖြစ်သည့် သတင်းအချက်အလက်၊ ဆုံးဖြတ်ချက်နှင့် ကျိုးကြောင်းပြချက်များ ဆွေးနွေးဖလှယ်ကြခြင်းသည် အကြမ်းဖက်ဝါဒထက် အနောက်အယှက်ကင်းပါသည်။ ထို့ကြောင့် ရွေးကောက်ပွဲရလဒ်များ၊ ပါလီမန်တွင် လျှို့ဝှက်မဲတစ်မဲ ဆုံးရှုံးခြင်းများ၊ သမတသည်စွပ်စွဲအပြစ်တင်ခံရခြင်းနှင့် နိုင်ငံတော်ဝန်ကြီးချုပ် နှုတ်ထွက်စာတင်ခြင်း မျှသာကြည့်၍ နိုင်ငံရေးတာဝန်ခံမှုလုပ်ငန်းလည်ပတ်လျက်ရှိပြီဟု သုံးသပ်လျှင် မှားပေလိမ့်မည်။ တာဝန်အား အထူးယူတတ်သည့် အုပ်ချုပ်သူများကား အဆိုပါရုတ်တရက်ခြိမ်းခြောက်မှုများအား ဂရုစိုက်လေ့မရှိပေ။ ထိုခေါင်းဆောင်မျိုးများသည် ပြည်သူလူထုလိုလားချက်များအား ဘုတ်အဖွဲ့သို့ တင်ပြသည်။ ၎င်းတို့၏ခေါင်းဆောင်များ မည်သည့်အရာများ ဆက်လုပ်နေသည်။ အဘယ့်ကြောင့် လုပ်နေသည်ကို ပြည်သူလူထုသို့တင်ပြသော အလေ့အထရှိကြသည်။ ထို့ကြောင့် ၎င်းတို့၏ တာဝန် ရှိမှုအတွက် မည်သို့မျှ စိုးရိမ်စရာမရှိပေ။ ထိုခေါင်းဆောင်များသည် ပြည်သူလူထုအား အမြဲတမ်း ရိုးရိုးသားသား တင်ပြနေသည့်အတွက် ရုတ်တရက်ပေါ်ပေါက်လာသည့် အများပြည်သူသဘော ထားတစ်ခုအတွက် အာဏာလက်ဝယ်ရှိသူတို့နှင့် ဆန့်ကျင်ရသည့်အခါမျိုးတွင် ၎င်းတို့၏ ခေါင်းဆောင်မှုသည်လည်း ပိုမိုတရားဝင်လာကြသည်။

## တိုင်းတာရန် ခက်ခဲသည့်အရာအား တိုင်းတာခြင်း

ဒီမိုကရေစီအရည်အသွေးတွင် တာဝန်ခံမှုက မည်မျှအကျိုးသက်ရောက်နေသည်ကို တိုင်းတာရန် စာရေးသူ၏ ပထမဆုံးအကြိမ်ကြိုးစားချက်မှာ မအောင်မြင်ခဲ့ပေ။ ခြုံယူဆင်ခြင်မှုကြောင့် မအောင်မြင်ခဲ့ခြင်းပင်။ ဒီမိုကရေစီလက်သစ်၏ မကောင်းသည့်အချက်များရေးထားသည့် စာရွက်စာတမ်းများအား အသုံးပြု၍ ဇယားထဲတွင် ဖော်ပြထားသည့် အချက်(၇)ချက်ကို ရှာဖွေတွေ့ရှိခဲ့သည်။ စာရေးသူလိုလားသည့် ဒီမိုကရေစီကို တာဝန်ခံမှု၊ တာဝန်သိမှုသဘောဆောင်သည့်အချက်အဖြစ် မည်သူကမျှ အဓိပ္ပာယ်မဖွင့်ဆိုကြပေ။ သို့သော် စာရေးသူအပါအဝင် အချို့သည်ကား ဖော်ပြပါအချက်(၇)ချက်အားလုံးကို နှစ်လိုဖွယ်ကောင်း၍ ကောင်းစွာလည်ပတ်နေသော ဒီမိုကရေစီအဖွဲ့အစည်း၏ ရလဒ်ဟုမြင်ကြပေသည်။

## ဒီမိုကရေစီ၏ အရည်အသွေးအားတိုင်းတာရန် အချက်(၇)ချက်

***အရည်အသွေး (၁)***

တစိတ်တဒေသအုပ်ချုပ်ရေးစနစ် (Partial regime) နှင့် အခြေခံဥပဒေအပေါ် သဘောတူညီချက်များအား အသင်းအဖွဲ့အုပ်စုအားလုံး ပြည်နယ်အဆင့်အောက်ခြေဒေသ (Territone) အားလုံးအပေါ် ထိရောက်စွာကျင့်သုံးခြင်း။

***အရည်အသွေး (၂)***

ထိရောက်သော နိုင်ငံရေးယှဉ်ပြိုင်မှုအခြေအနေများသည် ပြည်သူပြည်သားအများစုနှင့် အသင်းအဖွဲ့အုပ်စုများအပေါ် သာတူညီမျှရှိစေရမည်။

***အရည်အသွေး (၃)***

ထိရောက်သော တန်းတူမှုသည် ပြည်သူပြည်သားအများစုနှင့် အသင်းအဖွဲ့အုပ်စုများအား ပိုမိုထိရောက်သောညီမျှမှုကို ဖြစ်စေသည်။

***အရည်အသွေး (၄)***

မဲပေးသူအရေအတွက် သိသာထင်ရှားစွာ တိုးခြင်း၊ လျော့ခြင်း သို့မဟုတ် ပြည်သူ့ဆန္ဒခံယူပွဲတွင် မဲပေးသူအရေအတွက် (၃)ကြိမ်ဆက်တိုက် အပြောင်းအလဲမရှိဘဲ တူညီနေခြင်း။

***အရည်အသွေး (၅)***

အသင်းအဖွဲ့များနှင့် လှုပ်ရှားမှုများတွင် အဖွဲ့ဝင်များတိုးပွားလာခြင်းနှင့် ၎င်းတို့၏ စိတ်ဝင်စားမှု နယ်ပယ်ပိုမိုကျယ်ပြန့်လာခြင်း။

***အရည်အသွေး (၆)***

လူအများက မိမိကိုယ်မိမိ နိုင်ငံရေးအစွမ်းထက်မြက်မှု ပိုမိုရရှိလာပြီဟု ခံယူခြင်း။

***အရည်အသွေး (၇)***

ကျားမတန်းတူညီမျှမှုအခြေအနေ တိုးတက်လာခြင်း။

ထိုအချက် (၇)ချက်အား သေချာစေရေးအတွက် တိုင်းတာသည့်နည်းလမ်းအားရှာဖွေရန် အလွန်ခက်ခဲသည်ကို တွေ့ရသည်။ ထိုအတိုင်းအတာများအား ကိန်းဂဏန်းများအဖြစ် ပြောင်းလဲတိုင်းတာရန် ဖြစ်နိုင်ခြေ နည်းပါးသည်။ ထို့အပြင် ထို(၇)ချက်သည် လက်တွေ့အသုံးဝင်မှုအရလည်း

ကောင်း ကြောင်းကျိုးဆက်နွယ်မှုအရလည်းကောင်း တစ်ခုနှင့်တစ်ခု ဆက်သွယ်နေပေသည်။ ထို့ကြောင့် စဉ်းစားချိန်ဆရန် လိုအပ်ပေသည်။ ဥပမာတစ်ခုပြရမည်ဆိုသော် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ နိုင်ငံရေးအကျိုးသက်ရောက်မှုဟူသော အချက်(၆)အပေါ် မြင်သည့် သဘောထားသည် မဲဆန္ဒပေးလိုမှုဟူသော အချက်(၄)၏ အတိုင်းအတာနှင့် ဆက်သွယ်နေပါသည်။ လူတဦးချင်းစီအနေဖြင့် ဆက်ဆံမှုများ၊ အထောက်အထားများအားစုဆောင်း၍ ခွဲခြမ်းစိစစ်နိုင်သော်လည်း ပြည်သူလူထုတစ်ရပ်လုံးအတိုင်းအတာအဖြစ်ကား မည်သို့ဖြစ်မည်ဆိုသည်ကို ယခုတိုင် မသိနိုင်သေးပေ။ အခြေခံဥပဒေနှင့် အဓိကကျသည့် ဥပဒေစည်းမျဉ်းများအား ပြည်သူပြည်သားများ၏ ရပ်ပိုင်းဆိုင်ရာနှင့် လူမှုရေးကဏ္ဍများအပေါ်တွင် မည်သည့်အတိုင်းအတာအထိ အသုံးချနေသည်ကို အကဲဖြတ်ရန် သိသိသာသာ ခက်ခဲပေသည်။ ဂီလာမိုအိုဒေါ်နယ်လ် ( Guillermo O'Donnel) က အညိုရောင်နယ်မြေများ (Brown Areas) အကြောင်းတင်ပြခဲ့သည်။ ထိုအညိုရောင်နယ်မြေများသည် များသောအားဖြင့် အဓိကမြို့ကြီးများ၏အပြင်ဘက် ဆင်ခြေဖုံးရပ်ကွက်တွင် တည်ရှိ၍ အဆင့်အတန်းမြင့်သည့် တိုင်းရင်းသားအလွှာနှင့် လူမှုရေးအသိုင်းအဝိုင်း အပြင်ဘက်မှ လူများဖြစ်ကြသည်။ ထိုနေရာများတွင် ဒီမိုကရေစီအာမခံချက်နှင့် တရားဝင်စံနှုန်းများအား နေ့စဉ်နှင့်အမျှ မထေမဲ့မြင်ပြုခြင်းများ၊ ချိုးဖောက်ခြင်းများ ရှိနေပေသည်။ ထိုဖြစ်ရပ်များနှင့်ပတ်သက်၍ အတိုင်းအတာအားလည်းကောင်း အရေးပါမှုအားလည်းကောင်း လွယ်လွယ်ကူကူတိုင်းထွာ၍ မရသေးသော်လည်း ခိုင်မာကျယ်ပြန့်သည့် အထောက်အထား ရှိပြီးဖြစ်သည်။

ဥပဒေစည်းမျဉ်းအသုံးမဝင်သော အညိုရောင်နယ်မြေဖြစ်သည့်အတွက် ဥပဒေချိုးဖေါက်မှုများ၊ တရားဥပဒေသို့စိန်ခေါ်မှုများအား ထည့်သွင်းတွက်ချက်နေလျှင် အချည်းအနှီးပင်ဖြစ်သည်။ ထိုဆင်းရဲသူဆင်းရဲသားများသည် ၎င်းတို့အစော်ကားခံရမှုအား တရားရုံးတော်သို့မတင်ပြရဲကြ၍လည်း ဖြစ်နိုင်သည်။ မဲပေးခွင့်နှင့်စုစည်းခွင့်တိုးတက်မှုအပေါ် လက်တွေ့အခြေအနေက အတိုင်းအတာ မည်မျှအထိ အကျိုးသက်ရောက်မှုရှိသနည်းဆိုသည်ကိုတိုင်းတာရန် ရွေးကောက်ပွဲ အနိုင်ရရှိသည့် ကွာဟချက် (Margin) အား အညွှန်း (Indicator) တွင် ကြည့်ရှုနိုင်ပါသည်။ ထိုဖေါ်ပြချက်များတွင် ကပ်၍နိုင်သွားသည်ဆိုပါက အကြိတ်အနယ်ယှဉ်ပြိုင်ရသည်မှာ ပေါ်လွင်သည်။ လွတ်လပ်သော စုစည်းမှုဘဝသည် နိုင်ငံရေးအရ အရေးပါသည်ဟူသော အမှတ်အသားကို လူတန်းစားအခြေခံထားသည့် အဖွဲ့အစည်းများတွင် ရှာတွေ့နိုင်ပါသည်။

ဝင်ငွေနှင့် ကျားမတန်းတူရေး အပြောင်းအလဲများကိုမူ နိုင်ငံအတွင်းရှိ လူ့အဖွဲ့အစည်းများစွာ၏တနံတလျားအား သမိုင်းကြောင်းနှင့် နှိုင်းယှဉ်လေ့လာမှုနှစ်မျိုးစလုံးအရ အတော်အသင့်လွယ်ကူစွာ တိုင်းထွာနိုင်ပေသည်။ ပြည်သူများတွင် ကိုယ်ပိုင်နိုင်ငံရေးဝေဒနာခံစားချက်ရှိသည် မရှိသည်ကို အသေးစိတ်အချက်အလက်အဖြစ် ကောက်ယူခြင်းပြုမည် မဟုတ်ပေ။ မဲပေးသူ အရေအတွက် အပြောင်းအလဲသည် ဇယားကွက်ဆွဲရန် လွယ်သော်လည်း အဓိပ္ပာယ်ကောက်ယူ ရှင်းလင်းရန် ခက်ပေသည်။ ဒီမိုကရေစီလက်သစ်ဝါဒတိုင်းလိုလို ရွေးကောက်ပွဲလုပ်နေသည့်အချိန်တွင် ပြည်သူများ၏ ပါဝင်ဆင်နွှဲမှုကြောင့် အတိုင်းအဆမဲ့ပျော်ရွှင်ကြသည်ကို တွေ့ရသော်လည်း မဲရေတွက်သည့်အခါတွင် လျော့နည်းနေတတ်သည်ကို တွေ့ရလေ့ရှိသည်။ ထိုအဖြစ်က ပြည်သူများ အားရကျေနပ်၍ ဆင်ခြင်တုံတရားနှင့် မဲမထည့်သည်ကို ညွှန်ပြနေသလော သို့တည်းမဟုတ် စနစ်သစ်နှင့်တကွ ၎င်းတို့မွေးထုတ်လိုက်သည့် နိုင်ငံရေးသမားများအား မကြိုက်တော့၍လော။ အချက်အလက် (Data) များအရ ရည်ရွယ်ချက်များ ကွဲပြားခြားနားမှုနှင့် ပြည်သူ့အဖွဲ့အစည်းများမှ တသီးပုဂ္ဂလအဖွဲ့ဝင်များ ပါဝင်မလာကြဘဲ မမှန်မကန်ဖြစ်ကြရာမှ မူလရည်ရွယ်ထားသည့်ပုံစံများ ပြောင်းလဲ

ကုန်သည်။ အချက်အလက်(Data)များရှိသည့် အဖွဲ့အစည်းတစ်ခုအား လေ့လာသည့်အခါ ထိုအဖွဲ့အစည်းသည် ကုန်သွယ်မှုအဖွဲ့အစည်းပင်ဖြစ်စေ၊ ဘိုးလ်လင်းအဖွဲ့ကဲ့သို့သော အားကစားအဖွဲ့အစည်းပင်ဖြစ်စေ စုပေါင်းလှုပ်ရှားမှုများတွင် တာဝန်ယူကိုယ်စား မပြုနိုင်ကြသည်ကို တွေ့ရသည်။ အခြားအဖွဲ့အစည်းများတွင်လည်း တွေ့နိုင်ပေသည်။

ဒီမိုကရေစီအရည်အသွေးသုတေသနပြုချက်၏ အပြစ်အနာအဆာများအပေါ် စာရေးသူ၏ထင်မြင်ချက်ကား မှန်ကန်သည့်အချက်အား ရွေးချယ်ရမည်။ သို့သော် ထိုအရည်အသွေးနှင့် အခြေအနေများအား စိတ်ချရစေရန် တင်းကျပ်သည့်နည်းစနစ်ဖြင့် ဖေါ်ထုတ်ရာတွင် လိုအပ်နေခြင်း၊ ပြည့်စုံမှုမရှိခြင်းများအား ကြုံတွေ့ရပါသည်။ စာရေးသူ ယခင်ကတင်ပြချက်သည် မှားနိုင်ကြောင်း ထပ်လောင်းပြောလိုပါသည်။ မှားယွင်းသည့်အချက်များအား ရွေးချယ်ကောင်း ရွေးချယ်မိနိုင်ပါသည်။ ထိုကိစ္စမှာ ရှင်းလင်းရန် အလွန်ခက်ခဲပါသည်။ အဘယ်ကြောင့်မူကား ဒီမိုကရေစီအရည်အသွေးနှင့် ပတ်သက်သည့် ဆွေးနွေးချက်တစ်ခုလုံးသည် အတွေးမှား အမြင်မှားများနှင့် ပတ်လည်ဝိုင်းနေသည့် အတွက်ကြောင့် ဖြစ်သည်ကိုကား ရိုးရိုးရှင်းရှင်းလေးနှင့် သိနိုင်ပါသည်။

အထူးစောဒကတက်ရန်မလိုသည့် ပထမဦးဆုံးယူဆချက်ကား ဒီမိုကရေစီလက်သစ်ဝါဒများသည် အားလုံး (သို့) များသောအားဖြင့် အရည်အသွေးနိမ့်ကျသည်။ ဒီမိုကရေစီဝါဒအဟောင်းများနှင့် နှိုင်းယှဉ်လေ့လာလျှင်ဖြစ်စေ၊ ယင်း၏ မူလတရားကိုယ်အတိုင်း လေ့လာလျှင်ဖြစ်စေ၊ အရည်အသွေး နိမ့်ကျပါသည်။ ထိုအယူအဆသည် နှစ်ဖက်စလုံးမှားယွင်းနေပါသည်။ လောလောဆယ် တည်ထောင်ထားသည့် ဒီမိုကရေစီဝါဒများသည် မျှော်မှန်းထားသည်ထက် များစွာ ပိုမိုကောင်းမွန်နေသည်သာမက ဒီမိုကရေစီဝါဒအဟောင်းများသည်လည်း ယခုလက်ရှိအယူအဆအား ဖေါ်ညွှန်းထားသည်ထက် ပိုမိုညံ့ဖျင်းစွာ ဆောင်ရွက်နေကြပေသည်။ ဆောင်ရွက်လေ့ရှိသည်ထက် ပိုညံ့စေရန်လည်း လုပ်ဆောင်နေကြပေသည်။

အနောက်ပိုင်းဒီမိုကရေစီကို စတင်တည်ထောင်ခဲ့သည့် လွန်ခဲသော ဆယ်စုနှစ်တစ်ခု (သို့) နှစ်ခုအား စစ်ဆေးလေ့လာကြည့်လျှင် ရောထွေးနေသည်ကို ထင်ထင်ရှားရှားတွေ့ရပါမည်။ ၁၈၃၀ခုနှစ်နှောင်းပိုင်းတွင် ဗြိတိန်နိုင်ငံသည် မည်သို့နေပါသနည်း။ ၁၈၆၀ခုနှစ် ဒိန်းမတ်နိုင်ငံ (သို့) ၁၈၉၀ခုနှစ် ပြင်သစ်နိုင်ငံအခြေအနေအား မည်သို့ခန့်မှန်း၍ရပါသနည်း။ ထိုနိုင်ငံများအားလုံးသည် ယနေ့ခေတ်အရှေ့ဥရောပနှင့် လက်တင်အမေရိကနိုင်ငံများကဲ့သို့ အခြေအနေကောင်းပါ၏လော။ ထိုအစောပိုင်း ဒီမိုကရေစီလူ့အဖွဲ့အစည်းများတွင် အများပြည်သူအကျင့်ပျက်မှု၊ လာဘ်ပေး လာဘ်ယူမှုနှင့် ဆန္ဒမဲအားငွေပေးဝယ်မှု၊ မမျှတသည့် ဥပဒေရေးရာခန့်ခွဲမှု၊ အခွင့်ထူးခံလူတန်းစားအား မျက်နှာလိုက်မှု၊ အဖိနှိပ်ခံလူတန်းစားအား လျစ်လျူရှုမှုများ အမှန်တကယ်နည်းပါးသည်ကို တွေ့ရပေလိမ့်မည်။

အမျိုးသမီးများ၊ စာမတတ်သူများနှင့် ဆင်းရဲသားများအား မဲပေးပိုင်ခွင့် ပိတ်ပင်ငြင်းဆိုမှုများကိုကား ထည့်သွင်းတင်ပြရန်ပင်မလိုဟု ဆိုရမည်။ သံသယဖြစ်စရာများအနေဖြင့် လက်ခံပါသည်။ အမှန်တွင်မူ ဤနှိုင်းယှဉ်မှုသည် မတရားပေ။ နိုင်ငံရေးသမိုင်းကြောင်းသည် အရှိန်ပိုပြင်းလာသည့်အပြင် မျှော်လင့်ချက်များသည်လည်း ပြောင်းလဲလာခဲ့ပေသည်။ ခေတ်သစ်ဒီမိုကရေစီတွင် နည်းဥပဒေနှင့် စံအမှတ်အမျိုးမျိုး ကွဲပြားနေပေသည်။ ယနေ့ဖြစ်ပေါ်စ ဒီမိုကရေစီစနစ်များသည် ယခင်ဒီမိုကရေစီစနစ်ထက် ပိုကောင်းကာ အခိုင်အမာတည်ဆောက်ထားသော ခေတ်ပြိုင်ဒီမိုကရေစီစနစ်များနှင့်လည်း တန်းတူဖြစ်မည်ဟု ယူဆရပါသည်။ အခြေကျနေသည့် ဒီမိုကရေစီစနစ်များသည် လက်ရှိအနေအထား၌ ထိရောက်ရန်၊ ပြည်သူများ၏အမြင် ကြည်လင်မှုရရှိရန်၊ တရားမျှတ

သည့် ရွေးကောက်ပွဲ၊ ထိရောက်သည့် လူ့အခွင့်အရေးအာမခံမှုနှင့် တန်းတူပါဝင်ခွင့်ရရှိရန် ရာစုနှစ် (သို့) ရာစုနှစ်ထက်ပို၍ အချိန်ကြာခဲ့ပေသည်။ သို့သော် ပြည်သူပြည်သား တာဝန်ခံမှုကဏ္ဍသည် ကား မျက်ခြေပြတ်နေသေးသည်။ ခေတ်နောက်ပြန်ဆွဲနေသည့် ဤစနစ်၏ချို့ယွင်းချက်များအား ရှောင်ရှားနိုင်ရန်၊ ဒီမိုကရေစီအရည်အသွေးအား အကဲဖြတ်ရန် အသုံးပြုသည့်စံနှုန်းများသည် ခေတ်မီ၍ တိကျလျော်ကန်ရမည်ဖြစ်သည်။

ဆိုလိုသည့်အဓိပ္ပာယ်မှာ (၁) ယခင်ဒီမိုကရေစီ (လက်ဟောင်း) များ ဆယ်စုနှစ်ထက် မနည်း ကြိုးစားလုပ်ဆောင်ရာမှ ဖြစ်ပေါ်လာခဲ့သည့် စင်မြင့်ထက်မှ အသုံးတော်ခံမှုများအား ဒီမို ကရေစီလက်သစ်များအနေဖြင့် မလုပ်ဆောင်သင့်ဘဲ ရှောင်ရှားရမည်။ (၂) ထိုအချိန်က မည်သူမျှ လုပ်ဆောင်ရန်မျှော်လင့်မထားသည့်ကိစ္စအား မလုပ်ခဲ့ကြပေဟူ၍ ဒီမိုကရေစီလက်ဟောင်းများအား အပြစ်တင်သည်ကိုလည်း ရှောင်ရှားရမည်။ (ဥပမာ – အမျိုးသမီးများအား မဲပေးရန် (သို့) ဆိုးဝါး သည့် အုပ်ချုပ်ရေးမြို့များအား ပယ်ဖျက်ပစ်ရန်)။

သေချာသည်မှာ ၁၉၇၄ ခုနှစ်နောက်ပိုင်းနှင့် ၁၉၈၉ ခုနှစ်နောက်ပိုင်း ဒီမိုကရေစီဝါဒများ၏ အဆင့်အတန်းအား ခန့်မှန်းရန် ခေတ်သစ်အနောက်တိုင်းဒီမိုကရေစီဝါဒများ၏ အတွေ့အကြုံ အပြောင်းအလဲများအပေါ်တွင် မူတည်၍ခန့်မှန်းတွက်ချက်ရမည်ဖြစ်သည်။ ဆိုလိုသည်မှာ ၎င်း၏ အရင်ဒီမိုကရေစီဝါဒထက် အဆင့်အတန်းပိုမြင့်စေရန် ထိန်းသိမ်းထားရေးဖြစ်သည်။ ပုံမှန်စံနှုန်းဖြင့် ဆုံးဖြတ်သည်ထက် အကောင်းဆုံးလုပ်ဆောင်ချက်များအပေါ်မူတည်၍ အကဲဖြတ်မည်ဟူသော အဓိပ္ပါယ်မဟုတ်ပေ။ ရည်မှန်းချက်ပန်းတိုင်အား လောလောလတ်လတ်အခြေအနေ၏ အမှန် တကယ် သမိုင်းရောင်ပြန်ဟပ်မှုဘက်သို့ပြောင်း၍ တစတစဖွံ့ဖြိုးတိုးတက်လာသည့် ဒီမိုကရေစီ ဆင့်ကဲပြောင်းလဲမှုဆီသို့ ရွှေ့ပေးရမည်ဖြစ်သည်။ သို့သော် အနောက်တိုင်းယှဉ်ပြိုင်သူများ အလှမ်းမီ နိုင်သည့်အဆင့်အထိ ပန်းတိုင်ကို မြှင့်မထားသင့်ပါ။ သို့မဟုတ်ပါက ပန်းတိုင်သို့ နောက်ကျဝင်သည့် သူများ ထပ်ဝင်မလာနိုင်စေရန် နေရာရွှေ့ထားရပေမည်။ ဒုတိယ ဖြစ်နိုင်ချေရှိသည့်ချို့ယွင်းချက်ကား စိတ်ကူးစံပြဝါဒ **(Idealism)** (သို့မဟုတ်) အစစ်အမှန်ဒီမိုကရေစီအား လက်တွေ့မကျသည့် အဆင့်အတန်း **(Unrealistic Standards)** အထိ ချုပ်ကိုင်ထားခြင်းပင်ဖြစ်သည်။

မည်သည့်ဒီမိုကရေစီစနစ်မဆို မတရားမှု၊ ပြည်သူများ၏ စိတ်မဝင်စားမှု၊ နိုင်ငံရေးအရ အစွန်းထွက်နေသည့် တန်းတူရည်တူမရှိမှု၊ ပြည်သူ့ဝန်ထမ်းများ၏ ကိုယ်ကျိုးရှာမှု အစရှိသည်များ အား အနည်းအပါး ခံစားကြရမည်ပင်။ သို့ရာတွင် ဒီမိုကရေစီဟူသည်ကား စနစ်တစ်ခုအား သရုပ်ဖော်သည့် ဝေါဟာရသက်သက်မဟုတ်ပေ။ ဒီမိုကရေစီစနစ်ကား ထူးခြားသော်လည်း မပြည့်စုံ သည့် တန်းတူမှု၊ ပြည်သူအများပါဝင်မှု၊ အမြင်ကြည်လင်မှု စသဖြင့် ထူးခြားသည့်အချက်များအား ဖော်ဆောင်ထားခြင်းပင်ဖြစ်သည်။ စံအဖြစ်သတ်မှတ်ထား၍ လက်တွေ့ဘဝတွင် အလုံးစုံ ပြီးပြည့်စုံ စေရန် မည်သို့မျှ မဖြစ်နိုင်သည့် ဝေါဟာရတစ်ခုလည်း ဖြစ်ပေသည်။ အနီးစပ်ဆုံး အောင်မြင်နိုင် ရန် လျှောက်လှမ်းနိုင်ပေသည်။ ဤသို့အားဖြင့် ကျွန်ုပ်တို့သည် လက်တွေ့မျက်မြင်အား အခြေခံ စံအဖြစ်သတ်မှတ်သော ဂယက်အနက်ရှိသည့် စကားလုံးတစ်လုံးတွင် ရောက်ရှိသောင်တင်နေ ကြပေသည်။ ဒီမိုကရေစီ၏သဘောတရားသည် တိုက်တွန်းနှိုးဆော်ချက်များဆိုသည်ကို သဘော မပေါက်သ၍၊ ဤစနစ်သည် အတိတ်တွင် ကျွန်ုပ်တို့လုပ်ဆောင်ခဲ့သည်များထက် ပိုမိုကောင်းမွန် အောင် အနာဂါတ်တွင်လုပ်ဆောင်ရေးအတွက် တိုက်တွန်းရန် ရည်ရွယ်သည့်စနစ်ဆိုသည်ကို သဘောမပေါက်သ၍ ဒီမိုကရေစီလက်သစ်ဝါဒ အောင်မြင်မှု ရှိ မရှိအား လက်တွေ့ကျ၍ မှန်ကန် တရားမျှတသည့် အကဲဖြတ်မှုများ မလုပ်နိုင်ပါ။ တတိယချို့ယွင်းချက်ကား ဘက်လိုက်ခြင်းဖြစ်သည်။

ဒီမိုကရေစီလက်သစ် (Neo-democracy) အား လေ့လာလိုသူတစ်ယောက်သည် ခြေခြေမြစ်မြစ်နှင့် ထိထိရောက်ရောက် လေ့လာမည့်အသွင်ဆောင်နေသည်ကပင် အတော်အတန်ဆွဲဆောင်မှုရှိပေသည်။ အမေရိကန်ပြည်မြောက်ပိုင်းနှင့် အနောက်ဥရောပ လေ့လာသူအချို့သည် ၎င်းတို့သဘောကျသည့်ပါတီအား တိုင်းပြည်တွင် အနိုင်ရစေချင်သည့် ဆန္ဒရှိကြသည်။ ဆိုရှယ်ဒီမိုကရက်များက ဒီမိုကရေစီလက်သစ်များအား ပြည်သူများ၏ ဝင်ငွေညီမျှစေရန် လုပ်ဆောင်မပေးသည့်အတွက် ပြင်းထန်စွာဝေဖန်ကြသည်။ အစွန်းမရောက်သည့် ဈေးကွက်စီးပွားရေးစနစ်ကို လက်ခံသူများက ပုဂ္ဂလိကလက်သို့ လွှဲပြောင်းပေးသည့်ကိစ္စ (Privatization) နှေးကွေးနေသောကြောင့် မကျေနပ်ကြပေ။ ရိုးရာအစဉ်အလာအားလက်ခံသည့် (traditional conservatives) သူများကမူ ရှေးရိုးပုံစံမှ ပြောင်းလဲကျဆင်းမှုအတွက် ငြီးငြူကြသည်။ ဘက်လိုက်ခြင်းအား ထိန်းချုပ်သည့် ပရိယာယ်များကား လူ့အခွင့်အရေးနှင့် ပြည်သူ့အခွင့်အရေးများအား ရိုသေလေးစားရန်၊ ဆင်းရဲနွမ်းပါးမှုကျဆင်းရန်၊ လက်ရှိအစိုးရမှ ပြည်သူများအတွက်တာဝန်ခံရန်၊ အမျိုးသား သက်သေခံ အထောက်အထားအား ကာကွယ်ရန် အစရှိသည်တို့ ဖြစ်သည်။ အထူးအဆင့်မဟုတ်သည့် ကိစ္စများအား လက်တွေ့ကျင့်သုံးသည့်အခါတွင်မူ ဥပမာ – ကျားမတန်းတူဖြစ်ရေးနှင့် လယ်ယာစိုက်ပျိုးရေး၊ အမတော်ကြေးကိစ္စများတွင် မိမိဆက်ဆံရမည့် လူ့အဖွဲ့အစည်းရှိ ပြည်သူများ၏ အကြိုက်အား လိမ္မာပါးနပ်စွာ လေ့လာဆောင်ရွက်ပေးရမည်။

ဖြစ်နိုင်ခြေရှိသည့် ချို့ယွင်းချက်သုံးခု၏နောက်တွင် အလားအလာ မျှော်လင့်ချက် ရှိပါသည်။ ဒီမိုကရေစီအား ကျစ်လျစ်ခိုင်မာစေရန်လုပ်ဆောင်ခြင်းသည် အရည်အသွေးအား မထိန်းပေးနိုင်ပေ။ ကျစ်လျစ်ခိုင်မာခြင်းဟူသော အဓိပ္ပါယ်အား စာရေးသူ နားလည်သည်မှာ အဖွဲ့အစည်းအတွင်း ပါဝင်သည့်သူများ ဥပဒေစည်းကမ်းနှင့်လျော်ညီစွာ တစ်ဦးနှင့်တစ်ဦး ပြိုင်ဆိုင်ရိုင်းပင်းကူညီကြ၍ ပြည်သူများ၊ ကိုယ်စားလှယ်များနှင့် အုပ်ချုပ်သူများအချင်းချင်း အပြန်အလှန် လက်ခံနိုင်ကြသည့် အခြေအနေကို ဆိုလိုပေသည်။ ထိုသို့ စုစည်းကျစ်လျစ်ခိုင်မာလာသည့်အဖွဲ့အစည်းနှင့် ဥပဒေစည်းကမ်းများမှ အဆင့်မြင့်ဒီမိုကရေစီ၊ အလယ်အလတ်ဒီမိုကရေစီနှင့် အဆင့်နိမ့်ဒီမိုကရေစီဟူသော ဒီမိုကရေစီအရည်အသွေးသုံးမျိုး ပေါ်ထွက်လာသည်။ အဆင့်နိမ့်နှင့် အလယ်အလတ်ဒီမိုကရေစီများတွင် ကြုံတွေ့ရသည့် ဖြစ်ရပ်များအရ ပြည်သူများက တိုင်းပြည်အခြေအနေ တိုးတက်မှုအတွက် တောင်းဆိုကြမည်။ သို့သော် မည်သို့မျှ ရေရာမှုမရှိသည့်အပြင် ဒီမိုကရေစီဖြစ်စဉ်သည်လည်း အချိန်ကြာနိုင်ပေသည်။

ဒီမိုကရေစီ၏ အဓိက အနုမာနအဆိုများထဲမှ တစ်ခုကား လုပ်ထုံးလုပ်နည်း မှန်ကန်သည့် ဒီမိုကရေစီစစ်စစ်ဖြစ်ပါက အဆင့်နိမ့်ဒီမိုကရေစီဖြစ်လင့်ကစား အဆင့်မြင့်သက်ဦးဆံပိုင်စနစ် (High-quality autocracy) ထက် တိုင်းပြည်၏အခြေအနေအား တိုးတက်စေပါသည်။ (အဆင့်မြင့်သက်ဦးဆံပိုင်စနစ် ရှိခဲ့ပါလျှင်) ဒီမိုကရေစီစနစ်သည် အချိန်တိုအတွင်းတွင် တိုးတက်မှုရမည်ဟူ၍ကား အာမခံချက် မပေးနိုင်ပေ။ သို့ရာတွင် အနာဂါတ်ကာလ၌ ဖြစ်နိုင်သည်ဟူ၍ ဆိုနိုင်သည်။ ထို့ကြောင့် ဒီမိုကရေစီဝါဒကျင့်သုံးခြင်းသည် မကျင့်သုံးသည်ထက် ပိုကောင်းပါသည်။ လက်တွေ့တွင်မူ စပ်ကူးမတ်ကူးကာလ (Transition) ၌ အဆင့်မြင့်လွန်းသည့် ဒီမိုကရေစီအား မမှန်းသင့်ပေ။ မှန်းခဲ့လျှင် ဖြစ်စေချင်သည်နှင့် တခြားစီ (Counter productive ) ဖြစ်တတ်သည်။ အမြစ်မှလှန်၍ ပြောင်းလဲရန် ပြင်းပြင်းထန်ထန် လိုအပ်သော်လည်း ဒီမိုကရေစီအား မလိုလားသည့် အဖွဲ့အစည်းများ၏ တုန့်ပြန်မှုများအား ကြုံတွေ့ရမည်ဖြစ်သည့်အတွက် လုပ်ထုံးလုပ်နည်း စနစ်ကျ၍ ငြိမ်းချမ်းစွာဖြင့် တဖြည်းဖြည်း ချီတက်ရမည်ဖြစ်သည်။ လွတ်လပ်၍ တရားမျှတသောရွေးကောက်ပွဲသည်

မကြာမတင်ကာလ၌ ကျင်းပမည်ဖြစ်၍ ဒီမိုကရေစီအစိုးရလက်အောက်တွင် ဤသို့ သည်းခံစိတ်ရှည်နိုင်ရန် လွယ်ကူပါသည်။

ယေဘုယျအစိုးရ (Generic regime) အမျိုးအစားများ ကျင့်သုံးသည့် ဒီမိုကရေစီဝါဒသည် တမူထူးခြားသည်။ အဘယ်ကြောင့်ဆိုသော် အများဆန္ဒနှင့် တရားဥပဒေအရ မိမိတို့၏ ကိုယ်ပိုင်စည်းမျဉ်းစည်းကမ်းများအား ပြောင်းလဲ၍ ခြားနားသည့် ဒီမိုကရေစီပုံစံအသွင်သို့ ကူးပြောင်းခြင်းကြောင့် ဖြစ်သည်။

## အနီးစပ်ဆုံးတိုင်းတာမှုများ အလုပ်ဖြစ်ပါသလော

ဒီမိုကရေစီ၏ အဆင့်အတန်းအား တိုက်ရိုက်နည်းဖြင့် တိုင်းတာ၍ မအောင်မြင်ခဲ့သော်လည်း သွယ်ဝိုက်သောနည်းဖြင့် တိုင်းတာလျှင် အောင်မြင်နိုင်ပါမည်လား။ ကျစ်လစ်ခိုင်မာစွာ စုစည်းနေချိန်တွင် တာဝန်ခံမှုနှင့်ပတ်သက်၍ ဒီမိုကရေစီလက်သစ်များသည် မည်သို့တည်ဆောက်နေသည်ကို လေ့လာနိုင်ပါသလား။ ကောင်းစွာ တည်ဆောက်နေပါသလား။ သို့မဟုတ် ညံ့ဖျင်းစွာ တည်ဆောက်နေပါသလား။

ထို့ပြင် စီးပွားရေးဖွံ့ဖြိုးမှု၊ လူမှုရေးနှင့် ကျားမတန်းတူရှိမှု၊ တရားဥပဒေချောမွေ့စွာလည်ပတ်မှုနှင့် ပိုမိုကောင်းမွန်သည့် အခွင့်အရေးကာကွယ်မှု စသည်များသည် ဒီမိုကရေစီလက်သစ်များနှင့် အပြုသဘော အပြန်အလှန်ဆက်စပ်နီးနွယ်နေပါသလား။ ခိုင်မာကျစ်လျစ်စွာ စုစည်းသည့် ဒီမိုကရေစီဖြစ်ရုံမျှဖြင့် အထက်ပါအကျိုးသက်ရောက်မှုများအား ချက်ချင်းရလိမ့်မည်ဟု ယုံကြည်စရာ အကြောင်းမရှိပါ။

ထို့ကြောင့် ပိုမိုတိုးတက်ကောင်းမွန်သည့်အနာဂါတ် ဖြစ်ထွန်းပေါ်ပေါက်ရန် ပျောက်နေသော ကွင်းဆက်သည် ပြည်သူလူထုနှင့် အစိုးရအကြား နည်းလမ်းမျိုးစုံဖြင့် ဆက်သွယ်ပေးမည့် (ပြည်သူ့)ကိုယ်စားလှယ်များအပေါ် မူတည်နေပါသည်။ နိုင်ငံရေးသိပ္ပံပညာရှင်များက **နိုင်ငံရေးတာဝန်ခံမှု** အကြောင်း ဆွေးနွေးသည့်အခါတွင် အကွာအဝေးတင်စားမှု (spatial metaphor) ကို ထုံးစံအတိုင်း ဇောင်းပေးသုံးနှုန်းသည့် ဝေါဟာရကား ပြည်သူလူထုကိုယ်စားလှယ်များနှင့် အစိုးရအကြား ဒေါင်လိုက်သဘော အာဏာဆက်နွယ်မှု (Vertical Power Relation) ပင်ဖြစ်ပါသည်။

အမျိုးမျိုးသောသတင်းအချက်အလက်များ၊ ကြောင်းကျိုးပြချက်များ၊ ခွင့်ပြုမိန့် ခွင့်ပြုချက်များ စသည့် အန္တရာယ်များသည် သံကြိုးကွင်းဆက်တလျှောက် အပေါ်မှအောက်၊ အောက်မှအပေါ် အပြန်အလှန်လည်ပတ်နေကြသည်။ ဒေါင်လိုက်အတိုင်းအတာအား လွတ်လပ်သည့်ဒီမိုကရေစီအမြင် ထောက်ခံသူများနှင့် ဒီမိုကရေစီပညာရှင်များက အလျားလိုက် (Horizontal) ဟူသော ဝေါဟာရ ထပ်ပေါင်းလိုက်ပေသည်။ အလျားလိုက်တာဝန်ခံမှု (Horizontal Accountability) ဆိုသည်မှာ အုပ်ချုပ်သူ(အစိုးရ)နှင့် အုပ်ချုပ်ခံ(ပြည်သူလူထု)အကြား အပြန်အလှန်အကျိုးပြုမှုမဟုတ်ဘဲ နိုင်ငံတော်နှင့် အစိုးရ၏ဌာနခွဲများအကြား ကြိုတင်ချမှတ်ထားသည့် အခြေခံဥပဒေသို့မဟုတ် တရားဥပဒေများနှင့်အညီ ဆောင်ရွက်ခြင်းဖြစ်ပါသည်။ ထိုသို့ ပုံမှန်စစ်ဆေးကိုက်ညှိထားသည့် အလုပ်သည်သာ တာဝန်ခံမှုအား ပိုမိုမြင့်မားသေချာစေရန် ရည်ရွယ်ပါသည်။

ထို့အပြင် အချို့ကိစ္စများတွင် ပြည်သူလူထုနှင့် ဒေါင်လိုက်ဆက်သွယ်မှုကို အားပေးကြသည်။ ဥပမာ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့်အညီ ဖွဲ့စည်းထားသည့် တရားရုံးက အများပြည်သူများ ထောက်ခံသော တရားဥပဒေတစ်ခုကို ဖျက်သိမ်းပစ်လိုက်သည့်အခါ (သို့မဟုတ်)

အလုပ်အကိုင်ရရှိမှုနှုန်း တိုးတက်လာစေရန် ဘဏ်တိုးနှုန်းများလျှော့ချရန် အများဆန္ဒအရ အစိုးရ၏ မေတ္တာရပ်ခံချက်များအား ဗဟိုဘဏ်မှ မသိကျိုးကျွံပြုနေခြင်းတို့ဖြစ်ပါသည်။ ထိုတာဝန်ခံမှုပုံစံသည် အမှန်တကယ်အလုပ်ဖြစ်ပါ၏လော။ သို့မဟုတ် စစ်မှန်သည့် ဒီမိုကရေစီဖြစ်ပါ၏လောဆိုသည်ကို သံသယဖြစ်နေဆဲတွင်ပင် ဒီမိုကရေစီဝါဒဟောင်းများ၏ အလျားလိုက်တာဝန်ခံမှုနှင့် လူ့အဖွဲ့အစည်း သစ်များ တီထွင်ဖန်တီးသည့်အခြေသို့ ကူးလူးဝင်ရောက်သည့် ထူးခြားသောစွမ်းအားများ (သို့မဟုတ်) ဒီမိုကရေစီအသစ်များဖြစ်ပေါ်စေရန်လှုံ့ဆော်သည့် ထိုလူ့အဖွဲ့အစည်းများ အသုံးပြု သည့် စွမ်းအားများဖြစ်ပေါ်လာသည်ကိုမူ မည်သူမျှမငြင်းနိုင်ပါ။

အချို့အလျားလိုက်တာဝန်ခံမှုနှင့်ပတ်သက်သည့် အဓိကအစိတ်အပိုင်းများသည် တရား ဥပဒေနှင့်သက်ဆိုင်သည့် သဘာဝရှိပါသည်။ ထိုသဘာဝများမှာ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ထုတ်ပြန်ချက်များအား ဆောင်ရွက်ရသည့် ဗဟိုတရားရုံး (သို့မဟုတ်) လူ့အခွင့်အရေး၊ လူမျိုးရေး နှင့် အလုပ်သမားဆက်ဆံရေးများ(သို့မဟုတ်)ရွေးကောက်ပွဲကျင်းပရေးတို့ ဖြစ်ကြသည်။ ထို အုပ်ထိန်းသူ ကိုယ်စားလှယ်များ (Guardian Agencies) အတွင်း ပါဝင်နိုင်သည်မှာ စာရင်းစစ်ရုံး များ၊ လုပ်ငန်းစစ်ဆေးရေးအဖွဲ့များ၊ အစိုးရဌာနများအပေါ် မကျေနပ်ချက်များအား စုံစမ်းတင်ပြရန် ခန့်အပ်ဖွဲ့စည်းထားသည့်ရုံးများနှင့် လွတ်လပ်သော စည်းမျဉ်းစည်းကမ်းထိန်းသိမ်းရေး အေဂျင်စီ (Independent regulatory agencies) တို့ ဖြစ်သည်။

အကွာအဝေး တင်စားမှု (SpatialMetaphor) များအား လက်တွေ့အသုံးချခြင်းသည် မည်မျှအသုံးဝင်ပါသနည်း။ နောက်ထပ်တင်ပြလိုသည်မှာ မျဉ်းစောင်းတာဝန်ခံမှု (Oblique Accountability) ဖြစ်သည်။ ထိုဝေါဟာရအား ဒီမိုကရေစီနည်းအရ **နိုင်ငံရေးတာဝန်ခံမှုနှင့် ထိုတာဝန်ခံမှုအား ကျင့်သုံးသည့်** နည်းစနစ်များအတွက် တွေးခေါ်ကြံဆရမည် ဖြစ်သည်။ ဤနေရာ တွင် စာရေးသူအနေဖြင့် ဇဝေဇဝါ ဖြစ်မိသည်။ ထိုသို့ ပြည့်သူ့အဖွဲ့အစည်းများ ထပ်ဆင့်ပေါ်ထွက် လာသည့်နောက်ကွယ်တွင် ထူးခြားမှုတစုံတရာ ရှိရပါမည်။ ထို့အပြင် ဖွံ့ရှိသည့်အနောက်နိုင်ငံ ဒီမိုကရေစီအဖွဲ့အစည်းများ၏ တောင်းဆိုချက်များအား လူသစ်များကကြိုးစား၍ လက်ခံရွေးချယ်ကြ သည်။ ဤသည်မှာ ဒီမိုကရေစီအရည်အသွေး အဆင့်အတန်းသက်သက်ကြောင့်ဖြစ်သည်ထက် တည်ငြိမ်သည့် ပိုင်ဆိုင်မှုအခွင့်အရေး (Stable property rights) ရလိုမှုနှင့် အရာရာပြည့်စုံသည့် အထက်တန်းလွှာမှ အဟောအပြောကောင်းသူများကြောင့် မဟုတ်ပါလော။

(ပုံ – ၁)

**အောင်မြင်သောတာဝန်ခံမှု၏ ယေဘုယျဂုဏ်သတ္တိများ**

**(အချိန် နှင့် ပါဝင်သူများ)**

| | ယခင် | ယခု | နောက် |
|---|---|---|---|
| ပြည်သူ | ပါဝင်ခြင်း | အာရုံစိုက်ခြင်း | တာဝန်အားသိတတ်ခြင်း |
| ကိုယ်စားလှယ် | လှုပ်ရှားမှု (ဆန့်ကျင်နှင့် လိုက်နာ) | ပြိုင်ဆိုင်ခြင်း | လိုက်နာဆောင်ရွက်ခြင်း |
| အုပ်ချုပ်သူအစိုးရ | လက်ခံအတည်ပြုခြင်း | ဆွေးနွေးတိုင်ပင်ခြင်း | တုန့်ပြန်ခြင်း |

(ပုံ-၂)
မအောင်မြင်သော တာဝန်ခံမှု၏ ယေဘုယျဂုဏ်သတ္တိများ
(အချိန် နှင့် ပါဝင်သူများ)

| | ယခင် | ယခု | နောက် |
|---|---|---|---|
| ပြည်သူ | ပျက်ကွက်ခြင်း | အရေးမထားခြင်း | မကျေမနပ်ဖြစ်ခြင်း |
| ကိုယ်စားလှယ် | လှုပ်ရှားမှု (ဆန့်ကျင်) | ပိတ်ဆို့ခြင်း | ဆန့်ကျင်တော်လှန်ခြင်း |
| အုပ်ချုပ်သူအစိုးရ | ချန်လှပ်ထားခြင်း | ပူးပေါင်းလိမ်လည်ခြင်း | အမိန့်ပြဋ္ဌာန်းခြင်း |

ထိုရည်ရွယ်ချက်နှင့် အတိုင်းအတာအား ရွေးချယ်သည့်နေရာတွင် နေရာ(space) အစား အချိန် (Time) ကို ရွေးချယ်ပါသည်။ (ပုံ – ၁ ကိုကြည့်ပါ)။ ဒီမိုကရေစီတွင် သူ့စည်းဝါးနှင့်သူ ရှိပါသည်။ စစည်းကျစ်လျစ်သည့် ဒီမိုကရေစီနိုင်ငံရေးတိုင်းတွင် ရွေးကောက်ပွဲများ၊ အများဆန္ဒအရ စည်းရုံးမှုများ၊ မူဝါဒဆိုင်ရာလည်ပတ်မှုများ၊ ပြည်သူ့အာရုံစိုက်မှုသက်တမ်းများနှင့် နိုင်ငံရေးသမား များ၏ ရေပန်းစားမှုများပင် အချိန်နှင့်အမျှ ကြိုတင်တွက်ချက်၍ရပါသည်။ ထိုအရာများနှင့် တိုက်ဆိုင်မှုရှိလျှင်ပင် တခါတရံ ကံကောင်းသည့် စိတ်လှုပ်ရှားမှုအား ဖြစ်စေပါသည်။ ထိုသို့မဟုတ် တခါတရံ လက်တန်းအဖြစ်သဘော လုပ်ဆောင်လိုက်ရသည်များလည်းရှိပေသည်။

တာဝန်ခံမှု (Accountability) အား ကကြိုးကကွက် (Dance) နှင့် ဥပမာနှိုင်းလျှင် ကကွက် (၃)ကွက်ရှိပါသည်။ ပထမကကွက်မှာ Overture ဟု တွင်သည်။ ပုံ(၁)တွင် 'ယခင်'ဟု ညွှန်ပြထားသည်။ ရှည်လျားသည့်အဆိုပြုချက်များ ဆွေးနွေးချက်များနှင့် အစည်းအဝေးအစီအစဉ် ချမှတ်ခြင်းများ ပါဝင်သည်။ ဒုတိယကကွက် "Intermezo" သည် ပို၍ သိပ်သည်းမှု ရှိသည်။ ပုံ(၁)တွင် 'ယခု'ဟု ရေးထားသောအကွက်သည် ဆုံးဖြတ်ချက်ချသည့်ကာလ ဖြစ်သည်။ ဆုံးဖြတ် ချက်ချသည့်အခါတွင် စိတ်ဝင်စားမှုတူညီသူချင်း ပူးပေါင်းမှု၊ ကိုယ်စားလှယ်အချင်းချင်း ညှိနှိုင်းပြော ဆိုမှု၊ နိုင်ငံတော်အုပ်ချုပ်ရေးနှင့် ဥပဒေပြုရေးတို့ တွေ့တွေ့ဆိုင်ဆိုင်ညှိနှိုင်းဆွေးနွေးမှုများသည် တဖြည်း ဖြည်းနှင့် အတည်ပြုသည့်အခြေအနေသို့ ရောက်ရှိလာသည်။ နောက်ဆုံးကကွက် "Finale" ၌ ပင်ပန်းနွမ်းနယ်စွာဖြင့် အဆိုပြုလွှာအား ကြည့်ပါသည်။ ထိုအချိန်တွင် ဥပဒေ သို့မဟုတ် စည်းကမ်း ချက်တစ်ခုအသွင်ဆောင်နေပြီဖြစ်သည့် အဆိုပြုချက်အား ဆက်လက်အကောင်အထည်ဖော်ပါ သည်။ လိုလားသည့် အကျိုးသက်ရောက်မှုအပါအဝင် မလိုလားသည့် အကျိုးသက်ရောက်မှုများပါ ပေါ်ပေါက်လာကာ တရားရုံးတွင် ပြန်လည်သုံးသပ်ပါသည်။ သို့မဟုတ် ကျယ်ပြန့်သည့် နိုင်ငံရေး အရ ဆွေးနွေးငြင်းခုံမှုများလုပ်ဆောင်ရန် ခေါင်းစဉ်တစ်ခု ဖြစ်လာပါတော့သည်။ နေရာထက် အချိန် အား ဦးစားပေးခြင်း၏နောက်ကွယ်မှ ပေါ်ထွက်လာသည့်အတွေးအခေါ်သည် အပြန်အလှန်တာဝန်ခံ မှုဖြစ်စဉ်တွင် ဘယ်နေရာမှာလဲ (Where) ဆိုသည်ထက် ဘယ်တော့လဲ (When) ဆိုသည်ကို ဆုံးဖြတ်ပေးမည် ဖြစ်သည်။ ထိုအချက်အား သက်သေပြ၍ မရပါ။ သို့ရာတွင် ထိုအချက်များအပေါ် မူတည်၍ တွေးခေါ်မြော်မြင်ကြည့်လျှင် ပင်ကိုယ်သုံးနေကျ နေရာသဘောဖြင့်တင်စားမှု (Spatial inetaphor) ထက် ပို၍အကျိုးရှိသည် မရှိသည်ကို ရလဒ်များအားကြည့်၍ ဖြေရှင်းချက်ထုတ်နိုင်

ပါသည်။ ပုံ(၁)တွင် ဇယားကွက်ဆွဲ၍ပြထားပါသည်။ အချိန်နှင့်ပတ်သက်၍ ဆုံးဖြတ်ချက်ချသည့် ဖြစ်စဉ်တွင် ပါဝင်သရုပ်ဆောင်သူအမျိုးအစားနှင့် အပြုအမူများပါ ခွဲခြားဖော်ပြထားသည်။ အောင်မြင်သည့်တာဝန်ခံမှုအစီအစဉ်ဖြစ်ရန် တိုင်းထွာသည့်စံအဖြစ် (၉)မျိုးပေါ်ထွက်လာသည်။ အထူးခြားဆုံးမှာ လက်ဝဲဘက်အပေါ်ဆုံးထောင့်တွင် ပါဝင်ခြင်း (Participation) ဖြစ်ပါသည်။ ကာလအတန်ကြာကတည်းက ယူဆထားသည့် ဆုံးဖြတ်ချက်ချရန် ဆုံးဖြတ်ခြင်း (Decision to make a decision) မှာ ပြည်သူအများ တက်ကြွစွာပါဝင်မှုများသည်နှင့်အမျှ နောက်ပိုင်းဖြစ်ပေါ်လာမည့် အကျိုးဆက်များအား အာရုံစိုက်မှုပိုများစေမည်ဖြစ်သည်။ ထို့အပြင် ချမှတ်ထားသည့် ဆုံးဖြတ်ချက်များအား ၎င်းတို့ကိုယ်တိုင်မနှစ်သက်သော်လည်း ဆုံးဖြတ်ထားသည့်အတိုင်း လိုက်နာရန် တာဝန်သိစေသည့် စိတ်ခံစားမှုကို ပိုမိုဖြစ်ပေါ်စေနိုင်ပါသည်။ (မှတ်ချက် – ဆုံးဖြတ်ချက်ချရန် ဆုံးဖြတ်သည်ဆိုသည်ကား ဆုံးဖြတ်ချက်ချရမည် မချရမည်အား ဆွေးနွေးတိုင်ပင်ခြင်း၊ ဆွေးနွေးသည့် အစီအစဉ်တွင် ပါသင့်သည်များနှင့် ဆုံးဖြတ်ချက်ချရန် မည်သူတို့ပါသင့်သည် ဟူသောအချက်များ ဖြစ်ပါသည်။)

ကျယ်ကျယ်ပြန့်ပြန့်ယူဆရလျှင် (ရွေးချယ်ထားသည်ဖြစ်စေ၊ ရွေးချယ်မထားသည် ဖြစ်စေ ကိုယ်စားလှယ်အား ‘ယခင်’ (before) ဟု ဇယားကွက်အတွင်း ဖော်ပြထားသည့်အတိုင်း အဓိကကျသောလုပ်ရှားမှုကဏ္ဍမှ ပါဝင်ဖွယ်ရာရှိပါသည်။ ၎င်းတို့အနေဖြင့် ၎င်းတို့နယ်မြေရှိ မဲဆန္ဒရှင်များအတွင်း အရေးကြီးသောဆုံးဖြတ်ချက်များအား တင်ပြကာ မဲဆန္ဒရှင်များ၏ အယူအဆတို့ကိုလည်း အစိုးရထံသို့ ကြားခံတင်ပြပေးရမည်ဖြစ်သည်။

ဆုံးဖြတ်ချက်ချရန်လုပ်ဆောင်နေသည့်အချိန်တွင် ကိုယ်စားလှယ်များသည် မိမိတို့၏ လိုလားချက်အား ရရှိနိုင်ရေးအတွက် ပြိုင်ဘက်ကိုယ်စားလှယ်များနှင့် ဥပဒေဘောင်အတွင်းမှ ယှဉ်ပြိုင်ကြရပါသည်။ အကယ်၍၎င်းတို့ရှုံးလျှင် ထွက်ပေါ်လာသည့်ရလဒ်အတိုင်း မဖြစ်မနေ လိုက်နာကျင့်သုံးရမည်ကို ၎င်းတို့နားလည်သဘောပေါက်ပြီးဖြစ်သည့်အပြင် ၎င်းတို့အားထောက်ခံသည့် မဲဆန္ဒရှင်များအားလည်း လက်ခံလာနိုင်စေရေးအတွက် ဆွဲဆောင်သိမ်းသွင်းရန် ကြိုးစားကြရမည် ဖြစ်သည်။

အလားတူ ယုတ္တိဗေဒအတိုင်းလိုက်နာ၍ အစိုးရက ပြည်သူတစ်ဦးချင်းနှင့် လူမှုအဖွဲ့အစည်းအမျိုးမျိုးတို့အား အများဆုံးနှင့် အကျယ်ပြန့်ဆုံး လက်ခံအတည်ပြုနိုင်ရန် စည်းရုံးနိုင်သည်နှင့်အမျှ သတင်းအချက်အလက်များသည်လည်း ကန့်သတ်ထားသည့် ဆွေးနွေးချက်များအဖြစ် အစိုးရထံသို့ ပိုမိုရောက်ရှိမည်ဖြစ်သည်။ ထို့ပြင် အစိုးရက ချမှတ်လိုက်သည့် ဆုံးဖြတ်ချက်များသည်လည်း ၎င်းတို့၏ကိုယ်စားလှယ်များနှင့် ပြည်သူများထံမှ စိတ်ဝင်တစား ဝမ်းမြောက်ကျေနပ်စွာဖြင့် တုန့်ပြန်ဂရုစိုက်မှုများ ပြန်လည်၍ပိုမို ရရှိနိုင်မည်ဖြစ်သည်ဟု ယူဆနိုင်ပေသည်။

အဆိုပါစံနှုန်းများသည် အသုံးဝင်မှုအရသော်လည်းကောင်း၊ လိုအပ်မှုအရသော်လည်း ကောင်း၊ တစ်ခုနှင့်တစ်ခုအပြန်အလှန် ဆက်သွယ်ခြင်းမရှိသည်ကိုကား သတိပြုရပါမည်။ အစိုးရမှ စုစည်းမှုမရှိသည့်ပြည်သူများအတွင်း ဝင်ရောက်ရန်အခွင့်အလမ်းရနိုင်သည်။ (ဥပမာ – သမားရိုးကျ မဟုတ်သည့် အကဲဖြတ်တိုင်းတာမှုများ၊ ဆန်းစစ်လေ့လာချက်များနှင့် Focus Groups များမှတဆင့် ဝင်ရောက်နိုင်ပါသည်။)

ထို့အပြင် သွက်လက်လှုပ်ရှား၍ စုစည်းမှုရှိသည့်ပြည်သူများသည် အစိုးရမှ တရားဝင် ဝင်ရောက်တွေ့ဆုံခွင့်မပြုသည့်ကိစ္စအား သမားရိုးကျ မဟုတ်သည့်နည်းလမ်း (Unconventional ways) အားအသုံးပြု၍ ပါဝင်ဆင်နွှဲနိုင်ပါသည်။ (ဥပမာ – တရားဝင်တွေ့ဆုံခွင့် မရမှုအား ဆန့်ကျင်

သည့် ဆန္ဒပြပွဲလုပ်ခြင်း)။ လူများသည် ကနဦးအဆင့် (Initial Phase) တွင် တက်တက်ကြွကြွပါဝင် ဆင်နွှဲကြသော်လည်း နောက်ပိုင်း၌ စိတ်ဝင်စားမှုရှိကြလိမ့်မည်ဟု အာမမခံနိုင်ပါ။ ဆုံးဖြတ်ချက်ချ အကောင်အထည်ဖော်ပြီးသည်နှင့် ၎င်းတို့ တာဝန်မရှိတော့ဟု ယူဆကြသည်။ ကိုယ်စားလှယ်များ သည် ၎င်းတို့ကိုယ်၎င်းတို့ မရေရာသည့်အခြေအနေသို့ ရောက်နေကြသည်ကို တွေ့ရပါသည်။ တဖက်တွင် ဆုံးဖြတ်ချက်အားလွှမ်းမိုးနိုင်ရန် ၎င်းတို့၏နောက်လိုက်များအား လှုပ်ရှားမှုပြုလုပ်နိုင်ရန် စီစဉ်ကြရသည်။

အခြားတဖက်တွင်လည်း ၎င်းတို့၏လွှမ်းမိုးအနိုင်ရမှုသည် မတင်မကျဖြစ်နေလျှင်ပင် ဆုံးဖြတ်ချက်ချပြီးသည်နှင့်တပြိုင်နက် အစိုးရသည် ကိုယ်စားလှယ်များမှတဆင့် ၎င်းတို့၏ နောက်လိုက်များအား ဆုံးဖြတ်ချက်အတိုင်း လိုက်နာဆောင်ရွက်ရေးအတွက် တင်ပြနိုင်ရန် လိုလားမျှော်လင့်ကြပါသည်။ လိုက်နာရန်စေရေး ဆော်ဩမှုပျက်ကွက်ခဲ့လျှင် ကိုယ်စားလှယ်များအား သစ္စာဖောက်သည်ဟုသတ်မှတ်၍ အနာဂါတ်ဆုံးဖြတ်ချက်များမှ ဖယ်ထုတ်ထားခြင်းခံရပေမည်။

ပုံ(၂) 'ယခင်' – ဖြန့်စီကိန်း (Matric) ပြောင်းလဲထားခြင်းဖြစ်သည်။ အကယ်၍ နိုင်ငံရေး တာဝန်ခံမှုလုပ်ငန်းစဉ် မှားယွင်းခဲ့လျှင် မည်သို့သောအရည်အသွေးများ ဖြစ်ပေါ်လာမည်နည်း ဆိုသည်ကို သိရှိနိုင်ရန် ကြိုးစားထားခြင်းဖြစ်သည်။ ထိုသို့ပျက်စီးမှားယွင်းနေသော စံနှုန်းအား အသေးစိတ်ဖော်ပြရန် မရည်ရွယ်ပါ။ အထက်တွင် ဆွေးနွေးခဲ့သည့်အချက်များအား ပြောင်းပြန် လှန်ပြလိုသည့် သဘောသာ ဖြစ်ပါသည်။ ခက်ခဲသည့် တိုင်းထွာမှုအပိုင်းသို့ရောက်လျှင် ယင်းတို့၏ အဖိုးတန်၍ အရေးကြီးသည့်သဘောတရားများ ပိုမိုထင်ရှားလာပါမည်။

အဘယ်ကြောင့်မူ တာဝန်ခံမှုသည် နိုင်ငံရေးအယူအဆတစ်ခုဖြစ်သည့် တရားဝင်ဖြစ်မှု (Legitimacy) ကဲ့သို့ပင် မှားယွင်း သို့မဟုတ် ပျက်ကွက်မှသာ ပို၍ထင်ရှားလာပါသည်။

တာဝန်ခံမှုလုပ်ငန်းစဉ်ချော့မွေ့နေပါက မည်သည့်ပြဿနာမျှမဖြစ်တော့ဘဲ တာဝန်ခံမှု ဟူသည် ဒီမိုကရေစီစနစ်တွင် ရှိသင့်ရှိထိုက်သည့် အရည်အသွေးမျိုးစုံအား ပိုမိုကောင်းမွန်ရန် ကူညီထောက်ပံ့မှုမပေးစွမ်းနိုင်ဟု မှားယွင်းစွာ နိဂုံးချုပ် ကောက်ချက်ချနိုင်ပါသည်။

**တာဝန်ခံမှုအား တိုင်းတာခြင်း**

တိုင်းတာမှုအကြောင်း အသေးစိတ်မဆွေးနွေးမီ အမှတ်ပေးစနစ်၊ အမှတ်ပေါင်းစနစ်များ သည် အပြောင်းအလဲမရှိ တသမတ်တည်းဖြစ်မဖြစ် တာဝန်ခံမှုအယူအဆနှင့် ကိုက်ညီမှုရှိမရှိ တို့အား သေချာစွာ စစ်ဆေးသင့်ပါသည်။ ဒီမိုကရေစီစနစ် အထမြောက်စေရန် အခြေခံလက်တွေ့ ကျသည့်အလုပ်များတွင်လည်း ထိုသို့သော ချို့ယွင်းချက်ရှိပါသည်။ အထူးသဖြင့် အချက်အလက် အများအပြားမှ ကိန်းဂဏန်းတစ်လုံး သို့မဟုတ် နာမည်တစ်ခုတည်း တစ်လုံးတည်းအဖြစ် ပြောင်းလဲစေချင်သည့် ဆန္ဒဖြစ်ပါသည်။ ရလဒ်အနေဖြင့် ဘောင်တစ်ခုအတွင်း အတူဝင်နိုင်သည့် (သို့မဟုတ်) အမှတ်တူညီရသည့်အဖြစ်အပျက်နှစ်ခုတို့သည် အနီးကပ်စစ်ဆေးသောအခါတွင် လုံးဝမတူညီသော ဘက်စုံအမြင်ပေါ်လာပါသည်။ ပို၍ထင်ထင်ရှားရှားတူညီသည့် ကိန်းရှင် (Variables) များကို ဝှက်စာဖြင့်ရေး၍ (coded) တိုင်းတာခြင်းရှိမရှိ စစ်ဆေးပြီးမှသာ စုစုပေါင်း အဖြေအား အသုံးချရန် ဆီလျော်ပါလိမ့်မည်။ ထို့အပြင် တိုင်းပြည်များ၏ လွန်စွာရှုပ်ထွေးသော လွတ်လပ်ခွင့်ပေးခြင်း (Liberalization) ဒီမိုကရေစီကျင့်သုံးခြင်း (Democratization) သို့မဟုတ်

တာဝန်ခံခြင်း (Accountability) စသည့် ဖြစ်စဉ်များအား နှိုင်းယှဉ်ချက်အရ နီးစပ်သော ခန့်မှန်းချက်ဖြင့် ချိန်ထိုးကြည့်မှသာ ဆီလျော်ပါလိမ့်မည်။

တာဝန်ခံမှုဟူသည် တိုက်ရိုက်တိုင်းတာရန် ခက်ခဲသည်သာမက နက်နဲသည့်အယူအဆဖြင့် တည်ဆောက်ထားခြင်း ဖြစ်သည်။ ယင်းတို့၏ဂုဏ်သတ္တိကောင်းများသည် တစ်ခုနှင့်တစ်ခု မတည့်ခြင်းများ ဖြစ်နိုင်ပါသည်။ အနည်းဆုံး ရှုပ်ထွေးသည့် အလျော့အတင်း အပေးအယူလုပ်မှုများနှင့်လည်း တွေ့ကြုံနိုင်ပါသည်။

လူထုပါဝင်မှုအဆင့်မြင့်မားလာခြင်းသည်လည်း စေတနာအလျောက်ဖြစ်ပေါ်လာသည့် အရေးယူဂရုစိုက်မှုနှင့် တာဝန်သိမှုများကြောင့်မဟုတ်နိုင်ပါ။ ပြည်သူလူထုသည် စိတ်လှုပ်ရှားပြင်းထန်လွန်းသည့် အရေးဆိုသူများဖြစ်လာကာ (လိုအပ်သည့်ညှိနှိုင်းမှုများ လုပ်သည့်အတွက်ပင်) ၎င်းတို့၏ကိုယ်စားလှယ်များအား မတရားအပြစ်တင်လာတတ်သည်။ အလျင်အမြန် စိတ်ပျက်အားကုန်လာတတ်ကြသည်။ အစိုးရသည် အများပြည်သူနှင့် ဆက်သွယ်ဝင်ရောက်ခွင့် အခွင့်အလမ်းများရှိသော်လည်း ၎င်းတို့ကြားသိသောကိစ္စများအား ပြင်းပြင်းထန်ထန်အရေးယူရန် အချိန်မပေးနိုင်ကြပေ။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့အချင်းချင်း ညှိနှိုင်းသတ်မှတ်ထားသည့်အချိန် (deadline) ကြောင့်ဖြစ်ပါသည်။

အများအားဖြင့် အခွင့်အာဏာရှိသူများ (မဲဆန္ဒအရ ရွေးကောက်တင်မြှောက်ထားသည့်သူဖြစ်စေ၊ သာမန်ရိုးရိုးရွေးချယ်တင်မြှောက်ထားသည့်သူဖြစ်စေ) သည် ပြည်သူများလိုလားသည့် အချက်များအား ဖြည့်ဆည်းပေးခဲ့ကြခြင်းကို ရိုးရိုးသားသား ပြည့်ပြည့်ဝဝ ယုံကြည်မှုရှိကြပါသည်။ သို့ရာတွင် ပြည်သူများသည် ၎င်းတို့တောင်းဆိုထားသည့် လိုလားချက်များအား အမှန်တကယ် မလိုချင်ကြောင်းနှင့် စိတ်ပြောင်းသွားကြခြင်းများကိုလည်း ရှာဖွေတွေ့ရှိရပါသည်။ ဒီမိုကရေစီစနစ်ကျင့်သုံးသော တာဝန်ရှိသည့် နိုင်ငံရေးသမားများသည် မကြာခဏ ထိုသို့သောစွန့်စားမှုများလုပ်၍ လူကြိုက်နည်းလှသည့် အရေးယူမှုများကိုလည်း လုပ်ကြရပါသည်။ ၎င်းတို့၏တွက်ကိန်းမှာ ပြည်သူများသည် အကျိုးသက်ရောက်မှုရှိသော အတွေ့အကြုံများအား ခံစားမိသည်နှင့်တပြိုင်နက် လက်ခံလာလိမ့်မည်ဟူသောအချက်ပင်ဖြစ်သည်။

ထိုအချင်းအရာများမှ ကျွန်ုပ်တို့ကောက်ချက်ချနိုင်သည်မှာ ကိန်းရှင် (variable) တွင် ဖော်ပြထားသည့် အမှတ် (score) များသည် တစ်ခုတည်းသော တာဝန်ခံမှုအတိုင်းအတာ မဖြစ်နိုင်ပေ။ အဆုံးစွန်မျှော်လင့်နိုင်သည်မှာ တာဝန်ခံမှုအမြင်သဘောအား ထုတ်ပေးမည့် ထင်ရှားသည့် အမှတ်အုပ်စု (cluster of scores) များဖြစ်ပါသည်။ ထိုအရာများသည် မတူညီသည့်လူမှုရေး၊ ယဉ်ကျေးမှု၊ အဖွဲ့အစည်း (သို့မဟုတ်) သမိုင်းကြောင်းအခြေအနေအရ တူညီသည့် အကျိုးသက်ရောက်မှု (သို့မဟုတ်) အကျိုးမဲ့မှုများ ဖြစ်ပေါ်နိုင်ပါသည်။

ကိန်းရှင်များနှင့် တာဝန်ခံမှုတို့၏ဆက်နွယ်ရေးသည် အစဉ်တိုင်းဖြစ်ခြင်းနှင့် တိုးပွားခြင်းမှ လွဲ၍ မည်သည့်အရာမဆို ဖြစ်နိုင်ပါသည်။ အမှုထမ်းအရာထမ်းများသည် ဝင်နိုင်ထွက်နိုင်ခွင့် ရှိလွန်း၍ ပြဿနာဖြေရှင်းရန်အတွက် အချိန်မီဆုံးဖြတ်ချက် မချနိုင်ပါ။ ကိုယ်စားလှယ်များသည် ၎င်းတို့၏ နောက်လိုက်များအား လှုံ့ဆော်စည်းရုံးကာ အဆမတန်မြင့်မား၍ မဖြစ်နိုင်သော မျှော်လင့်ချက်များ ပေးထားနိုင်ပါသည်။ သို့မဟုတ် အချို့ကိုယ်စားလှယ်များသည် လူကြိုက်များသော ကိုယ်စားလှယ်များအား ချုပ်နှောင်ထားကြသည်။ မည်မျှလုပ်ဆောင်ထားသနည်းဆိုပါမူ ကျဉ်းမြောင်းလှသော နယ်မြေအား နောက်ယုက်ဟန့်တားထားသည်ပင်လျှင် ပြည်သူများ၏တုံ့ပြန်မှုနှင့် အမိန့်လိုက်နာမှုများအား ထိခိုက်ကျဆင်းစေပါသည်။ ဤသို့ အထက်တွင်တင်ပြသကဲ့သို့ ထွက်ပေါ်လာသည့်

မဆိုစလောက် အမှတ် (score) အား တစ်ခုတည်းသော တန်ဘိုးဖြတ်မှုအစီအစဉ်တွင် ကြိုးစား၍ ထည့်သွင်းလျှင် ဖြစ်နိုင်ခြေရှိသည်မှာ အကွေးအဖြောင့် curvilinear (သို့မဟုတ်) ကတော့ဖြတ်ပိုင်း မျဉ်းပုံစံ (parabolic)နှင့် ဆက်နွယ်နေသည့် ဒီမိုကရေစီအရည်အသွေး ဖြစ်လာပေမည်။ ဤနေရာတွင် ထူးခြားသည့်အစီအစဉ်နှင့် ပေါင်းစပ်မှုများကြောင့် သိသာထင်ရှားသော အဖုအထုံးများ အတွန့်များဖြစ်လာနိုင်ပါသည်။

အဆုံးတွင် အဆိုပါကိန်းရှင်များ၏ လည်ပတ်မှုသည် အစွန့်ရှည်မှု၊ တည်မြဲမှု သို့မဟုတ် အစိုးရ၏ဂုဏ်သတင်းများနှင့် ပတ်သက်၍ ယခင်ရှိထားသော ဗဟုသုတများသည် ဆိုးကျိုးကိုသာ ကေန်မုချဖြစ်စေပါသည်။ နော်ဝေနိုင်ငံ၊ ဆွစ်ဇာလန်နှင့် အမေရိကန်နိုင်ငံများ၌ ဂျာမနီ၊ ဂျပန်နှင့် အီတလီနိုင်ငံတို့ထက် တာဝန်ခံမှုအလေ့အကျင့်ပိုများပါသည်။ အဘယ်ကြောင့်ဆိုသော် လွတ်လပ်သည့် ဒီမိုကရေစီစနစ်သည် ထိုသုံးနိုင်ငံတွင် ကျင့်သုံးနေခဲ့သည်မှာ ကာလကြာမြင့်ခဲ့ပြီဖြစ်သော ကြောင့်ပင် ဖြစ်သည်။

ထိုအချက်ကို မသုံးသပ်မိမည်ကို ဝန်လေးသည့်အတွက် တင်ပြရခြင်းဖြစ်ပါသည်။ ပြောရန် မလိုအပ်သည်မှာ ဒီမိုကရေစီလက်သစ်အားလုံးသည် ဥရုဂွေးနိုင်ငံ (Uruguay) မှလွဲ၍ တာဝန်ခံမှုလုပ်ထုံးလုပ်နည်းများ ချို့ယွင်းချက်များရှိနေသည်ကို အလိုအလျောက် သံသယရှိပြီး ဖြစ်ပါသည်။ ဤပြဿနာအား သိပ္ပံနည်းကျအဖြေပေးရပါလျှင် အမျိုးသားဝိသေသဆိုင်ရာ အချက်အလက် (National Identity data) အား ဖျောက်ထားကာ အမည်ဝှက်ဖြင့် (မသိအောင်) Code လုပ်ထားရန်လိုပါသည်။

သို့ရာတွင် ထိုသို့လုပ်ဆောင်ရန် မဖြစ်နိုင်ပေ။ အကယ်၍ အချက်အလက်စုဆောင်းသည့် ဖြစ်စဉ်အား တစ်ခုစီဖယ်ထုတ်နိုင်သော နည်းလမ်းအဖြစ် တစ်စုံတစ်ယောက်က တီထွင်နိုင်ခဲ့လျှင် အလိုအလျှောက်သိမှုဗီဇစိတ်ဖြင့် သိမှုအားဆန့်ကျင်သည့်(Counterintuitive) အဖြေ သို့မဟုတ် အမှတ်များ ထွက်ပေါ်လာနိုင်ပါသည်။ ဥပမာ – နော်ဝေ၊ ဆွစ်ဇာလန်နှင့် အမေရိကန်ပြည်ထောင်စု နိုင်ငံများမှ ကိုယ်စီသမိုင်းကြောင်းနှင့် အခြားနိုင်ငံများနှင့်နှိုင်းယှဉ်လျှင် အားရဖွယ်လူထုအင်အား ရှိပါသည်။ ထို့ကြောင့် ယင်းတို့တွင် တာဝန်ခံမှုဥပဒေစည်းမျဉ်းနှင့် အလေ့အကျင့်များမလိုတော့ဟု စိတ်ကူးပေါ်လာနိုင်ပါသည်။

ဤသို့ဖြစ်လျှင် မြင့်မားသည့်တာဝန်ခံမှုဟူသည် ယင်း၏အရည်အသွေးအား ပိုမိုကောင်းမွန်စေသည်ဟူသော အနုမာနအဆိုမျှသာမက အစိုးရတည်မြဲရန် (ဝါ) သက်တမ်းရှည်ရန် အကြောင်းနှင့် ဆက်နွယ်နေသည်ဟူသော အနုမာနအဆိုအားလည်း မှားယွင်းစေရန် လုပ်ဆောင်သကဲ့သို့ ဖြစ်ပါလိမ့်မည်။

တင်ပြခဲ့သောကိန်းရှင် (variable) တစ်ခုစီတိုင်းတာမှုအတွက် ကိုင်တွယ်ဖြေရှင်းနည်းသည် မှန် မမှန်ဟူသော မေးခွန်းရိုးရိုးမျှသာ မေးရန်ဖြစ်ပါသည်။ (အမှန်နှင့် အမှားကြားမှရသည့် အမှတ်(သို့မဟုတ်)အဖြေကိုကား မပီမပြင်မှုန်ဝါးဝါးမျှသာ သိနိုင်ပါသည်။) ထို့နောက်တွင်သာ ဤကိန်းရှင်များသည် ပမာဏ (scale) တစ်ခုတည်းကို ပေးသည် (သို့မဟုတ်) အမည်သာရှိ၍ အမှန်တကယ်မရှိသော (Nominal Scale) ပမာဏအစုအဝေးအမျိုးအစားအား ပေးသည်ကိုကား ကြိုးစား၍အကဲခတ်ရမည်ဖြစ်ပါသည်။ မေးခွန်းများသည် variable တစ်ခုစီအတွက် လွန်စွာဖြစ်သင့်သည့်အပြင် တစ်ခုနှင့်တစ်ခု ဆက်နွယ်မှုမရှိကြောင်းကိုလည်း ကောင်းစွာ သက်သေပြနိုင်ကြပါသည်။

ပုံ(၁)နှင့် ပုံ(၂)၏ဇယားကွက်တွင် ဖေါ်ပြထားသော ကောင်းသည့်အမြင်နှင့် ဆိုးသည့်အမြင်များအား မေးခွန်းများက ဖမ်းဆုပ်၍ပြနိုင်စွမ်း ရှိသင့်ပါသည်။ ထို့အပြင် ယေဘုယျ (Generic)နှင့် အတိအကျ (Specific)ရောထားသည့်ထုတ်ပြန်မှုများ ပါဝင်ရပါမည်။ သို့သော် အတိအကျထုတ်ပြန်မှုအတွက် အခက်အခဲရှိပါလိမ့်မည်။ အဘယ့်ကြောင့်မူ အစိုးရပုံစံနှင့် လုပ်ငန်းစဉ်များအားလုံးသည် တူညီသည့် အချိန်ကန့်သတ်ချက်၊ တူညီသည့်အရှိန်အဟုန်အတွင်း တူညီသည့်မူဝါဒထုတ်ပြန်ချက်များနှင့် မဆက်ဆံနိုင်၍ဖြစ်ပါသည်။ တာဝန်ခံမှု၏ အယူအဆအတွေးခေါ်ကိစ္စအား ယခုမှသာ စတင်တွေးခေါ်မိသည့်အတွက် လိုအပ်၍သတ်မှတ်ထားသောမေးခွန်းများအတွက် အရေးကြီးသည့် အကြံပေးချက်များအထိ မရောက်ရှိသေးပေ။ သို့သော် အရေးအကြီးဆုံးဖြစ်သည့် ပြည်သူတဦးချင်း၏ပါဝင်မှု (Participation) သို့မဟုတ် ပျက်ကွက်မှု (Abstention) မှစတင်ပါဦးမည်။

၁။ အမျိုးသားညီလာခံပြုလွှတ်တော်အတွက် လွန်ခဲ့သည့်ရွေးကောက်ပွဲ သုံးကြိမ်တွင် ပါဝင်မှု ထူးထူးခြားခြား တိုးလာသလော (၁)၊ အတူတူလော (၀. ၅) (သို့မဟုတ်) သိသိသာသာ လျော့နည်းသွားသလော (၀)။

၂။ ခေတ်ပြိုင်နိုင်ငံရေးနယ်မြေအတွင်း အဓိကကျသည့်နေရာများအား ရွေးချယ်ပါ။ (ဥပမာ – ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ခြင်း) လူများသည် လွန်ခဲ့သောငါးနှစ်အတွင်း အခြားပါတီများထက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအကြောင်းနှင့်ပတ်သက်သည့် ပါတီများအား ဝင်ရောက်ရန် ပိုမိုစိတ်ပါကြသလော (၁)။ အတူတူလော (၀. ၅)။ (သို့မဟုတ်)အခြားပါတီများထက် အလွန်နည်းသလော (၀)။

၃။ လူများသည် လွန်ခဲ့သောငါးနှစ်အတွင်း ပြည်သူ့ဆန္ဒရွေးကောက်ပွဲတွင် မည်သို့တုံ့ပြန်ခဲ့သနည်း။ နိုင်ငံရေးတွင် စိတ်ဝင်စားမှုများသည် (၁)၊ အတူတူပင် (၀ . ၅)၊ စိတ်ဝင်စားမှု လျော့နည်းသည် (၀)။

ပထမနှင့် နောက်ဆုံးမေးခွန်းများသည် ယေဘုယျကိစ္စများနှင့်ဆိုင်ကာ အလယ်မေးခွန်းသည် ပိုမိုတိကျသည့်ကိစ္စများနှင့် သက်ဆိုင်သည်ကို သတိချပ်ရမည်။ အချက်အလက်များ စုဆောင်းသည့်အခါတွင် နည်းစနစ်အမျိုးမျိုးဖြင့် ပတ်သက်နေသည်ကိုလည်း သတိချပ်ရမည်။ ထိုအရာသည်လည်း တမင်ရည်ရွယ်လုပ်ဆောင်ခြင်း ဖြစ်သည်။ တာဝန်ခံမှု၏ပမာဏအား ချိန်ဆတွက်ချက်သည့်နေရာတွင် လွယ်လွယ်ကူကူရနိုင်သည့် ဆန်းစစ်လေ့လာချက်များအပေါ် အားကိုးအားထားပြုရန် စိတ်ယိုင်နေသည့်အချိန်တွင် ထိုသို့အမှီပြုမိပါက မှားပါလိမ့်မည်။ အထူးသဖြင့် နှိုင်းယှဉ်တွေးခေါ်သည့် အယူအဆများတွင် မှားယွင်းနိုင်ပါသည်။

မဲဆန္ဒရွေးကောက်ပွဲ၏ တုံ့ပြန်မှုများသည် ဘာသာစကားနှင့် ယဉ်ကျေးမှုများ တလျှောက် အဓိပ္ပါယ်ကောက်ရန် ခက်ခဲပါသည်။ ထို့အပြင် ကုန်ကျစရိတ်မရှိဘဲ ဝေဖန်နိုင်သည့်အပြင် နက်နက်နဲနဲဆင်ခြင်ကာ ထိန်းထားရတဲ့တန်ဘိုး (သို့မဟုတ်) ဆင်ခြင်တုံတရားများထက် လောလောလတ်လတ်အခြေအနေများအား ရောင်ပြန်ဟပ်နိုင်ပါသည်။ ပတ်သက်မှုရှိသည့် မှတ်စုအတွင်းမှ အခိုက်အတန့်အဖြစ် မတည်မငြိမ်ဖြစ်မှုအား ကာကွယ်ထားရန် တန်ဘိုးဖြတ်ခြင်းကို ကာလရှည်ကြာမှုလုံလောက်ရန် လုပ်ဆောင်ရမည်။

လူထုသဘောထားအား မေးမြန်းထောက်ခံသူများ၏ စုဆောင်းမှုအရ ဓမ္မဓိဋ္ဌာန်မကျသည့် အချက်အလက်များသည် တာဝန်ခံမှုအား သုတေသနလုပ်သည့်လုပ်ငန်းတွင် နေရာရနေပါသည်။ သို့ရာတွင် ပိုမိုမျှတသော တကယ့်အပြုအမူများ ပတ်လည်ဝိုင်းနေမှသာ နေရာရမည်ဖြစ်ပါသည်။

ပို၍ စွန့်စွန့်စားစားလုပ်ရသည့် အလုပ်တစ်ခုသည်ကား အစိုးရသည် မည်သည့်အတိုင်းအတာအထိ တုံ့ပြန်မည်နည်း (responsive) (သို့မဟုတ်) မည်သို့သော မတရားအမိန့်ထုတ်ပြန်မည်နည်းကိုကား သိသာမြင်သာသော မေးခွန်းများ ဖေါ်ထုတ်တီထွင်ရန်ဖြစ်ပါသည်။

၁။ များသောအားဖြင့် ပြည်သူတို့သည် ၎င်းတို့၏ အသီးသီးသော အမျိုးသားစီးပွားအား တိုးမြှင့်ယှဉ်ပြိုင်မှုကြောင့် အကျိုးရှိသည်ဟု မှန်ဆကြည့်ပါ။ တိုင်းပြည် (၅) သည် အကောင်းဆုံးစီးပွားရေး ယှဉ်ပြိုင်မှုအား ညွှန်ပြချက်အရ တိုးတက်မှုရှိသည် (၁)၊ အားတင်းထားသည် (၀ . ၅)၊ ဆုတ်ယုတ်သွားသည် (၀)။

၂။ လွန်ခဲ့သော (၅) နှစ်အတွင်း အမျိုးသားဥပဒေပြုလွှတ်တော်သည် ပြဌာန်းထားသည့် သတ်မှတ်ချိန်အတောအတွင်း အစိုးရ၏ နှစ်စဉ် ဘတ်ဂျက် (သို့) သတ်မှတ်သည့်အသုံးစရိတ်အား လက်ခံလိုဟန်ရှိသည် (၁)၊ အနည်းငယ်နှောင့်နှေးသည် (၀ . ၅)၊ အလွန်နှောင့်နှေးသည် (၀)။

၃။ ရွေးကောက်ပွဲပြုလုပ်သည့် လွန်ခဲ့သောငါးနှစ်အတွင်း ပြည်သူများက ၎င်းတို့၏ ခေါင်းဆောင်များ သည် ၎င်းတို့အား ပို၍ဂရုစိုက်သည်ဟု သတင်းပေးသည် (၁)၊ အတူတူပင် (၀ . ၅)၊ လျော့သွားသည် (၀)။

နောက်ဆုံးအနေဖြင့် ကိုယ်စားလှယ်များနှင့် ၎င်းတို့ဆုံးဖြတ်ချက်ချသည့် လုပ်ငန်းစဉ်အား ထိန်းသိမ်းရန် (သို့မဟုတ်) ပိတ်ဆို့ရန်လေ့လာနေသည့် ယှဉ်ပြိုင်မှု (သို့မဟုတ်) ပူးပေါင်းလိမ်လည်မှု ပမာဏအား ထပ်မံလေ့ပါမည်။

၁။ လွန်ခဲ့သော (၅)နှစ်အတွင်း ထူးခြားသည့်ပါတီ၊ အဖွဲ့အစည်း (သို့မဟုတ်) လုပ်ရှားမှုများသည် အရေးကြီးသည့် ဥပဒေပြုရန်အတွက် ဆွေးနွေးပွဲ (သို့မဟုတ်) တရားရုံးတွင် ကြားနာခြင်း (Hearing) များ၌ ပါဝင်ရန် ငြင်းဆန်ခဲ့သော အဖြစ်အပျက်များရှိပါသည် (၀)၊ အသေးအဖွဲမျှသာ (၀ . ၅)၊ သိသာသည့်အဖြစ်အပျက်မရှိ (၁)။

၂။ ကြီးမားသည့်ဥပဒေများအား ရေးဆွဲရေးအတွက်ဆွေးနွေးရန် ယှဉ်ပြိုင်ဘက်ပါတီ စိတ်ဝင်စားသောအဖွဲ့ (သို့မဟုတ်) လူမှုရေးလှုပ်ရှားမှုအသင်းများ၏ ပြောရေးဆိုခွင့်ရှိသူများအား ဖိတ်ကြားခြင်းသည် ဆုံးဖြတ်ချက်ချပိုင်ခွင့်အာဏာရှိသူများ၏ သာမန်အလေ့အကျင့်လော (၁)၊ ပါလီမန်စကားစစ်ထိုးပွဲများ၌ အနည်းနှင့်အများ ဖိတ်ကြားပါမည် (၀ . ၅)၊ တရားဝင်ဆုံးဖြတ်ချက် တစ်ခုချအပြီးတွင် ဖိတ်ပါသည် (၀)။

၃။ လွန်ခဲ့သော (၅) နှစ်အတွင်း၌ ထူးခြားသည့်ပါတီများ၊ အဖွဲ့အစည်းများ (သို့မဟုတ်) လှုပ်ရှားမှုအဖွဲ့အစည်းများသည် အစိုးရ၏ မမှန်ကန်သော ဆုံးဖြတ်ချက်များအား အကောင်အထည်ဖေါ်ရာတွင် ဆန့်ကျင့်ရန် (သို့မဟုတ်) သပိတ်မှောက်ရန် ၎င်းတို့၏နောက်လိုက်များအား တိုက်တွန်းသည့်ဖြစ်ရပ်များ မကြာခဏဖြစ်ပါသလား (၁)၊ ဖြစ်စဉ်အနည်းအငယ် (၀ . ၅)၊ သိသာသော ဖြစ်ရပ်မရှိပါ (၀)။

ထိုသို့ သုံးပိုင်းရှိသော မေးခွန်းတို့အား အပြည့်အစုံ စီစဉ်ထားသည့်အတွက် ဖြစ်နိုင်ဖွယ်ရာရှိပါသည်။ အချို့မေးခွန်းများသည် ဖေါ်နည်းကားထုတ်ရန် ပိုမိုခက်ခဲမည်ကိုကား သံသယမဖြစ်ပါ။ အထူးသဖြင့် ဓမ္မဓိဌာန်ကျသော ညွှန်ပြချက်များ (Objective Indicator) သို့ ရောက်ရှိလာသည့်အခါမျိုးတွင် ဖြစ်သည်။ သို့သော် အရင်းအမြစ်တစ်ခုတည်း(သို့မဟုတ်)လေ့လာသည့် နည်းလမ်းတစ်ခုတည်းအား အလွန်အကျွံအားကိုးမှုကို ရှောင်ကြဉ်သည်နှင့်တပြိုင်နက် သုံးမြှောင့်နည်းဗျူဟာ (Triangulation) သည် ကျိုးကြောင်းညီညွတ်သည့်အဖြေရရှိရန် အလားအလာကောင်း တစ်ခုဖြစ်လာနိုင်ပါသည်။

အထက်တွင်တင်ပြခဲ့သကဲ့သို့ ဤအဖြေများသည်တစ်ခုတည်းသော ကူးယူ၍ရသည့် နိုင်ငံရေးတာဝန်ခံမှု၏ တိုင်းတာချက် မဖြစ်နိုင်ပါ။ စာရေးသူ၏ကြိုးပမ်းမှုကြောင့် အမြင်အမျိုးမျိုး၏ မည်ကာမတ္တပုံစံ (အမည်သာရှိ၍ တကယ်မရှိသောပုံစံ) ဖြင့် ထွက်ပေါ်လာသည့် အမျိုးမျိုးသော အုပ်စုအဖွဲ့အစည်းများနှင့် စီးပွားရေးသမိုင်းရှိသောနိုင်ငံများတွင် အနည်းနှင့်အများ တူညီသည့် ဒီမိုကရေစီအရည်အသွေးနှင့် (တရားဝင်မှုအရည်အသွေး)များ ထွက်ပေါ်လာပါလျှင် ကျေနပ်ဖွယ်ရာ ဖြစ်ပါသည်။

အကယ်၍ အဆုံးတွင် လောလောလတ်လတ်လေ့လာခဲ့သည့် သက်ဦးဆံပိုင်စနစ် အသွင်ပြောင်းလဲမှုနှင့် ဒီမိုကရေစီစနစ်၏ ကျစ်လစ်ခိုင်မာမှုများအတွင်းမှ သင်ခန်းစာတစ်ခုရခဲ့ပါလျှင် နောက်ဆုံးအဖြစ်တူညီခြင်း (Equifinality) သို့ ရောက်ရှိပါပြီ။ တိုင်းပြည်များသည် နေရာအမျိုးမျိုးမှ ထွက်ခွာသွားကြကာ အသွင်ပြောင်းလဲမှုပုံစံအမျိုးမျိုးအား ရွေးချယ်ကြလျက် ဒီမိုကရေစီပုံစံတစ်မျိုးတည်းတွင်သာ အဆုံးသတ်သည် မဟုတ်ပေ။ ထို့အတူ တည်မြဲ၍စုစည်းကျစ်လစ်ခိုင်မာသည့် လူ့အဖွဲ့အစည်းများအဖြစ် အဆုံးသတ်ကြခြင်း ဖြစ်ပါသည်။ နိုင်ငံရေးတာဝန်ခံမှုအား နည်းပေါင်းများစွာဖြင့် လေ့ကျင့်ကာ ထိုတာဝန်ခံမှု၏ ပိုမိုကောင်းမွန်သောအရည်အသွေးများဖြစ်လာစေရန် ဒီမိုကရေစီအား ခန့်မှန်းတွက်ချက်၍ မရနိုင်ပါသလော။

❖ ❖ ❖ ❖ ❖

ဒီမိုကရေစီအရည်အသွေး

# လွတ်လပ်မှု အခြေခံအုတ်မြစ်

**ဒေးဗစ်ဘီသမ် *(David Beetham)***

*ဒေးဗစ်ဘီသမ် သည် လိဒ်စ်တက္ကသိုလ် (University of Leeds) ၏ အငြိမ်းစားပါမောက္ခ ဖြစ်၍ အက်ဆက်တက္ကသိုလ် (University of Essex) ရှိ လူ့အခွင့်အရေးဗဟိုဌာန (Human Rights Centre) မှ အဖွဲ့ဝင်လည်းဖြစ်သည်။ U.K နိုင်ငံ ဒီမိုကရေစီအရည်အသွေးစစ်ဆေးရေးအဖွဲ့တွင် တွဲဖက်ဒါရိုက်တာအဖြစ်တာဝန်ယူကာ အခြေကျပြီးသောဒီမိုကရေစီနှင့် အသွင်ကူးဆဲ ဒီမိုကရေစီ (၂) မျိုးစလုံး၏ အရည်အသွေးတို့အား အကဲဖြတ်ရာတွင် နည်းစနစ်များ ကူညီတည်ထွင်ပေးခဲ့သည်။ ၎င်း၏ နောက်ဆုံးစာအုပ်သည် အခြေခံလမ်းညွှန်ဒီမိုကရေစီ (Democracy: A Beginner's Guide) ဖြစ်ပါသည်။*

စာရေးသူ နိုင်ငံရေးသိပ္ပံပညာကို စတင်လေ့လာခါစတွင် လစ်ဘရယ်ဒီမိုကရေစီ (Liberal democracy) ဆိုသည်မှာ အများပြည်သူပါဝင်သော ဒီမိုကရေစီ (Participatory democracy)၊ တစ်ပါတီဒီမိုကရေစီ (Single party democracy) (ဝါ) မာက်စ် ဒီမိုကရေစီ (Marxist democracy) များနှင့် မတူသော သီးခြားဒီမိုကရေစီဝါဒ အမျိုးအစားတစ်ခုဟူ၍သာ လူအများသိနေခဲ့ကြပါသည်။ ထိုအတွေးအခေါ်မျိုး လက်ကျန်ရှိနေသေးသော်လည်း ခေတ္တမျှ တွေးခေါ်စဉ်းစားလိုက်လျှင် အဆိုပါအမျိုးအစားများခွဲခြားမှုသည် အယူအဆရှုပ်ထွေးမှုများအပေါ်တွင် အခြေခံနေခြင်းသာ ဖြစ်ကြောင်းတွေ့ရပါမည်။ အဘယ်ကြောင့်မူ လွတ်လပ်မှုမရှိလျှင် ဒီမိုကရေစီသည်လည်း မရှိနိုင်၍ဖြစ်ပါသည်။

---

**Beetham, David. Freedom as the Foundation. Journal of Democracy 15:4 (2004), 61-75. © National Endowment for Democracy and The Johns Hopkins University Press.** Reprinted with permission of The Johns Hopkins University Press.

အများပြည်သူတို့အနေဖြင့် ပြည်သူလူထုနှင့်ပတ်သက်သော ဆုံးဖြတ်ချက်များချမှတ်ရာတွင်ဖြစ်စေ၊ ဆုံးဖြတ်ချက်ချသည့်သူများအပေါ်တွင်ဖြစ်စေ ဩဇာရှိနိုင်ရန်ဆိုပါက ၎င်းပြည်သူတို့အချင်းချင်း လွတ်လပ်စွာ ဆက်သွယ်စုစည်းနိုင်ရမည်။ ထိုကဲ့သို့သော အချက်အလက်များအား လွတ်လပ်စွာ လက်ခံရယူနိုင်ရန် လိုအပ်သကဲ့သို့၊ ကွဲလွဲသည့်အယူအဆများကိုလည်း လွတ်လပ်စွာ ဖော်ထုတ်ပြသနိုင်ရမည်။ လွတ်လပ်စွာ သွားလာလှုပ်ရှားခွင့် ရှိရမည်ဖြစ်ပြီး မတရားဖမ်းဆီးချုပ်နှောင်ခံရခြင်းများလည်း ကင်းရှင်းရပါမည်။

ဤဆောင်းပါးအား လွတ်လပ်မှု၊ လူ့အခွင့်အရေးနှင့် ဒီမိုကရေစီဟူသော အချက်သုံးချက်တို့ အချင်းချင်း အသေးစိတ် ဆက်နွယ်နေပုံဖြင့် စတင်ခဲ့ပြီး၊ ထို့အပြင် ဒီမိုကရေစီအရည်အသွေး၏ အခြားစွမ်းအားများဆက်သွယ်ပတ်သက်မှု အကျဉ်းချုပ်တို့ကိုလဲ အခြားဆောင်းပါးရှင်များ ပေးပို့ထားသည့်အတိုင်း ဖော်ပြလိုက်ပါသည်။ နောက်ဆက်တွဲအနေဖြင့် တိုင်းပြည်တစ်ပြည်၏ ဒီမိုကရေစီအရည်အသွေးအား အကဲဖြတ်ရန် အဆင့်လေးဆင့်ရှိသော လုပ်ငန်းစဉ်တစ်ခု ချမှတ်ပေးပါသည်။

**ပထမအဆင့်** – လျော်ကန်သင့်မြတ်သည့် ဒီမိုကရေစီ၏ ကောင်းကွက်များအား အဓိပ္ပာယ်ဖွင့်ဆိုခြင်း။

**ဒုတိယအဆင့်** – အဆိုပါကောင်းကွက် တစ်ခုချင်းစီအားရရှိရန် အကောင်းဆုံးလက်တွေ့ကျသည့် စံနှုန်းများဖော်ထုတ်ခြင်း။

**တတိယအဆင့်** – ကောင်းကွက်များအား မရအောင်ဟန့်တားထားသည့် အဖျက်လုပ်ငန်းလုပ်သော နည်းလမ်းစစ်စစ်များကို ခွဲခြမ်းစိတ်ဖြာကြည့်ခြင်း။

**စတုတ္ထအဆင့်** – အဖျက်လုပ်ငန်းများအား ကာကွယ်ရန် ဖြစ်နိုင်ဖွယ်နည်းလမ်းများကို စူးစမ်းရှာဖွေခြင်း။

လွတ်လပ်မှုနှင့်ဒီမိုကရေစီအကြား မရှိမဖြစ်လိုအပ်သော ဆက်သွယ်မှုတို့ကို ရှေးဟောင်းဂရိနိုင်ငံမှ အေသင်မြို့သူမြို့သားများ ကောင်းစွာနားလည် သဘောပေါက်ခဲ့ကြပါသည်။ ဂရိသမိုင်းဆရာယူစီဒီးစ် (Thucydides) မှတ်တမ်းတင်၍ ပြန်လည်ရေးသားထားသော အေသင်ခေါင်းဆောင်ပယ်ရီကလီ (Pericle) ၏ နာမည်ကျော်စျာပနမိန့်ခွန်းပွဲမှာ လွတ်လပ်မှု၊ ပွင့်လင်းမှုနှင့် တန်းတူညီမျှမှုများအား စပါးတားမြို့နိုင်ငံ၏ (Spartan) စစ်အစိုးရနှင့် ခြားနားသော အေသင်ဒီမိုကရေစီစနစ်၏ ထူးခြားသည့်အရည်အချင်းများအဖြစ် ချီးကျူးပြောကြားခဲ့ပါသည်။

ဂရိပညာရှင် အရစ္စတိုတယ် (Aristotle) က ဒီမိုကရေစီအသွင်သို့တက်လှမ်း မြှင့်တင်သည့်အခါတွင် လွတ်လပ်မှုသာ ပန်းတိုင်ဖြစ်သည်ဟု ယူဆသည်။ အတွေးအခေါ်ပညာရှင် ပလေတို(Plato) ကား ဒီမိုကရေစီဟူသည် လွတ်လပ်လိုသည့် စိတ်ဓါတ်များ ပေါက်ကွဲထွက်လာခြင်းဟု လှောင်ပြောင်ကာ 'အဲဒီစနစ်အတွင်းမှာဆိုရင် လမ်းပေါ်လျှောက်သွားတဲ့အခါမှာ မြည်းတွေကတောင် ကိုယ့်ကို ကိုယ်စောင်း ဝင်တိုက်နိုင်မယ်' ဟူ၍ ပြောခဲ့ပေသည်။

ဂျိုဆီယာအိုဘာ (Gisiah Ober)၏ ရှေးခေတ်အေသင်မြို့ နှုတ်မှုပညာအကြောင်း စာအုပ်၌ ပြည်သူ့ဆက်သွယ်ရေးနှင့် လွတ်လပ်စွာပြောဆိုမှုတို့သည် တရားရုံးနှင့် လူထုအစည်းအဝေးများတွင် တစ်ဦးနှင့်တစ်ဦး ငြင်းခုန်ခြင်း၊ စကားစစ်ထိုးခြင်းများ၌ လိုအပ်သည်ကို ထင်ရှားစွာ သရုပ်ဖော်ခဲ့သည်။ ထို့အပြင် လူတစ်ဦးချင်း၏ လွတ်လပ်စွာတွေးခေါ်ခွင့် တရားဝင်ရရှိရန် လွတ်လပ်မှုမည်မျှလိုအပ်သည်ကိုလည်း တင်ပြခဲ့ပေသည်။

ထိုကဲ့သို့သောလွတ်လပ်မှုများသည် ခေတ်သစ်တွင်သာ ပေါ်ပေါက်လာခြင်းဖြစ်သည်ဟူသောအယူအဆသည် ဘင်ဂျမင်ကွန်စတင့်(Benjamin Constant) ရေးသည့် *(ခေတ်ဟောင်း*

*လွတ်လပ်မှုနှင့် ခေတ်သစ်လွတ်လပ်မှုတို့၏ ခြားနားချက်)* စာအုပ်အားဖတ်၍ အဓိပ္ပါယ်ကောက်လွဲရာမှ မြစ်ဖျားခံလာပေသည်။ ၁၉ ရာစုနှစ် အစောပိုင်းတွင် ရေးသားခဲ့သော ထိုစာအုပ်၌ ပြည်သူလူထုအရေးတွင် တိုက်ရိုက်ပတ်သက်ပါဝင်ခွင့်ဟူသော လွတ်လပ်မှုနှင့် ပုဂ္ဂလိကအကျိုးစီးပွားအား အဓိကကာကွယ်ပေးသည့် လွတ်လပ်မှုကို ကွန်စတင့်က နှိုင်းယှဉ်ပြထားသည်။ ကွန်စတင့်၏ နှိုင်းယှဉ်ချက်အားမြင်လျှင် အစ်ဆိုင်ယာ ဘာလင် (Isaiah Berlin) ၏ အပြုသဘောလွတ်လပ်မှုနှင့် မစွက်ဖက်ရေးဟူသော အနုတ်သဘောလွတ်လပ်မှုကြားမှ ခြားနားချက်ဟူသည့် အဆိုအား သတိရကြလိမ့်မည်။ ပို၍သေချာစွာ တင်ပြရလျှင် အေသင်ဒီမိုကရေစီ၏ အများပြည်သူဆိုင်ရာ ယဉ်ကျေးမှုသည် ပြည်သူများပါဝင်မှုအား မျှော်လင့်၍ ကိုယ်ရေးကိုယ်တာကိစ္စများဖြင့် ရှုပ်ထွေးနေသည့်သူများအား မကြိုက်လှပေ။ ထိုခြားနားချက်သည် လွန်စွာအရေးကြီးသည့်အချက် ဖြစ်ပါသည်။

တိုက်ရိုက်ပြောဆိုဆွေးနွေးခွင့်ရှိသည့် ဒီမိုကရေစီ (Direct Deliberative Democracy) ရရှိစေရန် ပြည်သူများ၏ လှုပ်ရှားမှုများ၌ တစ်ဦးနှင့်တစ်ဦး လွတ်လပ်စွာဆွေးနွေးခွင့်၊ ငြင်းခုန်ခွင့်၊ မတူညီသည့် အယူအဆများအား ပွင့်လင်းစွာတင်ပြခွင့်များ ထင်ထင်ရှားရှား ရှိရမည် ဖြစ်သည်။ ထို့ပြင် စံထားနိုင်လောက်သော အတွေးအခေါ်ပညာနှင့် သိပ္ပံပညာရပ်များရရှိနိုင်စေရန် ပိုမို ကျယ်ပြန့်သည့် လွတ်လပ်စွာစုံစမ်းစစ်ဆေးမှုသည်လည်း လိုအပ်သော အခြေအနေတစ်ခု ဖြစ်ပါသည်။

ထို့ကြောင့် လွတ်လပ်မှုမပါသော ဒီမိုကရေစီစနစ်သည် သဘောအရ ၎င်းကိုယ်၎င်း ဆန့်ကျင်နေပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် ကာကွယ်ထားသည့် ရပိုင်ခွင့်ဥပဒေမူကြမ်း (Bill of Rights) မှ လူတစ်ဦးချင်း၏ ရပိုင်ခွင့်များအား အာမခံချက်မပေးနိုင်လျှင် ဒီမိုကရေစီစနစ်အတွက် မရှိမဖြစ်လိုအပ်သော လွတ်လပ်မှုကို လက်တွေ့၌ တည်မြဲစွာထိန်းထား၍မရနိုင်ပါဟူသော အယူအဆသည် ခေတ်သစ်တွင် ပေါ်ပေါက်လာသော အယူအဆဖြစ်ပါသည်။ ထိုရပိုင်ခွင့်ဥပဒေမူကြမ်း(Bill of Rights) သည် ကုလသမဂ္ဂမှ ရေးဆွဲထားသည့် (၁၉၇၆ တွင် စတင် အသက်ဝင်လာသော) နိုင်ငံသားနှင့်နိုင်ငံရေးအခွင့်အရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာသဘောတူညီချက်နှင့်လည်း ကိုက်ညီလှပါသည်။ အကယ်၍ ဒီမိုကရေစီနည်းအရ လွတ်လပ်သည့်ထုတ်ဖော်ပြသခြင်း၊ လွတ်လပ်သည့်တွဲဖက်ခြင်းနှင့် လွတ်လပ်စွာစုရုံးခြင်းတို့ကို လက်တွေ့အကောင်အထည် ဖော်လိုသည်ဆိုပါက လူ၏ရုပ်ပိုင်းလွတ်လပ်မှုနှင့် လုံခြုံရေးများပါဝင်သည့်အပြင် သင့်တင့်လျောက်ပတ်သော တရားရေးလုပ်ငန်းစဉ်များအတွက် အာမခံချက်များသည် လိုအပ်သောအခြေအနေများဖြစ်သည်ဟု အမျိုးသားဥပဒေမူကြမ်းများ (သို့) ရပိုင်ခွင့် ပဋိညာဉ်စာတမ်းများ (Charter of Rights) တွင် ထည့်သွင်းဖော်ပြထားပါသည်။ ထိုလွတ်လပ်မှုများသည် လူတဦးချင်းရပိုင်ခွင့်များအတွက် အာမခံချက်ပေးပါသည်။ သို့ရာတွင် လိုအပ်သည့်စုပေါင်းရည်ရွယ်ချက်နှင့် အဓိကအကြောင်းအရာကို မေ့မိန်သွားစေရန် ခွင့်မပြုသင့်ပါ။ ထိုရည်ရွယ်ချက်များသည် အများနှင့်ပါဝင်၍ အယူအဆများဆွေးနွေးခြင်း၊ မိမိဘက်ပါစေရေးအတွက် ဆွဲဆောင်ရန်ကြိုးစားခြင်း၊ ထောက်ခံမည့်သူများကို အဆင်သင့်လုပ်ထားခြင်း၊ ဆန္ဒပြခြင်းနှင့် ဒီမိုကရေစီလုပ်ငန်းစဉ်တွင် မူလပါဝင်ပြီးသား လုပ်ဆောင်ချက်များအား မိမိကိုယ်ပိုင်အတွက်ထက် အများပြည်သူအတွက် ဆုံးဖြတ်ချက်ချသည့် လုပ်ငန်းကိုသာ လုပ်ဆောင်ရပါမည်။

ဒီမိုကရေစီစနစ်သည် ယူကေ U.K နိုင်ငံ၌ အခြားနိုင်ငံများထက် ပို၍ အခွန့်ရှည်ပါသည်။ တရားဥပဒေ၏ တည်ငြိမ်မှုကိုကြည့်ခြင်းဖြင့် ယူကေနိုင်ငံ၏ လွတ်လပ်မှုများ၏အခြေအနေအား ခန့်မှန်းနားလည်နိုင်ပါသည်။ ဗြိတိသျှနိုင်ငံရေးသမားများနှင့် ရှေ့နေများကား ရပိုင်ခွင့်ဥပဒေမူကြမ်း (Bill of Rights) များသည် ဗြိတိသျှ၏ နဂိုရှိပြီးသား လွတ်လပ်ရေးယဉ်ကျေးမှု (Culture of

Freedom) အား လက်ခံကျင့်သုံးမှုမရှိကြသော နိုင်ငံများ၌သာ လိုအပ်သည်ဟု အထက်စီးသဘောဖြင့် ယုံကြည်နေကြပေသည်။ သို့ရာတွင် အုပ်ချုပ်ရေးဌာန၏ အလွှမ်းမိုးခံထားရသော ပါလီမန်အမတ်များ၏ လက်ထဲတွင် ပျက်စီးယိုယွင်းနေသော လွတ်လပ်မှုကို မြင်နေရသောကြောင့် လူ့အခွင့်အရေးဆိုင်ရာ ဥရောပသဘောတူညီချက် (European Convention on Human Rights) အား ဗြိတိသျှဥပဒေ (British Law) အဖြစ် သွတ်သွင်းပြဌာန်းရန် လိုအပ်လာပြီကိုကား နိုင်ငံရေးသမားများ တဖြည်းဖြည်း သဘောပေါက်လာကြပါသည်။ သို့သော် ထိုအခွင့်အရေးများအား တီထွင်ခြင်းသည် ဗြိတိသျှများသာဖြစ်သည်ဟူသောလေသံပစ်၍ ‘ရပိုင်ခွင့်များအိမ်ပြန်ယူလာပြီ’ ဟု ပြောဆိုနေကြသေးသည်။

လွတ်လပ်ယဉ်ကျေးမှုဟူသော အယူအဆအတွေးအခေါ်သည် ဒီမိုကရေစီအရည်အသွေးနှင့် မသက်ဆိုင်သည့် သဘောသက်သက်မဟုတ်ပါ။ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခြင်းအား ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဖြင့် အာမခံချက်ပေးနိုင်ပေသည်။ သို့သော် အယူအဆကွဲလွဲမှုများ ရှိနိုင်ပါသည်။ ထိုသို့မဟုတ် ပြည်သူ့သတင်းအချက်အလက်များထွက်လာသည့် မူလအကြောင်းရင်းနှင့် ဆက်သွယ်ရေးလမ်းကြောင်းများသည် မဖြစ်စလောက် အသေးအဖွဲ့ကိစ္စများ၏ အလွှမ်းမိုးခံထားရနိုင်ပါသည်။ အသင်းဖွဲ့စည်းမှု လွတ်လပ်ခွင့်အား အာမခံချက်ပေးနိုင်ပါသည်။ သို့သော် လူမှုအဖွဲ့အစည်းများ အရေအတွက်နည်းနိုင်ပါသေးသည်။ ထိုသို့မဟုတ် ရွေးကောက်တင်မြှောက်ထားသည့် အစိုးရအား စိန်ခေါ်ရန်အဆင်သင့် ဖြစ်နေနိုင်ပါသည်။ လွတ်လပ်မှုအတိုင်းအတာ မည်မျှအားလက်တွေ့၌အသုံးချနေသနည်း ဆိုသည်ကို အကဲဖြတ်ရန် ခက်ခဲပါသည်။ သို့သော်လည်း နိုင်ငံရေးခွဲခြမ်းစိတ်ဖြာမှု (Political Analysis) ကို လုပ်ခဲ့သောအစဉ်အလာကား ကြာပြီဖြစ်သည်။ ထိုအစဉ်အလာကြောင့် ဒီမိုကရေစီအရည်အသွေးတစ်ခုအား ထူးခြားစေရန် လုပ်ဆောင်ပေးနေသည်ဟုလည်း ခံယူထားနိုင်ပါသည်။

## ရပိုင်ခွင့်များ၊ တန်းတူညီတူရှိမှုများနှင့် ဒီမိုကရေစီစနစ်

ဒီမိုကရေစီစနစ်အတွက် လိုအပ်သော လွတ်လပ်မှုများအား လူ့အခွင့်အရေးဥပဒေမူကြမ်းဖြင့် ကာကွယ်ထားရန် လိုအပ်လျှင် ထိုကာကွယ်မှုကို တာဝန်ယူထားရသည့် တရားရုံးသည် ဥပဒေပြုလွှတ်တော်နှင့် နိုင်ငံတော်အုပ်ချုပ်ရေးအဖွဲ့တို့၏ သြဇာမှ ကင်းလွတ်မှုရှိရမည့်အချက်ဖြစ်သည်။ ဤနေရာ၌ အထက်ဖော်ပြအချက်သည် ယဉ်ကျေးသည့်လူ့အဖွဲ့အစည်းများတွင်ရှိသော တရားဥပဒေစိုးမိုးမှု (Rule of Law) နှင့် အများအပြားထပ်တူဖြစ်နေပေသည်။

အခွင့်အရေးများအား ထိထိရောက်ရောက် ကာကွယ်နိုင်ရန်အတွက် အခြေအနေနှစ်ရပ်လိုအပ်ပါသည်။ တစ်ရပ်သည် လူတဦး၏ အခွင့်အရေးကို ထိပါးစော်ကားသည့်ဖြစ်ရပ်မျိုးအား ပြုပြင်လိုသော (သို့) ပြန်လည်ရယူလိုသော တကယ့်ရည်ရွယ်ချက်ဖြင့် လူတဦးချင်းစီမှ တရားရုံးများသို့ လျှောက်ထားနိုင်သည့်အခွင့်အရေးဖြစ်ကာ အခြားတစ်ရပ်သည် ရပိုင်ခွင့်များနှင့်ပတ်သက်သည့် အခြေအနေများအား ကန့်သတ်ချုပ်ချယ်ရန် (သို့) ရပိုင်ခွင့်လုံးဝမရှိသောပုံစံဖြစ်စေရန် တရားရုံးများမှ ဆုံးဖြတ်နိုင်သည့် အခွင့်အာဏာဖြစ်သည်။

နောက်ဆုံးအချက်အား ထပ်မံဆွေးနွေးရန် လိုအပ်ပါသည်။ အဘယ်ကြောင့်မူ လက်တွေ့ဘဝတွင် ရပိုင်ခွင့်များအား ချိုးဖောက်ဖျက်ဆီးမှုသည် မကြာခဏဖြစ်ပွားနေဆဲကြောင့်ပင်။ အများအားဖြင့် ရပိုင်ခွင့် ဥပဒေမူကြမ်းများသည် (အမေရိကန်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၌ ပါဝင်သည့်

ပထမပြင်ဆင်ချက် ၁၀–ချက်မှလွဲ၍) အရည်အချင်းများ၊ ကန့်သတ်ချက်များ၊ ခြွင်းချက်များဖြင့် ဘောင်ခတ်ထားပါသည်။ အထူးခြားဆုံး ဥပမာမှာ ဥရောပပမ္မိညာဥ်စာချုပ်တွင်ပါသည့် ပိုဒ်ခွဲ (၁၀) ဖြစ်ပါသည်။ (အလားတူဥပဒေများအား သက်ဆိုင်သည့်အပြည်ပြည်ဆိုင်ရာပမ္မိညာဥ်စာချုပ်များ တွင်လည်း တွေ့နိုင်ပါသည်။) ထို ပိုဒ်ခွဲ (၁၀)တွင် လူတိုင်းလွတ်လပ်စွာ ထုတ်ဖော်ခွင့်ရှိရမည်ဟု ပြတ်ပြတ်သားသားဆိုထားပါသည်။ သို့သော် ထိုလုပ်ပိုင်ခွင့်သည် တရားဥပဒေက ပြဋ္ဌာန်းထားချက် နှင့်အညီ လုပ်ထုံးလုပ်နည်းများ အခြေအနေများ၊ ချုပ်ချယ်ကန့်သတ်မှုများ (သို့) ပြစ်ဒဏ်များကို ခံစားလိုက်နာရမည်။ ထို့ပြင် ဒီမိုကရေစီလူ့အဖွဲ့အစည်း၌လိုအပ်သော အမျိုးသားလုံခြုံရေး၊ နယ်မြေတည်တံ့ခိုင်မြဲရေး၊ အများပြည်သူအန္တရာယ်ကင်းရှင်းရေး၊ တရားဥပဒေဖောက်ဖျက်မှုနှင့် ပြစ်မှုကာကွယ်ရေး၊ ကျန်းမာရေးနှင့် ကိုယ်ကျင့်တရားကောင်းမွန်ရေး၊ အခြားလူများ၏ ဂုဏ်သိက္ခာ (သို့) ရပိုင်ခွင့်များအား ကာကွယ်ရေး၊ လျှို့ဝှက်သည့်ကိုယ်ရေးကိုယ်တာ သတင်းအချက်အလက် များအား ထုတ်ဖေါ်ခြင်းမှကာကွယ်ရေး (သို့) တရားစီရင်ရေးအာဏာနှင့် အဂတိလိုက်စားမှုကို ထိန်းသိမ်းထားရေးတို့ပါဝင်သည်။

ထိုအခွင့်အရေးများသည် တန်ဘိုးမရှိဟူ၍ ထင်ကောင်းထင်နိုင်ပါသည်။ သို့သော် အရေးကြီးသည့်သော့ချက်မှာ ထူးခြားသည့်ကန့်သတ်ချက်တစ်ခုအပေါ် အခြေအနေအရပ်ရပ်ကို ညှိနှိုင်းရန် ရင်ဆိုင်နေသည့်အခါ၌ တရားရုံးမှ ဆုံးဖြတ်နိုင်သော အာဏာရှိပါ့မလားဟူသော အချက်ပင်ဖြစ်သည်။ အကယ်၍ တရားရုံး၌ အာဏာမရှိခဲ့လျှင် သို့မဟုတ် အုပ်ချုပ်ရေးအဖွဲ့ **(Executive Council)** အား နာခံနေမည်ဆိုလျှင် အုပ်ချုပ်ရေးအဖွဲ့က ၎င်းသဘောကျ ရပိုင်ခွင့် များအား နှိပ်ကွပ်နိုင်သည့်အပြင် ဖွဲ့စည်းအုပ်ချုပ်ပုံအဖွဲ့အစည်းကို အထက်တွင်ဖော်ပြခဲ့သော အခြေအနေအထိ တောင်းဆိုမည်ဖြစ်သည်။

လွတ်လပ်မှုနှင့် လုံခြုံမှု (သို့မဟုတ်) ပြည်သူ့အမိန့်များအား ညီမျှအောင် ချိန်တွယ်ညှိနှိုင်း ပေးရမည်မှာ အစိုးရ၏တာဝန်ဖြစ်ပါသည်။ သို့သော် အသနားခံခြင်းကိစ္စသည် တရားရုံးနှင့်သာ သက်ဆိုင်၍ ထိုကန့်သတ်ချက်များအား ညှိနှိုင်းပေးသည် ညှိနှိုင်းမပေးသည်ကို အကဲဖြတ်ရန်နှင့် အကဲဖြတ်ရန်အတွက် လိုအပ်သောအထောက်အထားများအား တောင်းဆိုရန်ဖြစ်သည်။ အစိုးရ ပြောသည့်အတိုင်း လိုက်မလုပ်မိရန်လိုပါသည်။ ဤအခြေအနေ၌ လုပ်ထုံးလုပ်နည်းနှင့် ရပိုင်ခွင့်များ ကာကွယ်ရေး၏အနှစ်သာရတို့ အတူတွဲလျှက် ရှိနေကြပါသည်။

လူအများရွေးကောက်တင်မြှောက်ထား၍ လူကြိုက်များသည့် အစိုးရ၏သဘောထား အား တရားရုံးများက ချုပ်ချယ်ကန့်သတ်ခြင်း (သို့) နှောင့်ယှက်ခြင်းသည် ဒီမိုကရေစီမဟုတ်ဟု လူအများက ခိုင်ခိုင်မာမာယူဆကြသည်။ သို့ရာတွင် ဒီမိုကရေစီသည် လူကြိုက်များသည့် ဆန္ဒ သဘောထားများအား ဆောင်ရွက်လုပ်ကိုင်သည့်အခါတွင် ကာကွယ်ထားသောအခြေခံလွတ်လပ် ခွင့်ရှိကာ ဆက်လက်၍အာမခံချက်ပေးနိုင်မှသာ ဒီမိုကရေစီသည်လည်း လုံခြုံစိတ်ချရပေသည်။

ဒီမိုကရေစီစနစ်အား ရွေးကောက်တင်မြှောက်ထားသော အစိုးရတခု၏သီးသန့်အတိုင်း အတာနှင့် တန်းတူပြု၍မရပါ။ မည်သို့ပင်ဖြစ်စေ အခွင့်အရေးဆိုင်ရာ ဥပဒေမူကြမ်းများအား ပြည်သူ့ ဆန္ဒခံယူ၍ သဘောတူပြဋ္ဌာန်းပြီးကတည်းက ထိုဥပဒေမူကြမ်းတွင်ပါဝင်သည့် လွှတ်တော်နှင့် အစိုးရ အပေါ် ကန့်သတ်ချက်များအားလည်း ဒီမိုကရေစီနည်းကျသော ကန့်သတ်မှုများအဖြစ် မြင်ထား ပြီးဖြစ်သည်။ တရားရုံးများသည်လည်း ထိုအချက်အား အသေအချာ ဆက်လက် ထိန်းသိမ်းထား ပေးသည်။

ထိုသို့ တာဝန်ယူဆောင်ရွက်လုပ်ကိုင်ရသည့် လုပ်ဆောင်မှုများ၌ ကွဲပြားခြားနားသော အကြောင်းအရာများ ထပ်နေနိုင်ပါသည်။ ဆက်နွယ်မှုချင်းနီးစပ်သည့် လုပ်ပိုင်ခွင့်နှင့် တန်းတူညီတူမှု ဟူသော အချက်နှစ်ချက်အား ဤနေရာတင်ပြလိုပါသည်။ ပထမအချက်သည် ရပိုင်ခွင့်နောက်မှ တန်းတူညီတူမှု လိုက်လာပါသည်။ အဘယ်ကြောင့်မူ ရပိုင်ခွင့်အားလုံးသည် အလုံးစုံအား မူအရ ညီမျှစွာ အာမခံချက်ပေး၍ ဖြစ်သည်။ အများအားဖြင့် အခွင့်အရေးဆိုင်ရာသဘောတူစာချုပ်များ၏ နိဒါန်း သို့မဟုတ် နိဂုံးများ၌ လူတန်းစား(သို့)လူမျိုးခွဲခြားမှုဆန့်ကျင့်ရေးဥပဒေအပိုဒ်ငယ် (Clause) များ ပါဝင်သည်။ ထို့အပြင် လက်တွေ့တွင် ငြင်းပယ်ခံရသော ရပိုင်ခွင့်များသည် အထူး သီးသန့် အဖွဲ့အစည်းများ၏ စိတ်ကြိုက်ရည်ရွယ်ချက်ဖြင့်ဖြစ်စေ၊ ရည်ရွယ်ချက်မရှိဘဲဖြစ်စေ လုပ်ကိုင်ဆောင်ရွက်သော လုပ်ရပ်များဖြစ်သည်။ ဒီမိုကရေစီနည်းကျ ပြန်လည်ကန့်သတ်မှုများ အား ပုံမှန်အတိုင်းပုံစံဖေါ်ထားပါသည်။ လက်တန်းပုံကျသဘော ဖြစ်သလို လုပ်ကိုင်ဆောင်ရွက် ခြင်းမဟုတ်ပါ။

အခွင့်အရေးအလုံးစုံအား မူအရ လူအားလုံး ညီတူညီမျှရရန် အာမခံချက်ပေးသည် ဆိုစေကာမူ ကြေညာရန်အတွက် သက်ဆိုင်သည့်လူ့အဖွဲ့အစည်း၏ အသေးစိတ်ဖေါ်ပြချက် လိုအပ် ပါသည်။ ထိုလူ့အဖွဲ့အစည်း၌ ထိုကြေညာချက်သည် ကိုက်ညီမှု ရှိရပါမည်။ ဒီမိုကရေစီစနစ်အား သီးခြားပြည်နယ်၏ ပိုင်နက်အတွင်း၌သာ ကန့်သတ်ထားသမျှကာလပတ်လုံး မဲပေးခွင့်နှင့် မဲရွေးခံခွင့် စသည့် နိုင်ငံရေးအခွင့်အရေးများသည် ထုံးစံအတိုင်း နိုင်ငံသားမဟုတ်သူများအတွက် အကျုံး မဝင်တော့ပါ။ ဤဖြစ်ရပ်၌ တန်းတူညီတူမှုသည် နိုင်ငံသားများအတွက်သာဖြစ်၍ နိုင်ငံသား မဟုတ်သူများအတွက် မဖြစ်ပါ။ သို့သော် အဓိကကျသော နိုင်ငံရေးအခွင့်အရေးများသည်လည်း အခြေခံလူ့အခွင့်အရေးများကဲ့သို့ပင် နိုင်ငံသားများအတွက်သက်သက်မဟုတ်ဘဲ နိုင်ငံအတွင်း နေထိုင်သူအားလုံးနှင့်လည်း သက်ဆိုင်ပါသည်။ ထို့ကြောင့် နိုင်ငံသားမဟုတ်သူများအား စွဲချက် မတင်ဘဲ အကန့်အသတ်မရှိ ဖမ်းဆီးချုပ်နှောင်ခွင့်ရှိသည့် အမေရိကန်ပြည်ထောင်စု၏ အက်ဥပဒေ နှစ်ခု ( U.S Patriot Acts နှင့် U.K Anti-terrorism , Crime and Security Act of 2001) ၌ နိုင်ငံသားမဟုတ်သူများအား တန်းတူအခွင့်အရေးမပေးဟူသောကိစ္စသည် စိုးရိမ်မှုကို ဖန်တီး ပေးသောအကြောင်းတရားတစ်ခု ဖြစ်ပါသည်။

ထို့အပြင် လူ့အခွင့်အရေးအသိုင်းအဝိုင်းအတွင်း၌ ခိုင်ခိုင်မာမာခံယူထားသည်မှာ နိုင်ငံသားအခွင့်အရေးနှင့် နိုင်ငံရေးအခွင့်အရေးများအား စီးပွားရေးနှင့် လူမှုရေးရပိုင်ခွင့်များအား ခွဲမထုတ်ရန်ဖြစ်သည်။ လွတ်လပ်မှုဟူသော အယူအဆအကြောင်း ဆွေးနွေးသည့်အခါတွင် အတွေး အခေါ်ပညာရှင်များ၏ တောင်းဆိုချက်နှင့်လည်း ကိုက်ညီမှုရှိပါသည်။ အကယ်၍ လွတ်လပ်မှုသည် လုပ်ကိုင်ဆောင်ရွက်မှသာ ၎င်း၏ကောင်းသည့်တန်ဖိုး ထွက်လာမည်ဆိုပါက လွတ်လပ်ခွင့်အား လက်တွေ့ဖေါ်ဆောင်နိုင်စွမ်းမရှိသောနိုင်ငံများ၊ ဖေါ်ဆောင်ရန် အရင်းအမြစ်ချို့ယွင်းသည့် နိုင်ငံများ သည် လွတ်လပ်မှုတားမြစ်ပိတ်ပင်ခြင်းမခံရသော်လည်း လွတ်လပ်မှု၏အရသာအား ခံစားနိုင်မည် မဟုတ်တော့ပေ။

အလားတူပင် လူတစ်ယောက်၏နိုင်ငံသားအခွင့်အရေးနှင့် နိုင်ငံရေးအခွင့်အရေးများ ကျင့်သုံးမှုများနှင့် အကျိုးဖြစ်ထွန်းစေရန် လုပ်ဆောင်မှုများသည် ၎င်း၏ပညာအရည်အချင်းနှင့် အရင်းအမြစ်အခြေအနေပေါ်တွင် မူတည်သည်ဟုဆိုနိုင်ပါသည်။ သို့သော် နိုင်ငံသားအခွင့်အရေးနှင့် နိုင်ငံရေးအခွင့်အရေး၏ တန်းတူညီတူမှုအားအာမခံနိုင်ရန် စီးပွားရေးနှင့်လူမှုရေးအခြေအနေများ တူညီရန်မလိုအပ်ပေ။

လိုအပ်သည်မှာ မည်သူမျှ အောက်သို့လိမ့်မကျစေရန် ကာကွယ်ပေးမည့် အခြေခံကြမ်းပြင်ဖြစ်သော ဥပဒေအထောက်အကူ (legal aid)ကဲ့သို့သော အင်အားများဖြစ်ပါသည်။ အပေါ်ပိုင်းတွင်လည်း ငွေကြေးချမ်းသာကြွယ်ဝသည့် လူတန်းစားတွေသာ ပြည်သူ့အုပ်ချုပ်ရေးဌာနများသို့ ဝင်ရောက်နိုင်သည့်အားသာချက်များကို ကန့်သတ်ရန်ဖြစ်သည်။ အုပ်ချုပ်ရေးဌာန၊ ရုံးအရာရှိများနှင့် ပြည်သူ့သတင်းအချက်အလက်လမ်းကြောင်းများအား ၎င်းတို့မလွှမ်းမိုးနိုင်ရေးအတွက် တားမြစ်စည်းကမ်းချက်များရှိသင့်ပါသည်။

နိုင်ငံသားအခွင့်အရေးနှင့် နိုင်ငံရေးအခွင့်အရေးများ၏အာမခံချက်သည် ဒီမိုကရေစီ၏အခြားအတိုင်းအတာ ပမာဏများအတွက် လိုအပ်သော အခြေခံအုတ်မြစ်အား ပေးစွမ်းနိုင်ပါသည်။ အကယ်၍ နိုင်ငံရေးအရပါဝင်ဆောင်ရွက်မှုကို စဉ်းစားဆင်ခြင်ကြည့်မယ်ဆိုပါက ပြည်သူလူထု၏လွတ်လပ်စွာ အချင်းချင်းဆက်သွယ်မှုနှင့်ပူးပေါင်းမှုများအား ပိတ်ဆို့ထားခြင်း၊ သို့မဟုတ် အစိုးရက စောင့်ကြည့်ခြင်းဖြင့် ချုပ်ချယ်ခဲ့လျှင် ထိုပြည်သူလူထု၏ နိုင်ငံရေးတက်ကြွမှု၊ နိုးကြားမှုနှင့် ပြည်သူ့အဖွဲ့အစည်းများတွင် မိမိတို့ကိုယ်တိုင်၏ပါဝင်ပတ်သက်မှုများအား အဟန့်အတား ခံရပါလိမ့်မည်။

ထိုလွတ်လပ်မှုမျိုးမရှိလျှင် ပြည်သူများ၏ အရေးတယူ ဂရုစိုက်မှုနှင့် အဘိုးတန်သည့် ဝေဖန်ချက်အယူအဆများ ဖွံ့ဖြိုးတိုးတက်လာမှုကို ဟန့်တားသကဲ့သို့ ဖြစ်လာပါမည်။ အကယ်၍ ရွေးကောက်ပွဲလုပ်ငန်းစဉ်တွင် အဓိကဖြစ်သည့် အစိုးရ၏ ဒေါင်လိုက်တာဝန်ခံမှုအား ဆင်ခြင်စဉ်းစားသည့်အခါ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သူနှင့် ၎င်း၏ပါတီဝင်များ အပြည့်အဝပွင့်လင်းပြီး တရားမျှတသည့်ရွေးကောက်ပွဲ ယှဉ်ပြိုင်ခွင့်ရရှိရန်လိုအပ်ပါသည်။ ထိုရွေးကောက်ပွဲယှဉ်ပြိုင်မှုသည် ညီမျှ၍ ထဲထဲဝင်ဝင်ဖြစ်စေသည့် နိုင်ငံရေးဆိုင်ရာရံပုံငွေ (Political Finance)နှင့် လူထုဆက်သွယ်ရေးကို ပိုမိုသေချာစေသော လုပ်ထုံးလုပ်နည်းနှင့် လွတ်လပ်ထိရောက်သည့် စီမံခန့်ခွဲမှုရှိရပါမည်။

အကယ်၍ ပြည်သူ့လိုအပ်မှုအပေါ် အစိုးရ၏တုံ့ပြန်ချက်အား ဆင်ခြင်စဉ်းစားမည်ဆိုလျှင် ပြည်သူ့စိတ်ဝင်စားမှုနှင့် အယူအဆများကို လွတ်လပ်စွာ ထုတ်ဖော်ပြောကြားရန် လိုအပ်လာပါသည်။ ဂျီဘင်ဟန်ပိုဝဲလ် (G.Bingham Powell, Jr.) ငြင်းချက်ထုတ်သကဲ့သို့ အကယ်၍ ရွေးကောက်ပွဲကြောင့် ဒေါင်လိုက်တာဝန်ခံမှု၏ တည်တံ့ခိုင်မြဲမှုသည် မသေမချာဖြစ်နေလျှင် တုံ့ပြန်ဆောင်ရွက်မှုဟူသောကွင်းဆက်၏ အရေးကြီးသည့်သံကွင်း ပြတ်တောက်သွားပါမည်။ ရှုပ်ထွေးနေသော ချည်မျှင်ကွန်ယက်နှင့်တူသည့် ဒီမိုကရေစီ၏ချည်စတခုခုကို ဆွဲထုတ်လိုက်ပါက ထိုချည်မျှင်မှတဆင့် ထူးခြားသည့် နိုင်ငံသားအခွင့်အရေး သို့မဟုတ် နိုင်ငံရေးအခွင့်အရေးဆီသို့ ရောက်သွားပါလိမ့်မည်။ ထိုအခွင့်အရေးများ လုံခြုံမှုမရှိခဲ့လျှင် ဒီမိုကရေစီချည်ထုံးသည်လည်း စတင်ပြေကျသွားပေလိမ့်မည်။

## ဒီမိုကရေစီစနစ်အား အကဲဖြတ်ရန်အဆင့် (၄) ဆင့်

တိုင်းပြည်တစ်ပြည်၏ ဒီမိုကရေစီအရည်အသွေးအား အကဲဖြတ်သည့်အခါတွင် အစဉ်လိုက် အဆင့်(၄)ဆင့် သတ်မှတ်ထားပါသည်။ ပထမအဆင့်သည် ဒီမိုကရေစီက ပေးရမည့် အရာများကို တစ်ခုချင်းဖေါ်ပြရန် ဖြစ်သည်။ ထိုကိစ္စတွင် ဒီမိုကရေစီလွတ်လပ်မှုများကို အကောင်အထည်ဖေါ်ရန် အကောင်းဆုံးအခွင့်အရေးများအား ဖော်ပြမည်ဖြစ်သည်။

ဒုတိယအဆင့်သည် ထိုအခွင့်အရေးများအား အကောင်အထည်ဖေါ်ရာတွင် လက်တွေ့ကျင့်သုံးမှုဆိုင်ရာ နိုင်ငံတကာစံချိန်များကို သတ်မှတ်ဖေါ်ပြမည်ဖြစ်သည်။ ဒီမိုကရေစီသည် အပြည့်

အဝရှိသည် သို့မဟုတ် လုံးဝမရှိသည်ဟူ၍ (All or Nothing) မဟုတ်ပါ။ အတိုင်းအတာပမာဏ ကွဲပြားမှုသာ ဖြစ်ပါသည်။ ထို့ကြောင့် တိုင်းတာစရာ စံတစ်ခု (Benchmark) လိုအပ်ပါသည်။ မည်သည့်တိုင်းပြည်၌မဆို နယ်မြေအသီးသီးတွင်ရှိသော ကောင်းသည့်အဆင့်အား ဖော်ပြပေးမည့် စံဖြစ်ပါသည်။

ထိုသို့ အကောင်းဆုံးအလေ့အကျင့်ဆိုင်ရာ စံနှုန်းများအတွက် အရင်းအမြစ်ကောင်းများ၌ ယေဘုယျအားဖြင့် စံနမူနာအဖြစ်ယူဆထားသည့် သက်ဆိုင်သော အပြည်ပြည်ဆိုင်ရာ စည်းမျဉ်းဥပဒေများနှင့် သဘောတူညီချက်များ (သို့) သီးခြားနိုင်ငံ၏ စည်းမျဉ်းဥပဒေများ ပါဝင်နိုင်ပါသည်။ အမှန်အားဖြင့် နိုင်ငံတစ်နိုင်ငံတွင် စံနှုန်းအားလုံးကို တပြိုင်နက်တည်း အကောင်အထည်ဖော်ရန် မျှော်လင့်ခြင်းသည် လက်တွေ့မကျနိုင်ပါ။

လက်တွေ့ဘဝတွင်မူ ကုန်ပစ္စည်းအမျိုးအစားများစွာတို့အား အကောင်းဆုံးအခြေအနေသို့ ရောက်စေရန် အတိုးအလျော့လုပ်ပေးရသကဲ့သို့ ဒီမိုကရေစီစနစ်သည်လည်း အလျှော့အတင်းလုပ်ပေးရမည်ဖြစ်ပါသည်။ အကောင်းဆုံးအလေ့အကျင့်ပုံစံတစ်ခုအား အကဲဖြတ်ခြင်းသာလျှင် ထိုအလျော့အတင်းလုပ်မှုများ မည်သည့်နေရာတွင် အမှန်တကယ်ဖြစ်နေသည်ကို ဖော်ထုတ်နိုင်ပါမည်။

တတိယအဆင့်သည် ဒီမိုကရေစီအဆင့်အတန်းသို့ရောက်ရန် လက်တွေ့အကောင်အထည်ဖော်သည်ကို ဟန့်တားနိုင်မည့် ပုံစံကျ အဖျက်အဆီးများအား စာရင်းလုပ်ထားခြင်း ဖြစ်သည်။ ဒီမိုကရေစီ၏ အရည်အသွေးအား အကဲဖြတ်ခြင်းသည် သက်ဆိုင်ရာဥပဒေ စည်းမျဉ်းများကို တန်ဘိုးဖြတ်သောကိစ္စသက်သက် မဟုတ်ပါ။ ထိုစည်းကမ်းဥပဒေများအား မည်မျှအမှန်တကယ် အကျိုးရှိစေရေးအတွက် ဆောင်ရွက်နိုင်သည်ကို စုံစမ်းစစ်ဆေးရန်ဖြစ်ပါသည်။ ဤနေရာတွင် အဖျက်အဆီး (subversion) ဟူသော ဝေါဟာရသည် အကန့်အသတ်အလွန်အမင်းရှိသော ဝေါဟာရတစ်ခု ဖြစ်နိုင်ပါသည်။ ရည်ရွယ်ချက်ဖြင့် တမင်လုပ်သည့်သဘောကို ဆိုလိုခြင်းဖြစ်ပါသည်။ သို့သော် ဒီမိုကရေစီစနစ်သည် အဖွဲ့အစည်းများ၊ လုပ်ထုံးလုပ်နည်းများ (သို့) ဝန်ထမ်းများ၏ ရည်ရွယ်ချက်မပါသော ချို့ယွင်းချက်များကြောင့်လည်း ပျက်စီးနိုင်ပါသည်။

နောက်ဆုံးအဆင့်သည် ထိုအဖျက်အဆီးများအား ဆန့်ကျင်ရာတွင် အလွန်ထိရောက်ကြောင်း ထင်ရှားသည့်အကာအကွယ်များကို တိတိကျကျ သတ်မှတ်ရန်ဖြစ်ပါသည်။ ထို့အပြင် ထိုအကာအကွယ်များသည် လက်တွေ့တွင် မည်မျှအောင်မြင်မှုရှိသည်ကို အကဲဖြတ်ရန် ဖြစ်ပါသည်။

ယခုဖော်ပြမည့် ဆန်းစစ်ချက်သည် နိုင်ငံသားအခွင့်အရေးနှင့် နိုင်ငံရေးအခွင့်အရေးများအား သီးခြားစီခွဲခြား၍ ကိုင်တွယ်ထားပါသည်။ ပထမအားဖြင့် ဒီမိုကရေစီစနစ်အတွက် မရှိမဖြစ်လိုအပ်သည့် အဓိကလွတ်လပ်မှုများပါဝင်သည့် နိုင်ငံသားအခွင့်အရေးများကို ကိုင်တွယ်ထားပါသည်။ ဒုတိယအားဖြင့် နိုင်ငံအုပ်ချုပ်ရေးနှင့် ရွေးကောက်ပွဲများဆီသို့ လက်လှမ်းမီမှုများပါဝင်သည့် နိုင်ငံရေးအခွင့်အရေးများကို ကိုင်တွယ်ထားပါသည်။ တစ်ခုချင်းစီကိုင်တွယ်ရာတွင် အထက်တွင်ဖော်ပြခဲ့သော အဆင့်လေးဆင့်အား လိုက်နာထားပါသည်။

## နိုင်ငံသားအခွင့်အရေးများ

ပထမဦးစွာ နိုင်ငံသားအခွင့်အရေးများကို သုံးသပ်ကြပါမည်။ အောက်ဖော်ပြပါအချက်များသည် ဒီမိုကရေစီစနစ်တွင် ရရှိနိုင်မည့် အဓိက အခွင့်အရေးများ ဖြစ်ပါသည်။

လူ့အသက်နှင့် လုံခြုံမှု၊ လွတ်လပ်စွာ ပြည်သူ့လှုပ်ရှားမှု၊ လွတ်လပ်စွာ တွေးခေါ်ရေးသားပြောဆိုမှု၊ အလုပ်သမားအစည်းအရုံးနှင့် နိုင်ငံရေးပါတီများအပါအဝင် လွတ်လပ်စွာစုဝေးမှု၊ လွတ်လပ်စွာ သတင်းအချက်အလက်ရယူမှု၊ လူတန်းစားခွဲခြားမှုအား ကာကွယ်ခြင်း၊ မစွမ်းမသန်သူများ၏ ရပိုင်ခွင့်များနှင့် သင့်တင့်လျောက်ပတ်သည့် လုပ်ငန်းစဉ်များ၊ ရပိုင်ခွင့်များဖြစ်ပါသည်။

ဒီမိုကရေစီအရည်အသွေးအား စုံစမ်းစစ်ဆေးရန်ရည်ရွယ်ကာ ထိုအချက်များကို နှိုင်းယှဉ်လေ့လာသည့် မေးခွန်းတွဲများအဖြစ် ဘောင်သတ်မှတ်ထားနိုင်ပါသည်။ ဥပမာ– ကိုယ့်လူမျိုးအချင်းချင်း ကိုယ်ထိလက်ရောက်အစော်ကားခံရခြင်း မည်မျှရှိသနည်း။ အစော်ကားခံရမည်ကို မည်သည့်အတိုင်းအတာအထိ စိုးရိမ်ကြောက်ရွံ့စရာမလိုသနည်း။ ဒီမိုကရေစီစနစ်၏ ရှုထောင့်မျိုးစုံအား ခြုံငုံသုံးသပ်ထားသည့် ထိုသို့သောမေးခွန်းများပါသည့် စာရင်းတစ်ခုကို (International IDEA Handbook on Democracy Assessment) ဟူသော စာအုပ်တွင် တွေ့ရှိနိုင်ပါသည်။

သတင်းအချက်အလက်လွတ်လပ်ခွင့်မှလွဲ၍ အထက်တွင်ဖော်ပြခဲ့သော အခွင့်အရေးများ အားလုံးအတွက် အကောင်းဆုံးလက်တွေ့ဆောင်ရွက်နိုင်သည့် စံချိန်များအား အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးသဘောတူညီချက်များနှင့် ဥပဒေပညာရပ်၌ တွေ့နိုင်ပါသည်။ ထိုစံနှုန်းများသည် ယခုဆွေးနွေးနေသည့် အခွင့်အရေးများအားဖန်တီးရန်လုပ်ငန်းစဉ်နှင့် လက်တွေ့အကောင်အထည်ဖော်ရန် လုပ်ငန်းစဉ် နှစ်မျိုးစလုံးကို ခြုံငုံနေပါသည်။ လက်တွေ့အကောင်အထည်ဖော်ရန် လုပ်ငန်းစဉ်ဆိုသည်မှာ သက်ဆိုင်ရာတရားရုံးများ၏ လွတ်လပ်စွာတရားစီရင်ရေးနှင့် အခွင့်အာဏာများအပြင် တရားရုံး၌ နိုင်ငံသားတစ်ဦးချင်းအနေဖြင့် ဦးတိုက်လျှောက်ထားနိုင်ခွင့်၊ လျှောက်လဲထုချေနိုင်ခွင့်၊ နစ်နာမှုအတွက်လျော်ကြေးတောင်းခံနိုင်ခွင့်များ ပါဝင်ပါသည်။ လူ့အခွင့်အရေးဆိုင်ရာ ရှေ့နေများသည် နိုင်ငံတစ်နိုင်ငံ၏ ဒီမိုကရေစီစနစ်အား ရှုထောင့်အမျိုးမျိုးမှ အကဲဖြတ်ရန် အကောင်းဆုံးနေရာအား ရနေတတ်ကြသည်။ သတင်းအချက်အလက်လွတ်လပ်ခွင့်ရရန် အကောင်းဆုံးလုပ်ဆောင်နိုင်သည့်စံနှုန်းအား (အမေရိကန်ပြည်ထောင်စုနှင့် ဆွီဒင်) ကဲ့သို့သော စံပြုခြင်းခံရသည့် အမျိုးသားတရားစီရင်မှု (National Jurisdiction) ရှိသည့် နိုင်ငံများ၌ ရနိုင်ပါသည်။

အမျိုးသားပဋိညာဉ်စာတမ်း (သို့) ရပိုင်ခွင့်ဥပဒေမူကြမ်းများ၌ ဖော်ပြထားသည်များ မပြည့်စုံမှုကြောင့် အခွင့်အရေးဖျက်ဆီးမှုများ ပေါ်ပေါက်လာခြင်းတို့ လွန်စွာရှားပါးပါသည်။ စာရွက်ပေါ်တွင်ကြည့်ကောင်းစေရန်ရေးသည်မှာ လွယ်ကူနေ၍ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ အကဲဖြတ်မှု လုပ်ဆောင်ရာတွင် အပြည်ပြည်ဆိုင်ရာ အဓိပ္ပာယ်ဖွင့်ဆိုချက်များဖြင့် အမြဲနှိုင်းယှဉ်၍ စတင်သင့်သည်။ ဒီမိုကရေစီစနစ်အား နှောက်ယှက်ဖျက်ဆီးသည့် ယေဘုယျပုံစံများအနက် အောက်ဖော်ပြထားသောပုံစံများသည် ဖြစ်လေ့ဖြစ်ထရှိသောပုံစံများဖြစ်သည်။

ရပိုင်ခွင့်များကာကွယ်ရေးအတွက် တရားစီရင်ရေးလုပ်ငန်းစဉ်၏ မပြည့်စုံမှု၊ တရားရုံးများ၏ လွတ်လပ်မှု သို့မဟုတ် ယှဉ်ပြိုင်မှု မပြည့်စုံခြင်း၊ ဦးတိုက်လျှောက်ထားနိုင်ခွင့်၊ လျှောက်လဲထုချေနိုင်ခွင့်၊ နစ်နာမှုအတွက်လျော်ကြေးတောင်းခံနိုင်ခွင့်များအား စနစ်တကျပဟန့်တားခြင်း။ အာဏာရှင်ဆန်စွာ ထိန်းချုပ်ခြင်း သို့မဟုတ် ဖိနှိပ်ထိန်းချုပ်ခြင်း၊ ဆန့်ကျင်ကန့်ကွက်သူများအား ခြိမ်းခြောက်ခြင်း၊ စွဲချက်မတင်ဘဲ ဖမ်းဆီးချုပ်နှောင်ခြင်း၊ အချုပ်ခန်းနှင့် အကျဉ်းထောင်အတွင်း၌

မတရားပြုကျင့်ခြင်း၊ တိုင်းရင်းသားအုပ်စုများအားနှိမ်ခြင်း (ခွဲခြားဆက်ဆံခြင်း)၊ စစ်တပ်အရံတပ်ဖွဲ့များနှင့် ပူးပေါင်းလိမ်လည်ခြင်း၊ များသောအားဖြင့် အတိုက်အခံအုပ်စုများကို ဆန့်ကျင်ရန် သို့မဟုတ် အကြမ်းဖက်မှုဆန့်ကျင်ရေးအတွက် ပုံမှန်ဥပဒေများအား ကျော်လွန်၍ အရေးပေါ်အာဏာများအသုံးပြုခြင်း စသည်တို့ဖြစ်သည်။

အခွင့်အရေးများကာကွယ်ရန် အချို့အုပ်စုများအား စနစ်တကျ ဖယ်ထုတ်ထားခြင်း၊ ဥပမာ – လူသိနည်းသည့် အင်အားမရှိသောတိုင်းရင်းသားလူနည်းစုများ၊ နိုင်ငံအတွင်းသို့ ဝင်ရောက်လာသည့်နိုင်ငံခြားသားများ၊ နိုင်ငံရေးခိုလှုံခွင့်တောင်းခံသူများ၊ ရန်သူ (သို့) ပြည်ပမှ အစိုးရအား ဆန့်ကျင်သူများ စသည်တို့ဖြစ်သည်။

သတ်မှတ်ထားသည့်အခွင့်အရေးများအား ဖျက်ဆီးမှုတွင် ပါဝင်သည့်အချက်များမှာ

- လူ့အသက်နှင့် လုံခြုံရေး။
- ပြည်သူ့နယ်မြေအား အန္တရာယ်ရှိသည်၊ လုံခြုံမှုမရှိသည့်နယ်မြေဖြစ်သည် စသည်ဖြင့် ထင်ယောင်ထင်မှားဖြစ်စေရန် ဖန်တီး၍ အရပ်သားအချင်းချင်း ကိုယ်ထိလက်ရောက် ကျူးလွန်မှု၊ သတ်ဖြတ်မှုဖြစ်ရပ်များ။
- ဖမ်းဆီးချုပ်နှောင်ထားစဉ် နှိပ်စက်ညင်းပမ်းမှုများနှင့် သေဆုံးမှုများဖြစ်စေသည့် လက်မခံနိုင်စရာအခြေအနေများ၊ ထိုအခြေအနေများသည် ဆင်းရဲနိမ့်ကျလွန်းသည့် အကျဉ်းထောင် အခြေအနေကြောင့် ဖြစ်နိုင်သကဲ့သို့ မိမိကိုယ်မိမိ ထိခိုက်စေရန် လုပ်ဆောင်ခြင်းကြောင့်လည်းကောင်း အကျဉ်းသားအချင်းချင်းကြောင့် သို့မဟုတ် အကျဉ်းထောင်ဝန်ထမ်းများကြောင့်လည်း ဖြစ်နိုင်သည်။ (ဤနေရာတွင် ဗြိတိသျှဝန်ကြီးချုပ်ဟောင်း ဝင်စတန်ချာချီ၏ ဒီမိုကရေစီအကြောင်း မိန့်ခွန်းကို မှတ်သားသင့်ပါသည်။ ‘အကျဉ်းသားတွေကို ဘယ်လိုဆက်ဆံသလဲ ဆိုတဲ့အချက်က ဒီမိုကရေစီအရည်အသွေးကိုစစ်ဆေးတဲ့ လစ်တ်မတ်စ်စမ်းသပ်ချက် (Litmus test) ဖြစ်တယ်’ ဟု ထိုမိန့်ခွန်း၌ ရေးသားထားပါသည်။)
- လွတ်လပ်စွာ ထုတ်ဖော်ခွင့်၊ ဆက်သွယ်ရေးနည်းလမ်း (Media) ပိုင်ဆိုင်မှု၊ ပြည်သူ့အမြင်များ၊ ပြည်သူ့သတင်းအချက်အလက်များမစုံလင်ခြင်း၊ အသားရေဖျက်မှုဥပဒေများနှင့် ထိုဥပဒေများ ခုခံကာကွယ်မှုအတွက် ကုန်ကျစရိတ်များကို ပြည်သူ့အရာရှိများနှင့် ကော်ပိုရေးရှင်းများမှ အရာရှိများအား တရားဝင်ဝေဖန်ဆုံးဖြတ်မှုမလုပ်ရန် ကန့်သတ်ချုပ်ချယ်သည့်အနေဖြင့် ပေးကမ်းခြင်း၊ အသုံးပြုခြင်း။ သတင်းစာသမားများအား တရားဝင်နည်းလမ်းများ သို့မဟုတ် တရားမဝင်နည်းများဖြင့် အနှောက်အယှက်ပေးသည့်ဖြစ်ရပ်များ။
- အသင်းအဖွဲ့နှင့် စုဝေးမှုလွတ်လပ်ခွင့်။ စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများ၊ အလုပ်သမားအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၏ မှတ်ပုံတင်များအား ဖယ်ထုတ်ထားသည့်ဥပဒေများ။ မှတ်ပုံတင်လျှောက်ထားရာတွင် လိုအပ်ချက်များအား ခွဲခြားထားမှုများ။ အစိုးရ၏လူများကို ထပ်မံ ထည့်သွင်း (သို့) စာချုပ်ခြင်းကြောင့် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ လွတ်လပ်ခွင့်ဆုံးရှုံးမှုများ။ ပြည်သူများစုဝေးမှုတွင် လိုအပ်သည်ထက်ပိုမိုသော အနှောက်အယှက်များ။ ဥပမာ – အကြောင်းကြားရန် အမှန်တကယ်မဖြစ်နိုင်သည့်အချိန်ကာလသတ်မှတ်ခြင်း။ မသင့်တော် မလျော်ကန်သည့်နေရာများသတ်မှတ်ပေးခြင်း။ ဆန္ဒပြသူများအား ရဲဖြင့်နှောက်ယှက်ခြင်း။
- သတင်းအချက်အလက်လွတ်လပ်မှု (အကယ်၍ တရားဥပဒေနှင့်ညီသည့် တရားဝင်ရပိုင်ခွင့်များ ရှိခဲ့လျှင်)၊ လိုသည်ထက်ပို၍ ကန့်သတ်ချုပ်ချယ်ထားသည့် တရားဝင်လျှို့ဝှက်မှုများဆိုင်ရာ ဥပဒေပြဋ္ဌာန်းခြင်း။ ၎င်းတွင် ပြည်သူလူထုစိတ်ဝင်စားမှုရှိကာ သက်ဆိုင်ရာ အာဏာပိုင်များသို့

မတရားတိုင်တန်းသူများ (သတင်းပို့သူများ)အား ကာကွယ်မှုမရှိသည့် ဖြစ်ရပ်လည်း ပါဝင်သည်။ တရားဝင်ခွင့်ပြုသည့် သတင်းအချက်အလက်ရရန် အဆက်အသွယ်အတွက် ကုန်ကျစရိတ် အလွန်အကျွံများခြင်း။

ဖြစ်နိုင်ခြေရှိသည့် အဖျက်အဆီးအမျိုးမျိုးတို့၏ ဖြစ်ပျက်ပုံကိုဖေါ်ထုတ်ရန် အချက်အလက်အမျိုးမျိုး လိုအပ်ပါသည်။ ၎င်းတွင် မတရားသည့် ဖြစ်ရပ်များအတွက် အရေအတွက်ဆိုင်ရာ အချက်အလက်များ၊ အဓိကအဖြစ်အပျက်များအတွက် အရည်အသွေးစိတ်ဖြာ လေ့လာချက်များ၊ တရားမျှတမှု အခွင့်အရေးများကာကွယ်ပေးမှုကို ရယူနိုင်ခြင်းနှင့်ပတ်သက်၍ အကဲဖြတ်ရန် ပြည်သူ့သဘောထားလေ့လာချက်များ။ မီဒီယာပိုင်ဆိုင်မှုဆိုင်ရာ အရေအတွက်ပြ အချက်အလက်များအပြင် သဘောထားအမြင်အမျိုးမျိုးအဖုံဖုံ၌ ပါရှိသည့်အရာများအား ခွဲခြမ်းစိတ်ဖြာခြင်းများ ပါဝင်ပါသည်။

အချို့ဒေသများ၌ အရေးကြီးသည့်ပြဿနာများ၏ သင်္ကေတအားဖေါ်ပြသည့် အရေအတွက်ဆိုင်ရာအညွှန်းများ (Quantitative Indicators)ကို တွေ့နိုင်ပါသည်။ ဥပမာ– တရားရေးနယ်ပယ်တွင် အမှုများအား တရားရုံးသို့တင်ပြရန် ကြာမြင့်မည့် ယေဘုယျအချိန်ကာလ။ တရားရုံးသို့ ဆင့်ခေါ်သမ္မာန်စာရထားသည့်အကျဉ်းသား (သို့) အမှန်တကယ်ရှိသည့် အကျဉ်းသားဦးရေနှင့် အကျဉ်းထောင်ဝန်ထမ်းများ၏ အချိုးအစားတို့ဖြစ်ပါသည်။ ထိုအချက်များအားလုံးသည် တရားရေးစနစ်၏ အခြေအနေအားသရုပ်ပေါ်စေရန်ဖော်ပြသည့် အညွှန်း(Indicator)ပင် ဖြစ်ပါသည်။ သို့သော် ထိုဖြစ်ရပ်များတွင်ပင် အရေအတွက်အညွှန်းများ၌ အရည်အသွေး ပိုင်းခြားစိတ်ဖြာမှုများ ထပ်ပေါင်းထည့်ရန် အရေးကြီးပါသည်။ အဘယ်ကြောင့်မူ ဒီမိုကရေစီစနစ်၏ အရည်အသွေးအား အရေအတွက်အညွှန်းစာရင်းများနှင့် လွယ်ကူစွာ အကဲဖြတ်၍ရသည်ဟူသော အယူအဆလွဲမှားမှုကြောင့် ဖြစ်ပါသည်။

အမေရိကန်ပြည်ထောင်စုတွင် ထိုအဖျက်အဆီးများအား ကာကွယ်ရန် ကိုယ်စားလှယ်အေဂျင်စီများ အများအပြားရှိပါသည်။ တရားရုံးများ အလုပ်မလုပ်သည့်အချိန်တွင် တရားစီရင်ရေးနှင့်မသက်ဆိုင်သည့် ကိုယ်စားလှယ်များ အဓိကကျလာနိုင်ပါသည်။ အကာအကွယ်ပေးသည့် ကိုယ်စားလှယ်များအားလုံးကို နိုင်ငံသားအခွင့်အရေးကာကွယ်သည့်နယ်ပယ်တွင် ဒီမိုကရေစီစနစ်ကောင်းမွန်ရန် လိုအပ်သည့်သွင်ပြင်လက္ခဏာအဖြစ် မြင်သင့်ပါသည်။ ထိုကိုယ်စားလှယ်များတွင်

- အစိုးရဌာနများအပေါ်မကျေနပ်ချက်များကို စုံစမ်းတင်ပြရန် အစိုးရကခန့်ထားသည့် အရာရှိတစ်ဦးဦး။ ထိုအရာရှိသည် အစိုးရအာဏာပိုင်များ၏ အာဏာအလွဲသုံးစားလုပ်မှုများအပေါ် ပြည်သူများ၏မကျေနပ်ချက်များအား လက်ခံစုံစမ်းရပါသည်။ (တောင်အာဖရိကနိုင်ငံမှာ ပြည်သူ့ကာကွယ်ရေးရုံးဟူ၍ခေါ်သည်။) တိုင်းပြည်များတွင် ထိုအချင်းအရာများသည် တရားဝင်တရားရုံးများထက် ပိုမိုယုံကြည်ရကာ ဝင်ရောက်တွေ့ဆုံရခြင်းလည်း ပိုမိုလွယ်ကူကြောင်း ပြည်သူများသိရှိကြပါသည်။
- အမျိုးသားလူ့အခွင့်အရေးကော်မရှင်။ ဤကော်မရှင်သည် ကိုယ်တိုင်စုံစမ်းစစ်ဆေးမှုများ ပြုလုပ်၍ အစီရင်ခံချက်များအား ဥပဒေပြုလွှတ်တော်တွင် အကြိတ်အနယ်ဆွေးနွေးကြရပါသည်။
- တက်ကြွသည့် ပြည်သူလူထုဆိုင်ရာစောင့်ကြည့်သူများ (Public Watchdogs)။ ထိုသူများသည် လူ့အခွင့်အရေးချိုးဖေါက်မှုများအား စုံစမ်းစစ်ဆေး၍ ပြည်သူအများသိရှိစေရန် အဆင်သင့်ရှိနေပါသည်။ ဥပမာ – စုံစမ်းစစ်ဆေးရေးမီဒီယာနှင့် ပြည်သူ့လွတ်လပ်ရေး သို့မဟုတ်

လူ့အခွင့်အရေးကို ကာကွယ်ရန်အတွက်ရည်စူးကာ လုပ်ဆောင်သည့် အဖွဲ့အစည်းများ (သို့) အမှုအခင်းများကို တရားရုံးတော်သို့ တင်သွင်းရန် အကူအညီပေးသည့်အဖွဲ့အစည်းများ။

– ဥပဒေလိုက်နာရေးလုပ်ပေးသည့် အေဂျင်စီများအားလုံးအတွက် ဝေဖန်ရေးနှင့် စစ်ဆေးရေးဆိုင်ရာလုပ်ငန်းစဉ်များ၊ ၎င်းအေဂျင်စီများတွင် အကျဉ်းထောင်နှင့် ရဲဝန်ဆောင်မှု လုပ်ငန်းများလည်း ပါဝင်သည်။
– ဥပဒေအားလိုက်နာစေရန် လုပ်ဆောင်နိုင်သည့်အာဏာနှင့် လူတစ်ဦးချင်း အသနားခံနိုင်ခွင့်ရှိသော ကမ္ဘာ့လူ့အခွင့်အရေးတရားရုံးများ။ ဥရောပလူ့အခွင့်အရေးတရားရုံး (European Court of Human Rights) ကဲ့သို့သော တရားရုံးများဖြစ်ပါသည်။

## နိုင်ငံရေးအခွင့်အရေးများ

ဒီမိုကရေစီစနစ်တစ်ရပ်၌ ထိန်းသိမ်းထားသင့်သည့် အဓိကနိုင်ငံရေးအခွင့်အရေး သုံးမျိုးရှိသည်။

၁။ ရွေးကောက်ပွဲအတွက် လွတ်လပ်စွာ မဲဆွယ်ခွင့်။
၂။ အဓိကကျသည့် နိုင်ငံရေးရာထူးများအတွက် အစိုးရနယ်မြေအဆင့်အသီးသီးတွင် ရွေးကောက်ခွင့်။ ထိုသို့ရွေးကောက်ရာတွင် အားလုံးညီတူညီမျှ မဲဆန္ဒပေးပိုင်ခွင့် ရှိရမည်။ လျှို့ဝှက်မဲစနစ်ဖြစ်ရမည်။ ပုံမှန် ရွေးချယ်ရမည်။ အရွေးချယ်ခံသူနှင့် ပါတီများအကြား ထိရောက်သည့် ရွေးချယ်ခွင့်များရှိရမည်။
၃။ မဲပေးသူများ၏ အခွင့်အရေးများနှင့် ရွေးကောက်ခံရာထူးများ၏အာဏာ အကျိုးသက်ရောက်စေမည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြောင်းလဲမှုများအတွက် ပြည်သူ့ဆန္ဒခံယူပွဲတွင် တိုက်ရိုက်မဲပေးခွင့်။

ရွေးကောက်ပွဲနှင့်ဆိုင်သည့် လုပ်ငန်းစဉ်ကဏ္ဍများအတွက် အကောင်းဆုံး လက်တွေ့ဆောင်ရွက်မှုအဆင့်အားသတ်မှတ်ရန် အပြည်ပြည်ဆိုင်ရာကျင့်ဝတ်စည်းကမ်းဥပဒေများ ရှိနေပြီဖြစ်သည်။ ၎င်းတွင် အောက်ဖော်ပြပါအချက်များ ပါဝင်သည်။

ရှင်းလင်းစွာအဓိပ္ပါယ်ဖွင့်ထားသည့် စံနှုန်းမှတ်ကျောက်နှင့်အညီ မဲအရွေးခံသူနှင့် ပါတီများ၏ တရားမျှတသည့် မှတ်ပုံတင်ခွင့်။ မဲအရွေးခံသူနှင့် ပါတီများအတွက် လုံခြုံရေး။ လွတ်လပ်စွာ လှုပ်ရှားမှုနှင့် ဆက်သွယ်မှုများ။ အာမခံချက် ရပိုင်ခွင့်။ နိုင်ငံတော်အစိုးရနှင့် ပြည်သူ့ဝန်ထမ်း မီဒီယာသို့ ဆက်သွယ်ဝင်ရောက်နိုင်မှုအတွက် တူညီစွာရပိုင်ခွင့် (ပါတီဝင်မဟုတ်သူများ ထိုအချက်နှင့် အကြုံးဝင်ရမည်)။ မဲပေးမည့်သူများ၏ လွယ်ကူစွာ မှတ်ပုံတင်ခွင့်နှင့်ပါဝင်ခွင့်။ မဲရုံများတွင် မဲထည့်မည့်သူများအားလုံး လွယ်ကူစွာသွားရောက်နိုင်ခွင့်နှင့် မဲပေးသည့်လုပ်ငန်းစဉ်များ ရှင်းလင်းပြတ်သားလုံခြုံမှုရှိခွင့်။ မဲပုံးများလုံခြုံရေးနှင့် မဲရေတွက်ရာတွင် အဂတိလိုက်စားမှုကင်းရှင်းရေး။ ရွေးကောက်ပွဲအငြင်းအခုန်ပြဿနာများဖြေရှင်းသည့် လုပ်ငန်းစဉ်များအား ဘက်မလိုက်သော အမြင်ကြည်လင်မှု။ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်အား လွတ်လပ်သည့်ရွေးကောက်ပွဲအရာရှိများက ကြီးကြပ်မှု (လွတ်လပ်၍ အချိန်ပြည့်ဆောင်ရွက်နိုင်သည့် ရွေးကောက်ပွဲဆိုင်ရာကော်မရှင်များ ထားရှိလျှင်ပို၍ကောင်းပါသည်။)

သို့ရာတွင် ထိုရွေးကောက်ပွဲကျင်းပရန်အတွက် အပြည်ပြည်ဆိုင်ရာကျင့်ဝတ်တွင် မပါဝင်သည်မှာ တရားမျှတသည့်ရွေးကောက်ပွဲဖြစ်မြောက်ရန် အရေးကြီးသည့် အဓိကအချက်(၄)ချက်

ရှိပါသည်။ ပထမအချက်သည် ရွေးကောက်ပွဲကျင်းပပြီးနောက် ကိုယ်စားလှယ်များ၏ကဏ္ဍဖြစ်ပါသည်။ အရွေးခံထားရသည့် အဓိကပြည်သူ့ကိုယ်စားလှယ်များအား လုပ်ပိုင်ခွင့်အာဏာမပေးဘဲ အီရန်ကဲ့သို့ စစ်တပ် သို့မဟုတ် ဘာသာရေးအဖွဲ့အစည်း၏ လက်အောက်ခံအဖြစ်ထားသော အစိုးရများ ရှိပါသည်။ ရွေးကောက်ပွဲ၌ အနိုင်ရထားသည့်ပါတီအား ဖယ်ထုတ်ထားခြင်း သို့မဟုတ် အရွေးချယ်ခံထားရသည့် ကိုယ်စားလှယ်များအား ထိရောက်သည့်နိုင်ငံရေးအုပ်ချုပ် ထိန်းသိမ်းမှု မပေးခြင်းသည် ပြီးပြည့်စုံသည့်မဲရွေးချယ်မှုစနစ်ဖြစ်စေကာမူ ရည်ရွယ်ချက်ပျောက်ဆုံးသည့် အခြေအနေပင်ဖြစ်သည်။ ထိုနိုင်ငံများ၏ပြည်သူများသည် ၎င်းတို့ရွေးချယ်တင်မြှောက်ထားသူများ မဟုတ်သော အခြားအဖွဲ့အစည်းမှထုတ်ပြန်ထားသည့်ဝါဒနှင့် ဥပဒေများအားလိုက်နာနေကြရပါသည်။ နိုင်ငံအဆင့် (သို့) အမျိုးသားရေးအဆင့်ကိုယ်စားလှယ်ရွေးချယ်ပွဲအတွက် မည်သည့်ကိုယ်စားလှယ် အမျိုးအစားအား ရွေးချယ်ရမည်ဟူသော အပြည်ပြည်ဆိုင်ရာသဘောတူညီချက် များစွာရှိသော်လည်း ဥရောပသမဂ္ဂ (European Union) ကဲ့သို့ တဝက်တပျက်အစိုးရများ၌ ချမှတ်ထားသည့် မူဝါဒများအား သဘောတူညီမှုနည်းပါးပါသည်။ သို့မဟုတ် ရွေးကောက်ပွဲတာဝန်ခံမှုအား အမျိုးသားနိုင်ငံနယ်နိမိတ်လွန်သည့်အစီအစဉ်နှင့် အစိုးရအချင်းချင်းလုပ်သည့် အစီအစဉ်(၂)ခုအကြား ဟန်ချက်ညီမျှစေရန်လည်း သဘောတူညီမှုနည်းပါသည်။

ဒုတိယပြဿနာသည် ရွေးကောက်ပွဲစနစ်၏သဘာဝနှင့်သက်ဆိုင်ပါသည်။ ထိုစနစ်များသည် အမျိုးသားရေးကိစ္စဖြစ်ပါသည်။ ထိုအချင်းအရာအား ထူးခြားသည့် ထုံးတမ်းဓလေ့များ၊ အခြေအနေများက ထိန်းချုပ်ထားသည်။ ထို့အပြင် ရွေးကောက်ပွဲစည်းမျဉ်းများနှင့်ပတ်သက်၍ တိုင်းပြည်က ရွေးချယ်ရာတွင် အကောင်းအဆိုးခွဲခြားနိုင်ရေးကူညီပေးမည့် အပြည်ပြည်ဆိုင်ရာ သဘောတူစံချိန်စံနှုန်းများကိုလည်း အနည်းအကျဉ်းသာ လိုက်နာသည်၊ သို့မဟုတ် လုံးဝ မလိုက်နာပေ။ ရွေးကောက်ပွဲစနစ်သည် (မဲပေးသူအတွက်ဖြစ်စေ ပါတီအတွက်ဖြစ်စေ) အလွန်အမင်းတိမ်းစောင်းပြီး မညီမမျှဖြစ်လာသည့်အတွက် ဘက်မလိုက်မှုနှင့် တရားမျှတမှုဟူသည့် အခြေခံမှုများ အဆင့်လျော့ကျကာ ဒီမိုကရေစီစနစ်၏အရည်အသွေး ဆိုးဆိုးဝါးဝါး နိမ့်ကျသွားသည့် အခြေအနေတစ်ရပ် ရှိလာမည့် အကြောင်းတရားကို ဆိုလိုခြင်းဖြစ်သည်။ လုပ်ငန်းစဉ်တစ်ခုအနေဖြင့် ရွေးကောက်ပွဲစနစ်အား ပြောင်းလဲရန် လက်ရှိအစိုးရ (သို့) ယာယီညွန့်ပေါင်းအဖွဲ့အစည်းက အမိန့်ဥပဒေထုတ်ပြန်ခြင်းထက် ရွေးကောက်ပွဲဝင်ပါတီများအချင်းချင်း သဘောတူညီချက် ယူသင့်ပါသည်။

တတိယပြဿနာသည် ပါတီနှင့် ရွေးကောက်ပွဲအတွက် ငွေကြေးထောက်ပံ့ခြင်းနှင့် သက်ဆိုင်ပါသည်။ ရွေးကောက်ပွဲကုန်ကျစရိတ်တိုးလာပြီး ပါတီဝင်နှုန်းကျဆင်းလာသည့်အတွက် အရွေးခံသူများသည် စီးပွားရေးလုပ်ငန်းရှင်များ၏ အားပေးထောက်ခံတာဝန်ယူမှု (Sponsor) ၌ မှီခိုလာရသည်။ ထိုဖြစ်ရပ်သည် အန္တရာယ်ရှိသည်။ ထိုအန္တရာယ်မှာ အစိုးရမူဝါဒများချမှတ်ရန် ဆုံးဖြတ်သည့်အခါတွင် သာမန်ပြည်သူများ၏ အမြင်ထက် အားပေးထောက်ခံသူတို့၏ ကျေနပ်ရေးကို ဦးစားပေးဆုံးဖြတ်ရသည့်အခြေအနေ ဖြစ်လာပါသည်။ ထိုအခြေအနေမျိုး၌ အကောင်းဆုံးလက်တွေ့ဆောင်ရွက်နိုင်သည့်စံနှုန်းသည် ရွေးကောက်ပွဲကုန်ကျစရိတ်များကို ပြတ်ပြတ်သားသား ကန့်သတ်ထားရန်နှင့် ပါတီများအား ငွေထောက်ပံ့မှုတွင်လည်း ပွင့်လင်းမြင်သာမှုရှိရန်ဖြစ်ပါသည်။ ပါတီသို့ ငွေကြေးထောက်ပံ့မှုသည်လည်း တစ်ဦးချင်းအလှူငွေပမာဏကို ကန့်သတ်ထားရန်နှင့် နိုင်ငံခြားအလှူရှင်များအား လက်မခံရန်လိုပါသည်။

စတုတ္ထပြဿနာသည် ရွေးကောက်ပွဲကာလမတိုင်မီ ပေါ်ပေါက်သည့် ရွေးကောက်ပွဲကစားကွင်း၏ ညီညွတ်ချောမွေ့မှု မရှိခြင်းများ ဖြစ်ပါသည်။ ထိုဖြစ်ရပ်၌ အစိုးရလူများနှင့် ထောက်ခံသူများက အတိုက်အခံပါတီများ၏လမ်းခရီးအား နှောက်ယှက်ဟန့်တားမှုလုပ်ရပ်များ ပါဝင်ပါသည်။ ထို့အပြင် အစိုးရအဖွဲ့ဝင်များ၏ တရားဝင်သတင်းအချက်အလက်များနှင့် နိုင်ငံတော်အရင်းအမြစ်များအား ထိန်းချုပ်ခြင်းရာမှ ဖြစ်ထွန်းတိုးပွားရရှိနေသည့် အကျိုးကျေးဇူးများလည်း ပါဝင်ပါသည်။ အစိုးရနှင့် ပါတီအကြား တရားဝင်ခြားနားမှုအား မျဉ်းသတ်ထားရန် ဖြစ်နိုင်သော်လည်း လက်တွေ့၌ ရွေးကောက်ပွဲကာလကျော်လွန်သွားပါက ထိုအခြေအနေအား ဆက်လက်ထိန်းသိမ်းထားရန် ခက်ခဲပါသည်။

နိုင်ငံရေးရပိုင်ခွင့်များအား တမင်တကာဖြစ်စေ မတော်တဆဖြစ်စေ နှောက်ယှက်ဖျက်ဆီးနိုင်သည့်နည်းလမ်းများသည် အထက်တွင်ဖေါ်ပြခဲ့သည့် ရွေးကောက်ပွဲလုပ်ငန်းစဉ်အား ရှုထောင့်အမျိုးမျိုးမှ နှောက်ယှက်ဖျက်ဆီးသည့်ပုံစံများကဲ့သို့ပင် ဖြစ်ပါသည်။ နိုင်ငံတော်အစိုးရ၊ နိုင်ငံရေးပါတီများ၏ ပြည်သူ့စစ်အဖွဲ့ (Political-party militias)နှင့် အခြားသော အစိုးရမဟုတ်သည့် အဖွဲ့များမှ ကျူးလွန်ဖောက်ဖျက်သည့် ရုပ်ပိုင်းဆိုင်ရာအကြမ်းဖက်မှု၊ ချိန်းခြောက်မှု၊ ပိတ်ဆို့မှုများနှင့် လွတ်လပ်စွာလှုပ်ရှားမှု၊ လွတ်လပ်စွာထုတ်ဖော်မှုနှင့် စုရုံးမှုအစရှိသည့် နိုင်ငံသားအခွင့်အရေးများတွင် ပါဝင်သည့် အခြားရပိုင်ခွင့်ဖေါက်ဖျက်မှုများကို ဤနေရာ၌ ဖော်ပြရန်ချန်လှပ်ထားခဲ့ပါသည်။

ရည်ရွယ်ချက်ရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ လူ့အခွင့်အရေး ကျူးလွန်ဖေါက်ဖျက်သည့် လုပ်ရပ်များမှာ –

- ရွေးကောက်ပွဲပြုလုပ်မည့်အချိန်နှင့်ကာလတို့အား မဖေါ်ပြခြင်း။ ရွေးကောက်ပွဲအတွက် မဲဆွယ်နေစဉ် အစိုးရမှ နိုင်ငံတော်၏ တရားဝင်လူ့အရင်းအမြစ်များအား ဦးစားပေးအသုံးပြုခြင်း။ ရွေးကောက်ပွဲစနစ် သို့မဟုတ် မဲဆန္ဒနယ်မြေ ဘောင်သတ်မှတ်ချက်များနှင့်ပတ်သက်၍ အချို့ပါတီများက အခြားပါတီများနှင့်အရွေးခံသူတို့အား စနစ်တကျအခွင့်အရေးယူမှုများ။
- နိုင်ငံရေးဘဏ္ဍာငွေအတွက် ဥပဒေမရှိခြင်း။ ပါတီနှင့်အရွေးခံသူများကို မတန်တဆမညီမျှသည့် အရင်းအမြစ်များရစေရန် အခွင့်ပေးခြင်း(သို့) ရွေးကောက်ပွဲအစီအစဉ်ကို ပျက်ပြားစေခြင်း။
- သီးခြားလူမှုရေးအဖွဲ့အစည်းများအား ရွေးကောက်တင်မြှောက်ထားသည့်ရုံးများသို့ ဝင်ရောက်နိုင်မှုကို သိသာထင်ရှားစွာ ညီညီမျှမျှ မပေးခြင်း။
- သီးခြားပြည်သူ့အုပ်စုများအား မဲပေးရန်အတွက် မှတ်ပုံတင်ရာ၌ဖြစ်စေ မဲရုံသို့သွားရောက်ရာတွင်ဖြစ်စေ မဲထည့်ရာတွင်ဖြစ်စေ စနစ်တကျ ဖယ်ထားခြင်း သို့မဟုတ် အကျိုးမဲ့စေခြင်း။ မဲထည့်ရာတွင်ဖြစ်စေ မဲပုံးကိုင်တွယ်ရာတွင်ဖြစ်စေ၊ မဲရေတွက်ရာတွင်ဖြစ်စေ မဲလိမ်မှု။ အစိုးရ သို့မဟုတ် အစိုးရပါတီမှ မဲရွေးပွဲဆိုင်ရာ အရာရှိအရာခံများ၏ မပြည့်စုံသည့်လွတ်လပ်မှု။ အစိုးရဝါဒနှင့် အရာရှိများအား လွှမ်းမိုးနိုင်သည့်နည်းလမ်းတစ်ခုအဖြစ် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းအစီအစဉ်အပေါ် ပြည်သူ့ယုံကြည်ချက်ဆုံးရှုံးခြင်း။
- ရွေးကောက်ပွဲရလဒ်နှင့် လေ့လာစစ်ဆေးချက်များအပါအဝင် အရေးအတွက်ဆိုင်ရာ အချက်အလက်များသည် မပြည့်စုံမှုများ ချို့ယွင်းမှုများအား ဖေါ်ထုတ်ရာတွင် သိသိသာသာ အရေးကြီးပေလိမ့်မည်။ ထိုအချက်အလက်များအား တရားဥပဒေဆိုင်ရာ ပိုင်းခြားစိတ်ဖြာမှုနှင့် ဖြစ်ရပ်မှန်လေ့လာချက် ပိုင်းခြားစိတ်ဖြာမှု (Legal and case study analysis) များဖြင့် ထပ်မံဖြည့်စွက်ရန်လိုပါသည်။

– မတရားမှုများနှင့် အဖျက်အဆီးများအားကာကွယ်ရန် အဓိကကိုယ်စားလှယ်များမှာ နိုင်ငံသားအခွင့်အရေးများ၌ ဖော်ပြထားသည့် အချက်များအပြင် နှစ်ပိုင်းခွဲခြားထားပါသည်။

ပထမအပိုင်းသည် လွတ်လပ်သည့်ဝန်ထမ်းပြည့်စုံကာ ရံပုံငွေအပြည့်အဝ ထောက်ပံ့ထားသည့် ရွေးကောက်ပွဲကော်မရှင်။ ရွေးကောက်ပွဲလုပ်ငန်းအစီအစဉ်၏ ရှုထောင့်အမျိုးမျိုးမှ ကြီးကြပ်ရန် တာဝန်ရှိပြီး ဆုံးဖြတ်ချက်ချနိုင်ရန် အာဏာအပ်နှင်းထားသောကော်မရှင်။ အချို့တိုင်းပြည်များ၌ ဘက်မလိုက်သည့် ရွေးကောက်ပွဲဖြစ်မြောက်ရန် အခြားနည်းလမ်းများ ဖြည့်စွက်ပေးရပါသည်။ ဥပမာ – ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ရွေးကောက်ပွဲနှင့် ပါလီမန်ဖျက်သိမ်းရန် ရက်ပေါင်း(၉၀) (ကိုးဆယ်)အတွင်း အိမ်စောင့်အစိုးရဖွဲ့စည်းသည်။

ဒုတိယအပိုင်းသည် ရွေးကောက်ပွဲအား စောင့်ကြည့်စစ်ဆေးသူများ (monitor) ရှိပါသည်။ အမျိုးသားကိုယ်စားလှယ်အချို့နှင့် အပြည်ပြည်ဆိုင်ရာကိုယ်စားလှယ်အချို့အား ရွေးချယ်ခန့်ထားရန် ဖြစ်ပါသည်။ အမျိုးသားကိုယ်စားလှယ်များအား လွတ်လပ်သည့် အန်ဂျီအို (NGO) များနှင့် နိုင်ငံရေးပါတီများက ခန့်ထားရပါမည်။ အပြည်ပြည်ဆိုင်ရာကိုယ်စားလှယ်များ ရွေးချယ်ရာတွင် စောင့်ကြည့်စစ်ဆေးရာ၌ ကျွမ်းကျင်နှံ့စပ်၍ လွတ်လပ်မှုရှိသည့် ယုံကြည်စိတ်ချနာမည်ရပြီးသော အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များအား ရွေးချယ်ခန့်ထားရပါမည်။

အထက်တွင်ဖော်ပြခဲ့သည့် အခြားအဖျက်အဆီးများသည် မမျှတသည့် စည်းမျဉ်းဥပဒေများနှင့် မပြည့်စုံသည့်စည်းကမ်းများ ဖြစ်ပါသည်။ ထိုအရာများအား အမှန်သို့ရောက်ရှိစေရန် ပြည်တွင်းဆော်ဩစည်းရုံးမှုလိုအပ်ပါသည်။ ထို့နောက်မှသာ ပြန်လည်စုစည်း၍ ယာယီညွန့်ပေါင်းအစိုးရဖွဲ့ရမည် ဖြစ်ပါသည်။ ထိုသို့သော ဆော်ဩစည်းရုံးမှုသည် ဒီမိုကရေစီအကဲဖြတ်မှု၏ရလဒ်အား ကျယ်ပြန့်စွာ ဖြန့်ဖြူးခြင်းဖြင့် အထောက်အကူပေးနိုင်ပါသည်။ သို့မှသာ ပြည်တွင်းအစီအစဉ်များအား အကောင်းဆုံး လက်တွေ့ဆောင်ရွက်နိုင်မည်။ အပြည်ပြည်ဆိုင်ရာစံနှုန်းများနှင့် စစ်ဆေးစမ်းသပ်နိုင်မည်ဖြစ်ပါသည်။

## နိုင်ငံတနိုင်ငံ၏ ဒီမိုကရေစီအရည်အသွေးအား အကဲဖြတ်ခြင်း

ဒီမိုကရေစီ၏ အရည်အသွေးအားအကဲဖြတ်ရန် အသုံးပြုထားသည့် အထက်ပါပုံစံတွင် အဆင့်လေးဆင့်ရှိပါသည်။

***ပထမဆင့်***– ကောင်းမွန်သည့်ဒီမိုကရေစီစနစ်ဖြစ်ရန် စုပေါင်းထားသည့် သက်ဆိုင်ရာအချက်အလက်များအား ပကတိမျက်မြင်အတိုင်း စုံစမ်းစစ်ဆေး ခွဲခြမ်းစိတ်ဖြာဖော်ထုတ်ခြင်း။

***ဒုတိယဆင့်***– ထိုအချက်အလက်များအား အပြည်ပြည်ဆိုင်ရာ အကောင်းဆုံး လက်တွေ့ဆောင်ရွက်နိုင်မည့် စံနှုန်းများနှင့်နှိုင်းယှဉ်ကြည့်ခြင်း။

***တတိယဆင့်*** – ဒီမိုကရေစီအဖျက်အဆီးများအား စစ်ဆေးခြင်း။ ပြည်သူများကိုယ်တိုင် ထိုအဖျက်အဆီးများ၏ဒဏ်ချက်အား မည်သို့ခံစားရသနည်းဟူသည့် အကဲဖြတ်မှုတို့အပါအဝင် ပူးပေါင်းတင်ပြခြင်း။

***စတုတ္ထဆင့်*** – ထိုအဖျက်အဆီးများအားကာကွယ်သည့် ကိုယ်စားလှယ်များ (Protective agencies) သည် မည်မျှကျွမ်းကျင်စွာ အကာအကွယ်ပေးနိုင်သည်ကို ခွဲခြမ်းစိတ်ဖြာခြင်း။

ထိုအဆင့်(၄)ဆင့်သည် လက်တွေ့တွင် တသီးတခြားစီ မဟုတ်ပါ။ အလိုအလျောက် ထပ်တလဲလဲဖြစ်နေသည့် ဖြစ်စဉ်တစ်ခု ဖြစ်ပါသည်။ သို့ရာတွင် အကဲဖြတ်မှုလုပ်ငန်းစဉ်အတွက် လမ်းညွှန်တစ်ခုအနေဖြင့် ယင်းတို့အားခွဲခြမ်းစိတ်ဖြာရာတွင် တသီးတခြားစီခွဲထုတ်ခြင်းသာ အသုံးဝင်ပါသည်။

ဖော်ပြပါလုပ်ငန်းစဉ်အား ၂၀၀၂ ခုနှစ်၌ ယူကေ **(U.K)** နိုင်ငံ၏ ဒီမိုကရေစီစစ်ဆေးရေးတွင် အသုံးပြုခဲ့ပါသည်။ ထိုစစ်ဆေးချက် နိဂုံးအကျဉ်းချုပ်အား (ဤဆောင်းပါးတွင် ပါဝင်နိုင်သည့်အတိုင်းအတာအထိ) နောက်ဆက်တွဲဖြည့်စွက်ချက်၌ ထည့်သွင်းထားပါသည်။ ထိုစစ်ဆေးချက်များသည် ဒီမိုကရေစီ အရည်အသွေးအား အကဲဖြတ်မှု၏ရလဒ်ဆိုသည်မှာ 'ဘာလဲ' ဟူသည့်အဆိုကို စံနမူနာအဖြစ်ပြထားပါသည်။

နိုင်ငံတစ်နိုင်ငံ၏ ဒီမိုကရေစီအရည်အသွေးအား အကဲဖြတ်မှုသည် မည်သို့သောအဆင့်အထိရောက်နေသနည်း၊ လက်တွေ့တွင် 'မည်သည့်အဆင့်အထိ အာမခံချက်ပေးနိုင်မည်နည်း' ဟူသည့်အဆိုအား စနစ်တကျစုံစမ်းစစ်ဆေးရန်နှင့် နိုင်ငံသားအခွင့်အရေးစာရင်းများ ချပြထားတဲ့ပုံစံဖြစ်ပါသည်။ သို့ရာတွင် ယင်း၏အတိုင်းအတာနှင့်ပင် မလုံလောက်ပါ။ အရည်အသွေးကောင်းမွန်သည့် ဒီမိုကရေစီစနစ်ဖြစ်ရန် အခြားဖြည့်စွက်ရမည့်ကဏ္ဍများလည်း ကျန်ရှိနေပါသည်။

အခြားစာရေးသူများသည်လည်း ထိုစာအုပ်ကို ဖြည့်စွက်ကြပါသည်။ ဤဆောင်းပါး၏ အဓိကရည်ရွယ်ချက်ပန်းတိုင်သည် *အခွင့်အရေးနောက်မှ တာဝန်ဝတ္တရားများလိုက်လာမည်* ဆိုသည့်အချက်ကို ထင်ရှားစေရေးအတွက် လုပ်ဆောင်ရန်ဖြစ်ပါသည်။ အားလုံးသော လူ့အခွင့်အရေးနယ်ပယ်တွင် အခွင့်အရေးနှင့် တာဝန်နှစ်ခုအကြား ခွဲဝေမှုသည် သိသာထင်ရှားသည့် အချိုးအစားမညီမျှမှုများ ရှိပါသည်။ အခွင့်အရေးများအား လူသားများက ပိုင်ဆိုင်ကြပါသည်။ ရပိုင်ခွင့် (သို့) လူ့အခွင့်အရေးများအားကာကွယ်ရန် သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်များ၌ သဘောတူ လက်မှတ်ရေးထိုးထားသည့် နိုင်ငံတော်၏တာဝန်ဖြစ်သည်။ ထိုဥပဒေကန့်သတ်မှု၏ မရှင်းလင်းသည့်အချက်မှာ အစိုးရ၏အခွင့်အရေးကာကွယ်မှု ထိရောက်ရန်ဆိုသည်မှာ ပြည်သူများကိုယ်တိုင် ၎င်းတို့ချင်းအခွင့်အရေးအား အသိအမှတ်ပြုရန် မည်မျှအဆင်သင့် ဖြစ်နေသည်ဆိုသည့် အတိုင်းအတာပေါ်တွင် မူတည်နေသောအချက်ဖြစ်ပါသည်။ ဒီမိုကရေစီစနစ်၏နောက်တွင် လိုက်ပါလာသည်မှာ သင်နှင့်မတူညီသူများ၏အခွင့်အရေးအား ရှိသေလေးစားရမည်။ ထို့အပြင် တရားမျှတသည့် မဲရွေးချယ်ယှဉ်ပြိုင်မှုတွင်လည်း တဖက်လူကအနိုင်ရခဲ့လျှင် ထိုရလဒ်အားလက်ခံရန် အဆင်သင့်ဖြစ်ရမည်။

ဒီမိုကရေစီအရည်အသွေး၏ အဓိကအချက်သည် ပြည်သူလူထု၏စရိုက် ဖြစ်ပါသည်။ ထိုအရည်အသွေးသည် နိုင်ငံရေးအဖွဲ့အစည်းများ၏ အရည်အသွေးနှင့်မတူသော်လည်း ဆက်သွယ်မှုရှိနေပါသည်။ (အေသင်ဒီမိုကရေစီ၏ အဓိကအင်္ဂါရပ်ဖြစ်ခဲ့သည့်) ပြည်သူလူထုစာရိတ္တ ကောင်းမွန်ရေးအတွက် ခေတ်သစ်ဒီမိုကရေစီနိုင်ငံသည် အနည်းဆုံးအားဖြင့် အောက်ဖော်ပြပါအချက်များ လိုအပ်ပါသည်။

လူတစ်ဦး၏ နိုင်ငံရေးအခွင့်အရေးများအားလေ့ကျင့်ရန် အဆင်သင့်ဖြစ်နေရမည်။ ခြိမ်းခြောက်လာလျှင် တုံ့ပြန်ရမည်။ မတူညီမှုကို သည်းခံနိုင်ရမည်။ နိုင်ငံရေးအာဏာရရှိရန် တရားမျှတသည့် ယှဉ်ပြိုင်မှုတွင် နိုင်သူနှင့်ရှုံးသူအကြား အပြန်အလှန်အသိအမှတ်ပြုမှုများရှိရမည်။ ထိုအရည်အသွေး တည်ရှိနေသည်ကို တိတိကျကျဖော်ထုတ်ရန် စံချိန်စံနှုန်း ရှင်းရှင်းလင်းလင်းမရှိပါ။ သို့ရာတွင် နိုင်ငံတစ်နိုင်ငံ၏ ဒီမိုကရေစီအရည်အသွေးအား အကဲဖြတ်ရာတွင် ထိုသို့ဖော်ထုတ်ခြင်းသည် လွန်စွာအရေးကြီးသည်။ နိုင်ငံရေးအဖွဲ့အစည်းများအား ၎င်းတို့၏ချို့ယွင်းချက်များ ပြင်ရန်

အတွက် အရေးအတွက်ကြီးမားသည့်ပြည်သူလူထုက တောင်းဆိုရပါလိမ့်မည်။ ပြည်သူလူထု အရေးအတွက် လုံလောက်မှုမရှိလျှင် ပြုပြင်လိမ့်မည်မဟုတ်ပါ။ ထိုကဲ့သို့သော ချို့ယွင်းချက်များသည် မထင်ရှားလှသည့် မိမိကိုယ်မိမိပြုပြင်ရေးစွမ်းရည်မျှလောက် အရေးမပါဟု သိသာလာနိုင်သည်။ မိမိကိုယ်မိမိပြုပြင်ရေးစွမ်းရည်သည် ဒီမိုကရေစီစစ်စစ်နိုင်ငံအနေဖြင့် အားကိုးအားထားပြုရမည့် တန်ဖိုးရှိသောအင်္ဂါရပ်တစ်ခု ဖြစ်ပါသည်။

## နောက်ဆက်တွဲဖြည့်စွက်ချက်

ယူကေနိုင်ငံ၏ ဒီမိုကရေစီ စီစစ်ရေး နောက်ဆုံးရလဒ်အကျဉ်းချုပ်အား ဖတ်သည့်အခါ၌ အချို့အရည်အသွေးသတ်မှတ်ချက်များကို ထည့်တွက်ထားသင့်ပါသည်။
***ပထမအားဖြင့်*** – (၁၄)ပိုဒ်အနက် (၂)ပိုဒ်မျှသာ အကျဉ်းချုပ်ဖော်ပြထားပါသည်။ ထို (၂)ပိုဒ်သည် နိုင်ငံသားအခွင့်အရေးအပါအဝင် နိုင်ငံရေးအခွင့်အရေးများနှင့်လည်း သက်ဆိုင်ပါသည်။ ထို (၂)ပိုဒ်နှင့် ဤဆောင်းပါး၌ ဖော်ပြထားသည့်အချက်များအားလုံးကို မလွှမ်းခြုံမိပါ။ ယခုဖော်ပြရာ၌ မပါဝင်သည့် အပိုဒ်များသည် အခြားနေရာမှ စစ်ဆေးရေးတွင် ခြုံမိသွားနိုင်ပါသည်။
***ဒုတိယအားဖြင့်*** – ထက်မြက်စူးရှသည့် အကျဉ်းချုပ်များကို လက်တွေ့ကျသည့် အထောက်အထားများနှင့် ပံ့ပိုးထားပါသည်။ ယင်းတို့အား စစ်ဆေးရေး အဓိကအပိုင်း၌ တွေ့နိုင်ပါသည်။
***တတိယအားဖြင့်*** – စစ်ဆေးရေးသည် အကြမ်းဖက်ဝါဒဆန့်ကျင်ရေးဥပဒေသစ် (Post- 9/11 anti-terrorist legislation) မပြဋ္ဌာန်းမီကပင် ပြီးစီးခဲ့ပြီးဖြစ်သည်။ ယင်းတွင် ပြည်သူလူထု လွတ်လပ်မှုများအား ရည်ညွှန်းရေးသားထားပါသည်။

### အပိုဒ် (၃) – နိုင်ငံသားအခွင့်အရေးနှင့် နိုင်ငံရေးအခွင့်အရေးများအား ပြည်သူအားလုံး ညီတူညီမျှရရှိစေရန် အာမခံနိုင်သလား

- ဥရောပလူ့အခွင့်အရေးဆိုင်ရာသဘောတူညီချက်အား ဗြိတိသျှဥပဒေနှင့် ပေါင်းစည်းပေးထားသည့် လူ့အခွင့်အရေးအက်ဥပဒေ(၁၉၉၈)သည် ပထမအကြိမ်စစ်ဆေးရေးတွင် ဖော်ပြထားသည့် နိုင်ငံသားအခွင့်အရေးနှင့် နိုင်ငံရေးအခွင့်အရေးကာကွယ်မှုဆိုင်ရာ ချို့ယွင်းချက်များအား ကုစားရန်အတွက် အများအပြားလုပ်ဆောင်ခဲ့ရပါသည်။ မသင်မနေရပညာသင်ကြားရေး အစီအစဉ်၌ လူ့အခွင့်အရေးကဏ္ဍတစ်ခု ထည့်သွင်းလိုက်ခြင်းသည် ယူကေနိုင်ငံတွင် အခွင့်အရေးယဉ်ကျေးမှု (Rights Culture) စတင်ဝင်ရောက်လာခြင်းကို ဖော်ပြနေပါသည်။
- မြောက်အိုင်ယာလန်တွင် ဂိုဏ်းဖွဲ့အကြမ်းဖက်မှု လျော့နည်းပြောင်းလဲသွားသည်နှင့် အတူ နိုင်ငံတော်လုံခြုံရေးတပ်ဖွဲ့များ ပြန်လည်တိုးမြှင့်ခန့်ထားခြင်းနှင့် ရဲတပ်ဖွဲ့ပြန်လည်ဖွဲ့စည်းခြင်းများကြောင့် ပိုမိုလုံခြုံသည့် လူ့အဖွဲ့အစည်းတစ်ခု ဖြစ်လာပါသည်။ သို့ရာတွင် လူမျိုးရေးအကြမ်းဖက်မှုနှင့် ခြိမ်းခြောက်မှုများကား လက်မခံနိုင်လောက်စွာ မြင့်မားကျန်ရှိနေဆဲ ဖြစ်သည်။
- အကျဉ်းထောင်နှင့်အချုပ်အတွင်း မိမိကိုယ်မိမိအဆုံးစီရင်ခြင်းအပါအဝင် သေဆုံးသည့် ဖြစ်ရပ်များသည် အကျဉ်းသားများအား အရေးတယူဂရုစိုက်မှုမရှိဘဲ တာဝန်ပေါ့လျော့ခြင်းကို ဖော်ပြနေပါသည်။ ဥရောပသမဂ္ဂအဖွဲ့အတွင်း ပေါ်တူဂီအပြင် ယူကေ သည်အကျဉ်းသားအများဆုံး

ရှိကာ အကျိုးဆက်အနေဖြင့် အကျဉ်းသားများပြွတ်သိပ်နေခြင်း၊ သန့်ရှင်းမှုမပြည့်စုံခြင်း၊ ပြန်လည်ထူထောင်ရေးအစီအစဉ်များ ဖြတ်တောက်ခံရခြင်းတို့ ဖြစ်ပေါ်နေပါသည်။

- ♦ လွတ်လပ်စွာထုတ်ဖော်ခြင်းအား အနှစ်(၉၀)ကြာပြီဖြစ်သည့် တရားဝင်လျှို့ဝှက်ချက် ဥပဒေဖြင့် ဖြတ်တောက်လိုက်ပါသည်။ အသရေပျက်မှု၊ ရုန်းရင်းကြမ်းတမ်းစွာ စော်ကားပြောဆိုမှုနှင့် နိုင်ငံတော်အားအကြည်ညိုပျက်စေရန် လုပ်ဆောင်မှုများအား ရှေးဟောင်းသာမန်ဥပဒေများနှင့် ထိန်းချုပ်ထားပါသည်။ အထူးသဖြင့် အရေဖျက်မှုသည် ချမ်းသာကြွယ်ဝသူများနှင့် ဩဇာရှိသူများအတွက် ဆိုးဝါးသည့်ပြစ်တင်ဝေဖန်မှုများမှ ကာကွယ်နိုင်ရန်ဖြစ်ပြီး သတင်းပေးများ၏ ရန်ကို ကာကွယ်မှုအတွက်ကား လုံလောက်သောဥပဒေမရှိပေ။
- ♦ ၁၉၈၇ခုနှစ်တွင် ပြဌာန်းလိုက်သည့် အကြမ်းဖက်မှုဆန့်ကျင်ရေးဥပဒေအရ ဆန္ဒပြသူများအနေဖြင့် သူတပါး၏ပိုင်ဆိုင်မှုများအား ဆိုးဝါးစွာဖျက်ဆီးလျှင် သို့မဟုတ် ခြိမ်းခြောက်လျှင် အကြမ်းဖက်သူများအဖြစ် သတ်မှတ်ခံရပါသည်။
- ♦ လူ့အခွင့်အရေးဥပဒေသည် ယခုအချိန်အထိ ယေဘုယျအခွင့်အရေးအဖြစ် အသိအမှတ်မပြုသေးသော ပုဂ္ဂလိကကိုယ်ပိုင်လွတ်လပ်ခွင့်ဥပဒေကို ပြောင်းလိုက်ပါသည်။ တချိန်တည်းတွင် ကိုယ်ပိုင်လွတ်လပ်ခွင့်သည် နိုင်ငံတော်လျှို့ဝှက်ထောက်လှမ်းရေးများ၏လုပ်ရပ်နှင့် ပြည်သူ့အဖွဲ့အစည်းများ စုဆောင်းထားသည့် ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် အလုပ်အကိုင်ဖြည့်တင်းရှာဖွေပေးသည့် အဖွဲ့အစည်းများမှရသော ကိုယ်ပိုင်သတင်းအချက်အလက်များအား ခြိမ်းခြောက်ခြင်း ခံနေရသည်။
- ♦ အစိုးရမှ သတင်းအချက်အလက်လွတ်လပ်ခွင့်ဥပဒေအား ပြည်သူများအနေဖြင့် အထွေထွေသိနားလည်ခွင့် (General right to know) ရရှိစေရန် ပြဌာန်းခဲ့ပါသည်။ လျှို့ဝှက်ချက်များဖေါ်ထုတ်ခြင်းမှ ကင်းလွတ်ခွင့်ပြုခြင်းအဆင့်အမျိုးမျိုးအပြင် လွတ်လပ်သည့် သတင်းအချက်အလက်ကော်မရှင်အဖွဲ့ဝင်၏ ဆုံးဖြတ်ချက်များကို ကျော်လွှန်သည့်အုပ်ချုပ်ရေးအာဏာများ ရှိနေခြင်းသည် အစိုးရအနေဖြင့် ၎င်းတို့အား ထိခိုက်စေသည်ဟု ယူဆကာ သတင်းများကို လျှို့ဝှက်ထားသည့် ဓလေ့ထုံးစံ ဆက်လက်တည်ရှိနေဦးမည်ကို ညွှန်ပြနေပါသည်။

**အပိုဒ် (၅) – ရွေးကောက်ပွဲများသည် ပြည်သူများအား အစိုးရနှင့် ၎င်းတို့၏ဝါဒအပေါ် ထိန်းချုပ်နိုင်ခွင့် ပေးပါသလား။**

- ♦ အောက်လွှတ်တော်ကိုဖွဲ့စည်းရာတွင် လက်ရှိအစိုးရအားရွေးချယ်ရာ၌ အခါအားလျော်စွာ လျှို့ဝှက်မဲဖြင့် ဆုံးဖြတ်ပါသည်။ အထက်လွှတ်တော်အနေဖြင့် ပြန်လည်ဖွဲ့စည်းရန် ကြိုးပမ်းသော်လည်း ရွေးချယ်ခြင်းလုံးဝမရှိသေးပါ။ ထို့ကြောင့် အထက်လွှတ်တော်သည် အများဆိုင်ရာ တာဝန်ခံမှုမှ ကင်းလွတ်နေပါသည်။
- ♦ ပြည်သူအားကိုယ်စားပြုသည့်ဥပဒေ (Representation of People Act) သည် မှတ်ပုံတင်ရန်နှင့် မဲပေးရန်လုပ်ငန်းအစီအစဉ် ပိုမိုလွယ်ကူစေရန်နှင့် ထဲထဲဝင်ဝင်ဖြစ်စေရန် လုပ်ဆောင်ပေးပါသည်။ သို့ရာတွင် ရွေးကောက်ပွဲ၏ အကျိုးသက်ရောက်မှုသည် ဥရောပစံချိန်နှင့် နှိုင်းယှဉ်လျှင် နိမ့်ကျကျန်ရစ်နေပါသည်။
- ♦ မဲပေးရန်မှတ်ပုံတင်ခြင်းနှင့် မဲပေးခြင်းတို့အပေါ် ကြီးကြပ်မှုသည် အစိုးရနှင့်ပါတီများ၏ ထိန်းချုပ်မှုမှ လွတ်ကင်းကြောင်းနှင့် ရွေးကောက်ပွဲကော်မရှင် ဖွဲ့စည်းတည်ထောင်မှုသည် မဲဆန္ဒ

နယ်နိမိတ်များ၏ အနာဂါတ်ပြောင်းလဲမှုမှ လုံးဝကင်းလွတ်ပါကြောင်းကို သေချာစေရန် လုပ်ဆောင်သင့်ပါသည်။

- ရွေးကောက်ပွဲကျင်းပနေချိန်တွင် နိုင်ငံရေးပါတီများ၏ အခမဲ့အသံလွှင့်ခွင့်နှင့် အခမဲ့စာပို့ခွင့်များသည် နိုင်ငံရေးပါတီများအကြား ပိုမိုမျှတသည့် ယှဉ်ပြိုင်မှုအဖြစ် ဖြစ်ပေါ်စေပါသည်။ သို့ရာတွင် အစိုးရပါတီအနေဖြင့် တရားဝင်ကြိုတင်ကြော်ငြာထားမှုနှင့် ဝန်ကြီးချုပ်၏ ရှိရိုးရှိစဉ်အာဏာကို အသုံးပြုကာ အထွေထွေရွေးကောက်ပွဲ၏ အချိန်ကာလအားဆုံးဖြတ်မှု အစရှိသည့် မျှတမှုမရှိသည့် အခွင့်အရေးများကို သာယာနေဆဲဖြစ်ပါသည်။ (အထွေထွေရွေးကောက်ပွဲအား အနည်းဆုံး ငါးနှစ်တစ်ကြိမ်လုပ်ရမည်ဆိုသည့် ချွင်းချက်ကို လိုက်နာပြီးမှသာ ဆုံးဖြတ်ရမည်ဖြစ်ပါသည်။)
- စကော့တလန်နှင့် ဝေးလ်ဒေသတွင်ရှိသော လွှတ်တော်များနှင့် ဥရောပပါလီမန်အတွက် အချိုးအစားပိုမိုကောင်းမွန်သည့် ရွေးကောက်ပွဲစည်းမျဉ်းဥပဒေများကို စစည်းပြဌာန်းရန် လေဘာ အစိုးရက အဆင်သင့်ပြင်ဆင်ချက်သည် ဝက်စမင်တာရှိ အောက်လွှတ်တော်၌ နေရာလစ်လပ်လျှင် အသုံးပြုသည့် *အရင်ရောက်သူ အရင်ဝင်* ဆိုသည့် စည်းမျဉ်းဥပဒေနှင့် မညီညွတ်ဘဲ ဖြစ်နေသည်။ ထိုစနစ်သည် ပါတီများအတွက်ပေးသည့် ပြည်သူ့မဲဆန္ဒများနှင့် ပါလီမန်အမတ်နေရာများတွင် အလွန်အကျွံ အချိုးအစားမမျှသည့်ရလဒ်ကို ဆက်လက်ဖြစ်ပွားစေပါသည်။ အောက်လွှတ်တော်၌ လေဘာပါတီနှင့် ကွန်ဆားဗေးတစ်ပါတီများ၏ လွှမ်းမိုးမှုများကိုလည်း ဆက်လက်ကာကွယ်ပေးနေပါသည်။ ၁၉၇၉ ခုနှစ်မှစ၍ ယခုအထိ အောက်လွှတ်တော်၌ အစိုးရပါတီ တစ်ခါသာ ပြောင်းခဲ့သည်။
- ဗြိတိသျှအောက်လွှတ်တော်သည် လူဖြူများ၊ လူလတ်ပိုင်းများနှင့် လူလတ်တန်းစားများ လွှမ်းမိုးထားရာ ပြည်သူလူထုအတွက် လူမှုရေးအရ ကိုယ်စားလှယ်မပီသပါ။ လေဘာပါတီ၏ ကြိုး ပမ်းမှုကြောင့် ၁၉၉၇ခုနှစ်တွင် သိသာသောတိုးတက်မှုများဖြစ်ပေါ်ခဲ့ပြီး အရွေးခံရသည့် အမျိုးသမီးဦးရေလည်း များလာပါသည်။ သို့ရာတွင် ယင်း၏အချိုးအစား(၁၈)ရာခိုင်နှုန်းသည် ဥရောပစံချိန်ဖြင့် နှိုင်းယှဉ်ပါက နိမ့်ကျနေဆဲဖြစ်သည်။ တိုင်းရင်းသားအုပ်စုကိုယ်စားလှယ်များ၏ အချိုးအစားသည်လည်း နိမ့်ကျပါသည်။
- အဖွဲ့ဝင်အရေအတွက်ကျဆင်းမှုနှင့် အလုပ်သမားသမဂ္ဂ၊ ထောက်ခံသူအဖွဲ့များ၏ အကူအညီကျဆင်းမှုများကြောင့် အဓိကပါတီကြီးနှစ်ပါတီသည် ရွေးကောက်ပွဲကုန်ကျစရိတ်များကို လူချမ်းသာများ၏အလှူငွေအပေါ် ပိုမိုအားထားနေရပါသည်။ ထိုသို့သော အားထားနေရမှုများသည် အမြောက်အများလှူနိုင်သော အလှူရှင်များက မူဝါဒအပေါ်တွင် မမှန်ကန်သည့်လွှမ်းမိုးမှုများ ပြုလုပ်နိုင်သည်ဟူသော မသင်္ကာမှု (သို့မဟုတ်) ၎င်းအလှူရှင်များအတွက် အခြားအခွင့်အရေးများ ရယူနိုင်ဟူသော ယုံကြည်မှုပျက်ယွင်းခြင်းများကို မီးထိုးအားပေးနေပါသည်။

❖ ❖ ❖ ❖ ❖

ဒီမိုကရေစီအရည်အသွေး

# မညီမျှမှုကို ဖြေရှင်းခြင်း

**ဒီရက်ထရစ်ချ် ရှုချ်မေယာ (Dietrich Rueschemeyer)**

*ဒီရက်ထရစ်ချ် ရှုချ်မေယာ သည် လူမှုဗေဒဘာသာရပ်ပါမောက္ခနှင့် ဘရောင်းတက္ကသိုလ် နိုင်ငံတကာလေ့လာရေးဌာန ချားလ်စီတီလင်ဂတ်စ်ဂျူနီယာပါမောက္ခ Charles C. Tillinghast Jr. တစ်ဦး ဖြစ်သည်။ ၎င်းသည် လောလောဆယ်တွင် ဘရောင်းတက္ကသိုလ်၏ ဝပ်ဆန်နိုင်ငံတကာလေ့လာရေးဌာန၏ သုတေသနပါမောက္ခအဖြစ် တာဝန်ထမ်းဆောင်လျှက်ရှိသည်။*

တန်းတူညီမျှမှုဆိုသည်မှာ ဒီမိုကရေစီ၏အရည်အသွေးကွဲပြားမှုများကို ဖြစ်စေသည့် အရေးကြီးသော မျက်နှာအသွင်အပြင်များအနက် တစ်ခုဖြစ်သည်။ ဤနေရာတွင် အဓိကကျသည်မှာ နိုင်ငံရေးတန်းတူညီမျှမှု ဖြစ်သည်။ လူမှုဘဝ နယ်ပယ်အားလုံးတွင် တန်းတူညီမျှရေးကို ဆိုလိုခြင်းမဟုတ်ပေ။ သို့သော် လူမှုရေးအရနှင့် စီးပွားရေးအရ မညီမျှမှုများမှာ နိုင်ငံရေးတန်းတူညီမျှမှု အခြေအနေနှင့် အပြန်အလှန်ဆက်နွယ်လျှက်ရှိနေပြီး၊ နိုင်ငံရေးတန်းတူညီမျှမှုအခြေအနေကို တိုက်ရိုက်သော်လည်ကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ပုံဖေါ်နေပေသည်။ လွှမ်းမိုးနေသောအုပ်စုများက ၎င်းတို့၏ လူမှုရေးနှင့် စီးပွားရေး အာဏာအရင်းအမြစ်များကို နိုင်ငံရေးနယ်ပယ်တွင် အနည်းနှင့်အများပင် တိုက်ရိုက် အသုံးပြုနိုင်ကြသည်။ ၎င်းတို့၏ အဆင့်အတန်းနှင့် ဩဇာသက်ရောက်မှုကို ပညာရေးနယ်ပယ်၊ ယဉ်ကျေးမှုထုတ်ကုန်များနှင့် လူထုဆက်သွယ်ရေးနယ်ပယ်တို့တွင် (တနည်းအားဖြင့် အတိုချုပ်ရလျှင် 'ယဉ်ကျေးမှုစိုးမိုးမှု' အဖြစ်) လက်အောက်ခံအုပ်စုများ၏ အကြိုက်၊ တန်ဘိုးများ၊ အမြင်များ စသည်တို့ကို သွယ်ဝိုက်၍ ပုံဖေါ်ရန် အသုံးချနိုင်ကြသည်။ လူမှုရေးအရနှင့်

**Rueschemeyer, Dietrich. Addressing Inequality. Journal of Democracy 14:4 (2004), 76-90.** **© National Endowment for Democracy and The Johns Hopkins University Press.** Reprinted with permission of The Johns Hopkins University Press.

စီးပွားရေးအရမညီမျှမှုဂယက်များကို ထိထိရောက်ရောက်ထိန်းချုပ်ဟန့်တားခြင်းမပြုနိုင်ပါက နိုင်ငံရေးတန်းတူညီမျှမှုမှာ အလွန်အမင်း အကန့်အသတ်ဖြစ်လာလိမ့်မည်။

အနိမ့်ဆုံးနှင့်အခြေခံအကျဆုံးပုံစံများတွင်ပင် ဒီမိုကရေစီသည် အရွယ်ရောက်သူတိုင်း တူညီသောမဲပေးပိုင်ခွင့်ဖြင့် နိုင်ငံရေးတန်းတူညီမျှမှုကို ပေးအပ်ထားသည်။ သို့သော် စံနှုန်းပြည့် ဒီမိုကရေစီစနစ်က ထို့ထက်မက ပို၍တောင်းဆိုပါသည်။ ရောဘတ်အေဒါးလ် Robert A. Dahl ၏ အဆိုအရ "နိုင်ငံသားတို့၏ လိုလားမှုကို အစိုးရက အဆက်မပြတ် အရေးတယူတုံ့ပြန်ဆောင် ရွက်ရန် လိုအပ်ပြီး ယင်းကို နိုင်ငံရေးတန်းတူမှုဟု ယူဆနိုင်သည်။" ဤစံနှုန်းပြည့်ပုံစံသည် အာဏာ နှင့်သြဇာတည်းဟူသော လူမှုအဆောက်အအုံများတွင် နိုင်ငံရေးအဆုံးအဖြတ်ပြုခြင်းက မလွှဲမရှောင် သာ ပေါင်းစပ်နေမှုနှင့် ထိပ်တိုက်တင်းမာမှုဖြစ်စေပါသည်။ ဒီမိုကရေစီနည်းကျတန်းတူညီမျှရေး၏ စံနှုန်းပြည့်ပုံစံနှင့် ပကတိဖြစ်စဉ်တို့အကြား ကွာဟချက်သည် အချိန်ကာလအလျောက် ကြီးမားစွာ ကွဲပြားခြားနားလျက်ရှိကြပြီး၊ ယင်းတို့မှာ တစ်နိုင်ငံနှင့်တစ်နိုင်ငံကြားတွင်လည်း မတူကွဲပြားမှုများ ဆက်လက်ရှိနေသည်။ ဖြစ်ရပ်တိုင်းတွင် ဤသို့သော "မညီမျှမှုကွာဟချက်"သည် လွှမ်းမိုးသော အုပ်စုများနှင့် "လူအများ"အကြား အပေးအယူညှိနှိုင်းမှုကို ကိုယ်စားပြုသည်။ မည်သည့်ကြောင်း ခြင်းရာများက ယင်းသို့သော အပေးအယူညှိနှိုင်းမှုများအား ပုံဖော်ပေးသည်ကို အကြမ်းဖျဉ်း သိနိုင် သည်။ ယင်းတို့တွင် လူ့အဖွဲ့အစည်းတွင်းရှိ အာဏာချိန်ခွင်လျှာ၊ နိုင်ငံတော်နှင့် လူထုအခြေပြုအဖွဲ့ အစည်းများအကြားဆက်ဆံရေး၊ နိုင်ငံတကာအင်အားကြီးအုပ်စုများ၊ လက်အောက်ခံအုပ်စုတို့ ခံစားနိုင်သည့် အဖွဲ့အစည်းများနှင့် ယဉ်ကျေးမှုအရလွတ်လပ်မှုအတိုင်းအတာ၊ လွှမ်းမိုးသော အုပ်စု များက ဒီမိုကရေစီပြောင်းလဲရေးအား ၎င်းတို့၏အကျိုးစီးပွားကို ခြိမ်းခြောက်နေမှုတစ်ရပ်အဖြစ် ရှုမြင်သည့်အတိုင်းအတာ စသည်တို့ ပါဝင်သည်။

အခြေခံအကျဆုံးသော ဒီမိုကရေစီပုံစံများတွင်ပင် နိုင်ငံရေးဆုံးဖြတ်ချက်များ လုပ်ဆောင် နိုင်မည့် သီးခြားကိုယ်ပိုင်လွတ်လပ်ခွင့်နယ်ပယ်တစ်ရပ် ရှိရန်လိုအပ်ပါသည်။ နိုင်ငံရေးကို အာဏာ အဆောက်အအုံ တစ်ရပ်လုံးမှလည်းကောင်း၊ လူမှုမညီမျှမှုစနစ်တစ်စုံလုံးမှလည်းကောင်း "ခွဲခြား" ထားရမည်။ ဒီမိုကရေစီနိုင်ငံရေးလူ့အဖွဲ့အစည်းကို လွတ်လပ်စွာထုတ်ဖော်ခွင့်နှင့် သင်းပင်းဖွဲ့စည်းခွင့်၊ အရွယ်ရောက်သူတိုင်းမဲပေးခွင့် အပြည့်အဝရှိသော ပုံမှန်ကျင်းပသည့် ရွေးကောက်ပွဲများ၊ ရွေးကောက်ခံရသူများကို ပြည်သူ့ကိုယ်စားလှယ်များအနေဖြင့် အစိုးရက တာဝန်ယူမှု စသည်တို့ ဖြင့် အစဉ်အလာအရ အဓိပ္ပါယ်ဖွင့်ဆိုကြ သည်။ ဤသို့သောအစိုးရမျိုးသည် မြေရှင်စနစ်တွင်သော် လည်းကောင်း၊ ကွန်မြူနစ်စနစ်တွင်သော်လည်းကောင်း ရှင်သန်ရပ်တည်နိုင်ခြင်း မရှိပေ။ ထိုစနစ်များ တွင် လုပ်အားနှင့် ကုန်ထုတ်စွမ်းအားစုကိုချုပ်ကိုင်ထားခြင်းဖြင့် နိုင်ငံရေးအခွင့်အာဏာကို ကိုယ့်နည်း ကိုယ့်ဟန်ဖြင့် ရယူထားကြသည်။ ဒီမိုကရေစီ၏ အစဉ်အလာအဓိပ္ပါယ် ဖွင့်ဆိုချက်ကို ဝေဖန်သူများ က 'အပေါ်ယံသဏ္ဌာန်' မျှသာ ဖြစ်ကြောင်း ထောက်ပြကြသည်။ အကြောင်းမှာ ယှဉ်ပြိုင်ခွင့်နှင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် သင်းပင်းဖွဲ့စည်းခွင့် တို့ကို အကာအကွယ်ပြုပေးခြင်းဖြင့် ဘောင် ကန့်ထားသော နိုင်ငံရေးနယ်ပယ်အတွင်းသာ အားသာချက်ရှိပြီး အလုပ်ဖြစ်နိုင်သောကြောင့် ဖြစ် သည်။ တချိန်တည်းတွင် လူမှုမညီမျှမှုက နိုင်ငံရေးကိုပုံသွင်းနိုင်သည့်အခြေအနေအောက်တွင် ပိုမို ကျယ်ပြန့်ပြီး သိမ်မွေ့နူးညံ့သောနည်းလမ်းများကို လျစ်လျူရှုခဲ့သောကြောင့် ဟုဆိုသည်။

ဤအစပျိုးဦးလေ့လာချက်များက အရေးပါ၍ကွဲပြားခြားနားသော အခြင်းအရာနှစ်ရပ် ထွက်ပေါ်လာသည်။ ပထမအချက်မှာ နှိုင်းယှဉ်ချက်အရသီးခြားလွတ်လပ်သော နိုင်ငံရေးနယ်ပယ် အတွင်း နိုင်ငံရေးတန်းတူညီမျှမှုကို တိုးတက်စေသည့် သို့မဟုတ် ပပျောက်စေသည့် အဆောက်

အအုံများနှင့်ဖြစ်စဉ်များအား အခြားသောလူမှုနယ်ပယ်များတွင် မညီမျှမှုကြောင့် အစပြုပြီး ‘လျှံကျ’လာသော (တဆက်တည်းတွင် နိုင်ငံရေးနယ်ပယ်တွင်းသို့စီးဝင်လာမည့်) ဆိုးကျိုးများကို ကန့်သတ်သည့် သို့မဟုတ် အားပေးသည့် အဆောက်အအုံများနှင့်ဖြစ်စဉ်များမှ ခွဲခြားခြင်းဖြစ်သည်။ အဓိကကျသောမေးခွန်းများမှာ တစ်ဦးတစ်ယောက်သည် ဓနဥစ္စာ သို့မဟုတ် အဆင့်အတန်းကို နိုင်ငံရေးအရ အားသာချက်အဖြစ် ပြောင်းလဲအသုံးမပြုရန် ထိန်းချုပ်ထားနိုင်ပါမည်လား၊ ထားနိုင်မည်ဆိုလျှင် မည်သို့ ထိန်းချုပ်မည်နည်း။ ဒုတိယခွဲခြားချက်မှာ လူမှုမညီမျှမှုကြောင့် နိုင်ငံရေးနယ်ပယ်သို့ လျှံကျလာသည့် သက်ရောက်မှုတို့ကို ကိုင်တွယ်မည့်နည်းလမ်းများအား လူမှုစီးပွားမညီမျှမှုများကို တိုက်ရိုက်ကိုင်တွယ်ဖြေရှင်းမည့် မူဝါဒများမှ ပိုင်းခြားထားခြင်းဖြစ်သည်။ ထိုသို့သော မညီမျှမှုများသည် နိုင်ငံရေးတန်းတူညီမျှမှု၏ အတိုင်းအတာနှင့် နယ်ပယ်ကို သက်ရောက်စေသောကြောင့် ဖြစ်သည်။

နိုင်ငံရေးအရတန်းတူညီမျှမှု တိုးတက်စေခြင်းသည် ပြိုင်ဘက်ကင်းသည့် ရည်မှန်းချက်တစ်ရပ်အဖြစ် ရှင်းရှင်းလင်းလင်း မရှိပေ။ အဓိကကျသော အကျိုးစီးပွားများနှင့် ထိပ်တိုက်ဖြစ်မှုများရှိပြီး၊ အပြိုင်ဖြစ်နေသော စံတန်ဖိုးများ ပေးဆပ်ရမှုကို ရင်ဆိုင်ရနိုင်သည်။ နိုင်ငံရေးအရ ပို၍ မြင့်မားသော တန်းတူညီမျှမှုအား အကျိုးစီပွားအရဖြစ်စေ၊ မူအရဖြစ်စေ အခြေခံ၍ ဆန့်ကျင်ဘက်ပြုခြင်းအမျိုးအမျိုး ကွဲပြားနိုင်ပေသည်။ ယင်းသို့ကွဲပြားမှုသည် နိုင်ငံရေးအဝန်းအဝိုင်းအား ကျဉ်းမြောင်းစွာ ရှုမြင်မှု သို့မဟုတ် လူမှုစီးပွားအသာစီးရှိမှုကို နိုင်ငံရေးအားသာချက်အဖြစ် ပြောင်းလဲအသုံးချမှု သို့မဟုတ် နိုင်ငံရေးနယ်ပယ်အပေါ် လူမှုမညီမျှမှုများ၏ တစ်စုံလုံးသက်ရောက်မှု စသည့် အကြောင်းအရာများအပေါ် မူတည်လျှက်ရှိသည်။

## စံနှုန်းဆိုင်ရာ ပြဿနာများနှင့် ဆန့်ကျင်ဘက်စံတန်ဖိုးများ (Normative Questions and Competing Values)

နိုင်ငံရေးအရ တန်းတူညီမျှမှုမြင့်မားလာခြင်းသည် အရည်အသွေးကင်းမဲ့သည့်အရာတစ်ရပ်ဖြစ်လာခြင်းလော။ ယင်းကြောင့် အခြား အရေးကြီးသော စံတန်ဖိုးများ ပေးဆပ်ရခြင်းလော။ အကယ်၍ အပေးအယူလုပ်ရသည်ဆိုပါမူ မတူညီသောရလဒ်များအပေါ် မည်သို့ပိုင်းဖြတ်မည်နည်း။ ယခုအကဲဆေးအနေဖြင့် ဤသို့သော စံနှုန်းဆိုင်ရာကြောင်းချင်းရာများနှင့်ပတ်သက်၍ ဖြေရှင်းမည် မဟုတ်ပေ။ သို့သော် ညီမျှမှုနှင့်ပတ်သက်၍ ဆွေးနွေးရာတွင် စံနှုန်းဆိုင်ရာများနှင့် လက်တွေ့ဆန်းစစ်ချက်ဆိုင်ရာ ပြောဆိုချက်များမှာ အပြန်အလှန်ရောယှက်နေသဖြင့် အကဲဖြတ်ဆန်းစစ်ပြီး ရှုမြင်မှုများအား ညွှန်ပြမည့် အဓိက အကြောင်းအရာများကို ပုံကြမ်းဖော်ရန် လိုအပ်ပေမည်။

ကျွန်ုပ်တို့အနေဖြင့် နိုင်ငံရေးနယ်ပယ်အတွင်း သီးသန့်ချဉ်းကပ်သည်ဆိုစေကာမူ နိုင်ငံရေးအရ တန်းတူညီမျှမှု အဖြစ်နိုင်ဆုံး မြင့်မားစေခြင်းအား အဓိကငြင်းပယ်ချက် နှစ်ရပ်ရှိသည်။ ပထမအချက်မှာ ‘အများ’ ဟူသည် ကျိုးကြောင်းဆီလျော်သော မူဝါဒများကို ရွေးချယ်ရန် အရည်အချင်း မရှိခြင်း ဖြစ်သည်။ ဒုတိယအချက်မှာ ပါဝင်သူ ဦးရေများလာခြင်းဖြင့် ညှိနှိုင်းဆောင်ရွက်ရေး ပိုမိုခက်ခဲစေပြီး ဝန်ပိုခြင်းနှင့် ထိန်းမနိုင်သိမ်းမရဖြစ်ခြင်းအခြေအနေသို့ ဆိုက်ရောက်စေမည် ဖြစ်သည်။ ဒီမိုကရေစီအုပ်ချုပ်ရေး အစဉ်အလာပုံစံတစ်ရပ်ဖြစ်သော ကိုယ်စားပြုဒီမိုကရေစီစနစ်တွင် မဲဆန္ဒရှင်ပြည်သူများနှင့် စုပေါင်းလုပ်ဆောင်မှု၏ ရလဒ်များအကြား ပညာရှင်များဖြင့်ဖွဲ့စည်းထား

သော နိုင်ငံတော်ယန္တရားတစ်ရပ် (ရွေးကောက်ခံသူများကို ဖြေကြားရန်တာဝန်ရှိသည့်) ထားရှိခြင်းဖြင့် အထက်ပါငြင်းပယ်ချက်များကို ဖြေရှင်းသည်။ ကိုယ်စားပြုဒီမိုကရေစီစနစ်ဟုဆိုရလျှင် မဲဆန္ဒရှင်ပြည်သူများ၏အရည်အချင်းပြည့်ဝမှုနှင့် ညှိနှိုင်းရေးခက်ခဲမှုများသည် တိုင်းပြည်များအလိုက် လည်းကောင်း သမိုင်းနောက်ခံအခြေအနေများအရလည်းကောင်း အမျိုးအမျိုးကွဲပြားခြားနားမှု ရှိပေသည်။ ဤသို့ ကွဲပြားမှုအခြေအနေသည် ဖြစ်ရပ်တစ်ခုခုကိုအကဲဖြတ်ရာ၌ အခရာကျပေသည်။

အရည်အချင်းပြည့်ဝမှုနှင့်ပတ်သက်၍လည်းကောင်း အရေအတွက်နှင့်ပတ်သက်၍လည်းကောင်း ငြင်းပယ်ကန့်ကွက်မှု နှစ်မျိုးစလုံးသည် ထိရောက်မှုလျော့ကျခြင်းနှင့် ပေးဆပ်ရမှုဟူသော ပြဿနာနှစ်ရပ်ကိုဖေါ်ပြသည်။ ယင်းသို့သော ပေးဆပ်ရမှုများသည် တခါတရံ လက်တွေ့တွင် ကရိကထများသော်လည်း အခြားကွဲပြားသော ကြောင်းချင်းရာသုံးရပ်နှင့်နှိုင်းစာလျှင် မူအရ ထိုက်တန်သည်ဟု ဆိုနိုင်ပေသည်။ ပထမအချက် ‘ထိရောက်မှု’ ဆိုသည့်စကားလုံးသည် တစုံတရာသော ရည်မှန်းချက်ကိုပေါက် မြောက်စေသည်ဟူသော အဓိပ္ပါယ်နှင့်သုံးနှုံးကြခြင်းဖြစ်သည်။ အခြားတဘက်တွင် အရေးကြီးသောအကျိုးစီးပွား၊ အရေးမကြီးသောအကျိုးစီးပွား ဆိုသည်နှင့်စပ်လျဉ်း၍ လူထုအတွင်း ကွဲလွဲစရာ ဖြစ်လာပြန်သည်။ ဒုတိယ ကျိုးကြောင်းဆီလျော်သောမူတစ်ရပ်မှာ စုပေါင်းဆုံးဖြတ်ချက်မှန်သမျှသည် နိုင်ငံရေးလူ့အဖွဲ့အစည်းတစ်ရပ်ရှိ အဖွဲ့ဝင်အားလုံး၏ အကျိုးစီးပွားကို သက်ရောက်မှုရှိသည်ဖြစ်၍ ယင်းလူ့အဖွဲ့အစည်း၏ အဖွဲ့ဝင်အားလုံးမှာ သက်ဆိုင်ရာအကြောင်းအရာတွင် နားလည်တတ်ကျွမ်းသူများမဟုတ်သည့်တိုင် ဆုံးဖြတ်ချက်ပြုရာ၌ ပြောရေးဆိုခွင့် ရှိသင့်သည်ဟူသောအချက် ဖြစ်သည်။ ထိခိုက်သွားသောအကျိုးစီးပွားက အကန့်အသတ်ရှိသော အရည်အချင်းပြည့်မီမှုထက် ပို၍ အခရာကျပါသည်။ နောက်ဆုံးအချက်မှာ အပြန်အလှန်အကျိုးတူ ဥပဒေသကို ခံစားခွင့်ရှိသည့် လူသားများအနေဖြင့် နိုင်ငံသားအားလုံးသည် တူညီသော ဂုဏ်သိက္ခာ ပိုင်ဆိုင်ခွင့်ရှိသည် ဆိုသည်ကို နိုင်ငံရေးညီမျှမှုက အသိအမှတ်ပြုခြင်းဖြစ်သည်။

ထိရောက်မှုအတွက် ပေးဆပ်ရမှုကို လျော့ချပစ်ရန်ကြိုးပမ်းမှုသည် ဆိုးဝါးသော အိုင်ဒီယာဟု ဤအချက်များက ဆိုလိုခြင်းမဟုတ်ပေ။ အမှန်စင်စစ် ယင်းသည် အထူးတလည်ကောင်းမွန်သော အိုင်ဒီယာပင် ဖြစ်နိုင်ပါသည်။ အကြောင်းမူ ထိရောက်မှုကိုမြှင့်တင်ပေးသော အချက်များဖြစ်သည့် အရည်အသွေးမြင့် အထွေထွေပညာရေး၊ သတင်းရစ်မြစ်စုံလင်မှုနှင့် စိစစ်ပိုင်းခြားနိုင်မှု၊ ယုံကြည်စိတ်ချရသည့်ကိုယ်စားပြုအဖွဲ့အစည်းများ၊ မပေါင်းစည်းလျှင်အကျိုးမဲ့စေမည့် အကျိုးစီးပွားများကို ပေါင်းစည်းခြင်း စသည်တို့သည် နိုင်ငံရေးညီမျှမှုကို အားဖြည့်ပေးကြောင်း တွေ့ရပါလိမ့်မည်။

အခြားနယ်ပယ်များမှ အရင်းအမြစ်များအား နိုင်ငံရေးအားသာချက်အဖြစ် ပြောင်းလဲအသုံးချမှုအား ကန့်သတ်ခြင်းသည် ပို၍ပင် ဝိဝါဒကွဲပြားဖွယ်ဖြစ်သည်။ နိုင်ငံရေးနယ်ပယ်ပြင်ပမှ ကွဲပြားခြားနားသည့်အရင်းအမြစ်ပိုင်ဆိုင်မှုများကို တန်းညှိရန် မူဝါဒအဆိုပြုချက်များကို ပို၍ပင် ကန့်ကွက်မှုများ ရှိလာဦးမည်ဖြစ်သည်။ အကြောင်းမူ လျှံကျခြင်းကြောင့် ဘေးထွက်သက်ရောက်မှုများမှာ ထိန်းချုပ်ထားရန် ခက်ခဲသောကြောင့်ဖြစ်သည်။

အထင်ရှားဆုံးသော ဆွေးနွေးငြင်းခုံမှုမှာ စီးပွားရေးရင်းမြစ်ပိုင်ဆိုင်မှုများကို နိုင်ငံရေးအကျိုးငှာအသုံးချ ခြင်းပြဿနာတွင် တဝဲလည်လည် ဖြစ်နေခြင်းပင်။ အမေရိကန်တရားရုံးချုပ်က အချို့သောသူများ အလွန်အကျူး ဒေါသထွက်စေသည့် ဆုံးဖြတ်ချက်တစ်ရပ်ကိုချမှတ်ခဲ့သည်။ ယင်းမှာ လွတ်လပ်စွာပြောဆိုခွင့်ကဲ့သို့ပင် ရွေးကောက်ပွဲမဲဆွယ်ကာလ အသုံးစရိတ်သည် ပထမပြင်ဆင်ချက်၏ အကာအကွယ်ကိုရထိုက်သည်ဟု ဆုံးဖြတ်ခဲ့သည်။ ပိုမို၍လွတ်လပ်စွာ ထုတ်ဖေါ်ပြောဆိုခွင့်က ဒီမိုကရေစီအရည်အသွေးကိုပင် လွှမ်းမိုးသည်ဟု ယင်းတရားရုံးချုပ်ဆုံးဖြတ်ချက်က

ရှုမြင်သည်။ အကျိုးဆက်အားဖြင့် တရားရုံးအနေဖြင့် စီးပွားရေးမညီမျှမှုကို ဒီမိုကရေစီနိုင်ငံရေး ဖြစ်စဉ်၏ ဂုဏ်သိက္ခာတန်ဘိုးနှင့် စပ်ဆိုင်ခြင်းမရှိဟု ဆိုသကဲ့သို့ ဖြစ်သည်။ စီးပွားရေးအရ တပန်းသာမှုကို နိုင်ငံရေးတွင် အမြတ်မထုတ်နိုင်ရန် တိုက်ရိုက်တားမြစ်ခွင့်ကိုလည်း ခွင့်ပြုရန် ငြင်းဆိုခဲ့သည်။ ယင်းသို့သော ကန့်သတ်မှုများကို ထိန်းသိမ်းတည့်မတ်ရန် အခြားနည်းလမ်းများတွင် ရွေးကောက်ပွဲ ရံပုံငွေကို ပုဂ္ဂလိကထည့်ဝင်ငွေများမှသုံးစွဲပါမည်ဟု ရွေးကောက်ခံမည့်ကိုယ်စားလှယ်က လက်ခံသဘောတူညီချက်အပြင် ကိုယ်စားလှယ်လောင်းအားလုံးကို ရုပ်မြင်သံကြားတွင် အခမဲ့ဟောပြောခွင့်ပေးခြင်း (ခေတ်သစ်ရွေးကောက်ပွဲ မဲဆွယ်ရာတွင် ကုန်ကျစရိတ်အများဆုံး) တို့ ပါဝင်ပေသည်။ သို့သော် ဤကဲ့သို့သော အစီအမံများမှာ မတူခြားနားသော နိုင်ငံရေးအတားအဆီးများနှင့် ရင်ဆိုင်ရသည်။ နိုင်ငံရေးနယ်ပယ်သို့ ငွေကြေးအသပြာများ စီးဝင်လာခြင်းကို မည်သည့်နည်းလမ်းကမှ မပိတ်ပင်နိုင်ပေ။ အကျိုးစီးပွားရှိသော နိုင်ငံရေးပါတီများအဖို့ ဥပဒေအကန့်အသတ်များကို ကျော်လွှားရန် နည်းလမ်းများရှာဖွေနိုင်သည်ချည်း ဖြစ်ပါသည်။

စီးပွားရေးမညီမျှမှုကြောင့် နိုင်ငံရေးမညီမျှမှု နောက်ဆက်တွဲအကျိုးဆက်များ ဖြစ်ပေါ်ခြင်းမှာ ရွေးကောက်ပွဲမဲဆွယ်ရာတွင် တပြေးညီဖြစ်ရေးကိစ္စထက် ပို၍ အရေးကြီးသည်။ ချမ်းသာသူက မူဝါဒများကိုမည်သို့ချမှတ်အကောင်အထည်ဖော်ရမည်ဆိုသည်ကို အချိုးမညီမျှစွာ ဩဇာသက်ရောက်စေနိုင်သည်။ အထူးသဖြင့် လူနည်းစု၏ လက်ဝါးကြီးအုပ်ဈေးကွက်အာဏာက နိုင်ငံရေးအရ တပန်းသာသည့် အခြေအနေသို့ အလွယ်တကူ ပြောင်းလဲသွားနိုင်ပါသည်။ ကော်ပိုရေးရှင်းကြီးများ၏ ရင်းနှီးမြှုပ်နှံမှုဆုံးဖြတ်ချက်အပေါ် အဆင့်ဆင့်သောအစိုးရများက မှီခိုနေရသည့်ဘဝသို့ ရောက်သွားပါသည်။ ဤအခြင်းအရာသည် နိုင်ငံတကာနယ်နိမိတ်ကိုဖြတ်ကျော်၍ အရင်းအနှီးများ စီးဝင်စီးထွက်နေသည့်ခေတ်၌ အမျိုးသားအစိုးရများလည်း ရင်ဆိုင်နေရသည်ကို တွေ့မြင်ရပါသည်။ ထို့ပြင် အများစုသော လူထုကြီး၏စီးပွားရေးအရ လုံခြုံမှုမှာ အလုပ်အကိုင်ရရှိမှုပေါ်တွင် မှီတည်နေပြီး အရင်းရှင်လူ့အဖွဲ့အစည်းတွင် အလုပ်လက်မဲ့အန္တရာယ်ခြိမ်းခြောက်မှုမှာ အထူးပြောစရာပင် မလိုသောအချက်ဖြစ်သည်။ သို့သော် ယင်းမှာ အနောက်နိုင်ငံများ၏ နိုင်ငံရေးဖြစ်စဉ်၌ ကြီးမားသော အကျိုးသက်ရောက်မှု ရှိသည်။ ယင်းအချက်သည် အလုပ်ခွင်စည်းကမ်းကို အခြေခံမှ ပံ့ပိုးပေးရုံသာမက အလုပ်သမားများ၏ အကျိုးစီးပွားကို ကော်ပိုရေးရှင်းကြီးများ၏ အကျိုးစီးပွားနှင့် တညီတည်း ဖြစ်နေစေသည်။

ဖွံ့ဖြိုးပြီးအရင်းရှင်နိုင်ငံကြီးအားလုံး၌ စီးပွားရေးလက်ဝါးကြီးအုပ်အာဏာ မထူထောင်နိုင်ရန်နှင့် ယင်းကို အသုံးမပြုနိုင်ရန် ဟန့်တားထိန်းချုပ်သည့် ဥပဒေပြဋ္ဌာန်းချက်များရှိပြီး ဖြစ်သည်။ သို့သော် ယင်းလုပ်ရပ်များမှာ ကော်ပိုရေးရှင်းကြီးများ တစ်လက်ကိုင် ပိုင်ဆိုင်မှုတွင် စုပုံရောက်ရှိမနေစေရန်နှင့် နေးကွေးစေရန်အတွက်သာ တတ်နိုင်ပြီး၊ ယင်းတို့၏ ဩဇာအရှိန်အဝါက နိုင်ငံရေးတွင် ပါဝင်ပတ်သက်လာခြင်းမရှိစေရန်ကိုမူ မတတ်နိုင်ပေ။ ယင်းတို့သည် လက်ဝါးကြီးအုပ်မှုကို စီးပွားရေးနယ်ပယ်၌ ဟန့်တားထိန်းချုပ်နိုင်ရန်သာ အာရုံစိုက်လေ့ရှိကြသည်။ အလုပ်မှ အလွယ်တကူ ထုတ်ပယ်ခြင်း မပြုနိုင်စေရန် ဥပဒေအရ ဟန့်တားပိတ်ပင်သည့်နည်းဖြင့် အလုပ်လုံခြုံမှုရအောင် လုပ်ကြခြင်းများမှာ နိုင်ငံအချို့တွင် အခြားနိုင်ငံများထက်ပို၍ အားကောင်းသည်။ ဤကြိုးပမ်းချက်များသည်လည်း လတ်တလောတွင် 'လုပ်အားဈေးကွက်ခက်မာမှု' အဖြစ် တိုက်ခိုက်ခံနေရသည်။ ထို့အပြင် အများအားဖြင့် အချိန်ဆွဲခံထားရပြီး ရေရှည်တွင် အလုပ်လက်မဲ့ဖြစ်မှုအတွက် မကောင်းသောအကျိုးဆက်ကိုပင် ဖြစ်ပေါ်လာစေနိုင်သည်။ ပို၍အရေးကြီးသည်မှာ မက်ခရိုဘောဂဗေဒ မူဝါဒများ၊ လေ့ကျင့်သင်တန်းပေးခြင်းနှင့် ပြန်လည်ပျိုးထောင်ခြင်း၊ အလုပ်သမားများအား အလုပ်

လက်မဲ့ဖြစ်ချိန်တွင် ဝင်ငွေအစားထိုးအစီအစဉ်များ ပြုလုပ်ပေးခြင်းတို့ ဖြစ်သည်။ ၁၉၃၀ လွန် ကမ္ဘာ့စီးပွားပျက်ကပ်ကာလအတွင်း အလုပ်လက်မဲ့နှုန်း အလွန်အကျူးမြင့်မားမှုက နိုင်ငံရေးအပေါ်အကျိုးသက်ရောက်မှုကို ကြည့်ခြင်းဖြင့် ဝင်ငွေလုံခြုံမှု၏ အရေးပါမှုအတိုင်းအတာကို ထင်ရှားစွာ တွေ့မြင်နိုင်သည်။ ယင်းအခြေအနေမျိုး ၁၉၉၀လွန်နှစ်များက ကွန်မြူနစ်ခေတ်လွန် အရှေ့ဥရောပနှင့် အနောက်ဥရောပ နိုင်ငံအချို့တွင် ဖြစ်ပွားခဲ့သော်လည်း ၁၉၃၀လွန်နှစ်များက အခြေအနေမျိုး ပြန်လည် ကြုံခဲ့ရခြင်း မရှိခဲ့ပေ။ အကြောင်းမှာ ပိုမိုမြင့်မားသော လူနေမှုအဆင့်အတန်းနှင့် နိုင်ငံတော်ထောက်ပံ့ရေးအစီအစဉ်များက ကြားဝင်၍ ခုခံပေးထားနိုင်ခဲ့ခြင်းကြောင့် ဖြစ်သည်။ စီးပွားရေးအင်အားကို နိုင်ငံရေးအကျိုးအမြတ်အတွက် အသုံးမချနိုင်စေရန် ကန့်သတ်သည့် ကြိုးပမ်းမှုမှန်သမျှသည် အခြေခံအတွေးအခေါ်အရ ဆန့်ကျင်ကန့်ကွက်မှုများပေါ် မူတည်နေသည်။ ပိုအရေးကြီးသည့်အချက်မှာ ညီမျှမှုကိုသာ ဦးတည်ကြိုးပမ်းနေလျှင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အနှောက်အယှက်ဖြစ်နိုင်သည်ဟူသော လက်တွေ့ကျကျ ချေပပြောဆိုချက်များပေါ်ထွက်လာခြင်းဖြစ်သည်။ အရင်းရှင်များနှင့် လုပ်ငန်းရှင်များအတွက် စီးပွားရေးလွတ်လပ်ခွင့်တန်ဘိုးသည် နိုင်ငံရေး တန်းတူညီမျှမှုမြင့်မားလာခြင်းနှင့်နှိုင်းယှဉ်လျှင် မူအရ လိုက်လျောညီထွေ မရှိသေးပေ။ ဈေးကွက်လည်ပတ်မှုများကို ထိခိုက်စေသည့် လုပ်ဆောင်ချက်မှန်သမျှသည် ဖွံ့ဖြိုးမှုကို ထိခိုက်စေလိမ့်မည်ဟူသော အမြင်သည် အနောက်နိုင်ငံအားလုံးတွင် ဆွဲဆောင်မှုအရှိဆုံးအမြင် ဖြစ်သည်။ ရှေ့တန်းရောက် အရင်းရှင်နိုင်ငံကြီးများရှိ ပြည့်စုံကုံလုံသော လူမှုဖူလုံရေးစနစ်များတွင် ဈေးကွက်ယန္တရားကို အကာအကွယ်ပေးသည့်စနစ်ကို နှိုင်းယှဉ်မှုအရ ပို၍ရက်ရောသော ဖူလုံရေးအစီအမံများနှင့် ပေါင်းစပ်ကျင့်သုံးရမည်ဟု ဆိုကြသည်။ သို့မှသာ ဈေးကွက်ကို လူမှုရေးအရ ပိုမို၍ရေရှည်တည်တံ့စေလိမ့်မည်ဖြစ်သည်။

## ငွေစစ္စာဖြန့်ဝေခြင်းနှင့် ယဉ်ကျေးမှုဆိုင်ရာလွှမ်းမိုးမှု

စီးပွားရေးအရတာပန်းသာမှုကို နိုင်ငံရေးအာဏာအဖြစ်ပြောင်းလဲခြင်းအား ကန့်သတ်ရန် အစီအစဉ်များမှာ တစိတ်တပိုင်းသာ အကျိုးသက်ရောက်မှု ရှိခဲ့သည်ဟုဆိုလျှင် နိုင်ငံရေးတန်းတူညီမျှမှုအတွက် ကြိုးပမ်းမှုများသည် ဝင်ငွေနှင့်ငွေစစ္စာမညီမျှမှုလျော့ချခြင်း အစီအမံများနှင့် တိုက်ရိုက်ဆက်နွယ်မှုရှိနိုင်မည်လော။ တိုင်းပြည်အလိုက် ဝင်ငွေနှင့် ငွေစစ္စာခွဲဝေမှု မညီမျှခြင်း၊ တိုင်းပြည်တစ်ပြည်အတွင်း အချိန်ကာလအလိုက် ဝင်ငွေ နှင့်ငွေစစ္စာခွဲဝေမှု မညီမျှခြင်းတို့က နိုင်ငံရေးတန်းတူညီမျှမှုအား ထိရောက်စွာ အပြောင်းအလဲဖြစ်နိုင်ကြောင်း အဆိုကို အနည်းငယ်သာ သံသယဖြစ်ဖွယ် ရှိပါသည်။

အပြိုင်အဆိုင်ဖြစ်နေသော စံတန်ဘိုးများနှင့်ပတ်သက်၍ မူဝါဒကိစ္စများဆွေးနွေးရာ၌ လွှမ်းမိုးနေသည်မှာ ဝင်ငွေနှင့်ငွေစစ္စာခွဲဝေမှုကိုပြုပြင်ပြောင်းလဲရန် လိုအပ်သည်ဆိုသောအချက်ပင် ဖြစ်သည်။ ဝင်ငွေနှင့် ငွေစစ္စာကွာခြားမှုများအားလျော့ချရန် နိုင်ငံရေးအရ တိုက်ရိုက်အရေးယူကိုင်တွယ် ရေးဟူသောပြဿနာသည် တန်းတူရေးနှင့် လွတ်လပ်ရေးအကြား ပင်ကိုယ်ရှိနေသောပဋိပက္ခပြင်းထန်လာခြင်းပင် ဖြစ်သည်။ ဝင်ငွေနှင့်ငွေစစ္စာ ပိုင်ဆိုင်မှု ကွဲပြားနေခြင်းကို တန်းညှိရန် အခွန်တိုးကောက်ရေးနှင့် ပစ္စည်းများသိမ်းယူရေး စသည့် မူဝါဒများ ချမှတ်ရေးတွင် ယင်းသို့သော ပြုပြင်ပြောင်းလဲရေးကိုစဉ်းစားရန် ဖြစ်နိုင်ပါသည်။ ထိုမူဝါဒမျိုးကို အခွင့်ထူးခံလူတန်းစားများက နည်းလမ်းပေါင်းစုံဖြင့် ဆန့်ကျင်ကန့်ကွက်ကြလိမ့်မည်။ ယင်းကဲ့သို့ ဆန့်ကျင်မှုများကို ဖိနှိပ်ခြင်းသည် ရက်စက်

ဆိုးဝါးသော အာဏာရှင်စနစ်တစ်ရပ်ဆီသို့ ဦးတည်သွားစေနိုင်ပါသည်။ စီးပွားရေး တန်းတူညီမျှမှု မရှိခြင်းအား အလွန်အကျွံ လျော့ချခြင်းသည် ဒီမိုကရေစီနည်းကျ ညီမျှမှုကို ဖျက်ဆီးလိုက်ခြင်းနှင့် တိုက်ရိုက်အချိုးကျနေသည်ဟူသောအချက်မှာ ထင်ရှားပေသည်။ ထို့အပြင် သာဓကများစွာ ရှိပြီး ဖြစ်သည်။ အထင်ရှားဆုံးမှာ စကင်ဒီနေဗီးယန်းနိုင်ငံများဖြစ်ကြသည်။ လူထုအကြိုက်တိမ်းညွတ်မှု ရှိသောမူဝါဒကို ဆယ်စုနှစ်နှင့်ချီ၍ နှစ်ရှည်လများကျင့်သုံးလာပြီးသောအခါ အခွန်ဆောင်ပြီး အသားတင်ဝင်ငွေနှင့် အမြတ်လွှဲပြောင်းပြီးအသားတင်ဝင်ငွေများ မညီမျှမှုကို သိသာစွာ လျော့ချနိုင်ခဲ့ကြောင်း တွေ့ရသည်။ နိုင်ငံရေးလွတ်လပ်မှုမှာမူ မူလအတိုင်း ထိခိုက်မှုကင်းသည်ကို တွေ့ရသည်။ ဤနိုင်ငံများတွင် လူထု၏နိုင်ငံရေးတွင်ပါဝင်ပတ်သက်မှု အရည်အချင်းနှင့် မြင်ကွင်းကိုကြည့်လျှင် ဒီမိုကရေစီတန်းတူညီမျှမှုရှိခြင်း အဆင့်မြင့်မားမှု ရှိကြောင်းတွေ့ရမည်။ ထိရောက်မှုကိုစဉ်းစားလျှင် ဤသို့သောမူဝါဒများကို ကျင့်သုံးခဲ့ခြင်းကြောင့် ရေရှည်တွင် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုနှုန်း ကျဆင်းခြင်း မရှိခဲ့ကြောင်း မှတ်သားဖွယ်ရာ တွေ့ရမည်။

စံတန်ဘိုးများဖြင့် အငြင်းပွားဖွယ်နေသော အခြားအဓိကပြဿနာမှာ ယဉ်ကျေးမှုအရ စိုးမိုးခြယ်လှယ်ခြင်း ဖြစ်သည်။ ပညာတတ်များ၊ အဆင့်မြင့်အရာရှိများ၏ အမြင်များသည် ယဉ်ကျေးမှုနယ်ပယ်၌ တဖက်သတ်အချိုးမညီမျှစွာ လွှမ်းမိုးမှုရှိနေပေသည်။ ၎င်းတို့၏အမြင်များကို ပညာရေးမှတဆင့်လည်းကောင်း လူထုဆက်သွယ်ရေးနည်းလမ်းများမှတဆင့်လည်းကောင်း သွတ်သွင်းလာကြသည်။ လူထုနှင့် ယဉ်ကျေးမှုနယ်ပယ်တွင် ထိုသို့ တဘက်စောင်းနင်း သြဇာသက်ရောက်နိုင်သည့် အခြားအဓိကအကြောင်းများတွင် ကော်ပိုရေးရှင်းများ၏ရံပုံငွေများ၊ အခွန်စနစ်က အထောက်အပံ့ပြုထားသော ပရဟိတလုပ်ငန်းရံပုံငွေများ၊ အဆင့်မြင့်ပညာသင်ဌာနကြီးများ၊ ဘာသာရေးအုပ်စုများစသည်တို့ပါဝင်သည်။ ဖွံ့ဖြိုးပြီးအရင်းရှင်နိုင်ငံကြီးအများစုတွင် ထိုသို့သော ယဉ်ကျေးမှုနယ်ပယ်တွင် တဘက်စောင်းနင်း သြဇာအာဏာကို အသုံးပြုနိုင်သောအုပ်စုများသည် သဘာဝအားဖြင့် သောင်းပြောင်းရောနှောနေလေ့ရှိသည်။

ယဉ်ကျေးမှုသြဇာလွှမ်းမိုးမှုပုံစံသည် ဗဟုသဘောဆောင်သည်။ သို့သော် ပင်ကိုယ်အားဖြင့် မညီမျှမှု ရှိသည်။ ထိုသို့ ညီမျှမှုမရှိသော ယဉ်ကျေးမှုသြဇာက အတော်အသင့်ကွာခြားသော နိုင်ငံရေးမညီမျှမှုကို ဖန်တီးသည်။ ပို၍သြဇာကြီးမားသောအုပ်စုများ၏ ရုပ်ဝတ္ထုအကျိုးစီးပွားနှင့် ဒြပ်မဲ့အကျိုးစီးပွား နှစ်မျိုးစလုံးက ကြီးမားလွန်းပြီး၊ ယဉ်ကျေးမှုနှင့်ဖြေဖျော်ရေးထုတ်လုပ်မှုများနှင့် ဆက်သွယ်ရေးလုပ်ငန်းများ၏ သြဇာအရှိန်အဝါက လှုပ်ရှားပြောင်းလဲနေလျှင် (သြဇာအရှိန်အဝါဆိုသည်မှာ လူထုအား နိုင်ငံရေးနှင့်လူမှုရေးပြဿနာများမှ အာရုံလွှဲပေးနိုင်ခြင်းတို့ ပါဝင်နိုင်သည်) နိုင်ငံသားအများစုကြီးအနေဖြင့် လူ့အဖွဲ့အစည်း၏ စီးပွားရေးနှင့် နိုင်ငံရေးဘဝတို့တွင် မည်သည့်အကျိုးစီးပွားက ၎င်းတို့အတွက် အကောင်းဆုံးဖြစ်မည်၊ မည်သည့်အကျိုးစီးပွားကို ရှေ့တန်းတင်ရန် လိုအပ်မည် ဆိုသည်ကို ပိုင်းခြားဆုံးဖြတ်ရန် ခက်ခဲလာလိမ့်မည်။

ယဉ်ကျေးမှုဆိုင်ရာလွှမ်းမိုးမှုဆိုသည်မှာ မညီမျှမှုပုံစံတမျိုးကို ကိုယ်စားပြုသည်။ ၎င်း၏ အကျိုးသက်ရောက်မှုများကို ထိုသို့လွှမ်းမိုးနေသော ယဉ်ကျေးမှုကို ပုံဖော်ပေးနေသည့်အမြင်များနှင့် စံတန်ဘိုးများအား ကိုယ်စားပြုသူများနှင့် နှစ်သက်လက်ခံသူများအနေဖြင့် မြင်တွေ့နိုင်ခြင်းမရှိပေ။ ယဉ်ကျေးမှုလွှမ်းမိုးမှု၏ ပိုနေမြဲကျားနေမြဲအခြေအနေအောက်တွင် ရုပ်ဝတ္ထုအကျိုးစီးပွားနှင့် ဒြပ်မဲ့အကျိုးစီးပွားများ ခံစားနေရသူများအနေဖြင့် ထိုအရေးကိစ္စကို အလေးထားမှု မရှိကြပေ။ ယဉ်ကျေးမှုဆိုင်ရာလွှမ်းမိုးမှုဟု ဆိုလျှင် အများက မာ့က်စ်ဝါအတွေးအခေါ်၏ဖော်ပြချက်ဖြစ်သည်ဟု မှတ်ယူကြသည်။ 'အသိမှား'ကို ပုံစံသစ်ဖြင့် ပြန်လည်တင်ပြခြင်းဖြစ်သည်ဟု ထင်မှတ်ကြသည်။

သတ်မှတ်အချိန်ကာလတစ်ခုနှင့် နေရာဒေသတစ်ခုအတွင်း ယင်း၏ အကျိုးသက်ရောက်မှုများကို လက်တွေ့ကျကျ ထုတ်ဖော်ပြသရန် ခဲယဉ်းသော်လည်း ဤပုံစံ၏ အစိတ်အပိုင်းများ တည်ရှိမှုကို မူအရ သံသယဖြစ်ဖွယ်မရှိပေ။ လူ့အဖွဲ့အစည်းအတွင်း လူထု၏ အမြင် အသိတို့မှာ ၎င်းတို့၏ လူမှုရေးနှင့် စီးပွားရေးအကျိုးစီးပွားများကို အလွယ်တကူ ထင်ဟပ်လေ့မရှိပေ။ သို့သော် ပညာရေး၊ လူထုဆက်သွယ်ရေးနှင့် လူမှုဆက်သွယ်ရေးကွန်ရက်အဆောက်အအုံတို့ကိုမူ လူမှုအဆင့်အတန်း ကွာခြားမှုက ပြဋ္ဌာန်းလေ့ရှိသည်။ ဩဇာအာဏာရှိအသိုင်းအဝိုင်းဝင်တို့အနေဖြင့် ၎င်းတို့ ရရှိခံစားနေသော အခြေအနေကို အလေးဂရုမရှိဘဲ တချိန်တည်းတွင် အခြားသူများ၏ ပေးဆပ်ရမှုများအပေါ်တွင်လည်း တုန်လှုပ်မှု မရှိပေ။ သတင်း၊ ဖြေဖျော်မှု၊ အဆင့်မြင့်ယဉ်ကျေးမှုထုတ်လုပ်မှုတို့အတွက် ငွေကြေးစိုက်ထုတ်သူတို့သည် အစဉ်အလာစာနယ်ဇင်းလွတ်လပ်ခွင့်နှုန်းစံများကို ရှေ့တန်းတင်မည်ဖြစ်သော်လည်း ၎င်းတို့ငွေကြေး၏ ဩဇာသက်ရောက်မှုကို ထိပါးလာပါက အထက်ပါနှုန်းစံများအား လစ်လျူရှုပေလိမ့်မည်။ ထိုသို့သော ငွေကြေးဩဇာသက်ရောက်မှုများကလည်း ထိုနှုန်းစံများကို တိုက်ရိုက်ထိပါးဖေါက်ဖျက်ခြင်း မရှိသဖြင့် ၎င်းတို့အနေဖြင့် ရှေ့တန်းတင် ပြောနိုင်ကြသည်။ အခြားတဘက်တွင် ဤနှုန်းစံများပင်ကိုယ်၌ သတင်းစာနယ်ဇင်း၊ သင်ကြားရေးနှင့် သုတေသနလုပ်ငန်းတို့တွင် ပါတီစွဲ မရှိရဟူသည့် သဘောထားရှိသည့်အချက်မှာ လောကလုံးဆိုင်ရာအမြင်တစ်ရပ်မဟုတ်သော်လည်း အများက လက်ခံသည့် ‘ပင်မရေစီး’ သဘောထားပြဋ္ဌာန်းချက်သဖွယ်ဖြစ်နေပေသည်။ ယင်းသည် အဆုံးတွင် လွဲမှားနေသော နိုင်ငံရေးအယူအဆတစ်ရပ် ဖြစ်လာသည်။ ယင်းမှာ ပြည်သူများသည် မိမိတို့၏ သက်ဆိုင်ရာအကျိုးစီးပွားများကို ဖေါ်ထုတ်ရာတွင် လည်းကောင်း၊ လက်ခံကျင့်သုံးရာတွင် လည်းကောင်း ယေဘူယျအားဖြင့် အတူတူပင် ဖြစ်သည်ဟူသော အယူအဆဖြစ်သည်။ ဤအယူအဆက ယဉ်ကျေးမှုဆိုင်ရာလွှမ်းမိုးမှု ဟူသည်ကို ဆွဲဆောင်မှုမရှိဟု ဆိုကာ ငြင်းပယ်သည်။ ယင်းအယူအဆကို လက်ခံသူတို့က လူတိုင်းအတွက် သီးခြားလွတ်လပ်ခွင့်နှင့် တန်းတူညီမျှရေးမှာ မရှိမဖြစ်လိုအပ်သည်ဟု အလွယ်တကူ ယူဆသည်။

အမှန်စင်စစ် ထိုသို့သော မူဝါဒများအပေါ် စံနှုန်းကျ ဆွေးနွေးငြင်းခုံမှုများနှင့် ယဉ်ကျေးမှုလွှမ်းမိုးမှုပြဿနာများအပေါ် မူဝါဆိုင်ရာတုံ့ပြန်ချက်များမှာ ရှုပ်ထွေးပေသည်။ ချမ်းသာသော ဒီမိုကရေစီနိုင်ငံအများစုတွင် သတင်းစာများ၊ အသံလွှင့်လုပ်ငန်းကွန်ရက်များ၊ ထုတ်ဝေရေးလုပ်ငန်းကြီးများ၊ လူထုဖြေဖျော်ရေးကုမ္ပဏီကြီးများ စသည်တို့ကို တစ်ဦးတည်းလက်ဝယ် စုပုံရောက်ရှိ မသွားစေရန် ပိတ်ပင်တားဆီးမှုမျိုး မလုပ်သော်လည်း ကန့်သတ်တားမြစ်သည့် မူဝါဒများကိုမူ ချမှတ်ကျင့်သုံးကြသည်။ ထိုနိုင်ငံအများစုတွင် သီးခြားကိုယ်ပိုင်လွတ်လပ်ခွင့်တစုံတရာရှိသည့် အစိုးရပိုင် အသံလွှင့်လုပ်ငန်းစနစ်များကို ထောက်ခံအားပေးသည်။ ထောက်ပံ့မှုပမာဏနှင့် သီးခြားလွတ်လပ်ခွင့်အတိုင်းအတာများတွင်မူ တစ်နိုင်ငံနှင့်တစ်နိုင်ငံ မတူပေ။ သတင်းစာနယ်ဇင်း၊ ပညာရေးလွတ်လပ်ခွင့်နှင့် ပိုင်းခြားစိစစ်ဝေဘန်သော တလောကလုံးဆိုင်ရာဝါဒတို့၏ စံသတ်မှတ်ချက်များသည် ဓနဥစ္စာနှင့် နိုင်ငံရေးဩဇာအာဏာကို သတင်းနှင့်သုတေသနနယ်ပယ်တွင် ထိန်းချုပ်အသုံးချမည့် အန္တရာယ်မှ အရေးပါသော ကာကွယ်မှုကိုပေးသည်။

တချိန်တည်းတွင် အချို့သော ယဉ်ကျေးမှုအဆောက်အအုံနှင့် ယဉ်ကျေးမှုနယ်ပယ်တွင် နိုင်ငံရေးပါတီများ၏ ဩဇာလွှမ်းမိုးခြင်းမှ ကာကွယ်ပေးထားသည့် အများလက်ခံထားပြီးဖြစ်သော မူဝါဒများထက် ပို၍ ကျော်လွန်သော အကြောင်းအရာများကိုမူ အလေးပေးဆွေးနွေးလေ့ မရှိကြပေ။ အကြောင်းမှာ ရှင်းပါသည်။ ယဉ်ကျေးမှုထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရေးကိစ္စများတွင် မလျော်ဩဇာသုံးခြင်းကို ဂရုပြုသူအများစုမှာ အတွင်းသဘောအရ ကွဲပြားနေသော်လည်း လွှမ်းမိုးနေသော ပင်မ

ရေစီး၏ အစိတ်အပိုင်းများ ဖြစ်ကြသည်။ ဤသို့သော သြဇာလွှမ်းမိုးမှုများကို ထိန်းချုပ်ဟန့်တားရန် ကြိုးပမ်းမှုများသည် အရေးပါသော်လည်း အများလက်ခံထားသည့် အယူအဆနှစ်ရပ်နှင့် ထိပ်တိုက်ရင်ဆိုင်ရသည်။ ယင်းတို့မှာ (၁)လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ကန့်သတ်ခြင်းမပြုရ။ (၂) ကွဲပြားသော ယဉ်ကျေးမှုနယ်ပယ်များဖြစ်သည့် အနုပညာ၊ သတင်းပေးပို့ခြင်း၊ ပညာရပ်ဆိုင်ရာ သုတေသန စသည်တို့၏ သီးခြားကိုယ်ပိုင်လွတ်လပ်ခွင့်ကို လေးစားရမည်။ စီးပွားရေးနှင့် နိုင်ငံရေးသြဇာ သက်ရောက်မှုကို ယဉ်ကျေးမှုသြဇာလွှမ်းမိုးမှုအဖြစ် အလွဲသုံးခြင်းမှ လက်ရှိကာကွယ်မှုအချို့သည် ဤမူသဘောများပေါ်တွင် တိတိကျကျပင် အခြေခံထားပေသည်။ သို့ဖြစ်ရာ ဤမူသဘောများကိုပင် အခြေခံပြီးဖော်ထုတ်မည့် မူဝါဒများမှာ ကျိုးကြောင်းဆီလျော်မည် အောင်မြင်နိုင်မည်ဆိုသည်မှာ သံသယဖြစ်ဖွယ် ဖြစ်သည်။

ဆက်စပ်သောမူဝါဒများကိုဆွေးနွေးသည့်အခါ ပေါ်ထွက်လာသည့် အချို့သော စံတန်ဘိုးဆိုင်ရာ ပဋိပက္ခများနှင့် နိုင်ငံရေးမညီမျှမှုတို့အပေါ် ထင်ဟပ်မှုများကို ကန့်သတ်ရန် အလေးပေးရမည့် အချက်မှာ တန်းတူရေးနှင့် ဆန့်ကျင်ဘက်စံတန်ဘိုးများကို စံနှုန်းအခြေပြု အကဲဖြတ်ခြင်းသည် နိုင်ငံရေးတန်းတူညီမျှမှုကို မည်သည့်အရာက အကန့်အသတ်ဖြစ်စေသည် မည်သည့်အရာက မြင့်တင်သည် ဟူသော အချက်အလက်သက်သက် အကဲဖြတ်ခြင်းနှင့် စီစစ်ပိုင်းခြားခြင်းအားဖြင့် ကွာခြားသည့်အချက် ဖြစ်သည်။ ဤပြဿနာအပေါ် ငြင်းခုံဆွေးနွေးမှုများသည် အဆိုနှစ်ရပ်အကြား ခြားနားချက်ကို မရှင်းလင်းပဲ စံနှုန်းကျလေ့လာသောအဆိုနှင့် အချက်အလက်ပေါ်အခြေခံသောအဆိုနှစ်ရပ်ကို ရောထွေးလိုက်ကြခြင်း ဖြစ်သည်။ အမှန်မှာ ပို၍ပင် ရှင်းလင်းသွားရန် အကြောင်းရှိသည်။ သာတူညီမျှမှုမရှိသဖြင့် ဂယက်ရိုက်ခတ်မှုများရှိသည့် ဖြစ်စဉ်များကို ကန့်သတ်ထိန်းချုပ်ခြင်း မပြုရန် ဆန့်ကျင်ဘက်စံတန်ဘိုးများက ကန့်ကွက်သည်ဆိုပါက ဤဖြစ်စဉ်များ၏ အကျိုးသက်ရောက်မှုမှာ ပကတိဖြစ်စဉ်ထက် လျော့နည်းခြင်း သို့မဟုတ် အရေးကြီးခြင်း မဖြစ်နိုင်တော့ပေ။

## ကွဲပြားသော အာဏာအရင်းအမြစ်များ

'အနည်း' နှင့် 'အများ' တို့အကြား အမျိုးမျိုးသော အာဏာရင်းမြစ်များ ကွဲပြားမှုက ၎င်းတို့၏ နိုင်ငံရေး ဆောင်ရွက်ချက်များဖြစ်သည့် မဲပေးခြင်း၊ ရွေးကောက်ပွဲတစ်ခုနှင့် တစ်ခုကြား အစိုးရများကို ဆွဲဆောင်သိမ်းသွင်းခြင်း၊ အခြားသူများ၏ထင်မြင်ချက်များအပေါ် သြဇာသက်ရောက်အောင်လုပ်ခြင်း၊ နိုင်ငံရေးအဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက်ခြင်းတို့အပေါ် မည်သို့အကျိုးသက်ရောက်မှုရှိပါသနည်း? *နိုင့်ထက်စီးနင်းအာဏာ* မှာ ပင်ကိုယ်အားဖြင့် မညီမျှစွာ ဖြန့်ကျက်ထားသော အာဏာရင်းမြစ်တစ်ရပ်ဖြစ်သည်။ နိုင်ငံအများစုသည် လက်ဝါးကြီးအုပ် နိုင့်ထက်စီးနင်းလုပ်ရန် ကြိုးပမ်းခဲ့ကြသည်။ သို့သော် တပြေးညီမဟုတ်သော အောင်မြင်မှုမျိုးကို ရခဲ့ကြသည်။ အင်အားအသုံးပြုခြင်းနှင့် အင်အားသုံးခြိမ်းခြောက်မှုသည် ဒီမိုကရေစီအုပ်ချုပ်ရေးကို အလွယ်တကူ ထိခိုက်စေမည်ဖြစ်သည်။ အကယ်၍ နိုင်ငံတစ်နိုင်ငံသည် လက်ဝါးကြီးအုပ်နိုင့်ထက်စီးနင်း အာဏာရယူရာတွင် အောင်မြင်ခဲ့သည်ဆိုပါက ထိုသို့သောအာဏာကို ဥပဒေဖြင့် စနစ်တကျ ထိန်းကျောင်း၍ဖြစ်စေ၊ ဥပဒေ၏ရှေ့မှောက်တွင် အားလုံးအညီအမျှဖြစ်သည်ဟူသောအဆိုကို အပြည့်အဝ အကာအကွယ်ပေး၍ ခြိမ်းခြောက်မှုအမျိုးမျိုးဖြင့် နိုင်ငံရေးအရ တပန်းသာအောင် လုပ်ခွင့်မပြုခြင်းဖြင့် ဖြစ်စေ ဒီမိုကရေစီနည်းကျ တန်းတူညီမျှမှုကို ထိန်းသိမ်းကာကွယ်နိုင်မည်။ ယနေ့ကာလ ချမ်းသာသော ဒီမိုကရေစီနိုင်ငံအများစုတွင် ဤကိစ္စကို အလေးမထားကြသော်လည်း ဖွံ့ဖြိုးဆဲနှင့် ကွန်မြူနစ်

ခေတ်လွန်နိုင်ငံများတွင် နိုင်ငံရေးညီမျှမှုပျက်စီးရသည့် အဓိကအကြောင်းများမှာ ပုဂ္ဂလိက နိုင်လိုမင်းထက်အာဏာအစိတ်အပိုင်းများရှိနေခြင်း၊ တခါတရံ နိုင်ငံတော်ကပင် အားပေးအားမြှောက်ပြုနေခြင်း၊ ဥပဒေရှေ့မှောက်တွင် အားလုံးတန်းတူညီမျှမှုရှိသည်ဟူသောအဆိုကို ပြောင်ပြောင်တင်းတင်း ချိုးဖေါက်ခြင်းများ စသည်တို့ဖြစ်သည်။

*နိုင်ငံတော်အုပ်ချုပ်ရေးယန္တရား*မှာ ကျယ်ကျယ်ပြန့်ပြန့်လွှမ်းခြုံနိုင်မှု၊ ကျွမ်းကျင်သူများ ပေါင်းစည်းမှု၊ အခွန်အခြေပြုငွေကြေးထောက်ပံ့ခြင်း၊ အသင့်ရှိပြီးဖွဲ့စည်းဆောင်ရွက်မှုစွမ်းရည်နှင့် အင်အားသုံးအာဏာလက်ကိုင်ပြုမှု စသည်တို့၏ အခြားအာဏာရင်းမြစ်ကို ကိုယ်စားပြုသည်။ လစ်ဘရယ်နိုင်ငံရေး သဘောတရားတွင် ဒီမိုကရေစီစနစ်သို့ပြုပြင်ပြောင်းလဲရေးဖြစ်စဉ်၌ နိုင်ငံတော်မှာ လူ့အဖွဲ့အစည်း၏ အကြီးမားဆုံး သောရန်ဘက် ဖြစ်သည်။ ယင်းနှင့်ခြားနားစွာပင် ခေတ်သစ်နိုင်ငံများရှိ ပြည်သူ့ဝန်ထမ်းများမှာ နိုင်ငံရေးလမ်းညွှန်ချက်များကို အကောင်အထည်ဖေါ်ရသည့် ကြားနေအင်အားစုတစ်ခုသာဖြစ်သည်ဟု ၎င်းတို့ကိုယ်၎င်းတို့ ရှုမြင်ကြသည်။ ဒီမိုကရေစီနိုင်ငံများတွင် နိုင်ငံရေးလမ်းညွှန်ချက်ဆိုသည်မှာ ရွေးကောက်ခံနိုင်ငံရေးကိုယ်စားလှယ်များက သတ်မှတ်ပြဌာန်းပေးသည်။ သို့သော် ဤထင်မြင်ယူဆချက်သည်လည်း ဒီမိုကရေစီစနစ် မထွန်းကားခင် ကတည်းက ရှိနှင့်ပြီးသော အယူအဆသာဖြစ်သည်။ ပြည်သူ့ဝန်ထမ်းစနစ်ကောင်းစွာ ဖွံ့ဖြိုးသော နိုင်ငံများတွင် ဤထင်မြင်ယူဆချက်မှာ အလွန်တန်ဘိုးရှိသည်။ လော့ခ် မှသည် ကားလ်မတ်စ်နှင့် ဝက်ဘာအထိ အစဉ်အလာလက်တွေ့နိုင်ငံရေးသဘောတရားများက လက်ခံထားသည်မှာ ပြည်သူ့ ဝန်ထမ်းတို့သည် ထိရောက်သောအတားအဆီးများမရှိလျှင် ၎င်းတို့၏ ကိုယ်ကျိုးစီးပွားအတွက်သာ လုပ်ဆောင်လိုကြသည်။ သို့သော် ၎င်းတို့နှင့် လူမှုရေး စီးပွားရေး ရပ်တည်ချက်များ ဆင်တူသည့် ပြည်သူလူထု၏ အကျိုးစီးပွားကိုလည်း ပို၍အလေးပေးဆောင်ရွက်လိုစိတ်ရှိသည်ဟု၍ ဆိုကြသည်။ သေးငယ်သော နိုင်ငံရေးအထက်တန်းလွှာအုပ်စု၏ မပြည့်စုံစွာ ထိန်းကျောင်းမှုကြောင့်လည်းကောင်း၊ နှိုင်းယှဉ်ချက်အားဖြင့် သိမ်မွေ့သော အမျိုးမျိုးသြဇာသက်ရောက်စေသည့်နည်းလမ်းများကို အသုံးပြုခြင်းကြောင့်လည်းကောင်း ခေတ်သစ်နိုင်ငံတော်များရှိ ရှုပ်ထွေးသောအုပ်ချုပ်ရေးအဖွဲ့အစည်းများသည် ဆုံးဖြတ်ချက်ကောင်းများ မချမှတ်နိုင်တော့ဘဲ နိုင်ငံရေးတွင် မညီမျှမှုကို ဖန်တီးပေးလေသည်။ ၁၉ရာစု ဒီမိုကရေစီ၏ အစဉ်အလာအတားအဆီးမှာ မဲပေးပိုင်ခွင့်ကိုကန့်သတ်ခြင်းဖြစ်သော်လည်း မကြာသေးခင်ကပေါ်ထွက်ခဲ့သည့်အတားအဆီးများမှာ လွတ်လပ်စွာထုတ်ဖေါ်ပြောဆိုခွင့်နှင့် သင်းပင်းဖွဲ့စည်းခွင့်ကို ကာကွယ်စောင့်ရှောက်ရေးနှင့် ရွေးကောက်ခံအရှင်သခင်များကို နိုင်ငံတော် အုပ်ချုပ်ရေးယန္တရားက တုံ့ပြန်ဆောင်ရွက်ရာ၌ တရားဝင်ရော တရားဝင်မဟုတ်သည့် နည်းများဖြင့် လျှော့ချကန့်သတ်ရေးတို့အတွက် မညီမျှသောစည်းမျဉ်းများ ချမှတ်ခြင်းသို့ တိမ်းညွှတ်လာခြင်း ဖြစ်သည်။

စီးပွားရေးလုပ်ငန်းစားဆိုသည်မှာ ပြဆိုခဲ့ပြီးဖြစ်သည့်အတိုင်း လက်တွေ့ကျသည့် နိုင်ငံရေး တန်းတူညီမျှမှုအတွက် အဓိက ဆူးညှောင့်ခလုတ်ဖြစ်သည်။ ၁၉ရာစုအထိ နိုင်ငံရေးတွေးခေါ်ရှင်များ အကြား၌ ကျယ်ကျယ်ပြန့်ပြန့်လက်ခံထားသည်မှာ ပစ္စည်းဥစ္စာပိုင်ဆိုင်သူများသာလျှင် နိုင်ငံရေး အသိုင်းအဝိုင်း၏ မဲပေးခွင့်ရှိသူများ ဖြစ်နိုင်သည်ဟူသော အယူအဆဖြစ်သည်။ နောင်မှသာ တဖြည်း ဖြည်း ယောကျာ်းအားလုံး နိုင်ငံရေးအသိုင်းအဝိုင်းတွင် ပါဝင်သင့်သည်ဟု လက်ခံလာခဲ့ပြီး၊ နောင် အတန်ကြာမှ အမျိုးသမီးများ၏ တန်းတူညီမျှအခွင့်အရေးများကို လက်ခံလာကြခြင်းဖြစ်သည်။

ပြိုင်ဆိုင်မှုကသာ ပိုင်ရှင်၏ဆုံးဖြတ်ချက်များကို ဈေးကွက်၏ အလိုအလျောက် လုပ်ဆောင်ချက်များအတိုင်း လုပ်ရသည့်အခြေသို့ လျှော့ချခြင်းမပြုခဲ့လျှင် *အရင်းပိုင်ဆိုင်မှု* သည်

ဈေးကွက်၊ ရင်းနှီးမြှုပ်နှံမှုနှင့် အလုပ်အကိုင်များအပေါ်တွင် အာဏာသက်ရောက်မှုရှိသည်။ ဤအချက်သည် သဘောတရားစံပုံစံများနှင့် အကြမ်းဖျဉ်းအားဖြင့် ပြိုင်ဆိုင်မှုဈေးကွက်များရှိ ပိုင်ရှင်အငယ်စားလေးများအတွက်လည်း အတူတူပင်ဖြစ်သည်ဟု ပြဌာန်းစာအုပ်များက ဆိုသည်။ သို့သော် အဓိကအရင်းစုစည်းမှုရှိသောနေရာများတွင်မူ ဤသို့မဟုတ်ပေ။ ဤစီးပွားရေးအာဏာသည် နိုင်ငံရေးနယ်ပယ်တွင် တိုက်ရိုက်အားဖြင့် အပေးအယူပြုနိုင်သောအာဏာဖြစ်ပြီး ပို၍ သွယ်ဝိုက်သောအားဖြင့်ဆိုရလျှင် ဆွဲဆောင်သိမ်းသွင်းနိုင်သော သြဇာဖြစ်သည်။ အချမ်းသာဆုံးအရင်းရှင်နိုင်ငံများ၌ပင်လျှင် အိုးအိမ်ပိုင်ဆိုင်ခြင်းနှင့် အသေးစားရှယ်ယာပိုင်ရှင်လေးများမှအပ ဘဏ္ဍာအရင်းအပေါ်ထိန်းချုပ်မှုကို အလွန်အမင်း စုစည်းထားခြင်းကြောင့် တိုက်ရိုက်အပေးအယူပြုနိုင်သည့်အာဏာနှင့် သွယ်ဝိုက်သောသြဇာသက်ရောက်မှု နှစ်မျိုးစလုံးမှာ လက်တဆုပ်စာဆုံးဖြတ်ချက်ချမှတ်သူများ လက်ထဲတွင်သာ ရှိနေသည်။ များသောအားဖြင့် ယင်းအာဏာများနှင့် သြဇာတို့ကို ထိန်းချုပ်ရန် ထိုဆုံးဖြတ်ချက်ချသူတို့၌ နိုင်ငံရေးအရ ယှဉ်ပြိုင်မှုလည်းမရှိ၊ ကြီးကြပ်မှုလည်းမရှိပေ။ ဥပဒေနှင့်အုပ်ချုပ်ရေးနည်းလမ်းများအရ ကော်ပိုရေးရှင်းများ၏ ကြီးထွားလာသောစုစည်းမှုကိုထိန်းချုပ်ကန့်သတ်ရန် ကြိုးပမ်းမှုများအပြင် နိုင်ငံရေးအရယှဉ်ပြိုင်ရန် အားပေးမှုသည်လည်း ဤပြဿနာအတွက် အကောင်းဆုံးဖြေဆေးပင်ဖြစ်သည်။

ဖွံ့ဖြိုးပြီးနိုင်ငံများတွင် ဝင်ငွေဖြန့်ခွဲမှုသည် ဥစ္စာပစ္စည်းနှင့် အရင်းပိုင်ဆိုင်မှုဖြန့်ခွဲခြင်းထက် ပို၍ညီမျှသည့်သဘောရှိသည်။ တချိန်တည်းတွင် ဝင်ငွေဖြန့်ခွဲမှုသည် တိုင်းပြည်အလိုက်လည်းကောင်း၊ အချိန်ကာလအလိုက်လည်းကောင်း ကြီးမားသော အပြောင်းအလဲရှိသည်။ ဖြန့်ခွဲမှု၏ အစွန်းနှစ်ဖက်သည် ဒီမိုကရေစီတန်းတူရေးအတွက် ကြီးမားသော အရေးပါမှုရှိသည်။ ဆင်းရဲမွဲတေမှုသည် စီးပွားရေးရင်းမြစ်ချို့တဲ့ခြင်းသက်သက်သာမဟုတ်၊ လူ့အဖွဲ့အစည်းအတွင်း ရပ်တည်ရန်နေရာ ဆုံးရှုံးသွားခြင်းလည်း ဖြစ်သည်။ တစုံတရာအဆင့်သတ်မှတ်ထားသော အခြေခံဝင်ငွေထက် လျော့နည်းသွားသူများမှာ နိုင်ငံရေး ပြောရေးဆိုခွင့်ကိုပါ ဆုံးရှုံးကြရသည်။ ဆင်းရဲသားများမှာ ၎င်းတို့၏ ပုံမှန်မဲပေးမှုပုံစံကပြဆိုသည့်အတိုင်း မည်သည့်အခါကမျှ နိုင်ငံရေးမဲဆန္ဒနယ်တစ်ရပ်အဖြစ် အင်အားမကြီးမားခဲ့ပေ။ တပြန်တလှည့်အားဖြင့် နိုင်ငံရေးတွင် ငွေကြေးသြဇာအာဏာ မဝင်စေရေး အကောင်းဆုံးအကာအကွယ်များလုပ်ထားသည့်တိုင် ပျမ်းမျှဝင်ငွေထက် အဆပေါင်းများစွာသာလွန်သူတို့၏ နိုင်ငံရေးသြဇာအာဏာမှာ အချိုးမညီစွာ ကြီးမားနေသည်။ ရွေးကောက်ပွဲမဲဆွယ်ရာတွင် ငွေကြေး၏အခန်းကဏ္ဍထက် အခြားအချက်များစွာ ရှိနေကြောင်း ထပ်မံပြဆိုလိုက်ခြင်းဖြစ်သည်။ တိုက်ရိုက်အားဖြင့် အဂတိလိုက်စားခြင်းကို ထိရောက်သောထိန်းချုပ်မှုများ လုပ်ထားသည့်တိုင် (ထိုသို့ထိန်းချုပ်မျိုးမှာ နိုင်ငံတော်တော်များများ တွင်မရှိပေ) ချမ်းသာသူများအနေဖြင့် မူဝါဒရေးဆွဲချမှတ်ခြင်း၊ မူဝါဒအကောင်အထည်ဖော်ခြင်း နေရာအဆင့်တိုင်းတွင် အလွန်ကြီးမားသောသြဇာလွှမ်းမိုးမှုရှိနေသည်။

လူမှုစီးပွားရေးမညီမျှမှုသည် ဒီမိုကရက်တစ်အုပ်ချုပ်ရေးအရည်အသွေးအပေါ်တွင် တိုက်ရိုက်ဖြစ်စေ သွယ်ဝိုက်၍ဖြစ်စေ အရှိန်ကြီးမားသော အကျိုးသက်ရောက်မှုများရှိသည်။ လူတန်းစားမညီမျှမှု သိသာထင်ရှားသော လက်တင်အမေရိကနိုင်ငံများတွင် ဤအချက်မှာ အထင်ရှားဆုံးဖြစ်သည်။ တောင်နှင့်မြောက်အမေရိကနိုင်ငံများတွင် ဖြစ်ပေါ်ခဲ့သည့် ရေရှည်နိုင်ငံရေးဖွံ့ဖြိုးတိုးတက်မှုကွဲပြားခြင်း စာတမ်းတွင် တယ်ရီကားလ် Terry Karl က လက်တင်အမေရိကရှိ 'မညီမျှခြင်း၏ ရောဂါဗေဒ' အကြောင်းတင်ပြခဲ့သည်။

*လူမှုအဆင့်အတန်း* နှင့်ပတ်သက်၍ ဂုဏ်သိက္ခာကြီးမားခြင်းကိုသာ ရိုးရိုးစဉ်းစားပြီး နားလည်မှုလွဲတတ်ကြသည်။ တန်ဘိုးထားလေးစားခံရခြင်းကို ကိုယ်စားပြုခြင်းသက်သက်ထက် ယင်းတွင် လူမှုရေးအရ နီးစပ်ညီတွယ်မှုများ၊ မနှစ်မြို့မှုများ ပါဝင်နေသည်။ လူမှုအဆင့်အတန်းသည် တစ်ဦးနှင့် တစ်ဦး အပြန်အလှန် ပြုမူဆက်ဆံမှုများကို ပုံဖေါ်ပေးသည်။ မတူကွဲပြားသော လူမှုအသိုင်းအဝန်းများအတွင်းသို့ဝင်ရန် လမ်းဖွင့်ပေးနိုင်သည်။ မဝင်နိုင်အောင်လည်း ဖယ်ထုတ်ထားနိုင်သည်။ နိုင်ငံရေးအရ အရေးအကြီးဆုံးအချက်မှာ ယင်းသည် တစ်ဦးတစ်ယောက်၏ ယုံကြည်မှုကို ရယူရန်၊ တစ်ဦးတစ်ယောက်၏ပြောဆိုမှုကို လက်ခံနာကြားစေရန် အခွင့်အလမ်းပေးသည်။ ယင်းသည် တစ်ဦးတစ်ယောက်၏ နိုင်ငံရေး 'အသံ' ကို မြင့်မားလာစေနိုင်သည်။ ကွယ်ပျောက် သွားစေနိုင်သည်။

အဆင့်အတန်းကွဲပြားမှု၏အရေးပါမှုမှာ တိုင်းပြည်ကိုလိုက်၍ အနည်းငယ်ကွဲပြားသည်။ သို့သော် ယင်း၏ အဓိကကျမှုနှင့် အဆင့်အတန်းဝါစဉ်ကွာခြားမှုကြီးမားခြင်း နှစ်ရပ်စလုံးသည် အချိန်ကာလရှည်ကြာစွာတည်ရှိနေနိုင်သည်။ မည်သို့ပင်ဖြစ်စေ စီးပွားရေးအနေအထားနှင့် ပညာရေးအဆင့်အတန်း တို့အပါအဝင် အဓိက လူမှုအဆင့်အတန်း၏ ဆက်စပ်နေမှုများသည် မူဝါဒနှင့် သီးခြားကင်းလွတ်နေကြသည်မဟုတ်ပေ။ လူမျိုးစု၊ လူမျိုးနွယ်နှင့် လိင်ကွဲပြားမှုအရ အစဉ်တည်ရှိနေခဲ့သော ကွဲပြားခြားနားမှုများကိုပင် ကျော်လွန်သွားနိုင်သည်။ အခြေခံပညာရေးနှင့် အခြေခံလွန်ပညာရေးသင်ကြားနိုင်ခွင့်ကို ပိုမိုကျယ်ပြန့်အောင်လုပ်ပေးခြင်း၊ အခွန်ဆောင်ပြီးနှင့် အမြတ်လွှဲပြောင်းပြီး ဝင်ငွေခွဲဝေမှုကို ညီမျှအောင်လုပ်ခြင်းအားဖြင့် ရေရှည်တွင် လူမှုအဆင့်အတန်း ကွဲပြားမှုနှင့် မညီမျှမှု နှစ်ရပ်လုံးကို လျှော့ချနိုင်ဖွယ်ရှိပါသည်။

ရှေ့တန်းအရောက်ဆုံးစက်မှုနိုင်ငံကြီးများတွင် ရာစုနှစ်တစ်ခုနှင့် တဝက်ကြာမျှအချိန်အတွင်း ဖြစ်ပေါ်ခဲ့သော အမျိုးသမီးများ၏ အဆင့်အတန်းပြောင်းလဲမှုက အပြောင်းအလဲယန္တရား တည်မြဲနေမှုနှင့် ပြောင်းလဲနေမှု နှစ်ခုစလုံးအတွက် ထင်ရှားသော သက်သေသာဓကပင်ဖြစ်သည်။ အမျိုးသမီးများ နိုင်ငံရေးနေရာများတွင် ရွေးကောက်ခံရခြင်းကို မကြာသေးမီက ပြုလုပ်ခဲ့သည့် နှိုင်းယှဉ်လေ့လာချက်တစ်ရပ်တွင် စိတ်ဝင်စားဖွယ် တစေ့တစောင်း အချက်အလက်များကို တွေ့ရသည်။ အမျိုးသမီးများ အနိုင်ရရန်အခွင့်အလမ်းမှာ အချိုးကျစနစ်ကျင့်သုံးသောနိုင်ငံများတွင် မဲအများဆုံးရသူအနိုင်ရစနစ်ကျင့်သုံးသောနိုင်ငံများထက်လည်းကောင်း မဲဆန္ဒနယ်မြေတစ်ခုတွင် နေရာတခုစနစ်ကျင့်သုံးသောနိုင်ငံများထက်လည်းကောင်း ပို၍များသည်ကို တွေ့ရသည်။ ဤအချက်က ပြဆိုသည်မှာ အမျိုးသမီးများအနေဖြင့် ပါတီရွေးကောက်ခံကိုယ်စားလှယ်စာရင်းတွင် ပါဝင်ခြင်းဖြင့် ရွေးကောက်ခံရရန် ပိုမိုအခွင့်အလမ်းသာစေသည်။ ထိုသို့ ပါတီရွေးကောက်ခံကိုယ်စားလှယ်စာရင်းတွင် ပါဝင်ရန် ပါတီဝင်များ၊ လှုပ်ရှားတက်ကြွသူအဖွဲ့အစည်းများက ပြုလုပ်ပေးခြင်းဖြစ်သည်။ မဲဆန္ဒနယ်တစ်ခုချင်းအတွက် ကိုယ်စားလှယ်လောင်းရွေးချယ်ရာတွင်မူ တစ်ဦးချင်း တိုက်ရိုက်ယှဉ်ပြိုင်အနိုင်ယူရခြင်းဖြစ်ပြီး မဲပေးပွဲအကြို ကျယ်ကျယ်ပြန့်ပြန့် မဲပေးရခြင်းလည်းဖြစ်ရာ အမျိုးသမီးများရွေးကောက်ခံရရန် အခွင့်အလမ်းနည်းသည်။ ကျယ်ပြန့်သောလူထုကြားတွင် လိင်ကွဲပြားမှုအဆင့်အတန်း အပြောင်းအလဲများသည် နိုင်ငံရေးအရ ပိုမိုတက်ကြွသော အဖွဲ့အစည်းများမှာထက် (ထိုအပြောင်းအလဲများကို ၎င်းတို့က သြဇာလွှမ်းမိုးမှုရှိနေသည့်တိုင်) နောက်ကျန်နေပုံရသည်။

ယဉ်ကျေးမှု ဘာသာရေး စီးပွားရေး အထက်တန်းလွှာအုပ်စုလေးများ၏ ယဉ်ကျေးမှု ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရေးအပေါ် မညီမျှစွာ သြဇာသက်ရောက်မှုသည် နိုင်ငံရေးမညီမျှမှု၏

အဓိကပြဿနာတစ်ရပ် ဖြစ်သည်။ ဤပြဿနာကို အလွယ်တကူပင် လျှော့တွက်ကြသည်။ အကြောင်းမှာ စံတန်ဘိုးများ၊ အမြင်များနှင့် လူထုအကြိုက်အဆောက်အအုံများ၊ ရိုးစင်းသော ဆင်ခြင်မှုအဓိကပုဂ္ဂလိကဝါဒီများက လစ်လျူရှုသည့် ကွဲပြားချက်များ စသည်တို့က လွှမ်းမိုးနေခြင်းကြောင့် ဖြစ်သည်။

နိုင်ငံရေးနှင့်စပ်ဆိုင်သော အသိ ဆိုသည့်သီးခြားပြဿနာကို မညီမျှခြင်းတည်းဟူသော ပြဿနာ များအတွက် လေ့လာစူးစမ်းမည်ဆိုလျှင် အသုံးဝင်နိုင်ပါသည်။ နိုင်ငံရေးအသိသည် အဓိက အာဏာရင်းမြစ်ဖြစ် သည်ဆိုသည်မှာ သေချာလှပြီး ၎င်းအား ဖြန့်ဝေမှုမှာလည်း အလွန်ပင် မညီမမျှ ဖြစ်နေသည်။ သတင်းပြန်ကြားရေး၏ သာမန်အသိဖြင့်ပင် ဤအချက်မှာ ထင်ရှားလှသည်။ သတင်း အချက်အလက်ကွန်ရက်တွင် နေရာကောင်းကောင်းရထားသူများ၊ ပညာကောင်းကောင်းသင်ခဲ့ရသူ များမှာ နေရာမရခဲ့သူများ၊ ပညာမသင်ခဲ့ရသူများနှင့်နှိုင်းစာလျှင် တပန်းသာမြဲ ဖြစ်သည်။ အသိဖြန့် ဝေမှု မညီမျှခြင်းသည် စီးဝင်လာသည့် သတင်းအချက်အလက်များကို ပိုင်းခြားဝေဖန်ခြင်း၊ ခံယူခြင်း တို့ကိုလည်း ထိခိုက်စေသည်။ သတင်း၏ အလှည့်အပတ်ကိုလည်း ခံနိုင်စွမ်းမရှိပေ။ ဤသည်မှာ ပညာရေးနှင့် ထိုကဲ့သို့သော နောက်ခံအသိကို ကြိမ်ဖန်များစွာသုံးခြင်း၏ အဓိကလုပ်ငန်းတာဝန် ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ အထက်ပါအသိပုံစံများအပြင် ပို၍အခြေခံကျသော အသိတစ်ရပ် လည်း ရှိသေးသည်။ ယင်းမှာ စနစ်တကျစုံစမ်းမေးမြန်းခြင်းဖြင့် ရရှိလာသောအသိ ဖြစ်သည်။ ဤနေရာတွင် ဆွေးနွေးမည်မှာ ထိုသို့ အသစ်ဖြစ်ထွန်းပေါ်ပေါက်လာသောအသိ မည်သို့ပြန့်ပွား သနည်းမျှသာမဟုတ်။ ပြဿနာကိုဖော်ထုတ်ခြင်းနှင့် သုတေသနအတွက် အထူးမေးခွန်းများပြုစုခြင်း တို့ လုပ်ဆောင်ရာတွင် ထိုသို့ တပန်းရှုံးနေသူများ၏ အတွေးအမြင်များ အကျိုးစီးပွားများကို လျစ်လျူရှုကာ ရွေးချယ်ထားသော အုပ်စုကလေးတစ်ခု၏ စိုးရိမ်ပူပန်မှုများ၊ မျက်ကန်းအမြင်များ ကိုသာ အနည်းနှင့်အများဆိုသလို ထည့်သွင်းစဉ်းစားပြီး ကြိုတင်ထင်မြင်ယူဆထားချက်များဖြင့် ပေါင်းစပ်ကာ ဆောင်ရွက်ခြင်းများကို စူးစမ်းလေ့လာမည်ဖြစ်သည်။ ဥပမာတစ်ရပ်ကိုတင်ပြခြင်းဖြင့် ဤအချက်ကိုပိုမိုသိသာစေမည် ဖြစ်သည်။

၁၉၄၀ခုနှစ်များ နှင့် ၁၉၅၀ခုနှစ်များအတွင်း ပြုလုပ်ခဲ့သော တဲလ်ကော့ပါစန် Talcott Parsons ၏ မိသားစုလူမှုဗေဒတွင် အမေရိကန်လူလတ်တန်းစားမိသားစုများအတွင်း တစ်ဦး တည်းကသာလုပ်ကိုင်ကျွေးမွေးသောမိသားစုများက လိင်အရအလုပ်ခွဲခြားရာ၌ ရှေ့တန်းရောက် စက်မှုလူ့အဖွဲ့အစည်းတွင်လွှမ်းမိုးလာနေသော အခြေအနေများနှင့် ပိုမိုလိုက်ဖက်ညီကြောင်း တွေ့ရှိခဲ့သည်။ ပိုမိုဒြပ်မဲ့ဆန်သောအခြေအနေတွင် ယင်းအချက်သည် အမှန်စင်စစ် မတူသော ယဉ်ကျေးမှုနောက်ခံများအားလုံးအတွက် လိင်အရအလုပ်ခွဲခြားမှုတွင် ပို၍ တလောကလုံး သဘော ဆန်ကြောင်း တွေ့ရှိရသည်။ သို့သော်ဤတွေ့ရှိချက်သည်လည်း ဘက်တီဖရိုင်ဒန် Betty Friedan ၏ လိင်အရအလုပ်ခွဲခြားမှုသုတေသနပေါ်ထွက်လာသောအခါ ပျက်ပြယ်သွားသည်။ ဖရိုင်ဒန်၏ လက်တွေ့အခြေခံရလဒ်များက ယခင်သုတေသနအဆိုနှင့် အလွန်ပင်ကွဲပြားနေသည်။ အလုပ် သမားလူတန်းစားနှင့်ပတ်သက်သည့်ကိစ္စ၊ လူမျိုးနွယ်နှင့်ပတ်သက်သည့်ကိစ္စများကဲ့သို့ ပိုမိုသိမ်မွေ့ သော ဥပမာများအတွက်ဆိုလျှင် အလွယ်တကူ ယင်းအတိုင်း ဆပ္ပားလိုက်ရုံသာ ဖြစ်သည်။

အာဖရိကနွယ်အမေရိကန်လူမျိုးများ၏ ဣတ္ထိယဝါဒီများသည် အမျိုးသမီးများနှင့် လူမဲ ချည်းသက်သက်သာပါဝင်သည့် အများနှင့်မတူ တမူထူးခြားသော ပညာရှင်အစုကို တည်ထောင်ရာ တွင် အောင်မြင်ခဲ့ကြသည်။ ပညာရှင်လောက၏ စံများအတိုင်းမဟုတ်ဘဲ ဆန့်ကျင်တော်လှန်ကာ

ဆောင်ရွက်ခဲ့ကြသည်။ သို့သော် ရေရှည်တွင် ထိုသို့ဆောင်ရွက်ခြင်းကလည်း စိတ်ပျက်ဖွယ် ရလဒ်များကိုသာ ပေးခဲ့ကြောင်းတွေ့ရသည်။ အဆင့်နိမ့်လူတန်းစားများကို လျှော့ချကိုယ်စားပြုစဉ်းစားခြင်းသည် အရင်းခံအဆင့်အတန်းရှိအုပ်စုများ၏ စိုးရိမ်ပူပန်မှုများ အကျိုးစီးပွားများကို လျှော့ချ ကိုယ်စားပြု စဉ်းစားခြင်းနှင့်မတူပေ။ တစ်ပုံစံတည်းသောနည်းလမ်းများဖြင့် ကိုင်တွယ်၍မရကြောင်းမှာ မှတ်သားဖွယ်ရာအချက်ဖြစ်သည်။ အောက်ခြေလူတန်းစားနောက်ခံရှိသော သုတေသီများသည် ၎င်းတို့၏လေ့လာရေးနှင့် အလုပ်အကိုင်ဖြစ်စဉ်များမှတဆင့် လူမှုရေးနှင့်စီးပွားရေးအဆင့်အတန်းသစ်တစ်ခုကို ရရှိလာကြသည်။ အခြေခံထင်မြင်ချက်များနှင့် ပြဿနာဖော်ထုတ်ခြင်းတို့အတွက် တည်ရှိပြီး သဘောတရားရေးအခြေခံဘောင်များအတွင်းမှဆောင်ရွက်လျှင် ၎င်းတို့အတွက် ပိုမိုကောင်းမွန်သော အလုပ်အကိုင်အခွင့်အလမ်းများ ရှိကြသည်။

သုတေသန၏ တိမ်းညွတ်မှုသည် ရေရှည်နိုင်ငံရေးအကျိုးအမြတ်အတွက် အလွန်အရေးပါသည်။ ယင်းကို ယခုအခါ ပြန့်ပွားခေတ်စားနေသော ပုဂ္ဂလိကအထောက်အပံ့ခံ (အခွန်ဘဏ္ဍာ၏ အထောက်အပံ့လည်းရ) အမေရိကန်ဥာဏ်ကြီးရှင်အဖွဲ့များတွင် တွေ့နိုင်သည်။ ယင်းအဖွဲ့အများစုသည် ထိန်းထိန်းသိမ်းသိမ်းပြောရလျှင် ဗဟိုလက်ျာယိမ်း အတွေးအမြင်ရှိသူများ ဖြစ်သည်။ အခြားအနောက်ဥရောပနိုင်ငံများတွင်မူ အဆိုပါအဖွဲ့များ၏ တိမ်းညွတ်မှုသည် တဖက်ဖက်သို့ လုံးလုံးလျားလျားတိမ်းညွတ်သည်မဟုတ်ဘဲ လူသိရှင်ကြားထောက်ပံ့သောအဖွဲ့အစည်းများကြောင့် မကြာခဏပင် ပိုမိုမျှတသော သဘောကို တွေ့ရသည်။ ဥပမာအားဖြင့် ဂျာမဏီတက္ကသိုလ်များရှိ ပါမောက္ခများနှင့် အဖွဲ့အစည်းများစွာသည် မျိုးဆက်ပေါင်းများစွာ လူမှုဖူလုံရေးနိုင်ငံတော် မူဝါဒများအပေါ်တွင် အစဉ်တစိုက်ရပ်တည်လာခဲ့ကြသည်။ ပြည်သူ့မူဝါဒများသည် ပညာရှင်လောက၏ တိမ်းညွတ်မှုများအပေါ် အတိုင်းအတာတစ်ခုအထိ တည်၍ စုပေါင်းဆက်စပ်ဖြစ်ထွန်းလာသည်။ ရှည်ကြာစွာလွှမ်းမိုးထားခဲ့သော နိုင်ငံရေးအယူအဆတစ်ရပ်ဖြစ်သည့် ရုစဗဲ့၏ ဆက်ဆံရေးသစ် သည် အမေရိကန်အဆင့်မြင့်ပညာရေးတွင် လစ်ဘရယ်ဝါဒလွှမ်းမိုးလာခြင်း၏ အကြောင်းအချက်တစ်ရပ်လည်း ဖြစ်သည်။ ယင်း 'လစ်ဘရယ်' စကားလုံးကို နောင်တွင် ကွန်ဆာဗေးတစ်များက ပြန်လှန်တိုက်ခိုက်ခဲ့ကြသည်။

စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ၊ သမဂ္ဂများ၊ ပါတီများတွင် *စုပေါင်းဆောင်ရွက်သည့်အဖွဲ့အစည်း* စိတ်ဓါတ်များ ထွန်းကားလာခြင်းသည် 'အများ' အတွက် အာမခံချက်အရှိဆုံး အာဏာရင်းမြစ်ဖြစ်သည်။ ဤသို့ဖြင့် ဒီမိုကရေစီနိုင်ငံရေးတွင် စီးပွားရေးနှင့် နိုင်ငံရေးအရ မညီမျှမှုများ၏ သက်ရောက်မှုများကို ကုစားပေးနိုင်ရန် ဖြစ်နိုင်ခြေများ ပေါ်ပေါက်လာခဲ့သည်။ စုပေါင်းလုပ်ငန်းအဖွဲ့အစည်းများသည် မဲဆန္ဒရှင်ပြည်သူများနှင့် မဲဆွယ်လှုပ်ရှားသူများကို ဆော်သြစည်းရုံးနိုင်စွမ်းရှိသည်။ အဖွဲ့ဝင်ဦးရေနှင့် အနည်းငယ်သော ထည့်ဝင်ကြေးများ အရေအတွက်အရ အလုံအလောက်ရှိလျှင် ရံပုံငွေရှာဖွေပေးနိုင်စွမ်းလည်းရှိသည်။ ရွေးကောက်ပွဲတစ်ခုနှင့် တစ်ခုကြားတွင် အခြားကွဲပြားသောအကျိုးစီးပွားများကို ကိုယ်စားပြုနိုင်သည်။ ဩဇာအာဏာအရှိဆုံးအုပ်စုများ အဖွဲ့အစည်းများ၏ ယဉ်ကျေးမှုလွှမ်းမိုးမှုကို အတိုင်းအတာတခုအထိ ပြန်ထေပေးနိုင်သည်။ မိမိ၏ကိုယ်ပိုင်အမြင်နှင့် သင်္ကေတများကို ရှေ့တန်းရောက်အောင်လုပ်နိုင်ပြီး လွှမ်းမိုးခြယ်လှယ်နေသော ဩဇာသက်ရောက်မှုများမှ မိမိအဖွဲ့ဝင်များကို ကာကွယ်ပေးထားနိုင်သည်။

ထိုသို့ လူမှုရေးနှင့်စီးပွားရေး မညီမျှမှုများ၏ အကျိုးသက်ရောက်မှုကို ထေပေးနိုင်ရန် ထိုအဖွဲ့အစည်းများအနေဖြင့် လွှမ်းမိုးနေသောအုပ်စုများမှကင်းလွတ်၍သီးခြားကိုယ်ပိုင်လွတ်လပ်ခွင့် ရှိရန်လိုသည်။ မိမိတို့ မဲဆန္ဒနယ်မြေ၌ မိမိတို့ကိုထောက်ခံသည့်သူများအား လိုလိုလားလား

တုံ့ပြန်မှုပေးနိုင်ရန်လိုသည်။ တုံ့ပြန်ဆောင်ရွက်မှုကို ထိန်းချုပ်ရန်ခက်ခဲ့သည့်လူနည်းစုကခြယ်လှယ်မည့် အလားအလာများက အန္တရယ်ပြုနိုင်သည်။ ထို့အပြင် လွှမ်းမိုးနေသောအကျိုးစီးပွားများသည် ပိုမိုကျယ်ပြန့်သောဆွဲဆောင်မှုရှိသည့် မိမိတို့ကိုစာနာသောသဘောထားရှိသည့် အဖွဲ့အစည်းများ၊ ပါတီများကို ကမကထပြုပေးခြင်းအားဖြင့် မိမိတို့ကိုယ်မိမိတို့ အကာအကွယ်ရယူကြသည်။ များစွာသော စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများသည် (ဤနေရာတွင်လည်း အခွန်အထောက်အပံ့ မကြာခဏရကြသည်) နှိုင်းယှဉ်ချက်အရ အရေအတွက်အားဖြင့် နည်းပါးသော ချမ်းသာသည့်ပုဂ္ဂိုလ်ကြီးများ၏ ကိုယ်ပိုင်ရံပုံငွေပေါ် မှီခိုရပ်တည်နေကြသည်။ လူထုအခြေပြုအဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက်မှုတစ်ခုတည်းဖြင့် ရိုးစင်းစွာ တိုင်းတာခြင်းသည် စုပေါင်းအဖွဲ့အစည်းများ၏ ထိရောက်မှုကိုင်စွမ်းကို တိုင်းတာရန် မလုံလောက်ပေ။ အရေးကြီးသောအချက်မှာ နှိုင်းယှဉ်ချက်အရ သီးခြားလွတ်လပ်သောအဖွဲ့အစည်းများမှာ အခွင့်မသာသော အကျိုးစီးပွားများကို တနည်းတဖုံ ကာကွယ်ပေးခြင်း ဖြစ်သည်။

ပါတီများနှင့် နိုင်ငံရေးအရဆက်စပ်နေသည့် စေတနာ့ဝန်ထမ်းအဖွဲ့များ၏ သီးခြားကိုယ်ပိုင်လွတ်လပ်မှုတို့ အရေးပါမှုကို ပုံကြီးချဲ့ရန် မဖြစ်နိုင်သလောက်ပင် ဖြစ်သည်။ ခေနဥစ္စာစုစည်းထားနိုင်သူများ၏ စီးပွားရေးနှင့်နိုင်ငံရေးအာဏာ၊ အထက်တန်းလွှာအစုလေးတစ်စု၏ ယဉ်ကျေးမှုအရ လွှမ်းမိုးမှု၊ မပြည့်မစုံထိန်းချုပ်ထားသည့် နိုင်ငံတော်ယန္တရား၏ ဆုံးဖြတ်ခွင့်အာဏာတို့သည် ငုပ်လျှိုးနေသော နိုင်ငံရေးမညီမျှမှု၏ အရေးကြီးဆုံးအကြောင်းရင်းများ ဖြစ်ခဲ့လျှင် လက်အောက်ခံအကျိုးစီးပွားများကို ကိုယ်စားပြုသည့် အင်အားကြီးမားပြီး ကိုယ်ပိုင်လွတ်လပ်ခွင့်ရှိသော အဖွဲ့အစည်းများသည် အရေးပါဆုံး အားမျှခြေ၏ အကြောင်းရင်း ဖြစ်လိမ့်မည်။ ယင်းသည် ခေနဥစ္စာနှင့် အဆင့်အတန်းမြင့်မားမှု၏ လွှမ်းမိုးမှုကို နိုင်ငံရေးအရ ယှဉ်ပြိုင်မှု ရှိစေသည်။ နိုင်ငံတော်၏ လက်အောက်ခံ အကျိုးစီးပွားများအပေါ် တည်ရှိနေသည့် နှိုင်းယှဉ်ချက်အရ သီးခြားလွတ်လပ်မှုကို ကန့်သတ်ပေးသည်။ လက်အောက်ခံအုပ်စုများကိုလည်း အခြားအမြင်များ တိမ်းညွှတ်မှုများကို ဖေါ်ထုတ်စေ၍ လွှမ်းမိုးနေသည့်သြဇာသက်ရောက်မှုမှ အကာအကွယ်ပေးသည်။ ထို့အပြင် ယင်းသည် ပညာရှင်တို့၏ လူမှုရေးနှင့် နိုင်ငံရေး ခွဲခြမ်းစိတ်ဖြာသုံးသပ်မှုများအတွက် တလောကလုံးဆိုင်ရာ စံများကိုလည်း သတ်မှတ်ပေးသည်။ လက်အောက်ခံအုပ်စုများ၏ စိုးရိမ်ပူပန်မှုများ အကျိုးစီးပွားများကို သုတေသနလုပ်တင်ပြထားချက်များဖြင့် သတင်းတင်ပြမှုများကိုလည်း ပိုမိုကောင်းမွန်ခိုင်မာလာစေနိုင်သည်။

ဤသို့သော စုပေါင်းအဖွဲ့အစည်းများ၏ဖွံ့ဖြိုးတိုးတက်မှုကို အားပေးနေသည့်၊ ဟန့်တားနှောင့်ယှက်နေသည့် အကြောင်းအချက်များသည် နိုင်ငံရေးနယ်ပယ်တွင် ယင်းတို့အချင်းချင်းလည်း အပြန်အလှန်အထောက်အကူပြုနေကြသည်။ ယေဘူယျအားဖြင့် နိုင်ငံရေးအရ အောင်မြင်နိုင်မှုအလားအလာသည် နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်ခြင်းကို လှုံ့ဆော်ပေးပြီး၊ ယင်းသို့အောင်မြင်ရန် လမ်းစမရှိလျှင် ပါဝင်ဆောင်ရွက်ခြင်းမပြုလိုကြပေ။ ယင်းသည် နိုင်ငံအများစုတွင် မှီခိုနေရသော ဆင်းရဲသားများ၊ အလုပ်သမားလူတန်းစားများထက် လူလတ်တန်းစားများက နိုင်ငံရေးတွင် ပိုမိုပါဝင်ဆောင်ရွက်လိုကြခြင်း၏ အဓိကအကြောင်းအချက်ဖြစ်သည်။ ဥပဒေပြုခြင်းနှင့် အကောင်အထည်ဖေါ်ခြင်းတို့တွင် ဆုံးဖြတ်ချက်ချရာ၌ နိုင်ငံရေးသြဇာအာဏာရရှိလာခြင်း၊ လက်လွတ်ဆုံးရှုံးရခြင်းတို့သည်လည်း ထိုစုပေါင်းအဖွဲ့အစည်းများကို အားပေးသည့်၊ အဟန့်အတားပြုသည့် အကြောင်းအချက်များ တလှည့်စီဖြစ်လာပြန်သည်။ အနောက်နိုင်ငံများတွင် သဘာဝပတ်ဝန်းကျင်အတွက် စိုးရိမ်ပူပန်မှုများ တိုးပွားလာခြင်းကြောင့် မြစိမ်းရောင်ပါတီများအတွက် အခွင့်အလမ်း

ကောင်းများ ပေါ်ထွက်လာစေသည်ဆိုသည်မှာ ကျိုးကြောင်းဆီလျော်သောပြောဆိုချက် ဖြစ်သည်။ ဆွီဒင်နိုင်ငံရေးတွင် ဆိုရှယ်ဒီမိုကရက်များ ကြာရှည်စွာလွှမ်းမိုးထားနိုင်ခြင်းမှာ ဆွီဒင်ရှိ အလုပ်သမားသမဂ္ဂများ အထူးအားကောင်းခြင်းကလည်း အကြောင်းတစ်ချက်ဖြစ်ကြောင်းမှာ လူသိများသောအချက်ဖြစ်သည်။ အမေရိကန်၏ ပြည်နယ်အသီးသီးတွင် အစိုးရ–အလုပ်သမားသမဂ္ဂများ၏ အင်အားအနေအထားကိုလိုက်၍ ပြည်နယ်နိုင်ငံရေးက သမဂ္ဂလှုပ်ရှားမှုကို ထောက်ခံသည် သို့တည်းမဟုတ် အားမပေးဆိုသောအချက်များ ပေါ်ထွက်လာသည်မှာ တစိတ်တပိုင်းအားဖြင့် မှန်ကန်သည်။ ပုဂ္ဂလိကကဏ္ဍအလုပ်သမားသမဂ္ဂများမှာမူ ၁၉၆၀ခုနှစ်ကတည်းက အလုပ်အကိုင်အဆောက်အအုံအပြောင်းအလဲနှင့် ကျယ်ပြန့်သော အမျိုးသားနိုင်ငံရေးဖြစ်ထွန်းတိုးတက်မှုများကြောင့် ကျဆင်းသွားခဲ့ပြီး ဖြစ်သည်။

အင်အားကြီးသောသမဂ္ဂများ၊ အင်အားကြီးသောလက်ဝဲပါတီများ၊ ထိုပါတီများက အစိုးရအဖွဲ့အတွင်း ကြီးမားစွာပါဝင်မှု၊ စသည်တို့က အဆောက်အအုံအဖွဲ့အစည်းများ၏ ရပ်တည်ချက်ကို ပုံဖေါ်ပြောင်းလဲပေးနေသော နိုင်ငံများတွင်မူ လူမှုရေးနှင့် နိုင်ငံရေးပါဝင်ဆောင်ရွက်မှုများတွင် လူတန်းစားနှင့် အဆင့်အတန်းကွာဟချက်များ များစွာ လျော့နည်းသွားခြင်းသော်လည်းကောင်း၊ ပပျောက်သွားခြင်းသော်လည်းကောင်း ဖြစ်ခဲ့သည်။ ဤတင်ပြချက်အပေါ် လက်တွေ့လေ့လာချက်များက ထောက်ခံနေပြီး ဖြစ်သည်။ ကောင်းမွန်သော သဘောတရားရေးအမြင်ရှိပြီး ရိုးစင်းသောထင်ဟပ်မှုလည်း ဖြစ်သည်။ ဤသို့ လက်အောက်ခံအကျိုးစီးပွားများကို ကိုယ်စားပြုသည့်အဖွဲ့အစည်းများ၏ တည်တံ့သည့် အကျိုးသက်ရောက်မှုများ၊ လူ့အဖွဲ့အစည်းအတွင်း ဤသို့ လက်အောက်ခံအကျိုးစီးပွားများ၏ ကိုယ်စားပြုအုပ်စိုးမှုတို့က နိုင်ငံရေးအရ မညီမျှမှုကို ထိန်းသိမ်းပေးထားသည့်အကြောင်းအချက်များဖြစ်သော လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုဆိုင်ရာ အကြောင်းရင်းခံများကို လျော့နည်းပပျောက်သွားစေပြီး လူမှုစီးပွားရေးအလွှာအသီးသီးအကြား လူမှုရေးနှင့် နိုင်ငံရေးအရ ပါဝင်ဆောင်ရွက်မှုကို ညီမျှအောင် လုပ်ပေးသည်ဆိုသည်မှာ အံ့အားသင့်စရာမရှိပေ။ ဆန့်ကျင်ဘက်အားဖြင့် မကြာသေးမီက ဒီမိုကရေစီစနစ်သို့ ပြောင်းလဲခဲ့သော လက်တင်အမေရိကနိုင်ငံများတွင် စိတ်ပျက်ဖွယ်ရာ စွမ်းဆောင်မှုများပေါ်ထွက်ခဲ့ရခြင်းမှာ ဤသို့သော လက်အောက်ခံအကျိုးစီးပွားများကို စည်းရုံးမှုရှိစွာ ကိုယ်စားပြုမှုတွင် အသစ်တဖန်ဖြစ်ပေါ်လာသည့် အားနည်းချက်များသည် အဓိကအကြောင်းရင်း ဖြစ်သည်။

ဤသို့သော စုပေါင်းအဖွဲ့အစည်းများနှင့် နိုင်ငံရေးအရ အောင်မြင်မှုအကြား အပြန်အလှန် ဆက်သွယ်မှုများသည် အရေးပါသော အခြေပြောင်းအမှတ်ကို ဖြတ်ကျော်နိုင်သည်နှင့် တပြိုင်နက် နိုင်ငံရေးအရည်အသွေး၏ကျဆင်းမှုကိုသော်လည်းကောင်း ရှေ့သို့တိုးတက်မှုကိုသော်လည်းကောင်း ဖြစ်ပေါ်စေသည့် တည်ငြိမ်သောလမ်းကြောင်းကို ဖန်တီးပေးသည်။ ထို့ကြောင့် လက်အောက်ခံအကျိုးစီးပွားကိုယ်စားပြုသည့် ကိုယ့်အားကိုယ်ကိုးအဖွဲ့အစည်းများ အောင်မြင်နိုင်ရေးလမ်းစနှင့် ယင်းတို့၏ နိုင်ငံရေးညီမျှမှုအပေါ် အလားအလာရှိသော သက်ရောက်မှုတို့မှာ အလွယ်တကူ မပြောင်းလဲနိုင်သည့် သမိုင်းနောက်ခံအကြောင်းအချက်များပေါ်တွင် အလွန်အမင်း မှီတည်နေသည်။

## မညီမျှခြင်းများကိုနှိုင်းယှဉ်ခြင်း – ညွှန်ကိန်းများနှင့် မက်ထရစ်စနစ်

တိုင်းပြည်အလိုက်ဖြစ်စေ ခေတ်ကာလအလိုက်ဖြစ်စေ မတူခြားနားသော သရုပ်သကန်များနှင့် ပိုင်းဖြတ်ချက်များ ကွာခြားမှုကြောင့် နိုင်ငံတကာရှိ နိုင်ငံရေးမညီမျှမှုများကို နှိုင်းယှဉ်ရန်ခက်ခဲသည်။ မည်သို့ပင်ဆိုစေ အချို့သောအတိုင်းအတာများသည် ကနဦးမှန်းဆချက်များကိုမူ ပေးနိုင်ပါလိမ့်မည်။ လူတန်းစား၊ လူမျိုးနွယ် သို့မဟုတ် လူမျိုးစု၊ လိင် စသည်တို့ကို အခြေခံခွဲခြား၍ နိုင်ငံရေးနှင့် နိုင်ငံရေးနှင့်ဆက်စပ်သောအဖွဲ့အစည်းများတွင် ပါဝင်မှုနှုန်းကိုလေ့လာခြင်းမှ ပုံကြမ်းတစ်ခုကို ရရှိသည်။ ယင်းကို အဖွဲ့အစည်း၏ အင်အား၊ သီးခြားလွတ်လပ်မှု၊ ထိရောက်မှုစွမ်းရည်စသော အရည်အသွေးပြ သတင်းအချက်အလက်များက အထောက်အကူပြုပေးသည်။ အဖွဲ့အစည်း ဆိုသည်မှာ လက်အောက်ခံအကျိုးစီးပွားများကို ရှေ့သို့တွန်းတင်နိုင်ရန် ဦးတည်လုပ်ဆောင်နေသည့် အဖွဲ့အစည်းများကို ဆိုလိုခြင်း ဖြစ်သည်။

အခြားအကဲဖြတ်ချက်လမ်းကြောင်းမှာ ရလဒ်ကို ရှာဖွေကြည့်ရှုခြင်း ဖြစ်သည်။ ဆင်းရဲမွဲတေမှုပမာဏ၊ လူမှုရေးနယ်ပယ်မှ ဖယ်ထုတ်ခံရမှု၊ ပညာရေးအဆင့်အတန်းနိမ့်ကျမှု စသည်တို့သည် နိုင်ငံရေးမညီမျှမှု၏ အတိုင်းအတာများ ဖြစ်သည်။ လူ့အဖွဲ့အစည်းအတွင်း အဓိပ္ပါယ်ရှိစွာ ပါဝင်ဆောင်ရွက်ခွင့်ရရေးအတွက် စီးပွားရေးနှင့် အသိပညာ အရင်းအမြစ်များ လိုအပ်သည်ဟူသော ယူဆချက်က ထိုအရာများ ကင်းမဲ့ခြင်းသည် ကြီးမားသော နိုင်ငံရေးမညီမျှမှုကို ဖြစ်ပေါ်စေသည်ဟူသော အချက်ကို ရေရှည်အာရုံစိုက်လေ့လာမှုဖြင့် အနိမ့်ဆုံးအားဖြင့် သိရှိနိုင်သည်။

အဆိုပါညွှန်ကိန်းနှစ်ခုစလုံးသည် အဓိကအခြေအနေနှင့် မူဝါဒများတွင် နှစ်မြှုပ်ထည့်သွင်း လေ့လာခြင်းဖြစ်ပါက နိုင်ငံရေးတန်းတူညီမျှမှုကို တိုးတက်စေခြင်းသော်လည်းကောင်း လျှော့ချပေးခြင်းသော်လည်းကောင်း ဖြစ်စေနိုင်ကြောင်း အကောင်းဆုံး ခန့်မှန်းတွက်ဆချက်မှုများအရ သိနိုင်သည်။ အချို့သောနေရာများတွင် သီးခြားအခြေအနေများအရ သီးခြားလေ့လာရန်လိုအပ်သော်လည်း ဤစာတန်းတွင် အဆိုပါ ခန့်မှန်းချက်များကို တင်ပြခဲ့ပါသည်။ ဥပမာအားဖြင့် ချမ်းသာ၍ ဒီမိုကရေစီစနစ် ခိုင်မာစွာအမြစ်တွယ်ပြီးသောနိုင်ငံများ၊ ဆင်းရဲသောနိုင်ငံများရှိ ထွန်းသစ်စဒီမိုကရေစီများ၊ ဒီမိုကရေစီစနစ်သို့ပြောင်းလဲရေးတွင် ကနဦးအဆင့်တွင်သာရှိသေးသည့် နိုင်ငံများဟူ၍ ဖြစ်ပါသည်။

မည်သည့်ဒီမိုကရေစီစနစ်အုပ်ချုပ်ရေး၏အရည်အသွေးအတွက်မဆို ဒီမိုကရေစီတန်းတူရေးသည် အရေးပါသော အတိုင်းအတာတစ်ခု ဖြစ်သည်။ ယင်းသည် လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု မညီမျှခြင်းများ၏ ဖွဲ့စည်းတည်ဆောက်ပုံနှင့် တင်းမာသောအနေအထားတွင် ရှိသည်။ ဒီမိုကရေစီဆိုသည်ကို အနိမ့်ဆုံးအားဖြင့်လက်ခံလျှင်ပင် ယင်းမှာ နိုင်ငံရေးဆုံးဖြတ်ချက်များ လုပ်ရာ၌ လူတန်းစား၊ အဆင့်အတန်း၊ အာဏာစသည်တို့မှ အတိုင်းအတာတစ်ခုအထိ ကင်းလွတ်နေမှသာလျှင် ဖြစ်နိုင်ပါသည်။ သို့သော် ဖွဲ့စည်းတည်ဆောက်ထားပြီးဖြစ်သည့် မညီမျှမှု ဆိုသည်ကလည်း မည်သည့်အခါမျှ လုံးလုံးလျားလျား ကွယ်ပျောက်သွားအောင်လုပ်နိုင်သည် မဟုတ်သဖြင့် နိုင်ငံရေးဆုံးဖြတ်ချက်များချရာ၌ အာဏာရင်းမြစ် မညီမျှမှုမှ လုံးလုံးလျားလျားလွတ်မြောက်ရေး ဆိုသည်မှာလည်း မည်သည့်အခါမျှ မဖြစ်နိုင်ပေ။ ဒီမိုကရေစီရေး တန်းတူညီမျှမှုဆိုသည်မှာ ရည်မှန်းချက်ပန်းတိုင်တစ်ခုဖြစ်ပြီး ခပ်လှမ်းလှမ်းမှနေ၍ ခန့်မှန်း တွက်ဆရုံသာ ဖြစ်နိုင်သည်။ တချိန်တည်းတွင် ဒီမိုကရေစီတန်းတူညီမျှမှုသည် စံတန်ဘိုးတစ်ရပ်ဖြစ်ပြီး အပေါ်ယံမျှ ဝန်ခံအသိအမှတ်ပြုရုံဖြင့် မလုံလောက်ပေ။ ခေတ်သစ်လူ့အဖွဲ့အစည်းအတွင်း လက်တွေ့ကျင့်သုံးကြရပြီး ဘုံကတိကဝတ်များ

လည်း ထားရှိရသောအချက် ဖြစ်သည်။ လူတစ်ကိုယ်မဲတစ်မဲ ဆိုသည့်မူမှာ ယင်းတန်ဘိုး၏ ပုံစံတစ်ခုမျှသာ ဖြစ်သည်။ အနိမ့်ဆုံး ပုံစံမဟုတ်ပေ။

ဒီမိုကရေစီရေးတန်းတူညီမျှမှုနှင့် ကွဲပြားခြားနားသော စီးပွားရေး၊ ယဉ်ကျေးမှု၊ လူမှုရေး အာဏာတို့၏ အကျိုးသက်ရောက်မှုတို့အကြား ပေါ်ပေါက်နေသော တင်းမာမှုသည် ခေတ်သစ် ဒီမိုကရေစီနိုင်ငံများတွင် တသမတ်တည်းရှိနေသောအရာများ မဟုတ်ပေ။ သာတူညီမျှစနစ်တွင် တိမ်တိမ်လေးတည်ရှိနေသော ဒီမိုကရေစီမှ တကယ့်လက်တွေ့ဒီမိုကရေစီအထိ ကြီးမားသော အပြောင်းအလဲများရှိသည်။ အကန့်အသတ်ရှိ မှန်းဆချက်များဖြင့် ယခုထိတည်ဆောက်ထားရသော ဒီမိုကရေစီရေးတန်းတူညီမျှမှုသည် လူမှုရေးအရ၊ စီးပွားရေးအရ၊ ယဉ်ကျေးမှုအရ အောက်ကျနောက်ကျဖြစ်နေသောအုပ်စုများကို သိသိသာသာ လုပ်ပိုင်ခွင့်အာဏာပေးအပ်ခြင်းပေါ်တွင် တည်ဆောက်ထားရခြင်း ဖြစ်သည်။

ပုံမှန်ဒီမိုကရေစီသည်ပင်လျှင် ယင်းကို ဝေဖန်သူများက မတရားသဖြင့် ရှုတ်ချဝေဖန်နေသည်ထက် သာပါသေးသည်။ အကြောင်းမူ ယင်းမှာ ပိုမိုမြင့်မားသော ဒီမိုကရေစီရေးတန်းတူညီမျှမှု၏လမ်းစ ဖြစ်နေခြင်းကြောင့်ပင် ဖြစ်သည်။ ပိုမိုမြင့်မားသော ဒီမိုကရေစီတန်းတူညီမျှရေး လမ်းကြောင်းအတိုင်း ဒီမိုကရေစီစနစ်ကို နက်ရှိုင်းအောင်လုပ်မည်ဆိုလျှင် လူမှုရေးနှင့် စီးပွားရေးတန်းတူညီမျှမှုကို စနစ်တကျမြှင့်တင်ပေးရန် လိုအပ်သည်။ ထို့ကြောင့် ဒီမိုကရေစီအရည်အသွေးဆိုသည်မှာ လူမှုရေးဒီမိုကရေစီ၊ လူမှုရေးအရကာကွယ်မှုနှင့် သွေးစည်းညီညွတ်မှုကို ရေရှည်တည်တံ့စေနိုင်သည့် မူဝါဒများအပေါ်တွင် မူတည်နေပေသည်။

❖ ❖ ❖ ❖ ❖

ဒီမိုကရေစီ၏အရည်အသွေး

# တုန့်ပြန်ဆောင်ရွက်မှုကွင်းဆက်

ဂျီ ဘင်ဂမ် ပိုးဝဲလ် (ဂျူနီယာ) ***(G. Bingham Powell, Jr.)***

*ဂျီဘင်ဂမ်ပိုးဝဲလ် ဂျူနီယာ မှာ ရိုချက်စတာတက္ကသိုလ်၏ မာရီစီဝီလ်ဆင် နှင့် ဂျိုးဇက်ဖ်စီဝီလ်ဆင် နိုင်ငံရေးသိပ္ပံပါမောက္ခ ဖြစ်သည်။ မကြာသေးခင်က ထုတ်ဝေခဲ့သော ၎င်း၏လက်ရာများတွင် 'ရွေးကောက်ပွဲသည် ဒီမိုကရေစီစနစ်၏ လက်နက်ကိရိယာ – အများစုအမြင်နှင့် အချိုးကျအုပ်စုတို့၏အမြင်များ (၂၀၀၀ ခုနှစ်)' နှင့် ၎င်းက ပူးတွဲတည်းဖြတ်ခဲ့သော 'ယနေ့နိုင်ငံရေးနှိုင်းယှဉ်လေ့လာချက် (၂၀၀၄ ခုနှစ်)' တို့ပါဝင်သည်။ အမေရိကန်နိုင်ငံရေးသိပ္ပံရီဗျူး၏ အယ်ဒီတာဟောင်းတဦးလည်းဖြစ်သည်။*

ဤစာတမ်းကို အဓိပ္ပါယ်ဖွင့်ဆိုချက်များဖြင့် စတင်မည် ဖြစ်သည်။ ယခုတင်ပြမည့် အကြောင်းအရာအတွက် 'ဒီမိုကရေစီ' ဆိုသည်မှာ အရွယ်ရောက်သူတိုင်းမဲပေးနိုင်ခွင့်၊ လွတ်လပ်၍ ယှဉ်ပြိုင်မှုရှိသောရွေးကောက်ပွဲများဖြင့် မူဝါဒချမှတ်သူများကို ရွေးချယ်ခြင်း၊ ဗဟုသတင်းရင်းမြစ်များ၊ ဗဟုနိုင်ငံရေးပါတီများ၊ နိုင်ငံရေးနှင့် ပြည်သူ့အခွင့်အရေးများ စသည်တို့ ပါဝင်သည်။ ယင်းတို့မှာ ဒီမိုကရေစီစနစ်၏ အဆောက်အအုံဆိုင်ရာသွင်ပြင်လက္ခဏာများဖြစ်ကြသည်။ 'ဒီမိုကရေစီနည်းကျ တုန့်ပြန်ဆောင်ရွက်မှု' ဆိုသည်မှာ နိုင်ငံသားများ၏ လိုအပ်ချက်အတိုင်း မူဝါဒများကို မည်သို့ချမှတ်အကောင်အထည်ဖေါ်သည် ဆိုသော အစိုးရတစ်ရပ်၏ ဒီမိုကရေစီစနစ်ကျင့်သုံးမှုဖြစ်စဉ်တစ်ခု ဖြစ်သည်။ ထိုဖြစ်စဉ်က ထိုကဲ့သို့သော မူဝါဒမျိုးကို တသမတ်တည်း ချမှတ်နိုင်သည်ဆိုလျှင် ထိုနိုင်ငံ၏ ဒီမိုကရေစီစနစ်သည် အရည်အသွေးမြင့်မားသည်ဟု ဆိုနိုင်သည်။ အမှန်စင်စစ် တုန့်ပြန်ဆောင်ရွက်မှုကို ဤကဲ့သို့ ချဉ်းကပ်စဉ်းစားမှုကပင်လျှင် ဒီမိုကရေစီစနစ်ပင်ကိုယ်၏ လိုအပ်မှုပြယုဂ် ဖြစ်သည်။

---

**Powell, G. Bingham, Jr. The Chain of Responsiveness. Journal of Democracy 15:4 (2004), 91-105.** **© National Endowment for Democracy and The Johns Hopkins University Press.** Reprinted with permission of The Johns Hopkins University Press.

တုန့်ပြန်ဆောင်ရွက်မှုသည် ဒီမိုကရေစီအရည်အသွေး၏ တစ်ခုတည်းသော အတိုင်းအတာ မဟုတ်ပေ။ လွတ်လပ်မှု၊ တန်းတူညီမျှမှု၊ ထောင်လိုက်နှင့် အလျားလိုက်တာဝန်ခံမှု၊ တရားဥပဒေစိုးမိုးမှု စသည်တို့မှာ ဒီမိုကရေစီအရည်အသွေး၏ အဓိကအခြင်းအရာများ ဖြစ်သည်။ ရှေ့တွင်တွေ့ရမည်ဖြစ်သည့်အတိုင်း ဤအခြင်းအရာများသည် ဒီမိုကရေစီနည်းကျ တုန့်ပြန်ဆောင်ရွက်မှုကို အထောက်အကူပေးနေသောအရာများ ဖြစ်သည်။ ဒီမိုကရေစီနည်းကျ တုန့်ပြန်ဆောင်ရွက်မှုဆိုသည်မှာ များမြောင်ရှုပ်ထွေးသော ဖြစ်စဉ်တစ်ရပ်လည်း ဖြစ်သည်။ သံကြိုးကွင်းဆက်တစ်ခုလိုပင် ကွင်းဆက်တစ်ခုနှင့်တစ်ခု ကြောင်းကျိုးဆက်နွယ်၍ ချိတ်ဆက်ထားခြင်း ဖြစ်သည်။ (အောက်ပါပုံတွင်ကြည့်ပါ) သံကြိုးကွင်းဆက်၏အစတွင် နိုင်ငံသားများ၏ အကြိုက်ရှိသည်။ ယင်းနောက်တွင် အခြားအဆင့်များဖြစ်သော မဲပေးခြင်း၊ ရွေးကောက်ပွဲရလဒ်၊ မူဝါဒချမှတ်သည့် ညွန့်ပေါင်းအဖွဲ့များဖွဲ့စည်းခြင်း၊ ရွေးကောက်ပွဲတစ်ခုနှင့်တစ်ခုအကြား မူဝါဒချမှတ်သည့်ဖြစ်စဉ်များနှင့် ပြည်သူ့ရေးရာပေါ်လစီများရှိသည်။ ဖြစ်စဉ်မှာ ရှေ့သို့ တိုးသွားနေပြီး ဒိုင်းနမစ်လည်းဖြစ်သော ဖြစ်စဉ်တရပ်ဖြစ်သည်။ အမှန်တကယ်ချမှတ်လိုက်သော ပေါ်လစီများနှင့် ယင်းမှထွက်ပေါ်လာသည့်အကျိုးဆက်များအားလုံးသည် နိုင်ငံသားတို့၏ အနာဂါတ်အကြိုက်ပေါ်တွင် အကျိုးသက်ရောက်မှု ရှိသည်။ အဆင့်တစ်ခုနှင့်တစ်ခုအကြား ဆက်သွယ်ချက်များမှာ အမှန်စင်စစ်သော်လည်းကောင်း၊ အနိမ့်ဆုံးအားဖြင့်မျှော်မှန်း၍သော်လည်းကောင်း တည်ရှိရမည်။ အဓိကဆက်သွယ်ချက်များဖြစ်သည့် (ပုံတွင်ဖော်ပြထားသည့်) ‘ရွေးချယ်မှုများတည်ဆောက်ခြင်း’၊ ‘အဆောက်အအုံများပေါင်းစပ်ခြင်း’၊ ‘ပေါ်လစီချမှတ်ခြင်း’ တို့ကို အဆက်ဖြတ်လိုက်လျှင် တုန့်ပြန်ဆောင်ရွက်မှုသည်လည်း ပျက်ယွင်းသွားပေလိမ့်မည်။

## ဒီမိုကရေစီနည်းကျတုန့်ပြန်ဆောင်ရွက်မှု




ပြည်သူတို့လိုလားသောမူဝါဒများနှင့် အစိုးရကထုတ်ဖော်လိုက်သောမူဝါဒများအကြား ဆက်သွယ်ချက်မှာ ဒီမိုကရေစီနည်းကျတုန့်ပြန်ဆောင်ရွက်မှုကို အမှန်စင်စစ် ပြဆိုသည် မဟုတ်ပေ။ ကံကောင်းခြင်း၊ အခွင့်သာသောအခြေအနေများရှိခြင်းသည် စနစ်ကျနသည့် တုန့်ပြန်ဆောင်ရွက်မှုနှင့်မတူပေ။ ထို့အပြင် ဒီမိုကရေစီစနစ်၌ တုန့်ပြန်ဆောင်ရွက်မှုသည် မူဝါဒချမှတ်သူများ၏ စိတ်ကောင်း စေတနာရှိမှု တစ်ခုတည်းအပေါ် လုံးလုံးလျားလျား တည်မှီနေနိုင်သည်လည်း မဟုတ်။ တုန့်ပြန်ဆောင်ရွက်မှုသည် ရွေးကောက်ပွဲများထက်ပို၍ အဆောက်အအုံဆိုင်ရာအစီအစဉ်များအပေါ် ပိုမိုဖော်ပြနေသည်။ ဤအစီအစဉ်များအရ ပြည်သူများနှင့် ၎င်းတို့ကိုယ်စား မူဝါဒချမှတ်မည့်သူများအကြား ယုံကြည်ကိုးစားလောက်သော ဆက်သွယ်မှုများကို ပေးသည်။

ထိုအဆောက်အအုံဆိုင်ရာအစီအစဉ်များက တုန့်ပြန်ဆောင်ရွက်မှု၏ အဓိကကွင်းဆက်များကို အထောက်အပံ့ပေးနိုင်သည့်မက်လုံးများရှိမှသာလျှင် အရည်အသွေးမြင့် ဒီမိုကရေစီမှာ ရေရှည်တည်တံ့နိုင်မည်။ ထိုသို့သော မက်လုံးများမှာ အောက်ပါအခြေအနေများမှ ပေါ်ပေါက်လာနိုင်သည်။

၁။ အသုံးမကျ၍ တုန့်ပြန်ဆောင်ရွက်မှုမရှိသည့် မူဝါဒချမှတ်သူများကို စနစ်တကျ ဖယ်ထုတ်ပစ်ခြင်း၊ ယင်းတို့ကို ဆက်ခံသည့်သူများအား ပြည်သူ့ဆန္ဒကိုမျှော်မှန်း၍ ဂရုတစိုက်ဖြည့်ဆည်းရန် အားပေးခြင်း၊

၂။ ပြည်သူတို့လိုလားသည့် မူဝါဒများကို ချမှတ်ကျင့်သုံးပါမည်ဟု လူသိရှင်ကြား ကတိကဝတ်ပြုထားသော၊ အင်အားရှိ၍ကတိလည်းတည်သော အစိုးရတစ်ရပ်ကို တိုက်ရိုက်ရွေးချယ်ပေးခြင်း၊

၃။ ပြည်သူအုပ်စုခွဲများအားကိုယ်စားပြုနိုင်ပြီး ယင်းတို့အသီးသီးက နှစ်သက်သည့် မူဝါဒများ ချမှတ်နိုင်ရေးအတွက် ယင်းတို့၏ ကိုယ်စားလှယ်များအဖြစ် ကြားဝင်ညှိနှိုင်း ဆောင်ရွက်ပေးရန် ပိုင်းဖြတ်ချက်ရှိသည့် ပါတီစုံနှင့် ကိုယ်စားပြုပါတီများကို ရွေးကောက်တင်မြှောက်ခြင်း တို့ဖြစ်ကြသည်။

ဒီမိုကရေစီဖြစ်စဉ်များအပေါ် မတူခြားနားသည့် သဘောတရားဆရာများနှင့် ဝေဖန်သုံးသပ်သူများအကြား ကွဲလွဲသည့်အမြင်များ ရှိသည်။ အထက်တွင်ဖော်ပြခဲ့သည့် ဆက်သွယ်ချက်များအကြား မည်သည့်ဆက်သွယ်ချက်က ပိုမိုထိရောက်မှုရှိသည်ဆိုသည့်အပေါ် နိုင်းရဖြစ်နိုင်ဖွယ်အလားအလာများအပေါ် အမြင်ကွဲလွဲကြခြင်း ဖြစ်သည်။ ယှဉ်ပြိုင်ရွေးကောက်ခံသည့် နိုင်ငံလုံးဆိုင်ရာရွေးကောက်ပွဲများမှပေါ်ထွက်လာသည့် မက်လုံးများအပြင် အခြားအထောက်အကူပြုသည့် အခြေအနေအချက်အလက်များလည်း ရှိရဦးမည်။

## အမြင်သဘောထားဆိုင်ရာအခက်အခဲများနှင့် သဘောတရားရေးငြင်းခုံမှုများ

တစ်နိုင်ငံနှင့်တစ်နိုင်ငံသော်လည်းကောင်း၊ အချိန်ကာလကိုလိုက်၍လည်းကောင်း ဒီမိုကရေစီနည်းကျ တုန့်ပြန်ဆောင်ရွက်မှုကို အကဲဖြတ်ရန်နှင့် နှိုင်းယှဉ်ရန်မှာ ခက်ခဲသောကိစ္စတစ်ရပ် ဖြစ်သည်။ အဓိကကျသည့် အယူအဆများဖြစ်သော ပြည်သူ့အကြိုက်၊ ရွေးကောက်ပွဲရလဒ်၊ နိုင်ငံရေးဩဇာနှင့် မူဝါဒနောက်ဆက်တွဲ အကျိုးသက်ရောက်မှုများ အားလုံးသည် သိမ်မွေ့နူးညံ့ပြီး ခက်ခဲရှုပ်ထွေးသည့် ခွဲခြမ်းစိတ်ဖြာမှု စိန်ခေါ်ချက်များဖြစ်ကြောင်း လွန်ခဲ့သည့်ရာစုနှစ်ထက်ဝက်ကျော်မျှ နိုင်ငံရေးသိပ္ပံပညာရှင်များ ပြုလုပ်ခဲ့သည့် သဘောတရားနှင့် လက်တွေ့သုတေသနလုပ်ငန်းများက သင်ကြားပေးခဲ့ပြီး ဖြစ်သည်။ ထို့အပြင် အဆိုပါဆက်သွယ်ချက်များကို ဖြတ်တောက်ပစ်ခြင်း၊ ဖျက်ဆီးပစ်ခြင်းတို့ကို ပြုနိုင်သည့်နည်းများမှာလည်း စုံလင်လှသည်။ ကိစ္စရပ်တစ်ခုနှင့်တစ်ခုလည်းမတူပဲ အကြီးအကျယ်ကွဲပြားနိုင်သေးသည်။ နောက်ဆုံးတွင် နိုင်ငံရေးဖြစ်စဉ်၏ အဆင့်တစ်ခုစီတွင်ရှိ ဆက်သွယ်ချက်တစ်ခုစီကို မည်သည့်အကျိုးနှင့်အကြောင်းက ပြုပြင်ပြောင်းလဲစေသည်ဆိုသည်ကို သဘောတရားများ တစ်ခုနှင့်တစ်ခုမတူပဲ ကွဲပြားကြသည်။

ပုံတွင်ဖော်ပြထားသည့်အတိုင်း ဆက်သွယ်ချက်(၁)တွင် လူထုအကြိုက်နှင့် ရွေးကောက်ပွဲတွင် လူထု၏မဲပေးပုံအပြုအမူတို့၏ ဆက်သွယ်ချက်ကို ဖော်ပြသည်။ ဤဆက်သွယ်ချက်တွင် လူထုနှင့် ရွေးကောက်ပွဲကာလတွင် လူထုအားပေးအပ်ထားသည့်အခြားရွေးချယ်စရာများ နှစ်ခုလုံး ပါဝင်

သည်။ ဤနေရာတွင် ပေါ်ပေါက်လာသည့် အမြင်သဘောထားဆိုင်ရာအခက်အခဲများမှာ ကြီးမားလှသည်။ ပထမအခက်အခဲမှာ 'လူထုအကြိုက်ဘာလဲ' ဆိုသည်ကို မည်သို့သိနိုင်သနည်းဆိုသည့် မေးခွန်းဖြစ်သည်။ အထက်တွင် ဒီမိုကရေစီကို အဓိပ္ပါယ်ဖွင့်ဆိုခဲ့ရာ၌ ဒီမိုကရေစီဆိုသည်မှာ သတင်းအရင်းအမြစ်အများအပြားရှိ၍ နိုင်ငံရေးပါတီစုံရှိသောစနစ်ကို ဆိုသည်ဟု ဖွင့်ဆိုခဲ့သည်။ ဤတွင် အမြင်သဘောထားဆိုင်ရာ(အယူအဆဆိုင်ရာ) အခက်အခဲတစ်ရပ် ပေါ်ပေါက်လာသည်။ ဤအယူအဆအရ လူထုမှာ အဆိုပါ သတင်းအရင်းအမြစ်များနှင့် ပါတီစုံများကြောင့် 'ကုံလုံကြွယ်ဝသည့် သိမြင်နားလည်မှု' ရှိနေသည်ဟု ယူဆရမည်။ သို့သော် ဤအယူအဆမှာ လက်တွေ့တွင် မခိုင်လုံလှပေ။ အခြေခံကျသည့် အခြားရွေးချယ်စရာများနှင့် ပြည်သူ့မူဝါဒများ ချမှတ်သည့်ဖြစ်စဉ်နှင့် စပ်လျဉ်း၍ ပညာတတ်ဆိုသူများအကြားတွင်ပင် နှိုင်းယှဉ်ချက်အရ ဗဟုသုတနည်းလှသည်ဆိုသည်မှာ အားလုံးအသိပင် ဖြစ်သည်။ ဤပြဿနာမှာ ဒီမိုကရေစီစနစ်၏ ယေဘူယျ ပြဿနာကြီး ဖြစ်သည်။

ပိုမိုကြီးမားသည့်စိန်ခေါ်ချက်မှာ လူထုအကြိုက်ဆိုသည်၏ ခက်ခဲရှုပ်ထွေးမှုမှ ပေါ်ပေါက်လာသည်။ လူတစ်ဦးချင်းစီ၏ ထွေပြားလှသော အကြိုက်များကို တစ်ခုတည်းသော အကြိုက်အဖြစ် ပေါင်းစည်းပေးနိုင်မည်လော၊ မည်ကဲ့သို့ပေါင်းစည်းပေးမည်နည်းဆိုသည့် ပြဿနာကို လူမှုရွေးချယ်မှုသဘောတရားဆရာများ အချိန်များစွာ အကုန်ခံ၍ လေ့လာဆန်းစစ်ခဲ့ကြပြီး ဖြစ်သည်။ နိုဘယ်လ်ဆုရ စီးပွားရေးပညာရှင် ကက်နက်အဲရိုး Kenneth Arrow က ၎င်း၏ အမည်ဖြင့်ပင် ဂုဏ်ပြုမှည့်ခေါ်ထားသည့် 'အဲရိုး ဖြစ်နိုင်စွမ်းမရှိ သီအိုရီ' တွင် သုံးခု သို့မဟုတ် သုံးခုထက်ပိုသော ရွေးချယ်စရာများကို လူထုအုပ်စုတစ်ခုစီအကြားတွင် မည်သို့မည်ပုံ ခွဲဝေဖြန့်ချထားနိုင်ကြောင်း တင်ပြခဲ့သည်။ ၎င်းအဆိုအရ ဤသို့ပြုလုပ်ခြင်းဖြင့် မည်သည့်ရွေးချယ်စရာမျှ လူထု၏ တခဲနက်ထောက်ခံဆန္ဒမဲကို ရမည်မဟုတ်ပဲ အဆိုပါ ရွေးချယ်စရာလမ်းများအားလုံးကိုလည်း ဆန့်ကျင်နိုင်လိမ့်မည်မဟုတ်ဟု ဆိုသည်။ အမှန်စင်စစ် ဤသို့ဖြစ်ရန်မှာ တစ်ခုတည်းသောအခြေအနေပေါ်တွင် မူတည်သည်။ လူအားလုံးက မည်သည့်ရွေးချယ်စရာကို လိုချင်သည်ဆိုသည်ကိုသိနိုင်ရန် ရွေးချယ်စရာအားလုံး အကြိုက်အားလုံးကို တစ်ခုတည်းသောအတိုင်းအတာဖြင့် ပေါင်းချုပ်တင်ပြနိုင်မှ ဖြစ်နိုင်လိမ့်မည်။ ဤအခြေအနေတွင် အလယ်ဗဟိုကျသောမဲပေးသူတို့၏ ရပ်တည်ချက်က အခြားရပ်တည်ချက်အားလုံးတို့ကို ရှုံးနိမ့်စေလိမ့်မည်။ (လူထုသည် ၎င်းတို့နှင့် ပို၍နီးစပ်သော ရပ်တည်ချက်ကိုသာ အမြဲတမ်းနှစ်ခြိုက်ထောက်ခံလေ့ရှိသည်ဟူသော အယူအဆပေါ်တွင် အခြေခံသည်)

အဲရိုးတင်ပြသောပြဿနာကို ဝီလီယံရိုက်ကာ William Riker ကဲ့သို့သော အမာခံဒီမိုကရက်တစ်ယောက် ဖြစ်သည့် နိုင်ငံရေးသိပ္ပံပညာရှင်ကပင် လက်မခံနိုင်ပေ။ ၎င်းက 'လူထုဆန္ဒဘာလဲဆိုတာ မသိနိုင်တာကြောင့် မဲပေးပွဲ၏ ရလဒ်များမှာ မတိကျသည့် သို့တည်းမဟုတ် အဓိပ္ပါယ်မဲ့သောပေါင်းစပ်မှုများသာ ဖြစ်သည် သို့မဟုတ် ဖြစ်ကောင်း ဖြစ်လိမ့်မည်' ဟု ပြောခဲ့သည်။ ရိုက်ကာက ဒီမိုကရေစီစနစ်ကို ကျင့်ထုံးဆိုင်ရာအကဲဖြတ်ချက်သက်သက်တစ်ရပ်ဖြင့် တင်ပြခဲ့သည်။ ထိုစနစ်အရ လူထုအများစု၏ စုပေါင်းဆန္ဒဖြင့် အာဏာလက်ရှိအစိုးရကို ဖြုတ်ချနိုင်သည်။ သို့သော် မည်သည့်မူဝါဒမျိုးကို သူတို့အလိုရှိသည်ဆိုသည်ကိုမူ ကောက်ချက်မဆွဲနိုင်ဟု ဆိုသည်။ 'ဤအမျိုးအစားဒီမိုကရေစီ စနစ်သည် ရှင်သန်လျက်ရှိသော်လည်း လူထုအုပ်ချုပ်ရေးဟု မခေါ်နိုင်ပေ။ ပြတ်တောင်းပြတ်တောင်းဖြစ်သော၊ ရံဖန်ရံခါ ကျပန်းနိုင်သော၊ လျော်ကန်မှုပင်မရှိသော လူထု၏ ဗီတိုအာဏာတစ်ရပ်သာ ဖြစ်သည်'။

ဤသို့ ရိုက်ကာကပြောခဲ့သည့်တိုင်အောင် လူထုအကြိုက်ဆိုသည်ကို ယုတ္တိတန်တန် ပြောနိုင်ပါသေးသည်။ 'သူတို့ဘာလိုချင်သည်' ဆိုသည်ကို အဓိပ္ပါယ်ရှိရှိ ပြောနိုင်ပါသည်။ ထိုမှ တုန့်ပြန်

ဆောင်ရွက်မှုကို အကဲဖြတ်နိုင်ပါ သည်။ ဖွဲ့စည်းမှုပြဿနာ၏ ပါတီအလိုက် ရွေးချယ်ရမှုဆိုသည်ကို နှလုံးသွင်းထားရပါမည်။ အတိုချုပ်အားဖြင့် ဆိုရလျှင် ပါတီကိုရွေးချယ်ရသည့်စနစ်ကြောင့်ပင် လူထု အနေဖြင့် သူတို့အကြိုက်ကို ဖော်ပြရန်ဖြစ်နိုင်ခြင်း ဖြစ်သည်။ အကယ်၍ မည်သည့်ပါတီမျှ လူထု အကြိုက်နှင့်မကိုက်ညီဟုဆိုလျှင် ဒီမိုကရေစီနည်းကျတုန့်ပြန်ဆောင်ရွက်မှု၏ သံကြိုးကွင်းဆက်မှာ ဤပထမကွင်းဆက်တွင်ပင် ပြတ်တောက်သွားမည်ဖြစ်သည်။ လူထုက အလိုအပ်ဆုံးဆန္ဒကို ပါတီ တစ်ရပ်ကသော်လည်းကောင်း၊ ရွေးချယ်ခံကိုယ်စားလှယ်တဦးကသော်လည်းကောင်း အနိမ့်ဆုံးအား ဖြင့် တင်ပြရမည်။ (အကြိုက်များကို တစ်ခုတည်းသောအတိုင်းအတာတွင် စီစဉ်ခင်းကျင်းထားနိုင် သည်ဆိုလျှင် ဤအခြေအနေကို အလယ်ဗဟိုအနေအထားဟုခေါ်နိုင်သည်။ ထိပ်တိုက်ရင်ဆိုင် မဲပေးရသည့်အခြေအနေတွင် ဤအလယ်ဗဟိုအနေအထားက အခြားအနေအထားအားလုံးကို အနိုင်ယူနိုင်သည်။)

လူ့အဖွဲ့အစည်းတခုအတွင်း အဓိကအမြင်သဘောထားတစ်ရပ်စီအတွက် ပါတီတစ်ရပ် လိုမလိုအပ်ဟု ဆိုသော ပြဿနာအပေါ် သဘောတရားရေးဆရာများအကြား အငြင်းပွားကြသည်။ ၎င်းတို့အားလုံး သဘောတူညီ ကြသည်မှာ ထိုအခြေအနေအတွက် အချက်(၃)ချက်နှင့် ပြည့်စုံရန် လိုအပ်သည်ဟုဆိုသည်။ ပထမအချက်မှာ ယှဉ်ပြိုင်သူအားလုံးသည် ယုတ္တိတန်သော အမျိုးသား ရေး မူဝါဒတင်ပြချက်များနှင့် ဆက်စပ်မှုရှိရမည်။ သာမန်အားဖြင့် နိုင်ငံလုံးဆိုင်ရာပါတီများ သို့မဟုတ် ညွန့်ပေါင်းအဖွဲ့များမှတဆင့် ထိုသို့ဆက်စပ်မှုကို ဖော်ပြနိုင်ရမည်။ ဒုတိယလိုအပ်ချက် မှာ ထိုပါတီအလိုက်တင်ပြသည့် တင်ပြချက်များတွင် တစုံတရာ တည်ငြိမ်မှုရှိပြီး ယင်းတို့ကို ထောက်ခံမှုလည်း ရှိရမည်။ သို့မှသာ မဲဆန္ဒရှင်ပြည်သူများက သူတို့၏ မူဝါဒ အကြိုက်များကို ရွေးကောက်ပွဲများတွင် ဆင်ခြင်တုံတရားရှိစွာဖြင့် မဲပေးပြီး ရွေးချယ်နိုင်ကြမည် ဖြစ်သည်။ တတိယ လိုအပ်ချက်မှာ အဆင့်(၃) ကွင်းဆက်ဖြစ်သော တုန့်ပြန်ဆောင်ရွက်မှုရှိသော မူဝါဒချမှတ်ခြင်းကို အားပေးအားမြှောက်ပြုရန် ဖြစ်သည်။ အနည်းဆုံးအားဖြင့် အာဏာလက်ရှိနှင့် ယုံကြည်လောက် သော အတိုက်အခံတို့အကြား ကျိုးကြောင်းဆီလျော်သောရွေးချယ်စရာပုံစံတစ်ရပ်ရပ် ရှိနေရန်လို သည်။ သို့မှသာ မဲဆန္ဒရှင်လူထုအနေဖြင့် ကတိမတည်သောအာဏာလက်ရှိအစိုးရကို ဖြုတ်ချ အပြစ်ပေးခြင်းဖြင့် ၎င်းတို့၏ နောက်ကြောင်းပြန် ‘ဒေါင်လိုက်’ တာဝန်ခံမှုကို ကျင့်သုံးခွင့်ရရှိကြမည် ဖြစ်သည်။

ပုံတွင် ကွင်းဆက်(၂)၌ လူထု၏ဆန္ဒကိုဖြည့်ဆည်းပေးရန် ကတိကဝတ်ပြုထားသည့် မူဝါဒချမှတ်သူများကို ရွေးချယ်ခြင်းနှင့် ရွေးကောက်ပွဲရလဒ်တို့၏ ဆက်သွယ်မှုကို ပြဆိုထားသည်။ ဤနေရာတွင် နိုင်ငံရေးသိပ္ပံပညာရှင်များ နှင့် တုန့်ပြန်ဆောင်ရွက်မှုကို လေ့လာနေသူတို့တွင် အဓိက ပြဿနာကြီးနှစ်ရပ်အပေါ် ငြင်းခုံဆွေးနွေးမှုများ ပေါ်ပေါက်လာသည်။ ပထမပြဿနာမှာ မူဝါဒချမှတ် သူရွေးချယ်ခြင်းနှင့် ရွေးကောက်ပွဲအခြေခံရွေးချယ်စရာများကို ဆက်စပ်ပေးရာ၌ အများစုဆန္ဒ သဘောထားနှင့် အချိုးကျစနစ် နှစ်ရပ်အနက် မည်သည့်စနစ် မည်သည့် အဆောက်အအုံက အကောင်းဆုံးဆက်စပ်ပေးနိုင်သနည်းဟူသော ပြဿနာဖြစ်သည်။ အများစုဆန္ဒစနစ်၏ ရည်မှန်း ချက်မှာ ပြည်သူလူထုက မဲပေးခြင်းဖြင့် မိမိတို့၏အကြိုက်ဖော်ပြခဲ့ခြင်းကို မူဝါဒချမှတ်ခွင့် အပြည့် အဝရှိသည့် အစိုးရအဖွဲ့တစ်ခုဖွဲ့စည်းခြင်းသို့ တိုက်ရိုက်ပြောင်းလဲရန် ဖြစ်သည်။ အချိုးကျစနစ်ကို သဘောကျသူတို့ကမူ ထိုအမြင်နှင့်ဆန့်ကျင်စွာပင် လူထုအုပ်စုအရွယ်အစားတစ်ခုချင်းစီ၏ အကြိုက်များအလိုက် မဲတင်းပေးသည့်နည်းဖြင့် ထိုလူထုအကြိုက် အဓိကပုံစံများကို ဥပဒေပြု အဆောက်အအုံသို့ ပထမအဆင့် ပြောင်းလဲပေးသည့်နည်း ဖြစ်သည်။ ဤသို့ဖြင့် ထိုမတူသော

အကြိုက်များကို ကိုယ်စားပြုသည့်ကိုယ်စားလှယ်များမှတဆင့် မူဝါဒချမှတ်သည့် အဆောက်အအုံများတွင် အချိုးကျအမြင်များ ထင်ဟပ်လာစေရန်ပြုလုပ် ပေးသည်။

ဤငြင်းခုံဆွေးနွေးမှုသည် တစိတ်တပိုင်းအားဖြင့် မတူသောထုံးစံနှစ်ရပ်ကို ထင်ဟပ်ဖေါ်ပြနေသည်။ မူဝါဒ တစ်ရပ်သည် အများစုဆန္ဒကို တုန့်ပြန်ထင်ဟပ်ရမည်လော၊ အများစုမဟုတ်သူများအပါအဝင် 'လူများနိုင်သမျှ များများ' ကို ကိုယ်စားပြုရမည်လော ဟူသည့်အမြင်နှစ်ရပ်ဖြစ်သည်။ အလားတူပင် ဤငြင်းခုံဆွေးနွေးမှု၌ မတူညီသည့် လက်တွေ့အခြေခံသဘောတရားနှစ်ရပ်လည်း ပါဝင်နေသည်။ ပထမတခုမှာ 'ယန္တရား' အခက်အခဲ ဖြစ်သည်။ လူထုအကြိုက်ကိုတဆင့်တည်းဖြင့် ပေါင်းစည်းပေးလိုက်ခြင်း (ရရှိသောမဲဆန္ဒအားလုံးကို အစိုးရအဖြစ် တိုက်ရိုက်ကူးပြောင်းပေးလိုက်ခြင်းဖြစ်သည်။) နောက်တစ်ခုမှာ 'ကိုယ်စားလှယ်' အခက်အခဲဖြစ်သည်။ ဤစနစ်အရ ရေပေါ်ဆီ (အီလစ်)များကို ယင်းတို့အချင်းချင်းအကြား အပေးအယူလုပ်သည့်နည်းဖြင့် မူဝါဒများကို ညှိနှိုင်းခွင့်ပေးလိုက်ရခြင်းဖြစ်သည်။ (ပါလီမန်စနစ်ကျင့်သုံးသောနိုင်ငံအများအပြားတွင် တွေ့ရှိရသော အီလစ်အဆင့်များကြား 'အမြီးစားဖက် ခေါင်းစားဖက်' ပြုလုပ်ခြင်း)

ဒုတိယအဓိကပြဿနာမှာ အဆောက်အအုံဆိုင်ရာပေါင်းစည်းခြင်းတွင် တွေ့ရသည်။ ယင်းကို အများဆိုင်နှိုင်းယှဉ်အစိုးရပညာရပ်ကိုလေ့လာနေသည့် ပညာရှင်အများအပြားက အများအပြား ရေးသားဖေါ်ပြခဲ့ကြသည်။ ဤငြင်းခုံဆွေးနွေးမှုမှာ ပါလီမန်စနစ်လော သမတစနစ်လော ဆိုသည့် ငြင်းခုံမှုဖြစ်သည်။ မူဝါဒချမှတ်ခြင်းကို တစ်နေရာတည်းတွင် စုစည်းထားမည်လော၊ ခွဲဖြန့်ထားမည်လော ဆိုသည့် အယူအဆဆိုင်ရာ ပြဿနာပင် ဖြစ်သည်။ ဤပြဿနာသည် အများစုဆန္ဒလော အချိုးကျဆန္ဒလော ဆိုသည့်ငြင်းခုံမှုနှင့် ဆင်တူသည်။ အဆောက်အအုံဆိုင်ရာပြဿနာလည်း ဖြစ်သည်။ မည်သည့်သီးခြားအာဏာကို မည်သည့်အဆောက်အအုံတွင် ထားမည်ဆိုသည်ကို စဉ်းစားဆုံးဖြတ်ရခြင်းလည်းဖြစ်သည်။ ပါလီမန်လော၊ ကက်ဘိနက်လော၊ နိုင်ငံအကြီးအကဲလော ဆိုသည့် အဆောက်အအုံကို ရွေးချယ်ရခြင်း ဖြစ်သည်။ ဤအငြင်းအခုံတွင် ပါဝင်ဆွေးနွေးသူများက စိုးရိမ်ပူပန်ကြသည်မှာ ဒီမိုကရေစီစနစ်ကိုယ်တိုင်၏ တည်တံ့မှုဖြစ်သည်။ ယင်းမှာ ဒီမိုကရေစီနည်းကျတုန့်ပြန်ဆောင်ရွက်မှု၏ ကြိုတင်စည်းကမ်းသတ်မှတ်ချက်လည်း ဖြစ်သည်။ အလားတူပင် မတူသော အဆောက်အအုံပုံစံများ၌ မူဝါဒချမှတ်သူများကို ခွဲခြားဖေါ်ထုတ်နိုင်စွမ်းနှင့် တုန့်ပြန်ဆောင်ရွက်မှုကိုလည်း အဆိုပါပညာရှင်များက မေးခွန်းထုတ်ကြသည်။ အမှန်တွင် အခြေအနေအားလုံးတွင် မည်သည့်အဆောက်အအုံက အကောင်းဆုံးဖြစ်သည်ဆိုသည့်ပြဿနာအတွက်မူ အဖြေမရှိပါ။ အထူးသဖြင့် ပိုနေမြဲကျားနေမြဲအခြေအနေနှင့် မတိုးသာမဆုတ်သာအခြေအနေတို့အကြား တန်ဘိုးကို ခန့်မှန်းတွက်ချက်ရန်ခက်ခဲခြင်းကြောင့်ပင် ဖြစ်သည်။ တိုး၍ရရှိလာသော သက်သေအထောက်အထားများက ညွှန်ပြနေသည်မှာ နိုင်ငံရေးအာဏာကို တစ်နေရာတည်းတွင် အများကြီးစုစည်းထားခြင်းကို သတိထားရန်ပင် ဖြစ်သည်။ ထိုသို့တစ်နေရာတည်းတွင် စုပုံစုစည်းထားခြင်းမှာ သမတစနစ်အရတစ်ဦးတည်း၏လက်ထဲတွင်သော်လည်းကောင်း၊ ပါလီမန်စနစ် (ဝန်ကြီးချုပ်စနစ်) တွင်သော်လည်းကောင်း အတူတူပင် ဖြစ်သည်။

ပုံတွင်ပါ ဆက်သွယ်ချက်(၃)တွင် အနိမ့်ဆုံးအားဖြင့် လူထုလိုလားသည်ကိုသာ လုပ်ဆောင်ပါမည်ဟု လူသိရှင်ကြားကတိကဝတ်ပြုထားသောမူဝါဒချမှတ်သူများနှင့် အကောင်အထည်ဖေါ်ဆောင်ရွက်လျက်ရှိသော ပြည်သူ့မူဝါဒများနှင့် ယင်းတို့၏ အမျိုးမျိုးသောရလဒ်များကို ဆက်သွယ်ပေးထားသည်။ ဤနေရာတွင် အနည်းဆုံး ပြဿနာသုံးရပ်ကို ဂရုပြုရန်လိုသည်။ ပထမပြဿနာမှာ မူဝါဒရွေးချယ်စရာများ၏ ခက်ခဲရှုပ်ထွေးမှုနှင့် တစ်ခုထက်ပိုသောအတိုင်းအတာ

ရှိသည့်သဘာဝကြောင့် ဤဆက်သွယ်ချက်ကို အားရှိစေရန် သို့တည်းမဟုတ် ဤဆက်သွယ်ချက်တည်ရှိနေကြောင်း ရိပ်စားမိရန်ပင် ခဲယဉ်းခြင်းဖြစ်သည်။ မူဝါဒတစ်ခုတည်းကိုပင်ကြည့်ပါ။ စီးပွားရေးမူဝါဒဆိုပါစို့။ အလုပ်လက်မဲ့ပြဿနာ၊ တိုးတက်မှုနှုန်း၊ ငွေကြေးဖောင်းပွမှု၊ ကျန်းမာရေးမူဝါဒ၊ အခွန်အကောက်မူဝါဒ၊ ယင်းတို့အကြား အပေးအယူအလျှော့အတင်းလုပ်ရခြင်းများ၊ ယင်းတို့၏ သက်ဆိုင်ရာစာချုပ်စာတမ်းများ အားလုံးတို့သည် 'လူထုဘာလိုချင်သည်' ဆိုသည်နှင့် တသမတ်တည်း တထပ်ထည်းကျသည်ဟု ပြောရန်မှာ ခဲယဉ်းသည်။ ပို၍ကျယ် ကျယ်ပြန့်ပြန့်စဉ်းစားလျှင် ကိုယ်ဝန်ဖျက်ချခွင့်၊ ရာဇဝတ်မှုဆိုင်ရာမူဝါဒ၊ နိုင်ငံခြားရေးမူဝါဒနှင့် အမျိုးသားလုံခြုံရေးဆိုင်ရာပြဿနာများတွင် မူဝါဒရွေးချယ်မှု၌ လူထု၏အဓိကအကြိုက်ကို ခွဲခြား၍ အမှန်တကယ် ရွေးချယ်နိုင်ပါ၏လော ဆိုသည့်မေးခွန်းပင် ဖြစ်သည်။

အလားတူပင် လူထုအကြိုက်ကို မူဝါဒအဖြစ် ပြောင်းလဲပုံဖော်ရန်ကြိုးပမ်းတိုင်းပင် ပိုနေမြဲကျားနေမြဲ အခြေအနေက လွှမ်းမိုးနေမြဲဖြစ်သည်။ မလွှဲမရှောင်သာပင် လူထုအနေဖြင့်လည်း ၎င်းတို့၏ ဆင်ခြင်သိဖြင့် ၎င်းတို့လိုချင်သောမူဝါဒ၏ အနှစ်သာရနှင့် အရေးပါမှုကို ပုံဖော်ကြည့်မြဲ ဖြစ်သည်။ ဥပမာအားဖြင့် အမေရိကန်နှင့် ဗြိတိန်နိုင်ငံတို့ရှိ အမျိုးသားကျန်းမာရေးမူဝါဒ ဆိုပါစို့။ တစ်နိုင်ငံချင်းစီရှိ မူဝါဒများမှာ အလွန်ပင်ကွဲပြားခြားနားသဖြင့် မတူကွဲပြားသော အစပြုမှုများဖြင့် ချမှတ်ကြရသည်။ ဝင်ငွေကွာခြားမှုအဆင့်အတန်းနှင့် လူမှုဖူလုံရေးခံစားခွင့်များ လွှဲပြောင်းပေးရာတို့တွင် နိုင်ငံတစ်ခုနှင့်တစ်ခုမတူ အလွန်ကွဲပြားခြားနားသည်။ အလားတူပင် ငွေကြေးဖောင်းပွမှုအဆင့်အတန်းနှင့် အစိုးရ၏သာမန်သုံးငွေစာရင်းမှာလည်း ကွဲပြားခြားနားကြသည်။ ဤအခြေအနေအချက်အလက်များကို မစဉ်းစားပဲ ပြည်သူ့အကြိုက်ကို ရရှိရန်မှာ အလွန်ပင်ခဲယဉ်းသည်။

ဒုတိယပြဿနာမှာ ထိန်းချုပ်မရသည့်အခြေအနေများနှင့် စနစ်၏ပြင်ပမှဝင်ရောက်လာသော ပြဿနာများ၏ အကျိုးသက်ရောက်မှုပင် ဖြစ်သည်။ အကြိုက်နှင့်မူဝါဒ ဆက်သွယ်ချက်ကို အကဲဖြတ်ရန်ကြိုးပမ်းမှုတွင် ဤအခြေအနေများသည် အမှန်ပင် အလွန်ကြီးလေးသည်။ မူဝါဒချမှတ်သူများ မထိန်းချုပ်နိုင်သည့် ဆက်စပ်အခြေအနေများမှာ အထူးပင်များပြားသည်။ အထူးသဖြင့် ရေတိုအခြေအနေတစ်ရပ်တွင် ဖြစ်သည်။ ဤအခြင်းအရာများတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ထုတ်လုပ်မှုစွမ်းရည်၊ လူသားနှင့် သဘာဝအရင်းအမြစ်များ ဖြည့်ဆည်းနိုင်မှု၊ လူမှုဆိုင်ရာလူဦးရေပညာ၊ နိုင်ငံတကာကုန်သွယ်ရေးနှင့် အကူအညီတို့အပေါ် မှီခိုနေရသည့် အတိုင်းအတာ၊ နိုင်ငံနယ်နမိတ်ပြင်ပတွင် ဖြစ်ပွားနေသည့်အချက်အလက်များအရ ပေါ်ပေါက်လာသော ရေတိုစီးပွားရေးအတက်အကျအပြောင်းအလဲများ၊ ဗျူရိုကရေစီစနစ်၏ စွမ်းဆောင်ရည်စသည်ဖြင့် များမြောင် ထွေပြားလှသည်။ ဤသို့ များမြောင်ရှုပ်ထွေးသည်နှင့်အမျှ လူထုထံ တုန့်ပြန်မှုအကောင်းဆုံး တုန့်ပြန်လိုသည့်ဆန္ဒအရှိဆုံး မူဝါဒချမှတ်သူများအတွက်ပင်လျှင် ဆင်းရဲမွဲတေမှုလျှော့ချရေး၊ သက်ကြီးရွယ်အိုစောင့်ရှောက်ရေး၊ စာတတ်မြောက်မှုနှုန်းမြင့်မားရေး၊ အလုပ်လက်မဲ့များကိုပြန်လည်သင်တန်းပေးရေး၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို ထောက်ပံ့ရေး စသည်ဖြင့် လူထုလိုအပ်မှုသမျှကို ပြည်သူ့မူဝါဒအဖြစ် ပြောင်းလဲချမှတ်နိုင်ရေးမှာ ခက်ခဲလှသည်။

လူထုက ပြည်သူ့မူဝါဒများကို ချမှတ်မည်လော၊ မည်သည့်အတိုင်းအတာအထိ ချမှတ်မည်ဆိုသည်ကို သိနိုင်ရန် လူထုအကြိုက်ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ တိုင်းတာရန်လိုအပ်သည်။ အထက်တွင်ဖော်ပြခဲ့သည့် မိမိကိုယ်တိုင်ထိန်းချုပ်ခြင်းငှာ မစွမ်းသာသည့် အခြေအနေများ၊ ပြောင်းလဲရန်ခက်ခဲသည့် အခြေအနေများအားလုံးကို ထည့်သွင်းစဉ်းစားနိုင်မည့်၊ ကျယ်ကျယ်ပြန့်ပြန့်စိစစ်နိုင်မည့် ပုံစံတစ်ခုကို အသုံးပြုကြရမည်။ (မူဝါဒချမှတ်သူများအနေဖြင့်

မည်သည့်အကြောင်းအချက်များက မိမိထိန်းချုပ်၍မရသော အကြောင်းအချက်များ၊ မည်သည့်အရာများက သတ်မှတ်ထားသောအချိန်ကာလတခုအတွင်း ပြောင်းလဲနိုင်သည် ဆိုသည်များကို ခွဲခြားရန်မှာ တကယ့်စိန်ခေါ်မှုကြီးဖြစ် သည်။ )

လူမှုဖူလုံရေးနှင့် ပညာရေးတို့တွင် တစ်ဦးကျအသုံးစရိတ်အရ ချမ်းသာသောနိုင်ငံက ဆင်းရဲသောနိုင်ငံထက် နှစ်ဆပိုသုံးသည်ကိုကြည့်ပြီး ထိုချမ်းသာသောနိုင်ငံကို လူထုထံပို၍ တုံ့ပြန်မှုရှိသည်ဟု ယူဆ၍ မရပေ။ ထိုဆင်းရဲသောနိုင်ငံနှင့် ချမ်းသာသောနိုင်ငံ နှစ်နိုင်ငံစလုံးမှ ပြည်သူများက လူမှုဖူလုံရေးနှင့် ပညာရေးပေါ်လစီများ ညီမျှစွာလိုချင်သည်ဟု ပြောသည့်တိုင်အောင် ထိုသို့ပြော၍ မဖြစ်ပါ။ အမှန်စင်စစ် အစိုးရများ၏ မတူသောစွမ်းဆောင်ရည်များကို ထည့်သွင်းစဉ်းစားခဲ့မည် ဆိုပါလျှင် ဆင်းရဲသောနိုင်ငံကပင် ချမ်းသာသောနိုင်ငံထက် ဤအချက်တွင် သာသေးသည်။

ထိုအချက်ကြောင့်ပင် မူဝါဒများ၏ အထွက်ရလဒ်များကို တိုင်းပြည်အလိုက် နှိုင်းယှဉ်ကြည့်၍ ဒီမိုကရေစီနည်းကျ တုန့်ပြန်ဆောင်ရွက်မှု၏ ညွှန်းကိန်းများအဖြစ် တိုင်းတာခြင်းသည် အလွန်ပင် သံသယဖြစ်စရာကောင်းသည်၊ တကမ္ဘာလုံးရှိပြည်သူများက စီးပွားရေးဖွံ့ဖြိုးတိုးတက်စေချင်သည်ဟု ပြောသည့်တိုင်အောင် ထိုသို့ တိုင်းပြည်အလိုက် နှိုင်းယှဉ်ခြင်းသည် သံသယဖြစ်စရာကောင်းပါသည်၊ ထိုသို့ တုန့်ပြန်ဆောင်ရွက်မှုကို တိုင်းတာစိစစ်ချင်သည်ဆိုလျှင် ထူးခြားဆန်းသစ်သော ပြည်သူ့မူဝါဒလေ့လာရေးနည်းစနစ်များ ရေးဆွဲချမှတ်ရမည်။ နိုင်ငံရေးပါတီများကို လူထုက မည်သည့်အတိုင်းအတာအထိ၊ မည်သည့်အဆင့်အထိ ထောက်ခံမှုရှိသည်ကို ထိုလေ့လာရေးတွင် ထည့်သွင်းစဉ်းစားရမည်။ ကိန်းရှင်အများပါသည့်ပုံစံဖြင့် စိစစ်သည့်နည်းစနစ်ကို အသုံးချရမည်။ မူဝါဒချမှတ်သူက ထိန်းချုပ်ခြင်းငှာမစွမ်းသာသည့်အချက်များကို မည်ကဲ့သို့ ကြိုးပမ်းထိန်းချုပ်မည် ဆိုသည်ကို ထည့်သွင်းစဉ်းစားရမည်။

တတိယပြဿနာမှာ လူထု၏ ရေတိုနှင့် ရေရှည်အကြိုက်များ ဖြစ်သည်။ စူစန်စတုတ် Susan Stokes က ဤကိစ္စရပ်ကို ၁၉၈၀လွန်နှစ်များအတွင်း လက်တင်အမေရိကတိုက်တွင် ချမှတ်ခဲ့သော စီးပွားရေးပေါ်လစီများနှင့်စပ်လျဉ်း၍ မဲပေးသူပြည်သူက အပ်နှင်းသော ‘လုပ်ပိုင်ခွင့်’ **mandate** ဆိုသည့်ပြဿနာကို ပြင်းပြင်းထန်ထန် တင်ပြဆွေးနွေးခဲ့သည်။ ထိုအချိန်က လက်တင်အမေရိကတိုက်ရှိ ရွေးကောက်ခံသမတလောင်း အားလုံးလိုလိုက ၎င်းတို့၏ မဲဆွယ်မိန့်ခွန်းကတိများတွင် ဈေးကွက်စီးပွားရေးစနစ် ပြုပြင်ပြောင်းလဲမှုများလုပ်ရန်နှင့် ခက်ခဲပြင်းထန်သော စီးပွားရေးအဆောက်အအုံဆိုင်ရာထိန်းညှိမှုများကို ရှောင်ရှားပြောကြားခဲ့ကြသည်။ သို့သော် ၎င်းတို့အာဏာရသည်နှင့်တပြိုင်နက် ၎င်းတို့၏မဲဆွယ်တရားပွဲများတွင် တိုက်ခိုက်ပယ်ချခဲ့ကြသော ‘လစ်ဘရယ်ဝါဒသစ်’ စီးပွားရေးနှင့် ဘဏ္ဍာရေးပေါ်လစီများကို အလျင်အမြန်ပင် ပြောင်းလဲချမှတ်ကျင့်သုံးခဲ့ကြသည်။ ဤသို့လုပ်ရခြင်းသည် ပြည်သူတို့၏ အမှန်တကယ်အကျိုးစီးပွားအတွက် လုပ်ရပါသည်ဟု အကြောင်းပြချင်ပြ၍ ရနိုင်ပါသေးသည်ဟု စတုတ်က ပြောကြားခဲ့သည်။ အခြေအနေအချက်အလက်တချို့တွင် မဲဆန္ဒရှင်ပြည်သူများက နောက်ရွေးကောက်ပွဲတွင် ထိုပေါ်လစီများကို ထောက်ခံခြင်းသော်လည်းကောင်း ကန့်ကွက်ခြင်းသော်လည်းကောင်း လုပ်နိုင်ပါသည်။ ရေတိုအားဖြင့် ဤသို့ ‘အပြောတမျိုးအလုပ်တမျိုး’ နည်းပရိယာယ်သည် ဒီမိုကရေစီနည်းကျ တုန့်ပြန်ဆောင်ရွက်မှု၏ အရည်အသွေးကျဆင်းစေလိမ့်မည်ကို စိုးရိမ်ရပါသည်။ စတုတ်၏ စိစစ်လေ့လာမှုက တုန့်ပြန်ဆောင်ရွက်မှုတစ်ခုတည်းကိုကြည့်၍ ပြည်သူ့အကျိုးကို ဆုံးဖြတ်ခြင်းနှင့် ရွေးကောက်ပွဲတခုတည်းဖြင့် အစိုးရပေါ်လစီကို အဆုံးအဖြတ်ပေးရန်မှာ မဖြစ်နိုင်ကြောင်း သတိပေးလျှက်ရှိသည်။

## ကွင်းဆက်တစ်ခုစီကို ဖျက်ဆီးခြင်း

အဓိကအယူအဆသဘောထားအခက်အခဲအချို့နှင့် သဘောတရားရေးငြင်းခုံမှုများကို အထက်တွင် တွေ့ရှိလေ့လာရပြီးနောက် ယာယီအဖြေတချို့ကို ရရှိခဲ့ကြပြီ။ နောက်လာမည့် ကွင်းဆက်များကို မည်သည့်အခြေအနေ မည်သည့်အပြုအမူများက ချိုးဖျက်ပစ်လိုက်နိုင်မည်ဆိုသည်ကို ယခုအခါ စဉ်းစားနိုင်ရန် ဖြစ်သည်။ ထိုစဉ်းစားမှုများကို အောက်ပါပုံ၏ အထက်ဘက်တခြမ်းတွင် 'အဖျက်အမှောင့်များ' အဖြစ် အနှစ်ချုပ် တင်ပြထားပါသည်။

| | တည်ဆောက်မှုဆိုင်ရာ ရွေးချယ်မှုများ | အဆောက်အအုံများ ပေါင်းစည်းခြင်း | မူဝါဒရေးဆွဲခြင်း |
|---|---|---|---|
| အဖျက်အမှောင့်များ | သတင်းများကိုထိန်းချုပ်ထားခြင်း<br>ရွေးချယ်ခွင့်အကန့်အသတ်<br>ပါတီများဗလုံးဗထွေးနိုင်မှု | ဆန္ဒမဲနှင့်အမတ်နေရာ<br>ပုံယွင်းမှု<br>ဆန္ဒမဲနှင့် အုပ်ချုပ်မှုပုံယွင်းမှု<br>ပါတီပြောင်းခြင်း<br>မတိုးသာမဆုတ်သာ၊<br>အမိန့်ဒီကရီအသုံးပြုခြင်း | အပြောတမျိုးအလုပ်တမျိုး<br>အကန့်အသတ်ခြစားခြင်း |
| အထောက်အပံ့ပြု<br>အခြေအနေများ | ပညာရေး၊ စာနယ်ဇင်း၊<br>ပါတီများ၏တည်ငြိမ်သော<br>ယှဉ်ပြိုင်မှု<br>တမျိုးသားလုံးဆွေးနွေးကြခြင်း | ပါလီမန်ပြည်သူ့ဆက်ဆံရေး<br>ပါတီများယုတတ္တိတန်မှု<br>ခြိုင့်သောမူဝါ' ရေးဆွဲခြင်း | ပါတီအလိုက်တာဝန်ခံမှု<br>အလျားလိုက်တာဝန်ခံမှု<br>ဗျူရိုကရက်များ၏<br>စွမ်းဆောင်ရည် |

### တည်ဆောက်မှုဆိုင်ရာရွေးချယ်မှုများ

ပြည်သူများ၏ရွေးကောက်ပွဲဆိုင်ရာရွေးချယ်မှုတွင် အဓိကအဖျက်အမှောင့်ကြီး (၃)ခုရှိသည်။ ယင်းတို့မှာ (၁)တိကျသောသတင်းအချက်အလက်များရယူရာ သုံးသပ်ရာတွင် နိုင်ငံသားတို့၏ အရည်အချင်းနှင့်စိတ်ဆန္ဒမှာ ချို့ယွင်းချက်ရှိသည်။ (၂)တမျိုးသားလုံးဆိုင်ရာမူဝါဒများနှင့် ပတ်သက်လာလျှင် ပါတီများမှာ ယုတ္တိမတန်လှ။ (၃)အခြားရွေးချယ်စရာများ အကန့်အသတ်ရှိခြင်းတို့ဖြစ်သည်။

နိုင်ငံသားတို့၌ သတင်းအချက်အလက်များစုဆောင်းခွင့် အခွင့်အလမ်းရှိသည့်တိုင်အောင် ထိုအခွင့်အလမ်းကို အခွင့်ကောင်းမယူနိုင်သည့်အခြေအနေမျိုး ဖြစ်နိုင်သည်။ (အထူးသဖြင့် ပညာရေးနှင့် စာတတ်မြောက်မှုရေချိန်နိမ့်ကျသောနိုင်ငံမျိုးတွင်) သို့တည်းမဟုတ် သတင်းရင်းမြစ်များကို အစိုးရက ထိန်းချုပ်ထားခြင်းသော်လည်းကောင်း၊ လူတန်းစားအရ၊ ဒေသအရ၊ တိုင်းရင်းသားလူမျိုးစုအရ လွှမ်းမိုးထားသော အုပ်စုများ ပုဂ္ဂိုလ်များက ထိန်းချုပ်ထားခြင်းသော်လည်းကောင်း ဖြစ်နိုင်သည်။

နိုင်ငံရေးပါတီများအနေဖြင့် အနည်းဆုံးအားဖြင့် အဖျက်အမှောင့်နှစ်မျိုးနှင့် ပတ်သက်နေနိုင်သည်။ ပထမအချက်မှာ ယုတ္တိတန်လွယ်ကူရှင်းလင်းသည့် တမျိုးသားလုံးဆိုင်ရာ မူဝါဒအစီအစဉ်များချပြရာတွင် နှေးကွေးနိုင်ခြင်းဖြစ်သည်။ ဒေသခံအီလစ်(ရေပေါ်ဆီ)များမှ အချက်အလက်များကိုသာ စုဆောင်းခြင်းဖြင့် အချိန်ကုန်နေနိုင်သည်။ နိုင်ငံလုံးဆိုင်ရာပါတီများက အင်အားချည့်နဲ့၊ စည်းရုံးဖွဲ့စည်းမှုညံ့ဖျင်းနေပြီး ဒေသခံရွေးကောက်ခံကိုယ်စားလှယ်များ၏ ကိုယ်ရေးကိုယ်သွေးက လွှမ်းမိုးနေသည့်အခြေအနေမျိုးလည်း ဖြစ်နိုင်သည်။ ဤအခြေအနေတွင် လူထုအကြိုက်ကို ရွေး

ကောက်ပွဲများမှတဆင့် အဆောက်အအုံဆိုင်ရာပေါင်းစည်းမှုမျိုးကို ကိုးစားနိုင်လောက်သောပုံစံဖြင့် တည်ဆောက်ရန်မှာ အကန့်အသတ်များ ရှိလာသည်။ ပါတီများ ပေါင်းလိုက်ကွဲလိုက်ဖြစ်နေသည့် မတည်ငြိမ်သော နိုင်ငံရေးအခြေအနေတစ်ရပ်တွင် နိုင်ငံသားများအနေဖြင့် ရှုပ်ထွေးမှုများ ဖြစ်လာသည်။ တချိန်တည်းတွင် သို့တည်းမဟုတ် သီးခြားအခြေအနေတစ်ရပ်တွင် သြဇာကြီးသော သမတ သို့မဟုတ် အပြောကောင်းအဟောကောင်းသော နိုင်ငံရေးပါတီခေါင်းဆောင်တစ်ယောက်က ရွေးချယ်မှုဖြစ်စဉ်တွင် လွှမ်းမိုးနေနိုင်သည်။ ထိုသြဇာဖြင့် အန္တရာယ်ရှိသောပြဿနာကြီးများကို အာရုံမပြုမိအောင် ဖုံးကွယ်ထားနိုင်သည်။ ဤကဲ့သို့သော အခြေအနေမျိုးတွင် နိုင်ငံရေးပါတီများရရှိသော ဆန္ဒမဲဝေစုမှာ အကြီးအကျယ် အတက်အကျ အပြောင်းအလဲများနိုင်သည်။ လက်တင်အမေရိကနှင့် ကွန်မြူနစ်စနစ်မှ လွတ်မြောက်စနိုင်ငံများတွင် ထိုအခြင်းအရာကို လေ့လာသူတို့ သတိပြုမိခဲ့ကြပြီး ဖြစ်သည်။ ထိုနိုင်ငံမျိုးတွင် ပြည်သူလူထုအနေဖြင့် ၎င်းတို့၏အကြိုက်များကို ဆန္ဒမဲမှတဆင့် ဖော်ပြရန် အခက်အခဲရှိသည်။ ဖော်ပြပါအချက်အလက်များအားလုံးမှာ ၎င်းတို့ကိုယ်တိုင်အနေဖြင့် အဆုံးအဖြတ်ပေးနိုင်သည့် ညွှန်ကိန်းများ မဟုတ်ကြပါ။ သို့သော် သဘောတရားရေးနှင့် လက်တွေ့လေ့လာချက်များအရ အဆိုပါအခြေအနေများသည် ဒီမိုကရေစီနည်းကျတုန့်ပြန်ဆောင်ရွက်မှု၏ သံကြိုးကွင်းဆက်ကို ဖြတ်တောက်ပစ်နိုင်သောအရာများ ဖြစ်သည်။ ရွေးချယ်မှုတည်ဆောက်ရေးကို အဖျက်အမှောင့် လုပ်နိုင်သည့် 'အနီရောင်' များလည်း ဖြစ်သည်။

**အဆောက်အအုံများပေါင်းစည်းခြင်း**

အမျိုးမျိုးသော အဆောက်အအုံဆိုင်ရာအစီအစဉ်များမှာ ထိုကဲ့သို့ မတူကွဲပြားသော အဖျက်အမှောင့်လုပ်ငန်းများကို ခံနိုင်ရည်မရှိပေ။ (ပါလီမန်စနစ်ဖြစ်စေ၊ သမတအုပ်ချုပ်ရေးဖြစ်စေ) အများစုဆန္ဒမဲစနစ်တွင် အဆင့်တစ်ဆင့်တည်းပါ ရွေးချယ်တင်မြှောက်ပွဲများမှ တင်မြှောက်လိုက်သော အင်အားကြီးသည့် အစိုးရလက်ထဲတွင် အာဏာများ စုပုံရောက်ရှိနေတတ်သည်။ ထိုအဖျက်အမှောင့်အားမှာ မကြာခဏဆိုသလိုပင် ဆန္ဒမဲနှင့် ရလဒ်ဆက်သွယ်မှု၌ သချာဆိုင်ရာပုံယွင်းမှုကို ဖြစ်ပေါ်စေသည်။ တခါတရံ ဤအခြင်းအရာကို ရွေးကောက်ပွဲစည်းမျဉ်းစည်းကမ်းများတွင်ပါရှိသည့် ပထဝီဝင်ဆိုင်ရာပြန့်ချက် အပြန်အလှန်ဆက်စပ်မှုတွင် တွေ့မြင်နိုင်သည်။ မတော်တဆပင်ဖြစ်စေ၊ တမင် 'လိုသလို နယ်နိမိတ်သတ်မှတ်' gerrymandering လုပ်ထားသည်ဖြစ်စေ အတူတူပင် ဖြစ်သည်။ အချို့သောဖြစ်ရပ်များတွင် ပြဿနာမှာ 'ညှိနှိုင်းခြင်းမရှိမှု' ကြောင့် ဖြစ်လာရသည်။ ပါတီအများအပြား ရွေးကောက်ခံကိုယ်စားလှယ်အများအပြားက ရာထူးနေရာ တစ်နေရာ ရွေးကောက်ခံနေရာတစ်နေရာတည်းအတွက် စုပြုံတိုးနေခြင်းမျိုးဖြစ်သည်။ အစဉ်အလာအတိုင်းအတာဖြစ်သော ရရှိဆန္ဒမဲနှင့် ရွေးကောက်ခံနေရာ အချိုးမညီခြင်းက ဤပြဿနာကို အမြွက်မျှ ဖော်ပြနေသည်။ (လူထုဆန္ဒမဲ ၄၀% သာ ရသော အာဏာရပါတီက ပါလီမန်တွင် အမတ်နေရာ ၆၅% ရထားခြင်းက အကောင်းဆုံးဥပမာဖြစ်သည်။) ထက်ဝက်ကျော် ထောက်ခံဆန္ဒမဲ မရသူကလည်း ရွေးကောက်ပွဲတွင် အနိုင်ရနိုင်သည်။ ထိုသို့နိုင်သူများ အားလုံးကို ပျှမ်းမျှအခြေအနေထက်သာသည့် အနိုင်ရသူများဟု မပြောနိုင်ပါ။ နိုင်ငံရေးပါတီများ (သို့တည်းမဟုတ် ညွန့်ပေါင်းအဖွဲ့များ)၏ ရည်တည်ချက်သဘောထားများကို ၎င်းတို့ တစ်ပါတီနှင့်တစ်ပါတီ တစ်အုပ်စုနှင့် တစ်အုပ်စုသော်လည်းကောင်း၊ ပျှမ်းမျှလူထုနှင့်သော်လည်းကောင်း ပုံစံချကြည့်နိုင်မည်ဆိုလျှင် အောက်ပါအချက်ကို တွေ့ရမည်။ ရရှိသောဆန္ဒမဲအရ အလယ်အလတ်ပါတီ ပျှမ်းမျှပါတီဟု အဓိပ္ပါယ်သတ်မှတ်ထားခြင်းခံရသော ပါတီများသည် အဆိုပါ ဆန္ဒမဲနှင့် အနိုင်ရနေရာ ပုံယွင်းမှုအရ ပါလီမန်တွင် ပျှမ်းမျှနေရာ

ပျှမ်းမျှပါတီ အလယ်ဗဟိုပါတီနေရာမျှကိုပင်မရဘဲ တားဆီးခံထားရသည်ကို တွေ့ရမည်။ လိုသည်ထက်ပိုသော နိုင်ငံရေးပါတီများက မဲဆန္ဒရှင်အုပ်စုတခုတည်းကိုပင် ဦးတည်မဲဆွယ်နေလျှင် အချိုးမညီသော ညှိနှိုင်းမှုမရှိခြင်းကို တဖန်ပြန်လည်မြင်တွေ့ရမည်။ ဤနည်းဖြင့် ပျှမ်းမျှလူထုကို ကိုယ်စားမပြုနိုင်သော အစိုးရတစ်ရပ် ရွေးကောက်တင်မြှောက်ခံရနိုင်သည်။ အလားအလာရှိသောအများစုမဲကို ခွဲပစ်ပြီး ထိုသို့အနိုင်ရလာခြင်း ဖြစ်သည်။ ဤသို့သာမဖြစ်လျှင် ထိုရပ်တည်ချက်သဘောထားတစ်ခုတွင် ထိုအများစုအုပ်စုတစ်ခုလုံးသည် တညီတညာတည်း ရှိကြလိမ့်မည်။ 'ကွန်ဒိုးဆက်နည်းဖြင့် အနိုင်ရသူ (မဲလွှဲပြောင်းပေးသည့်နည်း)' သည်လည်း ရှုံးနိုင်သည်။ ဆိုလိုသည်မှာ ပါတီတစ်ခုအတွင်း သို့တည်းမဟုတ် ရွေးကောက်ခံကိုယ်စားလှယ်များအတွင်း မည်သည့်ပြိုင်ဘက်ကိုမဆို ထိပ်တိုက်သာရင်ဆိုင်ရလျှင် အလဲထိုးအနိုင်ယူနိုင်သည့်သူသည်လည်း ရွေးကောက်ပွဲတွင် ရှုံးနိုင်ခြင်းဖြစ်သည်။ ဂျိုးဇက်ကိုလိုမား Joseph Colomer ပြောခဲ့သလို 'ကွန်ဒိုးဆက်နည်းဖြင့်ရှုံးသူ' သည်လည်း နိုင်နိုင်သည်။

အချိုးကျစနစ်က အများစုစနစ်ထက်သိသိသာသာကွဲပြားခြားနားသည်။ နိုင်ငံရေးပါတီအများ ပါဝင်လာနိုင်သည်။ ရွေးကောက်ပွဲတွင် အနိုင်ရမဲများဖြင့် အုပ်ချုပ်မှုအာဏာအပ်နှင်းရာတွင် တဆင့်ထက်ပိုသောစနစ်ကို အသုံးပြုသည်။ ရွေးကောက်ပွဲအပြီး ပါတီများအကြားနှင့် အဆောက်အအုံများအကြား အပေးအယူလုပ်ခြင်းမှာ ထိုစနစ်၏ ထင်ရှားသော အမှတ်အသားတစ်ခု ဖြစ်သည်။ ရွေးကောက်ပွဲအတွက် ညှိနှိုင်းခြင်းမှာ အများစုစနစ်တွင်ကဲ့သို့ အရေးမကြီးပေ။ အများစုစနစ်တွင် မဲအများဆုံးရသည့်သူက နိုင်သည့်စနစ် first-past-the-post ဖြစ်ရာ အချိုးကျစနစ်တွင် ထိုသို့ အရေးမကြီးခြင်း ဖြစ်သည်။ သို့သော် ပါတီအများအပြား ပါဝင်ယှဉ်ပြိုင်လျှင်၊ သို့တည်းမဟုတ် လူထုမဲအပြောင်းအလဲအမှတ် (အနိုင်ရရန်လိုအပ်သောအနည်းဆုံးအရေအတွက်)မှာ များနေပြန်လျှင်လည်း ပြဿနာရှိပြန်သည်။ ဤဖြစ်ရပ်ကို အရှေ့ဥရောပကွန်မြူနစ်နိုင်ငံများ ပြိုလဲသွားပြီးမကြာမီ ဖြစ်ပေါ်ခဲ့သော ရွေးကောက်ပွဲများတွင် မြင်တွေ့နိုင်သည်။ အချိုးကျ ရလဒ်စနစ်နှင့် နှိုင်းယှဉ်ချက်အရ မူဝါဒချမှတ်ခွင့်အာဏာစုစည်းထားသောစနစ်တို့ကို ပေါင်းစပ်ထားသည့်ပုံစံတွင် အီလစ်(ရေပေါ်ဆီ)အဆင့်တွင် အဆိုပါ အဖျက်အမှောင့်ခြိမ်းခြောက်မှု ရှိနေသည်။ အီလစ်များသည် ယင်းတို့အချင်းချင်းအကြား ညှိနှိုင်းတိုင်ပင်မှုများ ပြုလုပ်ကြလိမ့်မည်။ သူတို့လုပ်ပုံလုပ်နည်းများမှာ မဲဆန္ဒရှင်ပြည်သူများနှင့် သဘောတရားဆရာများအတွက် အခက်ကြုံစရာ၊ မျှော်လင့်မထားသော အရာများဖြစ်နေလိမ့်မည်။ ရွေးကောက်ခံကိုယ်စားလှယ်များ ပါတီတစ်ခုမှတစ်ခုသို့ ခြံခုန်ကြခြင်းသည်လည်း မဲဆန္ဒရှင်ပြည်သူများ၏ ယုံကြည်မှုကို ပျက်ပြားစေပြီး လက်ညှိုးထိုးစရာလည်း ဖြစ်သည်။ ဒီမိုကရေစီနည်းကျတုံ့ပြန်ဆောင်ရွက်မှုကို အာမခံစေသည့် ကွင်းဆက်တစ်ခုကိုလည်း အလားတူ ပျက်စီးစေသည်။

အီလစ်ညွန့်ပေါင်းအဖွဲ့များကို ဥပဒေပြုအလယ်ဗဟိုမှကင်းကွာ၍ အံ့ဖွယ်တည်ဆောက်နိုင်သည်။ အခြားဖြစ်ရပ်များတွင် အီလစ်မတိုးသာမဆုတ်သာအခြေအနေကို သွက်ချာပါဒလိုက်စေပြီး ကက်ဘိနက်အဖွဲ့မတည်ငြိမ်မှုများ ဖြစ်ပေါ်လာနိုင်သည်။ မူဝါဒချမှတ်ခွင့်အာဏာကို မျှဝေထားခြင်းက အဆိုပါပြဿနာကို ဟန့်တားပိတ်ပင်ထားခြင်း မပြုနိုင်ပါ။ ထိုပဋိပက္ခသည် အာဏာအဆောက်အအုံများအကြား ပြောင်းလဲရောက်ရှိဖြစ်ပေါ်နေသမျှ ထိုသို့တားဆီးဟန့်တားထားခြင်း မပြုနိုင်ပေ။ သမတစနစ်ကျင့်သုံးသောနိုင်ငံများတွင်တွေ့ရသည့် ဥပဒေပြုအာဏာနှင့် အုပ်ချုပ်မှုအာဏာတို့အကြား ဖြစ်ပွားသောအာဏာလွန်ဆွဲပွဲသည် အကောင်းဆုံးဥပမာ ဖြစ်သည်။ သမတက ဥပဒေပြုအာဏာပိုင်အဖွဲ့ကို မဖြတ်သန်းဘဲ အမိန့်ဒီကရီများထုတ်ပြန်၍ အုပ်ချုပ်မည်။

သမတကို စိတ်ပျက်နေသော ဥပဒေပြုအာဏာပိုင်အဖွဲ့ကလည်း သမတကို ပြစ်တင်စွပ်စွဲ၍ ဖြုတ်ချရန်လုပ်မည်။ မည်သည့်အခြင်းအရာတွင်မဆို ဤကဲ့သို့ဖြစ်လာလျှင် ဒီမိုကရေစီနည်းကျ တုန့်ပြန်ဆောင်ရွက်မှုဆိုသည်ကို သံသယဖြစ်ဖွယ်ဖြစ်လာကြလိမ့်မည်။ ထပ်မံပြောရလျှင် ဤအခြေအနေတစ်ခုကမျှ ယင်းတို့ကိုယ်တိုင်အနေဖြင့် တုန့်ပြန်ဆောင်ရွက်မှုကို အဖျက်အမှောင့်လုပ်နိုင်သည် မဟုတ်ပေ။ သို့သော် စိုးရိမ်ပူပန်ရပေသည်။

**ပေါ်လစီရေးဆွဲခြင်း**

အထက်တွင်ဆွေးနွေးခဲ့သည့် 'အပြောတမျိုး အလုပ်တမျိုး' နည်းပရိယာယ်အပြင် ရှင်းလင်းလွယ်ကူသော ခြစားမှုကလေးတစ်ခုတည်းကပင်လျှင် မူဝါဒအကောင်အထည်ဖော်ခြင်းကို အတားအဆီးအနှောက်အယှက်ပြုနိုင်သေးသည်။ လျာထားသောရံပုံငွေများ အခိုးခံလိုက်ရသည်ဆိုလျှင် ဆောက်လုပ်ပေးပါမည်ဟု ကတိပြုထားသောလမ်းကို တည်ဆောက်ပေးနိုင်တော့မည် မဟုတ်ပေ။ သို့သော် ပို၍ဒွိဟဖြစ်စေသော အသွင်သဏ္ဌာန်တစ်ရပ်မှာ အလွန်အကျူးပြုလုပ်သော အထူးအကျိုးစီးပွား၏ဩဇာသက်ရောက်မှု သို့တည်းမဟုတ် ဆွယ်တရားဟောရသည့် စည်းရုံးရေးလုပ်ငန်းများပင်ဖြစ်သည်။ စည်းရုံးနေသော ရာထူးလက်ရှိပုဂ္ဂိုလ်များသည် 'လိုလိုလားလား' ရှိကောင်းရှိပါလိမ့်မည်။ သို့သော် ဒီမိုကရေစီစနစ်အလုပ်ဖြစ်နေသော နိုင်ငံအနည်းငယ်၌ပင်လျှင် အထူးအကျိုးစီးပွားကိစ္စ သို့မဟုတ် မင်းကပ်စိုးမြှောင်များကြောင့် ပြဿနာများ ပေါ်ပေါက်ခဲ့ရသည်။ နောက်ဆုံးအားဖြင့် ပေါ်လစီရေးဆွဲရာ၌ မျှော်မှန်းချက်ကြီးကြီးထား၍ရေးဆွဲခဲ့လျှင် အကန့်အသတ်များ ပေါ်ပေါက်လာပြီး ရိုးသားသောရာထူးရှိပုဂ္ဂိုလ်များပင် ယင်းတို့၏ တုံ့ပြန်ဆောင်ရွက်မှုကို ပြသရာ၌ အနှောက်အယှက် အဟန့်အတားများ ဖြစ်ပေါ်လာနိုင်သည်။ လုံလောက်စွာ မဖွံ့ဖြိုးသေးသော ပြုရှိကရေစီစနစ်နှင့် လုံခြုံရေးအဖွဲ့အစည်းများကြောင့်လည်း ကြီးမားသောပြည်တွင်းအကန့်အသတ်များ ပေါ်ပေါက်လာစေနိုင်သည်။ အလားတူ နိုင်ငံတကာအကြောင်းအချက်များဖြစ်သော ကမ္ဘာ့စီးပွားရေးအခြေအနေများ၊ သို့မဟုတ် ပြည်ပဖိအား စသည်တို့ကလည်း ကတိပြုထားသော မူဝါဒများကို ပြင်ဆင်ပြောင်းလဲရန် ဖိအားပေးနိုင်သည်။ ဤသို့ဖြင့် ပင်ကိုယ်ရည်ရွယ်ထားသော ရလဒ်များသည် တမျိုးတဖုံပြောင်းလဲသွားရပေသည်။

ဤသို့ ကတိမတည်ဖြစ်ရခြင်းအတွက် တရားဝင်အကြောင်းပြစရာများ ရှိနိုင်ပါသည်။ ယေဘူယျအားဖြင့် ယင်းအကြောင်းပြချက်တို့ကို လက်ခံနိုင်ပါသည်။ သို့သော် ယင်းအကြောင်းပြချက်များနှင့်အတူ အကြီးအကျယ်ခြစားခြင်းများ၊ မင်းကပ်စိုးမြှောင်တို့၏အန္တရာယ်တို့ကိုလည်း မူဝါဒရေးဆွဲသူများ တုန့်ပြန်ဆောင်ရွက်မှုကို ပျက်စီးစေသည့် 'အနီရောင်' ညွှန်ကိန်းများအဖြစ် မှတ်သားထားရမည်။ ပြည်သူလူထု၏လိုလားချက်ကို မူဝါဒရည်မှန်းချက်အဖြစ်ထားရှိသောကိစ္စရပ်များ၌ မူဝါဒ၏တိုက်ရိုက်အထွက်ရလဒ် မအောင်မြင်ခဲ့သည့်ကိစ္စမျိုးတွင် ယင်းတို့ကို အကဲဖြတ်ရန် သာ၍ပင် ခက်သေးသည်။ တူညီသောစီးပွားရေးအခြေအနေရှိသည့် ရွေးချယ်ထားသောနိုင်ငံများကို နှိုင်းယှဉ်လေ့လာရာ၌ အလားတူကိစ္စရပ်များအတွက် သတိပေးချက်စံအမှတ်ကို ရရှိနိုင်သည်။

## ကွင်းဆက်ကိုခိုင်ခံ့အောင်လုပ်ခြင်း

ယေဘူယျပြောရလျှင် လွတ်လပ်မှု၊ တန်းတူညီမျှမှု၊ ဒေါင်လိုက်နှင့်အလျားလိုက် တာဝန်ခံမှု၊ တရားဥပဒေစိုးမိုးမှုစသည့် အခြားသော ဒီမိုကရေစီစနစ်အရည်အသွေး၏ အတိုင်းအတာများမှာ

ဒီမိုကရေစီနည်းကျတုံ့ပြန်ဆောင်ရွက်လိုမှုကို အထောက်အကူပြုနိုင်သောအရည်အချင်းများ ဖြစ်ပါသည်။ ယင်းတို့အပြင် ကွင်းဆက်တစ်ခုစီကို ခိုင်ခံ့အောင်လုပ်ပေးနိုင်သည့် အခြားအခြေအနေအချက်အလက်များရှိပါသေးသည်။ အထက်ဇယားပါ အောက်ပိုင်းတစ်ခြမ်းတွင် ယင်းအထောက်အကူပြုအခြေအနေများကို ပြထားပါသည်။

လွတ်လပ်၍တက်ကြွသောမီဒီယာ၊ ပညာတတ်နိုင်ငံသားများ၊ တမျိုးသားလုံးအဆင့် စဉ်းစား ပြောဟောနိုင်သောပါတီများ စသည်တို့ကလည်း လူထု၏အသိရေချိန်ကို မြှင့်တင်ပေးနိုင်ပြီး တုန့်ပြန်ဆောင်ရွက်မှုကို ပိုမိုအဓိပ္ပါယ်ရှိအောင် လူထု၏အကြိုက်ဆိုသည်ကို ပိုမိုယုတ္တိတန်အောင် ဆောင်ရွက်ပေးနိုင်ပါသည်။ တုန့်ပြန်ဆောင်ရွက်မှုနှင့်သင့်မြတ်သော နိုင်ငံရေးအခြေအနေကောင်းတစ်ရပ် မည်သို့ဖြစ်ထွန်းပေါ်ပေါက်လာခဲ့သည်ကို မသိနိုင်ပေ။ သို့သော် ပါတီအလိုက်ယှဉ်ပြိုင်ခြင်းသည် ထိုပုံရိပ်၏တစိတ်တပိုင်း ဖြစ်ပါသည်။ ထို့ကြောင့်ပင် ရွေးကောက်ပွဲစည်းမျဉ်းများရေးဆွဲရာ၌ ဒေသန္တရဝါဒ၊ ပါတီများဗဟိုချုပ်ကိုင်မှုလျော့ချရေး စသည်တို့ကို အားမပေးခြင်း ဖြစ်ပါသည်။ ပါတီသစ်များဝင်ရောက်လာရေးတွင် အတားအဆီးကိုလျှော့၍ နှိမ့်ချပေးထားခဲ့လျှင် ပါတီစုံစနစ်ကို လူထု၏ဆန္ဒအား အလေးထားရန် အထောက်အပံ့ဖြစ်စေနိုင်ပါသည်။ တချိန်တည်းတွင် တစုံတရာ တည်ငြိမ်သော မဲပေးမှုပုံစံရှိခဲ့လျှင် (ပါတီသစ်များအတွက် အထောက်အကူဖြစ်စေသော ပုံစံဖြစ်ရန်မလိုပါ) လူထုအနေဖြင့်လည်း ရွေးချယ်စရာ ပိုရလာပြီး ယင်းတို့၏ ရွေးချယ်တင်မြှောက်ပွဲအတွက် ရွေးစရာများလည်း ပိုလာနိုင်ပါသည်။

ရွေးချယ်တင်မြှောက်ပွဲနယ်နိမိတ်များကို မျှတစွာရေးဆွဲထားသည့် စည်းမျဉ်းများ၊ အဖွဲ့အစည်းအဆောက်အအုံများရှိခဲ့ပါလျှင် အဆောက်အအုံများပေါင်းစည်းရေး၌ အထောက်အကူဖြစ်စေနိုင်ပါသည်။ ခရိုင်တစ်ခုတွင် တောင့်တင်းခိုင်မာသော ရွေးကောက်ခံပါတီအရေအတွက်သည် ရွေးကောက်ခံကိုယ်စားလှယ်အရေအတွက် အပေါင်းတစ်ထက် မပိုစေသင့်ပေ။ သင့်တင့်မျှတစွာ နှိမ့်ချပေးထားသော အခြေပြောင်းလူထုမဲဆန္ဒသတ်မှတ်ချက်ရှိသည့် အချိုးကျကိုယ်စားလှယ်စနစ်သည် မျှတပြီးပုံယွင်းမှုမရှိသောကိုယ်စားပြုမှုကို ဖြစ်ပေါ်စေနိုင်ပါသည်။ (မတူသောလူမှုအခြေအနေများက ရွေးကောက်ပွဲစည်းမျဉ်းများကို မျှော်မှန်းမထားသောနည်းလမ်းများဖြင့် တုံ့ပြန်မှုများဖြစ်ပေါ်စေနိုင်ပါသည်။ မည်သို့ပင်ဖြစ်စေ စနစ်နှစ်မျိုးကို ရောနှောကျင့်သုံးသော အရှေ့နှင့်အလယ်ဥရောပနိုင်ငံများကို လေ့လာကြည့်နိုင်ပါသည်။) တမျိုးသားလုံးဆိုင်ရာ တိမ်းညွတ်မှုရှိ၍ မျှတသောအမြင်လည်းရှိသော၊ ရွေးကောက်ပွဲတိုင်းတွင်လည်း အကြမ်းဖျဉ်းအားဖြင့် တသမတ်တည်းသော မဲဆန္ဒဝေစုကိုရရှိသည့် ပါတီအရေအတွက်သည် အတော်လေးနည်းခဲ့လျှင် အပေးအယူအလျော့အတင်းပြုရန် လွယ်ကူစေပြီး တုန့်ပြန်ဆောင်ရွက်မှုကိုလည်း အထောက်အကူပြုသည်။ ဒီမိုကရေစီနည်းကျစည်းမျဉ်းများနှင့် အမျိုးသားနယ်နိမိတ်ကိုလက်ခံသည့်ပါတီများကလည်း အလားတူအထောက်အကူဖြစ်စေသည်။ အတော်အတန်ပြည့်စုံခိုင်မှုရှိသည့် မူဝါဒရေးဆွဲရေးစည်းမျဉ်းစည်းကမ်းများ (အင်အားရှိသောလွှတ်တော်ကော်မတီများနှင့် လူနည်းစုအခွင့်အရေးများရှိသော) ပါလီမန်စနစ်သည် မူဝါဒရေးဆွဲရေးဖြစ်စဉ်တွင် အချိုးကျကိုယ်စားပြုမှုကို အားပေးပါသည်။

ဒေါင်လိုက်နှင့်အလျားလိုက်တာဝန်ခံမှုကို အားပေးသည့် အဆောက်အအုံအဖွဲ့အစည်းများကလည်း တုံ့ပြန်ဆောင်ရွက်မှုရှိသည့် မူဝါဒရေးဆွဲရေးကို အားပေးမြှင့်တင်ပေးပါသည်။ အဓိက ရွေးကောက်ခံကိုယ်စားလှယ်များ၊ ပါတီများကို မီဒီယာများ အတော်အသင့် သို့တည်းမဟုတ် လက်လှမ်းမီသည့် အနိမ့်ဆုံးအဆင့် အာမခံချက်ပေးထားသည့် ဥပဒေပြဌာန်းချက်များကလည်း အလားတူ အထောက်အကူဖြစ်စေပါသည်။ ရွေးကောက်ပွဲမဲဆွယ်ရာ၌ ဘဏ္ဍာရေး အသုံးစရိတ်

ပြုပြင်ပြောင်းလဲမှုများကလည်း ပါတီများအကြား ပိုမို၍ တန်းတူရည်တူ ဖြစ်စေပါသည်။ အတော်အတန်နည်းပါးသည့်ပါတီများ ညွန့်ပေါင်းအဖွဲ့များသာ ပါဝင်ယှဉ်ပြိုင်ကြခြင်းဖြင့် ဒေါင်လိုက် တာဝန်ခံမှုကို ပိုမိုလွယ်ကူစေပါသည်။ (ဆိုလိုသည်မှာ ရွေးကောက်ခံကိုယ်စားလှယ်များက မဲဆန္ဒရှင်ပြည်သူများကို ဖြေကြားအစီရင်ခံနိုင်ခြင်း) သို့သော် ထိုအခြေအနေများ တိတိကျကျတူညီနေသည့်တိုင်အောင် အစိုးရများသည် ပျမ်းမျှနိုင်ငံသားများနှင့် မနီးစပ်ဘဲ ရှိကြသည်ကိုလည်း ရယ်စရာအဖြစ် တွေ့နေရပါသည်။ ထိုသို့ဖြစ်ရခြင်းမှာ ထူးခြားသောအကြောင်းအချက်တို့ကြောင့်လည်းကောင်း၊ ပါတီတွင်း လှုပ်ရှားတက်ကြွသူများ၏ သြဇာသက်ရောက်မှုကြောင့်လည်းကောင်း ဖြစ်ပါသည်။

အလျားလိုက်တာဝန်ခံမှု (အစိုးရအစိတ်အပိုင်းတစ်ရပ်က အခြားအစိတ်အပိုင်းတစ်ရပ်ကို ဖြေကြားအစီရင်ခံခြင်း)သည် အာဏာကိုဖြန့်ခွဲထားခြင်းမှ ပေါ်ထွက်လာသည်။ မူဝါဒရေးဆွဲရေး ဖြစ်စဉ်တွင် သတ်မှတ်ထားသော စံများ စည်းကမ်းများကို လိုက်နာခြင်းရှိမရှိ အနိမ့်ဆုံးအားဖြင့် စောင့်ကြည့်လေ့လာနိုင်ပေသည်။ တရားရုံးများ၊ ရွေးကောက်ပွဲကော်မရှင်များ စသည့် သီးခြားလွတ်လပ်သော စောင့်ကြည့်လေ့လာရေးအဖွဲ့များကလည်း ခိုင်လုံစွာခွဲဖြန့်ထားသော မူဝါဒရေးဆွဲခွင့်အာဏာကြောင့် ပိုမိုလွယ်ကူစွာ ရေရှည်တည်တံ့လာနိုင်ပါသည်။ (ဥပမာအားဖြင့် လွှတ်တော်နှစ်ရပ်ကျင့်သုံးသောနိုင်ငံများတွင် လွှတ်တော်တစ်ရပ်စီကို မတူသောအခြေခံများဖြင့် ရွေးချယ်ကြသည်။) အဆောက်အအုံအဖွဲ့အစည်းဆိုင်ရာ မတိုးသာမဆုတ်သာ အခြေအနေနှင့် လိပ်ခဲတင်းလင်းအခြေအနေများကလည်း အမှန်ပင် အန္တရာယ်ရှိပါသည်။ နောက်ဆုံးအားဖြင့် သီးခြားလွတ်လပ်သော၊ ကောင်းစွာစည်းရုံးဖွဲ့စည်းထားသော၊ လိမ္မာကျွမ်းကျင်မှုရှိသော ပြည်သူ့ဝန်ထမ်းအဖွဲ့အစည်းတစ်ရပ်ကသာ ခြစားမှုအနည်းဆုံးဖြင့် မူဝါဒများကို အကောင်အထည်ဖော်နိုင်ပါလိမ့်မည်။ ဤသို့သော ဗြူရိုကရက်တစ်အဖွဲ့အစည်းဒေါက်တိုင်ကြီးကသာ တုံ့ပြန်ဆောင်ရွက်မှုတည်းဟူသော ဗိမာန်ကြီးကို ထောက်ကန်ပေးထားပါလိမ့်မည်။ ဤသို့သောစွမ်းဆောင်ရည်ပြည့်ဝသည့် 'အမြဲတမ်းအစိုးရ' မျိုးကို ပိုမိုပညာတတ်သည့်၊ စီးပွားရေးအရဖွံ့ဖြိုးသည့်၊ ခက်ခဲရှုပ်ထွေးသည့် လူ့အဖွဲ့အစည်းတွင်သာ တည်ဆောက်ရန် ပိုမို လွယ်ကူပါလိမ့်မည်။

## ဒီမိုကရေစီနည်းကျ တုန့်ပြန်ဆောင်ရွက်မှုကိုတိုင်းတာခြင်း

တခါတရံ အလွန်သိရခက်သော ဒီမိုကရေစီနည်းကျတုန့်ပြန်ဆောင်ရွက်မှု၏ အရည်အသွေး ဆိုသည်ကို တိုင်းတာရန်ပေတံမှာ အလွန်ပင် ထိတ်လန့်တုန်လှုပ်ဖွယ် ဖြစ်သည်။ အကြောင်းမှာ အယူအဆမျိုးစုံရောယှက်၍ ခက်ခဲလှခြင်း၊ ကြောင်းကျိုးပြကွင်းဆက်ယန္တရားတစ်ရပ်ကို ထူထောင်ရန် လိုနေသေးခြင်း၊ ပြည်သူ့သဘောထားကို လက်တွေ့ကျကျနှိုင်းယှဉ်လေ့လာထားမှု မရှိသေးခြင်း၊ ပါတီများ၏အဆက်အစပ်၊ ဥပဒေပြုအဖွဲ့၏မူဝါဒရေးဆွဲခြင်း တို့ကြောင့် ဖြစ်သည်။ ထို့အပြင် သဘောတရားနှင့် စံကျကျလေ့လာခြင်းတို့အကြား ဤပြဿနာအပေါ် အငြင်းပွားမှုကလည်း ပိုဆိုးစေပါသည်။ ဤသို့အားဖြင့် ဒီမိုကရေစီနည်းကျတုန့်ပြန်ဆောင်ရွက်မှုကို ကျယ်ကျယ်ပြန့်ပြန့် အများဆိုင်နှိုင်းယှဉ်လေ့လာမှုနည်းပါးခြင်းသည်လည်း မတော်တဆမှုတစ်ခု မဟုတ်ပေ။ အထက်ပါအကြောင်းအချက်များကို ရှင်းလင်းလွယ်ကူအောင်လုပ်၍ လေ့လာလျှင် တိုင်းပြည်အလိုက် စိစစ်မှုများလုပ်ရန် လမ်းပွင့်သွားပေလိမ့်မည်။ ဤသို့လုပ်ခြင်းသည် ဒီမိုကရေစီနည်းကျတုန့်ပြန်ဆောင်ရွက်မှုကို အများဆိုင်နှိုင်းယှဉ်လေ့လာနိုင်အောင် လုပ်ပေးသည်သာမကဘဲ အခြား

ရွေးချယ်စရာနည်းလမ်းများကိုလည်း ရှာဖွေစစ်ဆေးနိုင်ပါသည်။ မည်သည့်ချဉ်းကပ်မှုမှမဆို ရရှိလာသော ကောက်ချက်များအပေါ်တွင်လည်း ယုံကြည်မှုရှိလာနိုင်သည်။

ဒီမိုကရေစီနည်းကျတုန့်ပြန်ဆောင်ရွက်မှုကို စံကျကျလေ့လာသည့် ကြောင်းကျိုးပြကွင်းဆက်အပြည့်အစုံကို အထက်ပါပုံတွင်ပြခဲ့ပြီးဖြစ်သည်။ လူထုအကြိုက်ကို ရွေးကောက်ပွဲမှတဆင့်ဖေါ်ပြ၊ ထို့နောက် မူဝါဒရေးဆွဲ မည့်သူကို ရွေးချယ်၊ မူဝါဒရေးဆွဲ စသည့်အဆင့်များ ဖြစ်သည်။ တိုင်းပြည်အတော်များများကို နှိုင်းယှဉ်လေ့လာနိုင်သောပုံစံကို တင်ပြခြင်းဖြစ်သည်။ လူထုအကြိုက်ဆိုသည်ကို တိုင်းပြည်ချင်း မျှမျှတတလေ့လာနိုင်သည့် သင့်တော်သောပုံစံများ မရှိသေးခြင်းသည်လည်း အခက်အခဲတစ်ရပ် ဖြစ်သည်။ အထူးသဖြင့် တိုင်းပြည်တစ်ခုချင်းတွင် လိုအပ်ချက်နှင့် အကြိုက်များ ကွဲပြားခြားနားနေခြင်းကြောင့် ဖြစ်သည်။ ထို့ကြောင့်ပင် တိုင်းပြည်ချင်း နှိုင်းယှဉ်လေ့လာနိုင်သည့် အကောင်းဆုံးပုံစံကို ဖွံ့ဖြိုးပြီးနိုင်ငံများ အထူးသဖြင့် အနောက်ဥရောပ နိုင်ငံများအတွက်သာ တွေ့ရခြင်း ဖြစ်သည်။ ထိုနိုင်ငံများတွင် အများလက်ခံနိုင်သည့် လက်ဝဲ လက်ယာ ဟောပြောချက်များ အရံသင့်ရှိနေခြင်းကလည်း နှိုင်းယှဉ်လေ့လာမှုကို ပိုမိုလွယ်ကူစေသည်။

တုန့်ပြန်ဆောင်ရွက်မှုကို နှိုင်းယှဉ်လေ့လာမှု၏ ကနဦးစိစစ်ချက်များကို အထက်တွင် တင်ပြခဲ့သည့် 'အနီရောင်' အဖျက်အမှောင့် အမှတ်အသားများကိုအသုံးပြုလျှင် ဖြစ်နိုင်ဖွယ်ရှိသည်။ ထိုအမှတ်အသားများမှာ ကွင်းဆက်တလျှောက် အဆင့်တိုင်းတွင် ပေါ်ပေါက်လာနိုင်သည်။ အဆိုပါသံသယများသည် ကိစ္စရပ်တစ်ခုချင်းစီကို အထူးအာရုံပြု စိစစ်ရန် သတိပေးလိမ့်မည်။ အလုမ်းကျယ်သော်လည်း ဖြစ်နိုင်ခြေရှိသောကိစ္စတစ်ခုမှာ ဇယားတွင် ဖေါ်ပြထားခဲ့သည့် အဓိက 'အဖျက်အမှောင့်' လုပ်ရပ်များကို အညွှန်းများ လုပ်ထားရန်ပင် ဖြစ်သည်။ အထက်ပါအချက်များထဲမှ ဥပမာ သတင်းအချက်အလက်များကို ထိန်းချုပ်ထားခြင်းနှင့် ခြစားခြင်းတို့ဆိုလျှင် ပုံစံတစ်မျိုးဖြင့် အသင့်ရှိနေပြီး ဖြစ်သည်။ အခြားအချက်များဖြစ်သော ဆန္ဒမဲနှင့် အနိုင်ရနေရာ ပုံယွင်းမှု၊ မဲများသော်လည်း ရှုံးသူ၊ ပါတီများခြံခုန်ခြင်း စသည်တို့ကိုလည်း အတန်အသင့် လွယ်ကူစွာ ရရှိနိုင်ပါသည်။ ကျန်အချက်များဖြစ်သည့် ကွန်ဒိုးဆက်နည်းဖြင့် အနိုင်ရသူနှင့် အပြောတမျိုး အလုပ်တမျိုး မူဝါဒရေးဆွဲခြင်း တို့အတွက်မူ ပိုမိုခက်ခဲပြီး အနည်းဆုံးအားဖြင့် အခြားကျွမ်းကျင်သူတို့၏ ကွင်းဆင်းလေ့လာမှုများ ထပ်မံလိုအပ်ပါလိမ့်ဦးမည်။ သို့သော် လက်ရှိလေ့လာမှုများက ယင်းတို့ကို မည်သို့ဆောင်ရွက်နိုင်သည်ဆိုသည်ကို မူအရ ပြထားပြီး ဖြစ်သည်။ ဆိုခဲ့သော အညွှန်းကိန်းများရသည်နှင့် တပြိုင်နက် ယင်းတို့ကို နည်းလမ်းအသွယ်သွယ်ဖြင့် ပေါင်းစည်းပြီး တုန့်ပြန်ဆောင်ရွက်မှုပျက်သုဉ်းခြင်းဟု အများကသမုတ်သော အခြင်းအရာများကို လေ့လာရန် စုပေါင်းနည်းလမ်းတစ်ခုကို ရရှိနိုင်ပြီဖြစ်သည်။ အခြားနည်းလမ်းတစ်သွယ်မှာ ကြောင်းကျိုးပြကွင်းဆက်၏ ကျိုးပေါက်မှုများကို စာရင်းလုပ်ရန်အတွက် ကျွမ်းကျင်သူတို့၏ လေ့လာချက်စစ်တမ်းတရပ်ကို ပြုလုပ်စေပြီး ယင်းတို့က ပွင့်ပွင့်လင်းလင်းမေးမြန်းရန် ဖြစ်သည်။ ယူဆချက်များကို အလွန်အကျူး ရိုးစင်းလွယ်ကူအောင်လုပ်သည့် ချဉ်းကပ်မှုလည်း ရှိသေးသည်။ ပြည်သူအားလုံးသည် မူဝါဒရလဒ်များကို တူညီစွာအလိုရှိကြသည်ဟု အလွယ်တကူ လက်ခံထားပြီး အမျိုးသားရေး ဆောင်ရွက်ချက်များသည် ယင်းရလဒ်များနှင့် ကိုက်ညီမှုရှိမရှိ စစ်ဆေးခြင်း ဖြစ်သည်။ လွတ်လပ်မှု၊ ညီမျှမှု၊ တရားဥပဒေစိုးမိုးမှုတို့အပြင် ဒီမိုကရက်တစ်နိုင်ငံ၏ နိုင်ငံသားအားလုံးသည် စီးပွားရေးအရ စွမ်းဆောင်ရည်ရှိမှု တစုံတရာကိုလည်း လိုချင်နိုင်သည်ဟု ယူဆနိုင်ပါသည်။ လိုအင်ဆန္ဒနှင့် အကန့်အသတ်ဆိုသည်မှာ ကနဦးစီးပွားရေးအခြေအနေများနှင့်လည်းကောင်း၊ နိုင်ငံတကာအခြေအနေများနှင့်လည်းကောင်း သက်ဆိုင်၍ ယင်းတို့ကို တည်မှီပြီး အပြောင်းအလဲများ ရှိနိုင်သည်ဆိုသည်မှာ ရှင်းလင်းလှပါသည်။ ထို့ကြောင့် ဥပမာအား

ဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတစ်ခုတည်းကို နှိုင်းယှဉ်ခြင်းသည် အလွန်အကျူးရိုးစင်းလွန်း၍ အဖြေမှားများကိုသာ ပေးလိမ့်မည်။ သို့သော် လူဦးရေပုံစံအရလည်းကောင်း၊ စီးပွားရေးပုံရိပ်အရ လည်းကောင်း အတော်အသင့်တူညီသည့် နိုင်ငံများကို စုစည်းပြီး ရည်ညွှန်းအုပ်စုတစ်ခုလုပ်၍ ရနိုင်ပေလိမ့်မည်။ ထိုနိုင်ငံများသည် တူညီသော အကန့်အသတ်နှင့် လိုအပ်ချက်များကို ရင်ဆိုင်ရ မည့် နိုင်ငံများဟု ယေဘူယျအားဖြင့် ယူဆနိုင်ရမည်။ ဤသို့ဖြင့် မူဝါဒအကောင်အထည်ဖော်နိုင်မှု၏ အဓိကညွှန်ကိန်းများကို အုပ်စုတွင်းရှိ အခြားနိုင်ငံများနှင့် နှိုင်းယှဉ်လေ့လာနိုင်ပေမည်။ ဤချဉ်းကပ် နည်းတွင်လည်း အန္တရာယ်တစုံတရာရှိပါသည်။ မတူသောနိုင်ငံများရှိ မတူသောပြည်သူများတွင် အပေးအယူလုပ်ခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် အလုပ်အကိုင်၊ တန်းတူညီမျှမှုနှင့် ဖွံ့ဖြိုး တိုးတက်မှုတို့တွင် မတူညီသည့် အကြိုက်များ ရှိနိုင်သည်။ အခြားအန္တရာယ်တစ်ရပ်လည်းရှိသည်။ ပိုမိုရှုပ်ထွေးသောပုံစံတွင် နိုင်ငံများ၏ပုံရိပ်၌ မူဝါဒအကောင်အထည်ဖော်မှု၏ စီးပွားရေးပုံစံမှာ အကန့်အသတ်များကို လုံလောက်စွာ မဆုပ်ကိုင်မိခြင်းမျိုး ဖြစ်နိုင်ပါသည်။

တုန့်ပြန်ဆောင်ရွက်မှုကိုလေ့လာရာ၌ ရိုးရှင်းပြီးစိတ်ချရသောပုံစံမှာ နိုင်ငံသားတို့၏ ကိုယ်ပိုင်အကဲဖြတ်ချက်များကို ၎င်းတို့၏ ဒီမိုကရေစီစနစ်အားတိုင်းတာရန် ကိုက်တံအဖြစ် အသုံးချရေးပင် ဖြစ်သည်။ အများစု၏ထောက်ခံမှု ရထားသော မူဝါဒများကို မူဝါဒရေးဆွဲသူများက အမှန်တကယ်လိုက်နာကျင့်သုံးမှုရှိမရှိ နိုင်ငံသားတို့အား တိုက်ရိုက်မေးမြန်းနိုင်ရန် လေ့လာချက် စစ်တမ်း မေးခွန်းလွှာများ ပြုစုနိုင်သည်။ (မေးခွန်းလွှာများမှာ တစ်ဦးချင်းစီ၏ အစွမ်းကိုသာ အာရုံပြုရမည်ဖြစ်ပြီး ဖြေဆိုသူများအား အတင်းအစ်အောက်မေးမြန်းခြင်းမျိုး မဖြစ်ရန် အရေးကြီး သည်။) အလွန်အမင်း ဖွံ့ဖြိုးပြီးဖြစ်သည်ဆိုသောနိုင်ငံများမှ ပညာတတ်ဆိုသူများပင်လျှင် ၎င်းတို့ နိုင်ငံများမှ မူဝါဒရေးဆွဲရေးဖြစ်စဉ်၏ ရှုပ်ထွေးပွေလီမှုကို အသေအချာ သိကြသည်မဟုတ်ပေ။ တုံ့ပြန်ဆောင်ရွက်မှုဇယားပါ အချက်အလက်များကိုလည်း ၎င်းတို့အနေဖြင့် စဉ်းစားမိမည် မဟုတ် ပေ။ တစ်ချို့က မပြည့်စုံသော အချက်အလက် အထောက်အထားများကို ကိုးကား၍ ယေဘူယျခြုံငုံ ပြောလိမ့်မည်။ သို့မဟုတ် ပါတီစွဲဖြင့် စစ်ထုတ်ထားသောအမြင်များကို ၎င်းတို့၏ အကဲဖြတ်ချက် များအဖြစ် ပြောကြလိမ့်မည်။ သို့သော် ထိုအရာများအနက် မည်သည်ကမျှ စိုးရိမ်ဖွယ် အန္တရာယ် မရှိပေ။ ဒီမိုကရေစီစနစ်အရည်အသွေးနှင့်စပ်လျဉ်း၍ အကြမ်းဖျဉ်းခြားနားချက်များကို ရှာဖွေနိုင် သည်ဆိုလျှင်ပင် လုံလောက်ပေသည်။ တုန့်ပြန်ဆောင်ရွက်မှုကွင်းဆက်၏ စံတင်နိုင်မည့် ဆိုးရွားသော ကျိုးပျက်မှုများကို တွေ့ရှိသည်ဆိုလျှင်ပင် စိတ်ဝင်စားဖွယ် ဖြစ်သည်။ သို့ဖြင့် ရရှိဆန္ဒမဲနှင့် အနိုင်ရ နေရာပုံယွင်းမှု၊ ရွေးကောက်ပွဲမဲဆွယ်ကာလ ကတိများကို အများအပြားချိုးဖောက်ခြင်း၊ အနှံ့အပြား ခြစားခြင်း၊ တမျိုးသားလုံးဆိုင်ရာမူဝါဒပါတီများတွင် ယုတ္တိတန်လောက်အောင်မရှိခြင်း၊ စသည်တို့ကို နိုင်ငံသားများက ဝေဖန်ဆန်းစစ်လာနိုင်ပေမည်။ ဤသို့ဖြင့် အဆိုပါ သံကြိုးကွင်းဆက်၏ မည်သည့် အစိတ်အပိုင်းတွင် တင်းမာနေသည်၊ ကျိုးပျက်နေသည်ဆိုသည်ကို တွေ့လာနိုင်ပါသည်။

အခြားအလွန်နီးစပ်သောချဉ်းကပ်မှုလည်း ရှိသည်။ လူထုဆန္ဒသဘောထားကောက်ခံမှု များ ကျယ်ကျယ်ပြန့်ပြန့်ပြုလုပ်ရန် မေးခွန်းလွှာများလည်း ပြုစုရန်မလိုဘဲ အလွယ်တကူအသင့်ရှိ နေပြီးဖြစ်သော မေးခွန်းများဖြင့် လူထုအား ၎င်းတို့၏ နိုင်ငံအသီးသီးတွင် 'ကျင့်သုံးလျက်' ရှိသော ဒီမိုကရေစီစနစ်ကို မည်သို့ထင်မြင်သနည်း ဆိုသည့်အချက်ကို လေ့လာဆန်းစစ်နိုင်ပါသည်။ တုန့်ပြန်ဆောင်ရွက်မှုသံကြိုးကွင်းဆက်တွင် ကျိုးပျက်နေမှုများရှိပါက လူထုသည် ထိုကျိုးပျက်မှုများ ကို အနှုတ်လက္ခဏာဆောင်သော တုံ့ပြန်မှုလုပ်ကြလိမ့်မည်ဟု ယူဆနိုင်ပါသည်။ ဤတိုင်းတာချက် များကိုသုံး၍ မတူသောပုံစံအမျိုးမျိုးဖြင့် လက်တွေ့ကျသော လေ့လာမှုများကို ဆောင်ရွက်ပြီးစီးခဲ့ပြီး

ဖြစ်ပါသည်။ ဤလေ့လာချက်များကို ဆန်းစစ်ချက်များအရ နိုင်ငံသားများအနေဖြင့် ဒီမိုကရေစီစနစ်ကိုယ်တိုင်၏ ပင်ကိုယ်တန်ဘိုးများဆိုသည်ထက် အဖွဲ့အစည်းအဆောက်အအုံများအပေါ် ၎င်းတို့၏အမြင်ကိုသာ ထင်ဟပ်ဖြေဆိုခဲ့ကြသည်ကို တွေ့ရှိရသည်။

ဒီမိုကရေစီနည်းကျတုန့်ပြန်ဆောင်ရွက်မှုအပေါ် ဤသဘောတရားရေးအယူအဆများနှင့်အညီ လူထုက အကဲဖြတ်ချက်များ ပြုလုပ်ခဲ့သည် မပြုလုပ်ခဲ့သည်ဆိုသည်ကိုမူ မသိနိုင်ပေ။ တုံ့ပြန်ဆောင်ရွက်မှုကို ဖျက်လိုဖျက်ဆီးလုပ်နေသော ခြိမ်းခြောက်နေသော ပြဿနာကြီးများကို မတူသောနိုင်ငံများရှိ ပြည်သူများက ခြားနားသော နည်းလမ်းများဖြင့် တုံ့ပြန်ခဲ့သည်ဆိုလျှင် လက်ခံနိုင်ဖွယ် ဖြစ်ပါသည်။ လိုချင်စရာပင် ကောင်းပါ သေးသည်။ သို့သော် အန္တရယ်ရှိသည်မှာ 'တုန့်ပြန်ဆောင်ရွက်မှု'ကို လုံးလုံးလှည့်မကြည့်ဘဲ ယင်းနှင့်အညီမဟုတ်ဘဲ ဒီမိုကရေစီ၏အရည်အသွေးကို အကဲဖြတ်ကြမည့်အရေး ဖြစ်ပါသည်။ ဤသို့ဖြင့် တရားဥပဒေစိုးမိုးမှု၊ တာဝန်ခံမှု၊ တန်းတူမှု၊ သို့မဟုတ် အခြားတိုင်းတာချက်များဖြင့်သာ ဖြေဆိုကြလိမ့်မည်။ သို့တည်းမဟုတ် တုန့်ပြန်ဆောင်ရွက်မှုကို ပြဿနာကြီးတရပ်အဖြစ်၊ ဆွေးနွေးစရာအခြင်းအရာတစ်ခုအဖြစ် သတိပြုမိကောင်းပြုမိပါလိမ့်မည်။ သို့သော် ပြည်သူတို့အတွက် ပုဂ္ဂလိကလုံခြုံမှု၊ သာယာဝပြောမှု စသည်တို့ကဲ့သို့ ချက်ချင်းလက်ငင်း စိုးရိမ်ပူပန်ဖွယ်ရာ ဖြစ်မည် မဟုတ်ပေ။ ကျယ်ကျယ်ပြန့်ပြန့် စပ်ဆိုင်လှသည်ဟုလည်း ထင်မြင်လိမ့်မည်မဟုတ်ပေ။

ဒီမိုကရေစီ၏အနှစ်သာရနှင့် အလွန်နီးစပ်ပြီး အကြောင်းပြစရာတစ်ခုလည်းဖြစ်သော တုန့်ပြန်ဆောင်ရွက်မှု အယူအဆကို နှိုင်းယှဉ်ရန်နှင့် ခွဲခြမ်းစိတ်ဖြာစိစစ်ရန် ခက်ခဲနေခြင်း မဖြစ်သင့်ပေ။ လတ်တလောတွင် ယခုထက်ပို၍ ရှင်းလင်းလွယ်ကူသော ချဉ်းကပ်နည်း နှစ်ခုဖြင့် လေ့လာမည်ဖြစ်သည်။

ပထမနည်းမှာ မူဝါဒ၏ ခိုင်လုံသောအနှစ်သာရဆိုသည်ကို မစဉ်းစားဘဲ ဒီမိုကရေစီစနစ်ကွင်းဆက်၏ဖြစ်စဉ်ကိုသာ အာရုံစိုက်လေ့လာမည် ဖြစ်သည်။ ဥပမာအားဖြင့် မဲပေးမှုရလဒ်များသည် ရွေးကောက်ပွဲရလဒ်များနှင့် မည်မျှကိုက်ညီမှုရှိသည်ကို ရှင်းရှင်းလင်းလင်း ကြည့်နိုင်ပါသည်။ လူထုမဲပိုရသူ ရွေးကောက်ခံရ၏လော? ရှုံးသွားသော အာဏာလက်ရှိပုဂ္ဂိုလ် ရာထူးမှ နုတ်ထွက်သွားပါသလား? ဤသို့ အလွယ်တကူ အသင့်ရှိနေပြီးဖြစ်သော ရရှိဆန္ဒမဲ ရရှိနေရာအရေအတွက် စသော ကိန်းဂဏန်းအချက်အလက်များဖြင့် အလွယ်တကူစစ်ဆေးကြည့်ရှု နှိုင်းယှဉ်လေ့လာနိုင်ပါသည်။ ဤပြဿနာကြီးများကို သုတေသနပြုခြင်းသည် သင့်တော်ပြီး အသုံးဝင်ပါသည်။ သို့သော် မလုံလောက်ပေ။ လုပ်ထုံးလုပ်နည်းပေါ်တွင်သာ အာရုံစိုက်လွန်းခြင်းဖြင့် ဒီမိုကရေစီနည်းကျတုန့်ပြန်ဆောင်ရွက်မှု၏ အဓိကကျသော ပြဿနာကြီးများကို မမြင်ဘဲ မျက်စေ့လျှမ်းသွားစေနိုင်ပါသည်။ ဥပမာ–မဲများပြန့်ကွဲမှုကြောင့် လူထုအများစု၏ဆန္ဒနှင့်ဆန့်ကျင်ကာ အစွန်းရောက် ပြင်းထန်သည့် လူ့အဖွဲ့အစည်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများလုပ်မည်ဟု ကြွေးကြော်ထားသူက လူထုမဲအများဆုံးရသူ ဖြစ်လာနိုင်သည်။ တခဲနက်ရွေးချယ်ခံရသော အစိုးရက ရွေးကောက်ပွဲ မဲဆွယ်ကတိများကို လစ်လျူရှုလိုက်ပြီး ပြည်သူ့ဘဏ္ဍာငွေများကို တရားဝင်ခိုးယူခွင့် ရရှိသွားသည်။ ဒီမိုကရေစီနည်းကျတုန့်ပြန်ဆောင်ရွက်မှု ဆိုသည်မှာ လုပ်ထုံးလုပ်နည်းများသက်သက်နောက်သို့သာ လိုက်နေရန်မဟုတ်၊ လူထုလိုချင်သည်ကို လုပ်ဆောင်ပေးရန်ကသာ အရေးကြီးသည်။

ဒုတိယနည်းလမ်းမှာ မြင်ကွင်းတစ်ခုလုံးကိုသော်လည်းကောင်း၊ ပြဿနာအားလုံး၏ ကွင်းဆက်များကိုသော်လည်းကောင်း လေ့လာရန် မကြိုးစားဘဲ အပြုသဘောဆောင်သော ချိတ်ဆက်အချို့ကိုသာ ရှာဖွေခြင်း ဖြစ်သည်။ အမှန်နှင့်မနီးစပ်သောစံများသတ်မှတ်ပြီး ရရှိလာသော

အောင်မြင်မှုအချို့အပေါ် နှစ်သိမ့်ကျေနပ်နေတာမျိုး ဖြစ်နိုင် ပါသည်။ အဖျက်အမှောင့်များကို ဂရုပြု လေ့လာရမည့်အစား ဤသို့ ကျေနပ်နှစ်သိမ့်နေခြင်းမျိုး ဖြစ်သည်။ သို့သော် သံကြိုးကွင်းဆက်၏ အရေးပါသော ကျိုးပျက်မှု မည်သည့်နေရာတွင် ကျိုးပျက်နေသည်ဆိုသည်ကို လျစ်လျူရှုခြင်းသည် တုန့်ပြန်ဆောင်ရွက်မှုပြဿနာ၏ အတိမ်အနက်ကို အမှန်တကယ်ပင် ပေါ့လျော့စေပါသည်။ ရွေးကောက်ပွဲမဲဆွယ်ကာလတွင် ရှိခဲ့သောပြဿနာများကို မထည့်သွင်းဘဲ ရရှိမဲနှင့် အနိုင်ရနေရာတည်း ဟူသော ချိတ်ဆက်ကလေး ကွက်ကွက်ကိုသာ ကြည့်ခြင်းသည် မည်သို့မျှ အရေးပါခြင်း မရှိပေ။ ရွေးကောက်ပွဲမဲဆွယ်ကာလတွင် အာဏာရနေသူတို့က ၎င်းတို့လက်သပ်မွေး တပည့်လူဆိုးများကို သောင်းကျန်းစေခဲ့ခြင်းကြောင့်လည်း ထိုသို့ အနိုင်ရသွားခြင်းမျိုး ဖြစ်နိုင်ပါသည်။ တခုတည်းသော ပြဿနာအပေါ်သာအာရုံစိုက်လွန်းခြင်းသည် ပြဿနာကြီးတစ်ခုဟု မဆိုနိုင်ပေ။ (သို့ဖြစ်၍ စီးပွားရေးစွမ်းဆောင်ရည်ကိုသာ အလေးပေးရန် အာသီသများ ပေါ်လာခြင်း ဖြစ်သည်။) သို့ဖြင့် မူဝါဒရေးဆွဲသူများကို ၎င်းတို့အကြိုက်များကိုသာ ရွေးချယ်ရေးဆွဲစေရန် ခွင့်ပြုသကဲ့သို့ ဖြစ်သွားသည်။ လူထုကို ပေးခဲ့သောကတိများအပေါ် အခြေခံခြင်း မဟုတ်တော့ပေ။

ဤအကြောင်းများကြောင့် တစ်ခုထက်ပိုသော၊ ဆက်စပ်အခြေအနေ ထိရှလွယ်သည့် အစီအစဉ်များပါသော လုပ်ထုံးလုပ်နည်းများ၊ ကုံလုံသော အတွင်းသားအနှစ်သာရ၊ လူထုကို ဆန်းစစ်ဝေဖန်အကဲဖြတ်မှုတို့ပါဝင်သည့် ပိုမို ခက်ခဲရှုပ်ထွေးသော သုတေသနအစီအစဉ်တစ်ခုကို ဖေါ်ထုတ်ကြပါရန် အကြံပြုပါသည်။ ဤသို့ ရည်မှန်းချက်ကြီးသော တောင်းဆိုချက်များသော သုတေသနအစီအစဉ်အပေါ် စိတ်မရှည်နိုင်ကြသည်ကို နားလည်နိုင်ပါသည်။ သို့သော် ထိုသို့ သုတေသနမှ ရရှိလာမည့် အဖိုးတန် အသီးအပွင့်များကိုမူ မျက်ခြေမပြတ်ရန် လိုအပ်ပါသည်။။ ထိုသုတေသနသည် ဒီမိုကရေစီထွန်းသစ်စနိုင်ငံများရှိ ဒီမိုကရေစီစနစ်အရည်အသွေး၏ အတိုင်းအတာများကို နှိုင်းယှဉ်ဖေါ်ပြနိုင်စေရုံသာမက၊ ဒီမိုကရေစီစနစ်ကိုယ်တိုင်၏ သဘောသဘာဝဘောင်အတွင်း တည်ရှိနေသော ဖြစ်နိုင်ခြေများ၊ အကန့်အသတ်များကိုလည်း ပိုမိုသဘောပေါက် နားလည်လာနိုင်ပါလိမ့်မည်။

❖ ❖ ❖ ❖ ❖

## ဒီမိုကရေစီစနစ်အရည်အသွေး

# သံသယပွဲဖွယ်စကားလုံး

**မာ့က်အက်ဖ် ပလက်တနာ *(Marc F. Plattner)***

*မာ့က်အက်ဖ် ပလက်တနာသည် ဒီမိုကရေစီဂျာနယ် တွဲဘက်အယ်ဒီတာတစ်ဦးဖြစ်ပြီး၊ 'ဒီမိုကရေစီလေ့လာရေး နိုင်ငံတကာဖိုရမ်' ၏ တွဲဘက်ညွှန်ကြားရေးမှူးတစ်ဦးလည်းဖြစ်သည်။ ၎င်းမကြာခင်ကရေးသားခဲ့သည့် 'အချုပ်အခြာအာဏာနှင့် ဒီမိုကရေစီ' ဆောင်းပါးကို 'ပေါ်လစီသုံးသပ်ရေး' စာစဉ် (ဒီဇင်ဘာ ၂၀၀၃ – ဇန်နဝါရီ ၂၀၀၄) တွင် ဖော်ပြပါရှိခဲ့သည်။*

ခေတ်ပြိုင်နိုင်ငံရေးကိုလေ့လာနေသူပညာရှင်များအား ဒီမိုကရေစီအရည်အသွေးကို ဂရုပြုမိစေခဲ့သည့် စေ့ဆော်မှုများမှာ မှန်ကန်သင့်တော်၍ ကြောင်းကျိုးဆီလျော်မှုရှိသည်။ ဒီမိုကရေစီပြောင်းလဲမှု တတိယလှိုင်း မြင့်တက်လာမှုနဲ့အတူ နိုင်ငံရေးသိပ္ပံပညာရှင်များ၏ အာရုံဝင်စားမှုသည်လည်း ဒီမိုကရေစီစနစ်အသွင်ကူးပြောင်းရေးမှ ဒီမိုကရေစီစနစ်ကျစ်လစ်ခိုင်မာရေးသို့ ပြောင်းလဲလာသည်။ ဒီမိုကရေစီအစိုးရများ ပေါ်ပေါက်လာရေးကိစ္စရပ်များမှသည် ၎င်းတို့ တည်မြဲခိုင်မြဲရေးကိစ္စရပ်များဆီသို့ ရွေ့လျားလာမှုဖြစ်သည်။ သို့သော် လက်တွေ့တွင် ဒီမိုကရေစီနိုင်ငံသစ်များ၏ ကျစ်လစ်ခိုင်မာရေးအပေါ် ၎င်းတို့၏အာရုံစိုက်မှုသည်ပင် အကန့်အသတ်ပြုခံထားရသကဲ့သို့ ဖြစ်နေသည်။ ဦးစွာအားဖြင့် ယခုအခါ အချို့တတိယလှိုင်းဒီမိုကရေစီနိုင်ငံများတွင် ဒီမိုကရေစီကျစ်လစ်ခိုင်မာနေပြီဟု ဆိုနိုင်သည်။ သို့ဖြစ်၍ယင်းတို့ကို လေ့လာရန် မလိုအပ်တော့ဟု ဆိုရန်မှာမူ ခက်လှသည်။ ဒုတိယအချက်မှာ ဒီမိုကရေစီကျစ်လစ်ခိုင်မာရေးဆိုသည်မှာ အာဏာရှင်စနစ်ဆီသို့ တဖန်ပြန်လည် ဦးလှည့်မသွားရေးပင်ဖြစ်သည်ဟု မည်သို့ပင် အခိုင်အမာဆိုစေကာမူ ဒီမိုကရေစီစနစ် ကောင်းမွန်စွာလည်ပတ်နေမှသာ ရှင်သန်ရန် ပို၍အခွင့်အလမ်းရှိမည်ဟူသည့် အများနား

---

**Plattner, Marc F. A Skeptical Afterword. Journal of Democracy 15:4 (2004), 106-110.** **© National Endowment for Democracy and The Johns Hopkins University Press.** Reprinted with permission of The Johns Hopkins University Press.

လည်ထားသော အချက်ကို ပစ်ပယ်ရန် ခက်ပေသည်။ သို့ဖြစ်၍ ဒီမိုကရေစီအရည်အသွေးအပေါ် အာရုံစူးစိုက်လာမှုက ဒီမိုကရေစီဖြစ်ထွန်းစနိုင်ငံများနှင့် ဒီမိုကရေစီဖြစ်ထွန်းပြီးနိုင်ငံများကို တိုင်းတာရန် ဘုံစံနှုန်းတစ်ခုအဖြစ်လည်းကောင်း၊ ဒီမိုကရေစီစနစ်ကို တိုးတက်ခိုင်မာအောင်လုပ်ရေး နည်းလမ်း စဉ်းစားရန်အတွက်လည်းကောင်း အထောက်အကူပြုသည်။

ဤသို့ဆိုလျှင် ဒီမိုကရေစီစနစ်အရည်အသွေးဟူသည်မှာ မည်သည့်အဓိပ္ပါယ်ကို ဆိုလိုသနည်း။ အရည်အသွေးဟူသည့် စကားရပ်မှာ ရိုးစင်းစွာဆိုရသော် တစုံတရာ၏ လက္ခဏာကို ကောင်းသည် (သို့မဟုတ်) ဆိုးသည် ဟူ၍ ညွှန်းဆိုခြင်းဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် တစုံတရာနှင့်ပတ်သက်၍ ပြောကြသည့်အခါ အရည်အသွေးမြင့်မားသည် နိမ့်ကျသည် ညံ့သည် စသည်ဖြင့် ဆိုလိုခြင်း ဖြစ်သည်။ ထို့ကြောင့် အရည်အသွေးမြင့်ဒီမိုကရေစီဆိုသည်မှာ ဒီမိုကရေစီစနစ်နှင့်စပ်လျဉ်း၍ ကောင်းမွန်သောလက္ခဏာရပ်များရှိသည့် ဒီမိုကရေစီကို ဆိုလိုခြင်းဖြစ်သည်။ သို့သော် ထိုသို့ကောင်းမွန်သောအရာများဆိုသည်မှာ မည်သည်တို့နည်း။ အဖြေမှာ ဒီမိုကရေစီအား မည်သို့သောအရာဖြစ်သည်ဟု ကျွန်ုပ်တို့နားလည်ထားပုံပေါ်တွင် မူတည်သည်။

ကျွန်ုပ်တို့အား နိုင်ငံရေးအဘိဓမ္မာ၏ အနက်ရှိုင်းဆုံးနယ်ပယ်သို့ရောက်ရှိသွားစေသည့် ဤမေးခွန်းများကို အတွေ့အကြုံနိုင်ငံရေးသိပ္ပံနယ်ပယ်ဘောင်အတွင်း အလွယ်တကူ အဖြေရှာနိုင်မည် မဟုတ်ပေ။ ဤနေရာတွင် ကျွန်တော့်အနေဖြင့် တန်ဘိုးသဘောတရားမပါသည့် သိပ္ပံနည်းကျ ဒီမိုကရေစီလေ့လာရေးသက်သက်ဟူသော အချို့အယူအဆများအား ထိန်းသိမ်းနေမှုများအပေါ် စိုးရိမ်မှု မရှိပေ။ ဒီမိုကရေစီအသွင်ပြောင်းလဲမှုလေ့လာရေး နယ်ပယ်တစ်ခုလုံးသည် ဒီမိုကရေစီစနစ်၏ 'စံ' အကြိုက်များဖြင့် သက်ဝင်လှုပ်ရှားနေခြင်းဖြစ်သည်။ ကျွန်တော်အမြင်အရလည်း ဤအတိုင်းပင် ဖြစ်သည်ဟု မြင်ပါသည်။ အမှန်တကယ်တွင်မူ ကျွန်တော် စိုးရိမ်သည့်အန္တရာယ်မှာ လာရီဒိုင်းမွန်း Larry Diamond နှင့် လီယိုနာဒိုမော်လီနို Leonardo Morlino တို့က ဒီမိုကရေစီစနစ်အရည်အသွေးလေ့လာရေး၏ တိုးတက်လာသောနယ်ပယ်ခွဲဟု ခေါ်ပြီး သိပ္ပံနည်းကျအဖြစ် အလွန်အကျူး သတ်မှတ်ခြင်းဖြစ်သည်။ ယင်းတို့မှာ ပထမအချက်အားဖြင့် တိုင်းတာ၍ရသော 'ညွှန်းကိန်း'များ ရရှိနိုင်ရန် ဤပြဿနာအပေါ် ဖြစ်တည်နေသည့် များပြားရှုပ်ထွေးလှသော မေးခွန်းများကို လျှော့ချရန် တိမ်းညွှတ်မှုတစ်ရပ် ဖြစ်သည်။ ဒုတိယအချက်မှာ နိုင်ငံရေးသိပ္ပံပညာရှင်တစ်စု၏ အကြိုက်ကို အရည်အသွေး၏ ဓမ္မဓိဋ္ဌာန်ကျသောစံနှုန်းများအဖြစ် သတ်မှတ်လိုသည့် တိမ်းညွှတ်မှုဖြစ်သည်။

ယခုဂျာနယ်ပါ ဆောင်းပါးများသည် ၎င်းတို့လေ့လာအကဲဖြတ်ရန် ကြိုးပမ်းသော ဤအကြောင်းအရာ၏ ရှုပ်ထွေးပွေလီမှုကို တနည်းမဟုတ်တနည်းဖြင့် အသိအမှတ်ပြုကြသည်မှာလည်း အမှန်ပင်ဖြစ်သည်။ အထူးသဖြင့် ဒိုင်းမွန်းနှင့် မော်လီနိုတို့က 'ဒီမိုကရေစီအရည်အသွေး၏ အမျိုးမျိုးသောမျက်နှာပြင်များ၏ အပေးအယူများနှင့် တင်းမာမှုများကို အလေးထားရန်နှင့် အရာအားလုံး အကောင်းချည်း ချောချောမွေ့မွေ့မဖြစ်နိုင်ဟူ၍လည်း သတိပေးတင်ပြကြသည်။ မည်သို့ပင်ဆိုစေ မည်သူကမှ ဒီမိုကရေစီပင်ကိုယ်ရှိ အတွင်းပိုင်းတင်းမာမှုများကို အမှန်တကယ် ပြည့်စုံစွာ ရင်ဆိုင်ဖြေရှင်းနိုင်ပြီဟု ယုံကြည်၍ မရပေ။ အလားတူပင် ဒီမိုကရေစီအရည်အသွေးနှင့်စပ်လျဉ်း၍ အငြင်းပွားရန်မလိုသော စံသတ်မှတ်ချက်များကို ဖော်ထုတ်ရန် အခက်အခဲရှိနေဆဲပင်ဖြစ်သည်။ ကျယ်ကျယ်ပြန့်ပြန့်ဆိုရလျှင် ဤနေရာတွင် အခြေခံပြဿနာ နှစ်ရပ်ရှိသည်။

(၁) ခေတ်ပေါ် လစ်ဘရယ်ဒီမိုကရေစီတွင် ပဋိပက္ခဖြစ်နေသောအခြင်းအရာများဖြင့် ရှုပ်ထွေးပေါင်းစပ်ဖွဲ့တည်နေသော သဘာဝရှိသည်။

(၂) ဒီမိုကရေစီဆိုသည်မှာ *'အစိုးရပုံသဏ္ဍာန်တစ်ရပ်'* ဖြစ်ပြီး ယင်းသည် ဒီမိုကရေစီ ဖြစ်ရုံသာမဟုတ်၊ ထိရောက်စွာအုပ်ချုပ်နိုင်စွမ်းလည်း ရှိရမည်။

ဒေးဗစ်ဘီသမ် David Beetham ၏ အက်ဆေးအစတွင်ဖော်ပြထားချက်နှင့် ဆန့်ကျင်စွာဆိုရလျှင် ယနေ့ကာလတွင် ဒီမိုကရေစီဟုဆိုသည့်အခါ ကျွန်ုပ်တို့နားလည်လိုက်သော *'လစ်ဘရယ်'* ဒီမိုကရေစီနှင့် အများကအုပ်ချုပ်သည့်စနစ်ဟု (ယခင်က) ပြောဆိုကြသည့် ဒီမိုကရေစီပုံစံများအကြား ကွဲကွဲပြားပြားဖြစ်ရန်မှာ အရေးကြီးပေသည်။ ထို့ပြင် 'ဒီမိုကရေစီ' ဆိုသည့်စကားလုံးကို ရှေးခေတ်ဂရိလူမျိုးတို့ကတီထွင်အသုံးပြုခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ဂရိ မြို့ပြများကို 'ဒီမို' *demos* များက အုပ်ချုပ်ခဲ့သည်ဟုဆိုခြင်းကို ငြင်းပယ်ရန် ခက်ခဲပြန်သည်။ သို့သော် ဘီသမ်နှင့် ဆန့်ကျင်စွာဆိုရလျှင် အေသင်နိုင်ငံသားတို့ကိုယ်တိုင်သည်ပင် ယနေ့ကျွန်တော်တို့က ဒီမိုကရေစီ၏ အမှတ်အသားသင်္ကေတအဖြစ် လက်ခံနေကြသည့် လူတစ်ဦးချင်းစီ၏ အခွင့်အရေးများကို အကာအကွယ်ပေးခြင်း မရှိခဲ့ပေ။ ဤသို့ လွတ်လပ်မှုနှင့် အခွင့်အရေးတို့အပေါ် ရှေးဟောင်းအယူအဆနှင့် ခေတ်ပေါ်အယူအဆတို့လမ်းခွဲကြပုံကို အလေးဂရုပြုခဲ့သည်မှာ ဘင်ဂျမင်ကွန်စတင် Benjamin Constant တစ်ဦးတည်းမဟုတ်ပေ။ မွန်တက်စကျူ Montesquieu နှင့် *ဖက်ဒရယ်ဝါဒီ* တို့ကလည်း ရှေးဟောင်းမြို့ပြနိုင်ငံတွင် လူတစ်ဦးချင်းစီ၏ အခွင့်အရေးတို့ လုံခြုံမှုမရှိပုံကို မီးမောင်းထိုးပြခဲ့သည်။ ထို့ပြင် ၎င်းတို့ ထောက်ခံတင်ပြခဲ့သော လစ်ဘရယ်နိုင်ငံရေးအဆောက်အအုံသစ်များသည် ပြည်သူလူထု၏အာဏာကို ကန့်သတ်ရာရောက်သော်လည်း ဤသို့အရေးကြီးသော အားနည်းချို့ယွင်းချက်ကို ကုစားရန် အတိအကျ ရည်ရွယ်ခဲ့ခြင်းဖြစ်သည်။

ခေတ်ပေါ်လစ်ဘရယ်ဒီမိုကရေစီက ပြည်သူလူထုအား အချုပ်အခြာအာဏာပိုင်ဆိုင်သူများအဖြစ် အသိအမှတ်ပြုသည်။ သို့ရာတွင် လူတစ်ဦးချင်းစီနှင့် လူနည်းစု၏ အခွင့်အရေးများကို ကာကွယ်ရန် အစိုးရ၏လုပ်ပိုင်ခွင့်ကို အထူးတလည်ကန့်သတ်မှုများလည်း ပြုထားသည်။ လစ်ဘရယ် ဒီမိုကရေစီ ပင်ကိုယ်အတွင်း၌ စကီဇိုဖရီးနီးယားစိတ်ရောဂါကဲ့သို့ပင် တင်းမာမှုတစ်ရပ်ရှိသည်။။ အများစု၏အုပ်ချုပ်မှုကို ခိုင်မာအားကောင်းစေပြီး တပြိုင်တည်းတွင် ယင်းကို ကန့်သတ်မှုလည်း လုပ်သည်။ ဒိုင်းမွန်းနှင့် မော်လီနိုတို့ဆွေးနွေးတင်ပြသည့် ဒီမိုကရေစီအရည်အသွေး၏ 'မျက်နှာပြင်' (၈)ရပ်ကို ဤအခြင်းအရာများဖြင့် နှစ်မျိုးခွဲခြားနိုင်သည်။ တန်းတူရေး၊ ပါဝင်ဆောင်ရွက်ခြင်း၊ ယှဉ်ပြိုင်မှု၊ အထက်အောက်တာဝန်ခံမှုနှင့် ချက်ခြင်းအရေးယူဆောင်ရွက်မှု စသည်တို့သည် အစိုးရအပေါ် လူထုဆန္ဒသြဇာသက်ရောက်မှု အားကောင်းစေရန် ဖြစ်သည်။ အခွင့်အရေး သို့မဟုတ် လွတ်လပ်မှု၊ တရားဥပဒေစိုးမိုးမှုနှင့် အလျားလိုက်တာဝန်ခံမှု စသည်တို့မှာ ပြည်သူတို့၏ ဆန္ဒသဘောထားကို ထင်ဟပ်သော်လည်း အစိုးရကိုကန့်သတ်ရန်နှင့် အစိုးရက နိုင်ငံသားတဦးချင်းအား ထိခိုက်နစ်နာစေမှုများ နည်းပါးစေရန် ရည်ရွယ်သည်။

လူများစု၏အုပ်စိုးမှုဆိုသည်ကို လူတစ်ဦးချင်းစီနှင့် လူနည်းစုအခွင့်အရေးများအား ကာကွယ်သည့် အဆောက်အအုံများနှင့် ပြဋ္ဌာန်းချက်များဖြင့် ကန့်သတ်ထားသည့် လစ်ဘရယ်ဒီမိုကရေစီ၏ ဤသို့သော နှစ်ခွလက္ခဏာအပေါ် နိုင်ငံသားများမှာ အသားကျနေခဲ့ကြပြီးဖြစ်သည်။ ဥပဒေပြုအဆောက်အအုံမှ အများစု၏ဆန္ဒကြောင့် အချို့သော မူလအခြေခံအခွင့်အရေးများအား ထိခိုက်စေမှု မဖြစ်သင့်ကြောင်း ယခုအခါ လူတိုင်းလိုလိုက လက်ခံလာကြပြီ ဖြစ်သည်။ သို့သော် မည်သို့သောပြဿနာရပ်များကို ပြည်သူလူထုက ဆုံးဖြတ်၍ မည်သို့သောပြဿနာရပ်များကိုမူ တရားရုံးများက ဆုံးဖြတ်ရမည်ဆိုသည်ကို စည်းခြားသတ်မှတ်ရန် ခက်ခဲမှုပင်ဖြစ်သည်။ အငြင်းပွားနေရသော ပြဿနာများတွင် ယနေ့ခေတ်၌ အငြင်းအခုန်အဖြစ်ဆုံးသော 'လူမှုပြဿနာရပ်များ'

အချို့ပါဝင်နေသည်။ ယင်းတို့မှာ ကိုယ်ဝန်ဖျက်ချခွင့်၊ သေဒဏ်အပြစ်ပေးမှု၊ လိင်တူချင်းထိမ်းမြားမှု စသည်တို့ဖြစ်ကြသည်။ ဤပြဿနာကြီးများနှင့်ပတ်သက်၍ ပေါ်လစီ သတ်သတ်မှတ်မှတ်ချ၍ ဆောင်ရွက်ခြင်း သို့မဟုတ် အများစုက ဆုံးဖြတ်စေခြင်းတို့တွင် မည်သည့်နည်းက ပို၍ ဒီမိုကရေစီကျသနည်း။ မည်သည့်နည်းလမ်းက ဒီမိုကရေစီအရည်အသွေးမြင့်မားမှုကို ပြဆိုပါသနည်း။ မတူကွဲပြားသောနိုင်ငံများအဖို့ (နိုင်ငံတစ်နိုင်ငံတည်းတွင်ပင် မတူခြားနားသောအချိန်အခါအလိုက်) ဒီမိုကရေစီအရည်အသွေးကိုမမေးမှိန်စေဘဲ သို့တည်းမဟုတ် အထောက်အကူမပြုစေဘဲ ဤပြဿနာများကို မတူကွဲပြားသော နည်းလမ်းများဖြင့် ဖြေရှင်းနိုင်ပါမည်လော။

## ဒီမိုကရေစီနှင့် အုပ်ချုပ်ရေး

ဒီမိုကရေစီအရည်အသွေးကို အကဲဖြတ်ရာတွင် ပိုမိုခက်ခဲသည့်အချက်မှာ ဒီမိုကရေစီပင်ကိုယ်က ရည်မှန်းချက်ပန်းတိုင်တစ်ခုမျှသာမဟုတ်ဘဲ အစိုးရပုံသဏ္ဌာန်တစ်ရပ်လည်း ဖြစ်နေသည့် အကြောင်းရင်းပင်။ အခြားမည်သည့် စံသတ်မှတ်ချက်မဆို ဖြည့်ဆည်းနိုင်သည်ဆိုစေကာမူ အစိုးရတစ်ရပ်က ဆောင်ကျဉ်းလိမ့်မည်ဟု ယုံကြည်မျှော်လင့်ထားသည်များကို ဒီမိုကရေစီကလည်း ပေးအပ်နိုင်ရမည်။ ယင်းတို့မှာ စီးပွားရေးတိုးတက်မှုမှသည် ပညာရေး၊ လူတစ်ဦးချင်းစီနှင့် နိုင်ငံတော်လုံခြုံရေး စသည်တို့ဖြစ်သည်။ သို့သော် ထိုကဲ့သို့သော အကျိုးစီးပွားများကို မည်မျှဆောင်ကျဉ်းပေးနိုင်မည်နည်းဟူသည့်အချက်မှာ ထိုအစိုးရတစ်ရပ်က မည်မျှဒီမိုကရေစီကျသည်ဟူသည့်အချက်နှင့် ဆက်စပ်ပတ်သက်မှုရှိသည်ဟူ၍ မဆိုနိုင်ပေ။ ဒီမိုကရေစီအသွင်အပြင်များကိုသာ တိုးတက် ကောင်းမွန်အောင်လုပ်ခြင်းဖြင့်လည်း အုပ်ချုပ်ရေးကို အခါခပ်သိမ်း ပိုမိုကောင်းမွန်တိုးတက်စေသည် မဟုတ်ပေ။ ဒီမိုကရေစီစနစ်က ကောင်းမွန်သောအုပ်ချုပ်ရေးပုံစံကို ဖြစ်ပေါ်စေသည်ဟူသောအချက်မှာ ယေဘုယျအားဖြင့် မှန်ကန်သော်လည်း ဒီမိုကရေစီမကျင့်သုံးသော နိုင်ငံအချို့တွင် ဒီမိုကရေစီနိုင်ငံအချို့ထက် ကဏ္ဍအများအပြားတွင် အုပ်ချုပ်ရေး ပိုမိုကောင်းမွန်ကြသည်ဆိုသော အချက်မှာ ငြင်းဆိုရန် ခက်ခဲပေလိမ့်မည်။

သို့ရာတွင် ဒီမိုကရေစီအရည်အသွေးကို အကဲဖြတ်ရာ၌ အုပ်ချုပ်မှုအရည်အသွေးကို မည်သို့ထင်ဟပ်မည်နည်း။ ဤတွင် ဘေးကြပ်နံကြပ်ဖြစ်မှုကို ရင်ဆိုင်ရပေမည်။ ဒီမိုကရေစီအရည်အသွေးအား တိုင်းတာရာတွင် အုပ်ချုပ်မှုကို ထည့်သွင်းမည်ဆိုလျှင် ‘ဒီမိုကရေစီကျမှု’ နှင့် အနည်းငယ်သာ သက်ဆိုင်သော သို့မဟုတ် လုံးဝမသက်ဆိုင်သော အခြေခံစွမ်းဆောင်မှု စံသတ်မှတ်ချက်ကို တစိတ်တပိုင်းအားဖြင့် ကြည့်၍ ဒီမိုကရေစီအပေါ် အကဲဖြတ်မှုမျိုး ဖြစ်ပေမည် (ဒီမိုကရေစီကျမှုဆိုသည်မှာ လူတစ်ဦးချင်း၏အခွင့်အရေးနှင့် အများစု၏ထိန်းချုပ်မှုဟူသော အချက်များကို ဆိုလိုသည်)။ ဥပမာအားဖြင့် စီးပွားရေးတိုးတက်မှု နှေးကွေးခြင်းမှာ ဒီမိုကရေစီနည်းလမ်းတကျဖြင့် ပြည်သူအများစု၏ရွေးချယ်မှုကို ထင်ဟပ်သော ပြောင်းပြန်အကျိုး သက်ရောက်စေသည့် စီးပွားရေးပေါ်လစီများ၏ရလဒ်ကြောင့် ဖြစ်နိုင်သည်။ ဤအချက်က ရွေးချယ်တင်မြှောက်ခြင်းခံရသူ မဟုတ်သည့် တက္ကနိုကရက်များက ရေးဆွဲပြီး အများစုကဆန့်ကျင်သည့် ပေါ်လစီများထက် ဒီမိုကရေစီ အရည်အသွေးနိမ့်ကျကြောင်း ညွှန်ပြနေသည်ဟု ဆိုနိုင်ပါမည်လော။

ထို့ကြောင့် အုပ်ချုပ်ရေး၏ထိရောက်မှုအချက်ကို ဒီမိုကရေစီ၏အရည်အသွေးအကဲဖြတ်ရာတွင် ဘေးဖယ် ထားရန် ပြောနေကြခြင်း ဖြစ်သည်။ သို့သော် ဤအချက်က ပို၍ပင် စူးစမ်းလိုစိတ်ဖြစ်လာစေသည်။ သို့ဆိုပါမူ အနိမ့်ဆုံးအားဖြင့် မူအရ တစ်ဦးတစ်ယောက်အဖို့ စီးပွားရေးတိုးတက်မှု၊

ရာဇဝတ်မှုကျဆင်းရေးနှင့် ခြစားမှုလျော့ပါးရေး၊ သို့မဟုတ် ပြည်သူတို့အတွက် သင့်တင့်လျောက်ပတ်သော ပညာရေးဝန်ဆောင်မှု စသည်တို့ကို ဆောင်ကျဉ်းပေးရန် ပျက်ကွက်သည့် အစိုးရတစ်ရပ်ကို ဒီမိုကရေစီအရည်အသွေးအမြင့်မားသည်ဟု သတ်မှတ်မည်ဖြစ်သည်။ ဒိုင်းမွန်းနှင့် မော်လီနိုတို့ ပြောသည့် 'ရလဒ်အရည်အသွေး' (Quality of Results) အရ ယင်းသို့သော ဒီမိုကရေစီမှာ အရည်အသွေးမြင့်မားသည်ဟု မဆိုနိုင်ပေ။ ယင်း 'ရလဒ်အရည်အသွေး' ဆိုသည်မှာ 'စားသုံးသူစိတ်ကျေနပ်မှု' (Customer satisfaction) ရေချိန်ဖြင့် တိုင်းတာခြင်းဖြစ်သည်။ သို့သော် ဤသည်မှာ ပြဿနာကို ထပ်မံဖော်ပြချက်တရပ်သာ ဖြစ်သည်။

နိုင်ငံသားများ၏ဆန္ဒကို မဖြည့်စွမ်းနိုင်သဖြင့် လူထုထောက်ခံမှု ဆုံးရှုံးခဲ့ရသော ဒီမိုကရေစီနိုင်ငံအများအပြားကို သမိုင်းတွင် အထင်အရှားတွေ့ခဲ့ရပြီးဖြစ်သည်။ ထိုသို့သော နိုင်ငံအစိုးရများအပေါ် လူထု၏ အပြစ်တင်မှုမှာ ဒီမိုကရေစီလုံလောက်စွာ မရှိခြင်း မဟုတ်ပေ။ အင်အားချိနဲ့ခြင်း သို့မဟုတ် တာဝန်မဲ့ခြင်း၊ သို့မဟုတ် အသုံးမကျခြင်းတို့ ဖြစ်သည်။ ကျွန်ုပ်တို့သည် အရည်အသွေးနှင့်စပ်လျဉ်း၍ အယူအဆနှစ်ခုအား ရင်ဆိုင်နေရခြင်း တခါတရံ ရှုပ်ထွေးနေခြင်းပင်ဖြစ်သည်။ အယူအဆတစ်ခုမှာ ဒီမိုကရေစီကျခြင်းဟူ၍ဖြစ်ပြီး၊ အခြားတစ်ခုမှာ ထိရောက်သောအုပ်ချုပ်မှုဟူ၍ နားလည်နေကြခြင်း ဖြစ်သည်။ ဤပြဿနာကို အခြားတစ်နည်းဖြင့် ချဉ်းကပ်ရန်မှာ ချက်ခြင်းအရေးယူဆောင်ရွက်မှု ဟူသောအယူအဆကို ဆွဲဆန့်ကြည့်ခြင်းပင်ဖြစ်သည်။ နိုင်ငံသားအားလုံးက စီးပွားရေးတိုးတက်မှုနှုန်းမြင့်မားခြင်းနှင့် ရာဇဝတ်မှုဖြစ်ပွားမှုနှုန်းကျဆင်းရေးကို လိုလားပြီး ၎င်းတို့ရွေးကောက်ထားသည့်အစိုးရက ထိုအရာများကို ဖြည့်ဆည်းရန် ပျက်ကွက်ခဲ့လျှင် ဒီမိုကရေစီနည်းကျ ချက်ခြင်းအရေးယူဆောင်ရွက်မှု ချို့တဲ့သည်ဟု ဆိုရလိမ့်မည်။ G. Bingham Powell. Jr. က ၎င်း၏ ဂရုတစိုက်ပြုလုပ်ထားသော မသိမသာကွဲပြားချက်များ ပါဝင်နေသည့် ခွဲခြမ်းစိတ်ဖြာလေ့လာမှုတစ်ခုတွင် ဤပြဿနာအခြေအနေများနှင့်ပတ်သက်၍ အကျဉ်းရုံး အကြံပြုထားသည်။ သို့သော်လည်း ၎င်း၏ ဆိုလိုချက်ကို ကျိုးကြောင်းဆီလျော်စွာ တင်ပြခြင်း မပြုနိုင်ဟု ထင်မြင်မိသည်။ အကယ်၍သာ ကျွန်ုပ်တို့က ချက်ခြင်းအရေးယူဆောင်ရွက်မှုကို နိုင်ငံသားများလိုလားသည့် ပေါ်လစီများအရမဟုတ်ဘဲ ၎င်းတို့လိုလားသည့် ရည်မှန်းချက်အရ တိုင်းတာမည်ဆိုလျှင် မည်သည့် ပေါ်လစီချမှတ်ကျင့်သုံးသည်ဖြစ်စေ လိုရာပန်းတိုင်ရောက်ရေးအတွက် အစိုးရကို *ကြိုက်သလိုလုပ်ပိုင်ခွင့်* ပေးလိုက်သလိုဖြစ်လိမ့်မည်။ ထို့ကြောင့် လူထုက လွတ်လပ်စွာကုန်သွယ်ရေးကို ထိန်းချုပ်ကန့်သတ်မှုပြုရန် အမှန်တကယ်လိုလားသည်ဟူ၍ ဆိုစေကာမူ၊ အစိုးရက လူထုအကြိုက်နှင့် ဆန့်ကျင်ဘက်ပေါ်လစီကျင့်သုံးခြင်းကို ချက်ခြင်းအရေးယူဆောင်ရွက်မှုဟူသောမူပေါ်တွင် လုပ်ဆောင်ခြင်းဖြစ်သည်ဟု ဆိုပေလိမ့်မည်။ အစိုးရက ထိုဆန့်ကျင်ဘက်ပေါ်လစီကသာ လူထုလိုလားတောင့်တသည့် စီးပွားရေးတိုးတက်မှုကို ပို၍ဆောင်ကျဉ်းပေးနိုင်လိမ့်မည်ဟူသော အကြောင်းပြချက်ဖြင့် ချမှတ်ဆောင်ရွက်ပေလိမ့်မည်။

လူအများစု၏ဆန္ဒသည် ပေါ်လစီရေးရာများတွင် မှားနိုင်သည်ဟု ရိုးရှင်းစွာဆိုပါက ပို၍တိကျမှန်ကန်ပေလိမ့်မည်။ ထို့အတူ သေချာစွာဆိုရလျှင် တက္ကနိုကရက်များလည်း အလားတူပင် ဖြစ်လိမ့်မည်။ ထို့ကြောင့် အစိုးရပိုင်း၏ ပြီးပြည့်စုံသော ချက်ခြင်းအရေးယူဆောင်ရွက်မှုသည် တခါတရံ ဆိုးဝါးသောပေါ်လစီများဆီသို့ ဦးတည်သွားစေနိုင်သည်။ အကောင်းဆုံးသော ဒီမိုကရက်တစ်အဆောက်အအုံများနှင့် လုပ်ထုံးလုပ်နည်းများရှိသော နိုင်ငံများသည်ပင် ပေါ်လစီအမှားများ ကျူးလွန်လာနိုင်သည်။ သို့သော် ဤအချက်ကြောင့် ၎င်းတို့၏ ဒီမိုကရေစီအရည်အသွေး လျော့ကျနေခြင်း မဟုတ်ပေ။ သေချာသည်မှာ ကျွမ်းကျင်သူများ လိုအပ်သည်ဟု လူတိုင်းက လက်ခံကြသည့်

သက်ဆိုင်ရာပေါ်လစီနယ်ပယ်များ ရှိကြသည်။ သို့ဖြစ်၍ ဤနေရာမျိုးတွင် (အလေးမထားခြင်း မဟုတ်သော်လည်း) ဒီမိုကရေစီနည်းကျဆုံးဖြတ်ချက်ချမှုကို မေ့ထားသင့်သည်။ ထို့အပြင် ပေါ်လစီရေးရာနယ်ပယ်တိုင်းတွင် ထိရောက်မှုရှိစေရေးအတွက် ဒီမိုကရေစီနည်းကျ လုပ်ဆောင်ခြင်း၏ အတိုင်းအတာပမာဏနှင့် အများပါဝင်မှုကို အကန့်အသတ်ထားရမည်။ သို့ဖြစ်၍ ဒီမိုကရေစီ၏ လစ်ဘရယ်အသွင်အပြင်နှင့် အများကြိုက်(လူများစုသမား) အသွင်အပြင်တို့အကြားတွင်ရှိသကဲ့သို့ ဒီမိုကရေစီနှင့် အစိုးရ၏ထိရောက်မှုတို့အကြား မရှောင်လွှဲနိုင်သော တင်းမာမှုလည်း ရှိပေသည်။

ဒီမိုကရေစီနှင့် လူ့အဖွဲ့အစည်းတရပ်လုံး၏အရည်အသွေးအကြား ဆက်စပ်မှုဟူသော မေးခွန်းဖြင့် ဒီမိုကရေစီအရည်အသွေး၏ မရေမရာအဓိပ္ပါယ်ကို ပို၍နက်ရှိုင်းစေပါသည်။ ဤအချက်ကို ဒေးဗစ်ဘီသမ်၏ အက်ဆေးတွင် စာပိုဒ်အချို့ဖြင့် ဖော်ပြထားသည်။ တစ်နေရာတွင် ၎င်းက "*လွတ်လပ်မှုယဉ်ကျေးမှု* ဟူသောအယူအဆမှာ ဒီမိုကရေစီအရည်အသွေးနှင့် သက်ဆိုင်ခြင်းမရှိ" ဟု တင်ပြထားပြီး၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အကာအကွယ်ပေးထားသော လွတ်လပ်သည့် မီဒီယာပင်လျှင် 'အရေးမပါသူများ၏ လွှမ်းမိုးမှုခံရနိုင်သည်' ဟု ထောက်ပြသည်။ အခြားနေရာတွင်လည်း 'ဒီမိုကရေစီစနစ်အရည်အသွေး၏ အဓိကပြဿနာမှာ နိုင်ငံသားတို့ကိုယ်တိုင်၏ လက္ခဏာပင်ဖြစ်သည် ' ဟု ၎င်းက ဆိုထားသည်။ ဤလေ့လာတွေ့ရှိချက်များက ကျွန်ုပ်တို့ကို သတိပြုမိစေသည်မှာ နိုင်ငံရေးစနစ်တစ်ရပ်၏ ရည်မှန်းချက်မှာ နိုင်ငံသားများအား လွတ်လပ်ခွင့်၊ လုံခြုံမှုနှင့် သာယာဝပြောမှုရှိစေရေးအတွက် ဆောင်ရွက်မှုများဖြင့်သာ အားအင်ကုန်ခမ်းမှုမဖြစ်သင့်ပေ။ စင်းလုံးချော ဒီမိုကရေစီစနစ်နှင့် အရည်အချင်းပြည့်စုံသော အစိုးရတစ်ရပ် ရှိသည့် နိုင်ငံတစ်နိုင်ငံကို စိတ်ကူးကြည့်ပြီး ထိုနိုင်ငံ၏ ယဉ်ကျေးမှုက နှာခေါင်းရှုံ့စရာ၊ မိသားစုများမှာ အပြိုပြိုအကွဲကွဲ၊ လူထု၏ အတွေးအခေါ်များကလည်း တိမ်လှပြီး ကိုယ်ကျိုးကြီးကြသည်။ ထိုသို့သော အခြေအနေတွင် နိုင်ငံသားတို့၏ ဘဝရပ်တည်ရေး အရည်အသွေးကိုထည့်သွင်းမစဉ်းစားဘဲ ဒီမိုကရက်တစ်အစိုးရတစ်ရပ်၏ အရည်အသွေးကို ပြီးပြည့်စုံအောင် အကဲဖြတ်နိုင်ပါမည်လော။

ပို၍လက်တွေ့ကျသောအဆင့်၌ တွေ့လာရသည်မှာ ဒီမိုကရေစီအရည်အသွေးကို တိုင်းတာရာတွင် ရင်ဆိုင်ရသော ပြဿနာများမှာ ဒီမိုကရေစီအပေါ် စစ်ဆေးချက်များ သို့မဟုတ် အကဲဖြတ်ချက်များပြုရာတွင် ထင်ရှားပေါ်လွင်လာခြင်းဖြစ်သည်။ သက်ဆိုင်ရာနိုင်ငံများ၏ ဒီမိုကရေစီအရည်အသွေးကိုတိုင်းတာရန် နိုင်ငံတကာနှင့် ဒေသခံကျွမ်းကျင်သူများ၏ စံများကို ပေါင်းစပ်ထားသော အခြေခံအပေါ်တွင် ကြိုးပမ်းခြင်းဖြစ်သည်။ သို့သော် တိုင်းတာရန် ရွေးချယ်သည့် သွင်ပြင်လက္ခဏာနှင့် လက်ရွေးစင်စံနှုန်းတို့သည် ကျွမ်းကျင်သူများ၏ အသိနှင့် နိုင်ငံရေးအကြိုက်ကို ထင်ဟပ်နေပေသည်။ ဥပမာအားဖြင့် ဒီမိုကရေစီဂျာနယ်စာမျက်နှာများပေါ်တွင် ကြိမ်ဖန်များစွာ ဆွေးနွေးငြင်းခုံခဲ့သည့် ရွေးကောက်ပွဲစနစ်များကို လေ့လာပါက ဤပြဿနာနှင့်စပ်လျဉ်း၍ ဒိုင်းမွန်းနှင့် မော်လီနိုတို့က ဤဂျာနယ်ပါ အက်ဆေးတွင် မဲအများဆုံးအနိုင်ရစနစ်နှင့် အချိုးကျစနစ်တို့တွင် အားသာချက်အသီးသီးရှိကြောင်းကို ထောက်ပြကြပြီး မည်သည့်စနစ်က ဒီမိုကရေစီအရည်အသွေးကို ပိုမိုမြင့်မားစေသည်ဟူ၍ ဓမ္မဓိဋ္ဌာန်ကျကျ ဆုံးဖြတ်မရကြောင်း ဆိုထားသည်။ ဘီသမ်၏ အက်ဆေးတွင် နောက်ဆက်တွဲအဖြစ်ဖော်ပြထားသော ၂၀၀၂ ခုနှစ် ယူနိုက်တက်ကင်းဒမ်းနိုင်ငံ စာရင်းစစ် အစီရင်ခံစာအနှစ်ချုပ်၌ ဗြိတိန်ဝက်စ်မင်စ်တာ (ပါလီမန်နိုင်ငံရေး)စနစ်သည် အချိုးကျမဲစနစ် မရှိမှုကြောင့် အားနည်းနေပုံကို ဖော်ပြထားပြီး၊ အစိုးရက ယင်းကို ပြုပြင်ပြောင်းလဲမှု မလုပ်သည်ကိုလည်း ဝေဖန်ပြစ်တင်ထားသည်။ ယင်း UK စာရင်းစစ်အစီရင်ခံစာ၏ နိုင်ငံရေးမျက်နှာစာနှင့်ပတ်သက်၍ (***www.democraticaudit.com/download/findings6lr.pdf***) အင်တာနက်

စာမျက်နှာတွင် လေ့လာနိုင်ပါသည်။ ယင်းစာမျက်နှာ၏ မျက်နှာဖုံး၌ တိုနီဘလဲပုံကို နာမည်ကျော် ပန်းချီဆရာ Jacques-Louis David ၏ ဂန္ဓဝင်နပိုလီယံမြင်းစီးနေပုံပန်းချီကားတွင် မျက်နှာချင်း လဲ၍ဖော်ပြထားသည်ကို တွေ့နိုင်သည်။

ဒီမိုကရေစီစာရင်းစစ်အစီရင်ခံစာများသည် အသုံးဝင်သော ဆန်းသစ်မှုတစ်ခုဆိုသည်မှာ သံသယရှိရန် မလိုပေ။ နိုင်ငံသားတို့အနေဖြင့် ၎င်းတို့၏ ဒီမိုကရေစီစနစ်များကို အကဲဖြတ်နိုင်ရန် အထောက်အကူပြုပေသည်။ သို့သော် ယင်းတို့သည် အလွယ်တကူပင် ပုံဖျက်မှုကိုလည်း ဖြစ်နိုင် ပေသည်။ အထူးသဖြင့် ယင်းတို့သည် ကျွမ်းကျင်သူများ၏အမြင်ကို မလွှဲမရှောင်သာ ထင်ဟပ် နေသဖြင့် မဲဆန္ဒရှင်များ၏အမြင်နှင့် သိသိသာသာကွဲလွဲနေ နိုင်သည်။ ဥပမာအားဖြင့် ဘီသမ်က နိုင်ငံသားအခွင့်အရေးနှင့်စပ်လျဉ်း၍ နိုင်ငံတစ်နိုင်ငံ၏စွမ်းဆောင်ရည်ကို လေ့လာမည်ဆိုလျှင် လူ့ အခွင့်အရေးရှေ့နေများကို တာဝန်ချပေးမှုမှာ အကောင်းဆုံးဖြစ်သည်ဟု တင်ပြသည်။ သို့သော် ဥပမာအနေဖြင့် နိုင်ငံသားအခွင့်အရေးနှင့် လုံခြုံရေးကိစ္စရပ်များအကြား တင်းမာမှုများ ပေါ်ပေါက်လာ လျှင် အဆိုပါလူ့အခွင့်အရေးရှေ့နေများက အခြားနိုင်ငံသားများထက်ပို၍ နိုင်ငံသားအခွင့်အရေး ဘက်၌ ရပ်တည်ကြလိမ့်မည်ဆိုသည်မှာ သေချာလှပေသည်။ ဤတွင်မေးစရာဖြစ်လာသည်မှာ ဒီမိုကရေစီစနစ်၏ အရည်အသွေးကို အကဲဖြတ်ရာ၌ ၎င်းတို့၏အမြင်ကို အလေးပေး၍ စဉ်းစားသင့် ပါ၏လော။

ကျွန်ုပ်တို့အနေဖြင့် ဒီမိုကရေစီစနစ်အရည်အသွေးနှင့်စပ်လျဉ်း၍ အခိုင်အမာ ဆွေးနွေး ငြင်းခုံကြမည်။ နိုင်ငံအချို့၏ ဒီမိုကရေစီနည်းကျ လုပ်ဆောင်မှုများအပေါ် အကဲဖြတ်ရန် ကြိုးပမ်းကြ မည်။ သို့သော် ပြဿနာ၏ ရှုပ်ထွေးမှုနက်နဲမှုများနှင့်ပတ်သက်၍ မည်သို့မျှ မျက်ခြည်မပြတ်စေရန် နှင့် ဘက်လိုက်မှုအမျိုးမျိုးကြောင့် ကျွန်ုပ်တို့၏ လေ့လာဆန်းစစ်မှုများတွင် ပုံပျက်ယွင်းမှု (လွဲချော်မှု) များ ဖြစ်တတ်သည့် အန္တရာယ်မျိုး မပေါ်ပေါက်စေရန် လိုအပ်ပေသည်။

❖ ❖ ❖ ❖ ❖